မင်းဘူးမြို့ သစ္စဒီပကဆရာတော်

## ဘဒ္ဒန္တရေဝတ၏ထေရ်မြတ်ကြီး

စီရင်ရေးသားချက်မှ ကောက်နုတ်သော

# ဓမ္မစကြာတရားတော်

# ဖြင့်

# မဂ်သို့တက်နည်း

ဦးဇံညွန့်

# သစ္စဒီပကဆရာတော်



ဘဒ္ဒန္တရေဝတ မထေရ်မြတ်ကြီး

ဗုဒ္ဓဓမ္မစာရေးဆရာကြီး



ဦးကံညွန့်

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

မင်းဘူးမြို့

သစ္စဒီပကဆရာတော်

# ဘဒ္ဒန္တရေဝတမထေရ်မြတ်ကြီး

စီရင်ရေးသားချက်မှ ကောက်နှုတ်သော

# ဓမ္မစကြာတရားတော်

ဖြင့်

# မဂ်သိုတက်နည်း

## ဦးကံညွန့်

---

ဖြန့်ချိရေး "အင်ကြွင်းညွန့်" စာပေ

တိုက် (၂၉၁/၅)၊ ရန်ကင်းလမ်းမကြီး၊ ကြားမှတ်တိုင်ရှေ့

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ☎ : ၅၅၆၄၉၉

ဘာသာရေးဆိုင်ရာစာမူ

ခွင့်ပြုချက်အမှတ် - (၃၃၁/၂၀၀၃) (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၃၃၇/၂၀၀၃) (၆)

ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - 1000 ကျပ်

ထုတ်ဝေသူ - ဦးဟန်ညွန့်၊ အင်ကြင်းညွန့်စာပေ
တိုက် ၂၉၁/၅၊ ရန်ကင်းလမ်းကြီး
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်တိုက် - သာပြည့် ပုံနှိပ်လုပ်ငန်း
၁၇၇၊ သံသုမာလမ်း၊ သုဝဏ္ဏ

မျက်နှာဖုံးရိုက် - ကျောက်စိမ်းအော့ (ဖ်) ဆက်
၃၃ လမ်း၊ ရန်ကုန်မြို့။

ကွန်ပျူတာ - CHOICE COMPUTER
အမှတ်-၄၊ ၃၄ လမ်း၊
ကျောက်တံတားမြို့နယ်

ဖလင် - ဖူဂျီကို၊ (၁၃၅) ၄၈လမ်း

စာအုပ်ချုပ် - ဦးအေးမြင့် (၁၁၄)
၉၂ လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | (က-ဏ) |

## အပိုင်း(၁)
## ဓမ္မစကြာတရားတော် (အကျဉ်းချုပ်)

| | | |
|---|---|---|
| ၂။ | အစွန်း၂ပါးကိုပြခြင်း | ၁ |
| ၃။ | အလယ်လမ်းကိုပြခြင်း | ၂ |
| ၄။ | သစ္စာ ၄ပါးကိုပြခြင်း | ၄ |
| ၅။ | သစ္စာ ၄ပါးအကျယ် ၁၂ပါးကိုပြခြင်း | ၇ |
| ၆။ | တရားတော်၏အနှစ်သာရကိုပြခြင်း | ၁၄ |

## အပိုင်း(၂)
## ဓမ္မစကြာတရားတော်(အကျယ်)ရှင်းလင်းချက်

| | | |
|---|---|---|
| ၇။ | ဓမ္မစကြာတရားတော်(အကျယ်)ရှင်းလင်းချက် | ၂၀ |
| ၈။ | အယုတ်အစွန်းတရား(နှစ်ပါး)ရှင်းလင်းချက် | ၂၁ |

## မာတိကာ

၂


၉။ မဇ္ဈိမပဋိပဒါအလယ်လမ်းရှင်းလင်းချက် ၄၆

၁၀။ ဒုက္ခသစ္စာရှင်းလင်းချက် ၅၀

၁၁။ သမုဒယသစ္စာရှင်းလင်းချက် ၇၂

၁၂။ နိရောဓသစ္စာရှင်းလင်းချက် ၈၆

၁၃။ မဂ္ဂသစ္စာရှင်းလင်းချက် ၉၃

၁၄။ သစ္စာလေးပါး၏အချင်းအရာ (၁၂)ပါးဖြစ်ပုံ ၁၀၈


## အပိုင်း(၃)

## ဓမ္မစကြာဖြင့် ပထမမဂ်သို့တက်နည်းပြခြင်း


၁၅။ ဓမ္မစကြာ၏အဓိပ္ပါယ် ၁၂၀

၁၆။ တစ်ရက်မျှအသက်ရှင်ရသော်လည်း သစ္စာလေးပါး ကိုသိက မြင့်မြတ်ပုံ ၁၂၀

၁၇။ ဓမ္မစကြာတရားတော်လာ သစ္စာ (၄)ပါးကို ကျမ်းကိုး၍ပြခြင်း ၁၂၁

၁၈။ ဒုက္ခသစ္စာ၏လက္ခဏာရသကိုပြခြင်း ၁၂၁

၁၉။ ဒုက္ခ၏တည်ရာချုပ်ရာဌာနပြပုံ ၁၂၂

၂၀။ ဒုက္ခတို့တွင် (ဇာတိ)သည်မူလဖြစ်ပုံ ၁၂၃

## မာတိကာ

၃


| | | |
|---|---|---|
| ၂၁။ | သတိပြုရန်အမေးအဖြေ | ၁၂၅ |
| ၂၂။ | ဒုက္ခနှင့်သုခကို ပင်္ဂိသမ္ဗိဒါမဂ်အရခွဲခြား၍ သိမြင်နည်း | ၁၂၆ |
| ၂၃။ | သမုဒယသစ္စာ၏လက္ခဏာရသပစ္စုပဋ္ဌာန်များကား | ၁၂၇ |
| ၂၄။ | သမုဒယသစ္စာ၏လက္ခဏာရသကိုပြခြင်း | ၁၂၈ |
| ၂၅။ | နိရောဓသစ္စာ၏လက္ခဏာရသကိုပြခြင်း | ၁၂၉ |
| ၂၆။ | မဂ္ဂသစ္စာ၏လက္ခဏာရသကိုပြခြင်း | ၁၃၀ |
| ၂၇။ | မဂ္ဂင်ရှစ်ပါးအဓိပ္ပါယ် | ၁၃၁ |
| ၂၈။ | မဂ္ဂသစ္စာပွားမှု | ၁၃၄ |
| ၂၉။ | မဂ်အကျင့်၏အဓိပ္ပါယ်ကိုပြပုံ | ၁၃၄ |
| ၃၀။ | သစ္စာလေးပါး၌ သိမြင်နည်းအကျဉ်း | ၁၃၆ |
| ၃၁။ | သစ္စာလေးပါးအကျဉ်းမှတ်ရန် | ၁၃၉ |
| ၃၂။ | သစ္စာလေးပါးမြင်သိပုံ | ၁၃၉ |
| ၃၃။ | မဂ္ဂသစ္စာပွားနည်း | ၁၄၀ |
| ၃၄။ | မဂ္ဂဝီထိ | ၁၄၁ |
| ၃၅။ | မဂ်ခဏ၌အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိချုပ်ပုံ | ၁၄၂ |
| ၃၆။ | သစ္စာ၄ပါးမြင်သိပုံပြခြင်း | ၁၄၂ |

## မာတိကာ

၄


၃၇။ သစ္စာမြင်သိလက်ာ ၁၄၄

၃၈။ မနအဓိပ္ပါယ် ၁၄၅

၃၉။ ဓမ္မာရုံ ၁၄၆

၄၀။ ပစ္စုပ္ပန် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂတို့ကိုရှုပုံ ၁၄၆

၄၁။ အဝိဇ္ဇာ၊ တဏှာ မူလနှစ်ပါးချုပ်အောင်ရှုနည်း ၁၄၇

၄၂။ မဂ်ကိစ္စပြီးပုံ ၁၅၀

၄၃။ သစ္စာ၄ပါးကို ဓမ္မဝိတ္တာန်ဖြင့် ၅-ဌာနပိုင်းခြားပုံ ၁၅၁

၄၄။ သစ္စာ၄ပါးသိမြင်ပုံ (တနည်း) ၁၅၂

၄၅။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တို့၏အဓိပ္ပါယ် ၁၅၃

၄၆။ သစ္စ၊ ကိစ္စ၊ ကတဉာဏ် ၁၂ပါး ၁၅၄

၄၇။ သစ္စဉာဏ်၄ပါး၊ ကိစ္စဉာဏ်၄ပါး၊ ကတဉာဏ်၄ပါး ၁၅၅

၄၈။ သစ္စ-ကိစ္စ-ကတဉာဏ် ၁၂ပါးအဓိပ္ပါယ် ၁၅၆

၄၉။ သစ္စာ၄ပါးအမေးအဖြေ ၁၅၇

၅၀။ သုတ္တနိပါတ်ပါဠိတော်နည်း ၁၆၃

၅၁။ သစ္စာလေးပါးဆောင်ပုဒ်၏အဓိပ္ပါယ် ၁၆၆

၅၂။ မဂ်စိတ်တစ်ချက်ဖြင့် မဂ်ကိစ္စလေးပါးပြီးစီးအောင်ရှုနည်း ၁၆၈

## မာတိကာ

၅


၅၃။ ကိုယ့်အတပ်နှင့် ကိုယ်ပတ်၍နေပုံ၊ ကိုယ့်အတပ်ဖြေက ကိုယ့်အပတ်ပြေပုံ ၁၆၉

၅၄။ သစ္စာသိအောင်ကြိုးစားပါ ၁၇၂

၅၅။ သုတသိမှ ပဋိဝေဓသိသို့ ၁၇၃

၅၆။ သစ္စာ၄ပါးကိုဆင်ခြင်ပုံ ၁၇၅

၅၇။ 'မဂ်'သို့တက်ပုံ ၁၇၆

၅၈။ မဂ်ရသည်ကိုသိနိုင်ကြောင်း အဆုံးအဖြတ် ၁၇၉

၅၉။ တဏှာမှနိဗ္ဗာန်သို့ထွက်ပုံ ၁၈၀

၆၀။ သတ္တဝါများသံသရာမှ မလွတ်နိုင်ပုံ ၁၈၁

၆၁။ နိဗ္ဗာန်နှင့် မဂ်စိတ်တွေ့ထိပုံ ၁၈၁

၆၂။ သစ္စာ၄ပါးမမြင်ဒဿနာ် ၁၈၂

၆၃။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့သတိပြုရန် ၁၈၃

၆၄။ တရားအားထုတ်ခြင်းအဓိပ္ပါယ် ၁၈၅

၆၅။ သစ္စာကိုမသိသောကြောင့် အနမတဂ္ဂသံသရာ၌ ဆင်းရဲစွာကျင်လည်ရပုံ ၁၈၇

၆၆။ တရားအားထုတ်ခြင်း၏အကြောင်းအရင်း ၁၈၉

၆၇။ ယောဂီပုဂ္ဂိုလ်တို့ကိုသတိပေးခြင်း ၁၉၀

## မာတိကာ

၆


၆၈။ တဏှာကိုမြင်တွေ့ရန် ခဲယဉ်းပုံ ၁၉၁

၆၉။ သာသနာတည်သူမည်ပုံ ၁၉၃

၇၀။ မဂ်သို့တက်နည်း ၁၉၄

၇၁။ မဂ်သို့တက်ပုံ (တနည်း) ၁၉၅

၇၂။ နှလုံးသွင်းပုံ ၁၉၆

၇၃။ နိဗ္ဗာန်ရှိပုံကိုပြဆိုခြင်း ၁၉၇

၇၄။ မဟာမိုကာဆရာပြတော်မူသော နိဗ္ဗာန်ကား ၁၉၈

၇၅။ ဥဒါန်းပါဠိတော်ရ ပြဦးအံ့ ၁၉၈

၇၆။ နိဗ္ဗာန်ချမ်းသာဟူသောအဓိပ္ပါယ်ကိုပြပုံ ၁၉၉

၇၇။ သန္တိသုခ၊ ဖလသုခ၊ ဝေဒယိတသုခဟူသော သုခသုံးမျိုးအဓိပ္ပါယ် ၂၀၀

၇၈။ နိဗ္ဗာန်အာရုံ၌ မွေ့လျော်အပ်ပုံ ၂၀၂

၇၉။ နိဗ္ဗာန်ရောက် မျက်မှောက်ပြုပုံကို အကျဉ်းအားဖြင့် သိမှတ်ရန် ၂၀၃

၈၀။ မိမိသည်မဂ်ဖိုလ်နိဗ္ဗာန်ရပြီး ဟုတ်မဟုတ် မြင်သိနည်း ၂၀၄

၈၁။ နိဗ္ဗာန်ကိုမျက်မှောက်ပြု၏ဟူသော အဓိပ္ပါယ် ၂၀၅

## မာတိကာ

၇


၈၂။ နိဗ္ဗာန်နှင့်မဂ်စိတ်အာရုံ အာရမ္မဏာကစပ်မိအောင်ရှုနည်း ၂၀၆

၈၃။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ပဋိသမ္ဘိဒါမဂ်အရဘာဝနာပွားပုံ ၂၀၉

၈၄။ မဂ်ကိစ္စပြီးဆုံးပုံ ၂၁၀

၈၅။ နိဗ္ဗာန်ကိုဥဒါန်းကျူးပုံ ၂၁၁

၈၆။ နိဗ္ဗာန်၏အသခ်တမည်ပုံ ၂၁၂

၈၇။ နိဗ္ဗာန်၏နိရောဓမည်ခြင်းအကြောင်း ၂၁၂

၈၈။ ဖိုလ်၌တည်သော ပုဂ္ဂိုလ်တို့ ဖိုလ်ဝင်စားနည်း ၂၁၃

၈၉။ ဖိုလ်ဝင်စားသည့်အခါ နိဗ္ဗာန်အာရုံ၌စိတ်တည်နေပုံ ၂၁၄

၉၀။ သောတာပတ္တိမဂ်ကို ရဘို့ရာ ရသေ့ရဟန်းပြုရာ၌ ခေါင်းပါးစွာကျင့်ရန်မလိုပုံ ၂၁၅

၉၁။ ဧကရာဇ်မင်း စသည်ထက် သောတာပန်ပုဂ္ဂိုလ်မြင့်မြတ်ပုံ ၂၁၆

၉၂။ အလုံးစုံသော မွေ့လျော်ခြင်းတို့တွင် တရားနှင့်မွေ့လျော်ခြင်းကအောင်နိုင်ပုံ ၂၁၇

၉၃။ ကျမ်းကိုးစာရင်း ၂၁၉

**ခမ္မမိတ်ဆွေ**

ဤစာအုပ်ပါ **"နိဒါန်း"** ကိုသေသေ
ချာချာ ဖတ်ရှုပါမှ တရားစာအုပ်၏အကြောင်း
ကိုသိရှိနိုင်ပါလိမ့်မည်။

# နိဒါန်း

မဟာစကြာတရားတော်ဖြင့် မဂ်သို့တက်နည်းသည် ၁၉၇၄ ခုနှစ် မေလနှင့် ၁၉၈၀ ခုနှစ် ဒီဇင်ဘာလတို့တွင် သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ချိသော မင်းဘူးမြို့လေသာ ကျောင်းတိုက်တွင်သီတင်းသုံးခဲ့သော သစ္စာဒီပကဆရာတော် ဘဒ္ဒန္တ ရေဝတမထေရ်မြတ်ကြီးစီရင်ရေးသားခဲ့သော "စတုသစ္စဒင်္ဂိကမ္မကထာ" ကျမ်းနှင့် "နိဗ္ဗာနသစ္စိကရဏီယ" ကျမ်းတော်များ၌လာသော မဂ်သို့ ဆိုက်ရောက်နည်းအမျိုးမျိုးပြဆိုထားရာ၌-

(၁) မဟာစကြာတရားတော်အရ (သစ္စာ)ကိုသိအောင်ပြု၍ (မဂ်)သို့တက်နည်း

(၂) သတိပဋ္ဌာန်တရားတော်အရအားထုတ်၍(မဂ်)သို့ တက်နည်း

(၃) ပဋိစ္စသမုပ္ပါဒ်ကို(သစ္စာလေးပါး)ဖွဲ့၍ (မဂ်)သို့ တက်နည်း

(၄) သီလ၊ သမာဓိ၊ ပညာသိက္ခာအစဉ်ဖြင့်(သစ္စာ)သိ အောင်ပြု၍ (မဂ်)သို့တက်နည်း

(၅) ဝိပဿနာဉာဏ်အစဉ်ဖြင့် (သစ္စာ)သိအောင်ပြု၍ (မဂ်)သို့တက်နည်း

စသည်ဖြင့်နည်းအမျိုးမျိုးပြဆိုထားချက်အရ၊ မိမိတို့စရိုက်အားလျော်စွာအားထုတ်၍ (မဂ်)သို့တက်ရောက်နိုင်ပါကလိုရင်းကိစ္စပြီးနိုင်ကြောင်း 'ကျမ်း' များ၌ ပြဆိုထားပါသည်။

အထက်ပါနည်းများအနက်ဆရာတော်ဘုရားကြီးအမိကပြဆိုထားသောဓမ္မစကြာတရားတော်အရ(သစ္စာ)ကိုသိအောင်ပြု၍ (မဂ်)သို့တက်နည်းမှာ သိနိုင်ခဲသောရှားပါးသောတရားတော်ဖြစ်ပါသည်။ ရဟန်းရှင်လူတို့အထူးလိုလားနှစ်သက်ကြသော တရားတော်ဖြစ်သောကြောင့် ဤတရားမသိသေးသူများနှင့် နောင်လာနောင်သားတို့ ပါသိနိုင်ကြရလေအောင် ဆရာတော်ဘုရားကြီး၏တရားတော်မြတ်ကို လက်ဆင့်ကမ်းသောအနေဖြင့် ဆရာတော်ဘုရားကြီး စီရင်ရေးသားခဲ့သော "နိဗ္ဗာနသစ္စိကရဏီယ" ကျမ်းတော်လာ စာမျက်နှာ (၁၁၃) ၌ ပြဆိုထားသော "ဓမ္မစကြာနည်းဖြင့်မဂ်သို့တက်ပုံ" အတိုင်းထုတ်နုတ်၍ တင်ပြရခြင်းဖြစ်ပါသည်။

(ဓမ္မစကြာ) တရားတော်ကို မြတ်စွာဘုရားဟောကြားရာ၌ ပဉ္စဝဂ္ဂီငါးဦးတို့(သောတာပန်)တည်ကြ၍ (ပထမမဂ်)ဖြစ်သော (သောတာကတ္တိမဂ်)ကိုရကြပါသည်။ ဆရာတော်ကြီး၏ကျမ်း၌(မဂ်)

သို့တက်နည်းဟုပြဆိုရာတွင် (သောတာပတ္တိမဂ်)ပထမဂ်သို့ တက်ရောက်နိုင်သည့်(နည်းလမ်း)ကိုသာပြဆိုခြင်းဖြစ်ပါသည်။

ဓမ္မစကြာတရားတော်ဖြင့် (မဂ်)သို့တက်နည်းဆိုသည်မှာ (သောတာပတ္တိမဂ်)ကိုရအောင် (ဓမ္မစကြာ)တရားတော်၌ မြတ်စွာဘုရားဟောကြားထားသည့် (သစ္စာလေးပါး)ကို ထိုးထွင်းသိသည့် (ပဋိဝေဓ)ဆိုက်အောင်ပွားများရသည်(မဂ္ဂင်)အလုပ်တရားနည်းနာနိဿယကိုပြခြင်းပင်ဖြစ်ပါသည်။

(မဂ်)သို့တက်သည်ဆိုသည်မှာ (မဂ္ဂသစ္စာ)ဘာဝေတဗ္ဗသည် အလွန်ကျယ်ဝန်းပါသည်။ (မဂ်)သို့တက်ရောက်ရာ၌ (ဝိပဿနာ)ဉာဏ်စဉ်(၁၀)ပါးကိုရှုသည့်နည်းအပြင်(ဓမ္မစကြာ)တရားတော်၌ မြတ်စွာဘုရားသည် (သစ္စာလေးငါး)နှင့် (မဂ္ဂင်ရှစ်ပါး)ကိုတွဲဖက်၍ ဟောကြားထားရာ၌ (ဓမ္မစကြာ)အရ (သစ္စာလေးပါး)၌ပါသော (မဂ္ဂသစ္စာ)ဖြင့် ဆင်ခြင်ပွားများနေမှုသည်လည်း (မဂ်)တက်နည်းပင်ဖြစ်ပါသည်။ (မဂ်)တက်နည်းသည်(မဂ္ဂသစ္စာ)ပွားများမှုပင် ဖြစ်ပါသည်။ (မဂ္ဂသစ္စာ) ပွားများမှုဖြင့်(သောတာပတ္တိမဂ်)သို့တက်သည့်နည်းလမ်း (အလုပ်တရား)သည်လည်းမဂ်တက်စဉ်နည်းလမ်းပင်ဖြစ်ပါသည်။

ဓမ္မစကြာဖြင့်(မဂ်)သို့တက်နည်းသည်(သစ္စာလေးပါး)ကို

ဆင်ခြင်ပွားများခြင်းသည်ပင်လျှင်(ဓမ္မစကြာ)အရ မဂ်တက်စဉ် တက်နည်းပင်ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးစီရင်ရေးသားတော်မူသော "နိဗ္ဗာနသစ္စိကရိယ" ကျမ်းစာမျက်နှာ (၁၁)၌ ပြဆိုပါသည်။ ထို့ကြောင့် "မဂ်တက်နည်း" ဆိုသည်မှာလည်း လောကုတ္တရာ (သောတာပတ္တိမဂ်) ဖြစ်သော (ပထမမဂ်)ကိုရစေကြောင်းငှာရှေးဦးမဂ်ဖြစ်သော၊ လောကီမဂ်ဖြစ်သော ပုဗ္ဗဘာဂ မဂ္ဂင် (၀ါ) အလုပ်မဂ္ဂင်ဖြင့် တက်ရောက်ခြင်း (၀ါ) အလုပ်မဂ္ဂင် (အကျင့်) ဖြင့် (ပထမမဂ်) "သောတာပတ္တိမဂ်" သို့ တက်လှမ်းသော နည်းနာနိဿယပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးပြဆိုရာမှာလည်း (မဂ္ဂသစ္စာ) ပွားနည်း (၀ါ) မဂ်သို့တက်နည်းမှာ (ဒုက္ခသစ္စာ) ဖြစ်သော (ဇာတိပိဒုက္ခာ မှ တံခိတ္တေနပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာ) ထိ (ဒုက္ခ) တို့ကို ဆင်ခြင်နေမှုတရပ်၊ (သမုဒယသစ္စာ) ဖြစ်သည့် (ကာမတဏှာဘဝတဏှာ) စသည်တို့ကြောင့် (ဒုက္ခ) ဖြစ်ပုံကိုဆင်ခြင်၍ နေမှုတရပ်၊ (နိရောဓသစ္စာ) ၌ (တဏှာ) ချုပ်လျှင် (ဒုက္ခ)ချုပ်၏ဟုဆင်ခြင်နေမှုတရပ်၊ ဤ (၃)ရပ်တို့၌ ဟုတ်မှန်စွာမြင်သိဆုံးဖြတ်ခြင်းငှာ အဖန်ဖန်ဆင်ခြင်နေမှု (မဂ္ဂသစ္စာ) မဂ္ဂင်အလုပ် (မဂ်)တက်နည်းတစ်ရပ်စသည် ဤ (၄) ဌာနတို့၌ ပွားမှုသည် (လောကီမဂ္ဂင်)ပွားမှုမည်၏။ အဘယ်ကြောင့်ဆိုသော် မဟာသမ္ပယုတ်စိတ်ဖြင့် ပွားရသောကြောင့်တည်းဟု ပြဆိုပါသည်။

ထို့အပြင်ဆရာတော်ဘုရားကြီးသည် (မဂ်)ဖြင့် (ကိလေသာ) ပါသတ်၍ သွားပုံကို (တဏှာ-သမုဒယ) ကြောင့် (ဇာတိ-ဒုက္ခ) ဖြစ်ရခြင်းကို သိမြင်မှုကြောင့်ရှေးကမသိခဲ့သော (အဝိဇ္ဇာ) ချုပ် (ဒိဋ္ဌိဝိစိကိစ္ဆာ)ချုပ်ခြင်းပြီးသည်ပင်လျှင် (မဂ်)သည် (ကိလေသာ) ကို ပယ်သတ်ကြောင်း၊ (မဂ္ဂသစ္စာ)သည် ပွားများအပ်သောတရားဖြစ်ကြောင်း (မဂ်)သို့တက်နည်းဆိုသည်မှာ ပွားများအပ်သော (မဂ္ဂင်) ကိုမည်သို့မည်ပုံပွားများ၍ ပထမ (မဂ်ဉာဏ်) ဆီသို့ တက်ရောက်သွားရခြင်းကို ပြဆိုရေးသားခဲ့သော တရားတော်ကြီးပင်ဖြစ်ပါသည်။

(ဓမ္မစကြာ)တရားတော်ဖြင့် မဂ်သို့တက်နည်းကိုသာမန် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များသိနိုင်ကြဘို့ခဲ့ယဉ်းလှပါသည်။ သိနိုင်ကြပါလျှင်လည်း စီရင်ရေးသားပြဖို့ဆိုသည်မှာလည်း မလွယ်ကူလှပါ၊ ဆရာတော်ဘုရားကြီးသည် ရှေးနှစ်ပေါင်း (ရှစ်ဆယ်) လောက်က ပါရမီထူးသည့် (ပဋိဝေဒ)ဆိုက်အောင်သိသည့် ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့သောကြောင့် ရဟန်းရှင်လူများ (ဓမ္မစကြာ)တရားတော်ဖြင့် (သောတာပတ္တိမဂ်)ကို ရကြစေသော ဌာစီရင်ရေးသားခဲ့ပါသောကြောင့် ယခုခေတ်နှင့် နောင်တခေတ်ရဟန်းရှင်လူများ (သစ္စာ)သိမှုတွင် အခက်အခဲမရှိပဲ သိနိုင်ကြစေမည့်တရားတော်ကြီးဖြစ်ပါ၍ စာရေးသူက ပူဇော်တင်ဆက်ရခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ (ဓမ္မစကြာ) တရားတော်နည်းဖြင့်

(မဂ်)သို့တက်နည်းသည် (သစ္စာ)ကို လျင်မြန်စွာသိကြစေခြင်းငှာ ရည်သန်၍ တရားတော်ကို ရှင်းလင်းပြဆိုရာ၌ သွယ်ဝိုက်ခြင်းမရှိပဲ တည့်တည့်မတ်မတ် ဘွင်းဘွင်းရှင်းရှင်းအကျဉ်းအားဖြင့် ပြဆိုနိုင်ပါသည်။ တည့်တည့်မတ်မတ်ပြနိုင်ပုံမှာ (ဇာတိ) စသော (ဒုက္ခ)တို့သည် (တဏှာ) ကြောင့်ဖြစ်၏။ (သမ္မာဒိဋ္ဌိ) အမှန်မြင်ဖြင့် (တဏှာ) ကိုပယ်စွန့်လျှင် (ဇာတိဒုက္ခ) ချုပ်၏။ (တနည်း) ဆိုသော်(ဒုက္ခ)သည် (သမုဒယ) ကြောင့်ဖြစ်၏။ထို(သမုဒယ)ကို (မဂ်)ဖြင့်ပယ်ပါက (ဒုက္ခ) ချုပ်၏ဟု(သစ္စာလေးပါး)ကိုစကားနှစ်ခွန်းဖြင့် ရှင်းရှင်းလင်းလင်း သိစေနိုင်သော မဂ်တက်စဉ်တရားထူး တရားမြတ်ကြီးပင်ဖြစ်ပါသည်။

(သစ္စာ)တရားကို မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီများဖြည့်ဆည်း၍ ရှာဖွေခဲ့ရာ ဘုရားဖြစ်မှ ဤ (သစ္စာ)တရားကို ရရှိသဖြင့် မြတ်စွာဘုရားသည် မိမိရရှိသည့် နည်းတူ ရခွင့် သိခွင့်ရှိသည့် ဝေနေယျကို ဘုရားဖြစ်စတွင် ဦးဦးဖျားဖျား ဟောရန်ရှာဖွေခဲ့ရာ၊ မိဂဒါဝုန်တောတွင် ရသေ့လုပ်၍နေကြသော (ငါးယောက်အစု)ဖြစ်သည့် (ပဉ္စဝဂ္ဂီ)တို့ကိုမြင်၍ ထိုအရပ်သို့ ကြွတော်မူပြီး သံသရာမှလွတ်မြောက်ရန် (သစ္စာ)ဟူသော အမှန်တရားနှင့် ထို (သစ္စာ)အမှန်တရားကိုသိရန် (မဂ္ဂင်)အလုပ်လမ်းစဉ်ကို တိတိကျကျသိစေသော“ဓမ္မစကြာ”(ဓမ္မစက္ကပဝတ္တန)သုတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။

(ဓမ္မစကြာ)တရားတော်ကို မြတ်စွာဘုရားဟောကြားရာ၌ (ပဥ္စဝဂ္ဂီ)ငါးဦးထဲမှ အရှင်ကောဏ္ဍညနှင့် နတ်ဗြဟ္မာ (၁၈) ကုဋေတို့ တထိုင်တည်း (သစ္စာလေးပါး)ကို ထိုးထွင်းသိမြင်ကြပြီး (သောတာပန်) တည်ကြပါသည်။ ကျန်သော“ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ” ၄ပါး တို့သည် (ပဋိဝေဓ)ဉာဏ်ရအောင် မဂ္ဂဘာဝနာပွားခြင်းဖြင့် ဆက် လက်အားထုတ်ကြရာ၌ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် အရှင် ဝပ္ပ (သောတာပန်)တည်ခဲ့ပါသည်။ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိတို့သည် ဝါဆိုလပြည့်ကျော် (၂)ရက် (၃)ရက် (၄)ရက် နေ့များတွင် အစဉ်အတိုင်း (သောတာပန်)တည်ကြပါသည်။

(ဓမ္မစကြာ)တရားတော်မြတ်ကို ဗုဒ္ဓဘာသာဝင်များသည် ဖတ်ကြပါသည်၊ မှတ်ကြပါသည်၊ ရွတ်ဆိုကြပါသည်။ (ဓမ္မစကြာ) ဟောသော ဝါဆိုလပြည့်နေ့ကိုပင် (ဓမ္မစကြာ)နေ့ဟုသတ်မှတ်၍ တစ်နိုင်ငံလုံး ဟောကြ၊ ပြောကြ၊ စုပေါင်းရွတ်ဆိုကြပါသည်။ အချို့ကမူ (သစ္စာလေးပါး)ဟောတော်မူခြင်း အထိမ်းအမှတ်အဖြစ် ဆီမီး ၄ တိုင် ထွန်း၍ (သစ္စာလေးပါး)ကို ပူဇော်ကြပါသည်။

ကျွန်ုပ်တို့သည် (ဓမ္မစကြာ) သုတ်တော်ကို ရွတ်ဖတ်ပူဇော် ကြည်ညိုကြရုံမျှဖြင့် (ဓမ္မစကြာ)တရား၏ ဂုဏ်သတ္တိပြီးရမည် မဟုတ် ပါချေ။ (ဓမ္မစကြာ)တရားတော်သည်လည်း ရွတ်ဖတ်ကြည်ညိုရုံမျှဖြင့် ပြီးရမည့်တရားတော်မဟုတ်ပါချေ။ ကျွန်ုပ်တို့သည်(ဓမ္မစကြာ)တရား

တော်ကို ဤမျှလောက်ရှုတ်ဆိုကြည်ညိုကြရုံမျှဖြင့် သံသရာမှ လွတ်မြောက်နိုင်ကြမည်မဟုတ်ကြပါချေ။ ဤ (ဓမ္မစကြာ)တရားတော်ကို (ပရိယတ်)ဟူသော(သုတ)သိဖြင့်သဘောပေါက်နားလည်အောင် လေ့လာယူ၍ (ပဋိပတ်)ဟူသော လုပ်ငန်းခွင်သို့ ဝင်ပြီး(ဝါ)ကျင့်ကြံအားထုတ်ပြီးရလာမည့် (ပဋိဝေဓ)ဟူသော အကျိုးတရားကို(ပစ္စဝေက္ခ) တို့နှင့် နတ်ဗြဟ္မာတို့ကဲ့သို့ ရယူနိုင်ကြရန် အရေးကြီးလှပါသည်။

အလုပ်သဘောချည်းဟောကြားခဲ့သော မြတ်စွာဘုရား၏ (ဓမ္မစကြာ)တရားတော်ကို (ပဋိဝေဓ)ဆိုက်သည့် အလုပ်ပေးတရား အဖြစ်သိကြပါစေရန် ရွှေးကသူတော်ကောင်း ရဟန်းပညာရှိဖြစ်ခဲ့သော သစ္စဒီပကဆရာတော် ဘဒ္ဒန္တရေဝတမထေရ်မြတ်ကြီးသည် နောင်လာနောင်သားတို့အတွက်လမ်းတိုတိုဖြင့် အပါယ် ၄ ဘုံမှ လွတ်ကြစေသော(သောတာပတ္တိမဂ်)ကို ရကြစိမ့်သောငှါစီရင်ရေးသားထားခဲ့သော အလုပ်သဘောများကိုသာ ဖော်ပြထားသော "(ဓမ္မစကြာ) တရားတော်ဖြင့် မဂ်သို့တက်နည်း" တရားတော်သည် ရဟန်းရှင်လူ အများပြည်သူများအတွက် ဉာဏ်ကြီးလျှင်ကြီးသလို ဉာဏ်အလင်း ထိုးဖောက်၍(ပဋိဝေဓ)ဆိုက်စေသောတရားတော်ကြီးပင်ဖြစ်ပါသည်။

(ဓမ္မစကြာ)တရားတော်ဖြင့်မဂ်သို့တက်နည်းကို "စတုသစ္စဒဋ္ဌီကမ္မကထာကျမ်း" နှင့် "နိဗ္ဗာနသစ္ဆိကရဏဳယကျမ်း"တို့တွင် ဖော်ပြရေးသားခဲ့သော မင်းဘူးမြို့၊ ဓါတ်တော်ကုန်းရိပ်သာ၌ သီတင်းသုံး

တော်မူခဲ့သော သစ္စဒီပကဆရာတော် ဘဒ္ဒန္တရေဝတမထေရ် မြတ်ကြီး သည် (၁၈၆၈)ခု မြန်မာသက္ကရာဇ် (၁၂၃၀)ပြည့် နှောင်းတန်ခူး လဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မင်းဘူးခရိုင် (စကုမြို့)၌ ဖွားမြင် ခဲ့ပါသည်။

သီပေါမင်းပါတော်မူချိန်က ဆရာတော်ကြီးသည် ဦးဥတ္တမ ကျောင်းတွင် ကိုရင်ဘဝနှင့်ပင်ရှိခဲ့ပါသည်။ ကိုရင်ဘဝမှ ထွက်ခဲ့သည့် လူအမည် (ဦးရွှေလှိုင်)သည် အင်္ဂလိပ်အစိုးရခေတ်က မြေတိုင်း အင်းစပက်တော်၊ ထို့နောက်ဒုတိယတန်းရှေ့နေဘဝဖြင့် အသက်မွေးခဲ့ပြီး မင်းဘူးဓါတ်တော်ကုန်းဘုရား ဂေါပကလူကြီးအဖြစ်ဖြင့် သမ္မာက ကမ္မန္တအသင်း (ဝိုင်အမ်ဘီအေ)၏ ဓမ္မကထိကအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါသည်။ ဦးရွှေလှိုင်သည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုနှင့် အကြောင်းပါခဲ့သည့်အတွက် သမီး ၄ ယောက်၊ သားတစ်ယောက်ထွန်းကားခဲ့ပါသည်။

ထွန်းကားခဲ့သောသားမှာ စစ်ကြိုခေတ်က (Ics)ဘွဲ့ရပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် (အတွင်းဝန်)ဖြစ်ခဲ့သူ (Ics) ဦးချမ်းသာသည် ဆရာတော်ကြီး၏သားပင်ဖြစ်ပါသည်။ ဦးချမ်းသာ၏သား၊ ဆရာတော်ကြီး၏မြေးဖြစ်သူမှာ စာရေးသူ၏ ဓမ္မမိတ်ဆွေ ဦးရဲခေါင်ညွန့်ပင်ဖြစ်ပါသည်။ ဦးရဲခေါင်ညွန့်သည် အဘိုး ဖြစ်သူ၏ ကျမ်းစာအုပ်များကို စာရေးသူအား ဓမ္မဒါနပြုပါသဖြင့်

စာရေးသူအနေဖြင့် သစ္စဒီပက ဆရာတော်ဘုရားကြီး၏တရားများကို နောင်လာ နောင်သားတို့ သိနိုင်ကြပါစေရန် လက်ဆင့်ကမ်းရန်အတွက် ဤတရားစာအုပ်ကို ရေးသားပူဇော်နိုင်ခြင်းကြောင့် ဦးရဲခေါင်ညွန့်အား ကျေးဇူးတင်ရပါသည်။

သစ္စဒီပကဆရာတော်ဘုရားကြီးသည် လူအမည် ဦးရွှေလှိုင် ဘဝကပင် ပိဋကတ် (၃)ပုံကို လေ့လာဆည်းပူးခြင်း၊ လယ်တီဆရာတော်ဘုရားကြီးစသည့် ပရိယတ်၊ ပဋိပတ်တတ်ကျွမ်းသည့် ပုဂ္ဂိုလ်ကျော်များထံတွင် ဆည်းကပ်၍ နည်းနာများခံယူခဲ့ပါသည်။ အသက် (၄၉)နှစ်တွင် အမောဃကာလနိဗ္ဗနမဂ္ဂပဋိပတ္တိကျမ်းကို ရေးခဲ့ပြီး၊ ဟေတုဖလကထာကျမ်း၊ နာမရူပ ပရိစ္ဆေဒကထာကျမ်း၊ ဒဿနေန ပဟာတဗ္ဗကထာကျမ်းတို့ကို ရေးသားပြုစုခဲ့ပြီး ထိုကျမ်းများကို စုပေါင်း၍ လောကုတ္တရာလက်စွဲကျမ်းအမည်ဖြင့် (၁၉၁၉-ခု) မြန်မာသက္ကရာဇ် ၁၂၈၀၊ သက်တော် ၅၀ တွင် ရေးသားခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက မင်းဘူးမြို့နေအိမ်၌ တစ်ယောက်တည်းရှိစဉ်၊ နေအိမ်ကို ဗုံးကျရာအိမ်တစ်အိမ် လုံးလုံးပျက်စီးသွားသော်လည်း တိုင်တစ်လုံးနှင့်အတူ အသက်မသေပဲ ကျန်ခဲ့သောကြောင့် ဒီဘဝ တရားမရလျှင် မသေနိုင်ကြောင်းသိ၍ ရဟန်းဘောင်သို့တက်ရောက်ခဲ့ပါသည်။

ရဟန်းဘောင်သို့ရောက်ပြီးနောက် (၁၉၄၇)ခုနှစ်၊ မြန်မာ

သက္ကရာဇ် ၁၃၀၉ ခုနှစ်၊ သက်တော် (၇၉)နှစ်တွင် စတုသစ္စဒဋီ ကမ္မကထာကျမ်းကို ပြုစုခဲ့ရာ ထိုနှစ် ၁၃၀၉ (၁၉၄၇) ခုနှစ်ကစ၍ (၇)ကြိမ်တိုင်အောင် ထိုကျမ်းကို စာအုပ်ပေါင်း (တစ်သောင်း)တိတိ ပုံနှိပ်ခဲ့ပါသည်။ ထိုကျမ်းစာအုပ်ကိုပင် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ (၁၉၇၄)ခုနှစ် (မေလ)က အုပ်ရေ (၂၅၀၀)ထပ်မံ ရိုက်နှိပ်ခဲ့ပါသည်။ ၁၉၅၀ မှ ၁၉၅၆ ခုနှစ်ထိ သက်တော် (၈၀) မှ (၈၆) ခုနှစ်အတွင်း သစ္စဒီပကကထာ သောတာပတ္တိမဂ္ဂကထာ၊ ဒိဋ္ဌိဝိစိကိစ္ဆာ၊ ပဟာတဗ္ဗကထာ၊ နိယျာနိကမဂ္ဂကထာ၊ ဆဝါတုမဂ္ဂကထာများ ပါဝင်သော "နိဗ္ဗာနသစ္ဆိကရဏီယကျမ်း" ကို စီရင်ရေးသားတော်မူခဲ့ရာ၊ ထိုကျမ်းစာအုပ်ကို သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်မှ (၁၉၈၀)ခုနှစ် ဒီဇင်ဘာလတွင် ရိုက်နှိပ်ခဲ့ပါသည်။ ထိုကျမ်းစာအုပ် စာမျက်နှာ (၁၁၃)၌ ပြဆိုထားသော "ဓမ္မစကြာဖြင့်မဂ်သို့တက်နည်း" မှာ သာမန်ရဟန်းတော်များ မရေးနိုင်သည့် ထူးခြားသော တရားတော်မြတ်ကြီးဖြစ်နေပါသည်။

ဤ(ဓမ္မစကြာ)တရားတော်ကို ဗုဒ္ဓဘာသာဝင်တိုင်း အလွန်တန်ဖိုးထားကြပါသည်။ မြတ်စွာဘုရားသည် (ဓမ္မစကြာ) တရားတော်ကို ဟောကြားရာ၌ အခြားသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားများကို ဟောကြားသည့်အခါနှင့်မတူပဲ နတ်ဗြဟ္မာတို ကောင်းချီးပေးကြပါသည်။ အထက်ဘဝက်ထိပဲ့ထင်ထပ်မျှ

ကောင်းချီးပေးကြသော နတ်ဗြဟ္မာတို့၏ ကြည်ညိုသံနှင့်တကွ တစ်သောင်းသော လောကဓါတ်ကို တုန်လှုပ်စေနိုင်သော တရားမျိုးဟူသည် ဤ (ဓမ္မစကြာတရား)မှလွဲ၍မရှိခဲ့ပါပေ။ ကောင်းချီးမင်္ဂလာအပေါင်းတို့သည် ဤ (ဓမ္မစကြာ)တရားဟောသည့်အခါ၌သာ ဖြစ်ပေါ်၍လာပါသောကြောင့် နတ်ဗြဟ္မာများ အလွန်နှစ်သက်ကြ၍ အလွန်တန်ဖိုးကြီးလှပါသည်။ အလွန်တရာမှလည်း ကျေးဇူးများလှပါသည်။

ထို့ကြောင့်ဤ(ဓမ္မစကြာ)တရားထူးကို အထူးအရှိအသေပြု၍ မိမိတို့သည် (သစ္စာ)ကိုသိအောင် ပြုဖို့အထူးလိုအပ်လှပါသည်။ (သစ္စာ)ကို (သုတ) သိမှ (ပဋိဝေဓ)သိသို့ ရောက်အောင် (ဓမ္မစကြာ) တရားတော်ဖြင့် မဂ်သို့တက်နည်းနာနိဿျအတိုင်း ကျင့်ကြံအားထုတ်ကြဖို့လိုအပ်လှပါသည်။

မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အနက်အဓိပ္ပါယ် ကွယ်ဝှက်ခြင်းမရှိပဲ (ဒုက္ခ) သည် (သမုဒယတဏှာ) ကြောင့်ဖြစ်၏။ (သမုဒယ)ကို မဂ်ဖြင့်ဖယ်က (ဒုက္ခ)ချုပ်၏ ဟုဟောတော်မူရာ၊ ကြားနာရသော လူနတ်ဗြဟ္မာပရိတ်သတ်တို့မှာ (ဥပမာ)အားဖြင့်ဆိုရသော် မှောင်ထဲ၌ မီးထွန်းလိုက်သကဲ့သို့ ဖုံးအုပ်ထားသော အရာဝတ္ထုကိုအဖုံးဖွင့်ပြလိုက်သကဲ့သို့ ကွယ်ဝှက်ခြင်း မရှိပဲ ကောင်းစွာထင်မြင်နိုင်ကြသဖြင့် (သစ္စာ)ကိုမသိအောင်

ဖုံးထားသော(အဝိဇ္ဇာ)ကိုချုပ်စေပြီး (သစ္စာ)မြင်သိမှု (ဝိဇ္ဇာဉဒပါဒ်)ကို ပေးသော ဤ(ဓမ္မစကြာ)တရားတော်မြတ်ကို ရွတ်ဖတ်ကြည်ညိုနေကြ ရယုံမျှဘဝမှ တစ်ဆင့်တက်အောင်၊ အပါယ်လေးပါးတံခါးပိတ်စေ အောင်၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေအောင်၊ ပထမဂ် (သောတာပတ္တိမဂ်) ကို ရစေခြင်းငှာ ဆရာတော်ဘုရားကြီး၏ **"ဓမ္မစကြာတရားတော်ဖြင့် မဂ်သို့တက်နည်း"** တရားတော်မြတ်ကြီးကို ဖော်ထုတ်ပူဇော်ရခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့သော (နိဗ္ဗာနသစ္ဆိကရဏီယ)ကျမ်းတော်လာ မဂ်တက်နည်းအမျိုးမျိုးရှိသည့်အနက် (ဓမ္မစကြာ)တရားတော်ဖြင့် မဂ်သို့တက်နည်းကို ကောက်နုတ်ဖော်ပြ ရာ၌(ဓမ္မစကြာ)တရားတော်၏အနက်အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း မသိသေးပဲ "မဂ်တက်နည်း" ကို တိုက်ရိုက်တန်းပြပါက အကျင့်မြတ် မဂ္ဂင်ကို ကျင့်တတ်ပွားတတ်အုံးမည်မဟုတ်သေးပေ၊ သို့ဖြစ်ပါ၍ (ဓမ္မစကြာ)တရားတော်၏ အနက်အဓိပ္ပါယ်ကို (သုတ)သိဖြင့် ရှင်းရှင်း လင်းလင်းသိပြီးမှသာ "မဓမ္မစကြာဖြင့် မဂ်တက်နည်း"ကို တက်လှမ်း နိုင်ကြရအောင် တရားတော်ကိုစီရင်ရေးသားရာ၌ အပိုင်း (၃)ပိုင်းခွဲ၍ ဖော်ပြထားရပါသည်။

စာဖတ်သူတို့အနေဖြင့် ရှေးဦးစွာ(ဓမ္မစကြာ)တရားတော်၏ အနက်အဓိပ္ပါယ်ကို(အကျဉ်း)ရော(အကျယ်)ပါ(သုတ)သိဖြင့်

ရှင်းလင်းစွာသိနားလည်ကြဘို့ လိုအပ်ပါသည်။ထိုသို့(ဓမ္မစကြာ)တရားတော်ကို ရှင်းလင်းစွာ သဘောပေါက်နားလည် ထားပါမှ (ဓမ္မစကြာ) ဖြင့် မဂ်သို့တက်စဉ်ကို လှမ်းတက်၍ ရနိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် (ဓမ္မစကြာ)တရားတော်ကို ရှင်းလင်းစွာ(အကျဉ်း)ရော(အကျယ်)အားဖြင့်ပါ သိထားကြစေရန်အလို့ငှာ တရားတော်၏ (အကျဉ်း)ကိုလယ်တီဆရာတော်ဘုရားကြီး၏ ဓမ္မစကြာသုတ်"မူရင်း" ထဲမှကောက်နှုတ်၍၊ (အကျယ်)ကိုသစ္စဒီပကဆရာကြီးဦးကြည်၏ "ဓမ္မစကြာအဖွင့်" ကျမ်းထဲမှကောက်နှုတ်ပြီး ဆရာတော်ဘုရားကြီး၏တရားတော်နှင့် ပေါင်းစပ်၍ဖော်ပြထားပါသည်။

(ဓမ္မစကြာ) ဖြင့်မဂ်တက်နည်းကို ရှေးဦးစွာ "အပိုင်း (၁)" အဖြစ် မြတ်စွာဘုရားဟောကြားတော်မူသော (ဓမ္မစကြာ)တရားတော်၏အနက်အဓိပ္ပါယ် ဆိုလိုရင်းတရား(အကျဉ်းချုပ်)ကိုဖော်ပြရပြီး "အပိုင်း(၂)"အနေဖြင့်(ဓမ္မစကြာ)တရားတော် ရှင်းလင်းချက် (အကျယ်)ကို ဖော်ပြရပါသည်။ ဤကဲ့သို့ ဖော်ပြခြင်းဖြင့်(သစ္စာ)ကို သုတမယဉာဏ်(သုတ)သိဖြင့် သိမြင်ကြစေရန် ရှေးဦးစွာတင်ဆက်ထားရခြင်းဖြစ်ပါသည်။

တရားတော်၏ (သစ္စာ) ကို ရှေးဦးစွာ (သုတ)သိဖြင့် သိပြီးခါမှ (သုတ) သိမှ (ပဋိဝေဓ)သိသို့ ရောက်စေသော (သစ္စာ၄ပါး)

ကို ထိုးထွင်းသိစေသော (ပထမ)မဂ်ဉာဏ်ကြီးကို ရအောင် "အပိုင်း (၃)" အနေဖြင့် ဆရာတော်ဘုရားကြီး၏ "ဓမ္မစကြာတရားတော်ဖြင့် မဂ်သို့တက်နည်း" တရားသဘောကို ရှင်းလင်းလွယ်ကူစွာထိုးထွင်း၍ သိကြပါစေရန် ဉာဏ်ထက်လျှင် ထက်သလောက် (ဓမ္မစကြာ)တရားတော်နည်းဖြင့် (ပထမမဂ်ကြီး) ကို ရကြပါစေရန် ဤတရားတော်မြတ်ကြီးကို ပူဇော်တင်ဆက်လိုက်ရပါတော့သည်။

ဓမ္မောဟဝေရက္ခတိဓမ္မစာရီ

ဦးကံညွှန့်

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်
ရန်ကုန်မြို့။

သော ကာမသုခလ္လိကာနုယောဂေါဖြစ်သည့် အစွန်းသမုတ်အယုတ်တရားမျိုးကတစ်ပါးဖြစ်၏။

## အတ္တကိလမထာနုယောဂေါအစွန်း

နောက်အစွန်းတစ်ပါးမှာ ကိုယ်ချမ်းသာမဖက်ဆင်းရဲမှု သက်သက်မျှသာဖြစ်သော အရိယာတို့နှင့်မသက်ဆိုင်သော မိမိကိုယ်ရောစိတ်ပါပင်ပန်းဆင်းရဲအောင် ကြိုးပမ်းအားထုတ်သော အတ္တကိလမထာနုယောဂေါဖြစ်သည့် အစွန်းသမုတ်အယုတ်တရားမျိုးက တစ်ပါးဖြစ်လေသည်။

## အလယ်လမ်းကိုပြခြင်း

ချစ်သားရဟန်းတို့ ဤအစွန်းအယုတ်တရား ၂ပါးကိုရှောင်သော (မဇ္ဈိမပဋိပဒါ) အလယ်လမ်းဟုဆိုအပ်သော အကျင့်မြတ်ကိုငါဘုရားသည် သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ။

(အလယ်လမ်း) ဟုဆိုအပ်သော အကျင့်မြတ်သည် (သစ္စာလေးပါး) ကိုသိမြင်လာနိုင်သော ပညာမျက်စိကိုဖြစ်စေ၏။ အသိဉာဏ်ပွင့်လင်းမှုကိုလည်း ရစေ၏။ ကိလေသာမီးများကိုလည်း အပြီးချုပ်ငြိမ်းစေ၏။ မဖောက်မပြန် မှန်ကန်ကောင်းမြတ်စွာ သိစေ၏။ ဉာဏ်ကွန့်မြူး၍ အထူးသိစေ၏။ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်

သိမ်းစေခြင်းငှာဖြစ်၏။

(အလယ်လမ်း)ဟုဆိုအပ်သော အကျင့်မြတ်သည် အရိယာတို့၏လက်ကိုင်ဖြစ်၍ မြင့်မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော (မဂ္ဂင်ရှစ်ပါး) တရားမြတ်ဖြစ်ပေသည်။ ဤမဂ္ဂင်ရှစ်ပါးတရားမြတ်ဟူသည် -

(၁) အမှန်ကိုမြင်ခြင်း (သမ္မာဒိဋ္ဌိ)

(၂) အမှန်ကိုကြံခြင်း (သမ္မာသင်္ကပ္ပ)

(၃) မှန်သောကောင်းမြတ်သောစကားကိုပြောဆိုခြင်း (သမ္မာဝါစာ)

(၄) မှန်ကန်ကောင်းမြတ်သည်ကိုသာ ပြုလုပ်ခြင်း (သမ္မာကမ္မန္တော)

(၅) မှန်ကန်ကောင်းမြတ်သော အသက်မွေးခြင်း (သမ္မာအာဇီဝေါ)

(၆) မှန်ကန်သောအားထုတ်ခြင်း (သမ္မာဝါယမော)

(၇) မှန်သော (သတိ)ရှိခြင်း (သမ္မာသတိ)

(၈) မှန်သောတည်ကြည်သော စိတ်ငြိမ်သက်မှုရှိခြင်း(သမ္မာသမာဓိ) တရားသဘောတို့ဖြစ်လေသည်။

ချစ်သားတို့ ဤ “အလယ်လမ်း”ဟုဆိုအပ်သော (မဇ္ဈိမပဋိပဒါမဂ္ဂင်အကျင့်မြတ်) ကို သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း

သိအပ်တော်မူခဲ့လေပြီ။ ဤမဂ္ဂင်အကျင့်မြတ်သည် (သစ္စာလေးပါး) ကိုသိမြင်ပြီး (ဒုက္ခ) ခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာဖြစ်၏။ ဤအလယ်လမ်းဖြင့် သိမြင်စေသော(သစ္စာလေးပါး)မှာ-

## သစ္စာလေးပါးကိုပြခြင်း

### (၁) ဒုက္ခသစ္စာကိုပြခြင်း

ချစ်သားရဟန်းတို့ (ဒုက္ခ) ဆင်းရဲခြင်းသဘောဟု ဆိုအပ်သော မဖောက်မပြန်မှန်ကန်သော (အရိယာသစ္စာ) တရားဟု ဆိုအပ်သော "ဒုက္ခသစ္စာ" တရားသည်ရှိ၏။ ထိုဒုက္ခဆင်းရဲမှုသည် (ခန္ဓာ)ရမှုကြောင့်

- (အဖန်ဖန်) ပဋိသန္ဓေနေရမှု (ဇာတိ) ရခြင်းသည်လည်း (ဒုက္ခ)ဆင်းရဲ၏။
- (အဖန်ဖန်) အိုမှု (ဇရာ) ရခြင်းသည်လည်း (ဒုက္ခ)ဆင်းရဲ၏။
- (အဖန်ဖန်) နာမှု (ဗျာဓိ)ရခြင်းသည်လည်း (ဒုက္ခ)ဆင်းရဲ၏။
- (အဖန်ဖန်)သေမှု(မရဏ)ရခြင်းသည်လည်း(ဒုက္ခ)ဆင်းရဲ၏။
- မချစ်မနှစ်သက်သောသတ္တဝါ (သင်္ခါရ) တို့နှင့်အတူတကွ ပေါင်းဖော်ယှဉ်တွဲနေထိုင်ရမှုကြီးသည်လည်း (ဒုက္ခ) ဆင်းရဲ၏။

- ချစ်နှစ်သက်အပ်ကုန်သောသတ္တဝါ (သင်္ခါရ)တို့နှင့် ကွေကွင်းခွဲခွါ၍ နေရမှုကြီးသည်လည်း (ဒုက္ခ) ဆင်းရဲ၏။
- အကြင်တောင်းတတိုင်းလည်းမရ၊ အလိုရှိတိုင်းလည်းမရ၊ ထိုသို့လိုအင်ဆန္ဒဖြင့် တောင့်တတိုင်းမရမှုကြီးသည်လည်း (ဒုက္ခ)ဆင်းရဲ၏။
- အကျဉ်းချုပ်အားဖြင့် (ဥပါဒါန်) တရားတို့၏စွဲလန်းရာဖြစ်ကုန်သော (ခန္ဓာငါးပါး)တို့သည် (ဒုက္ခ)ဆင်းရဲခြင်းအစစ်တို့သာတည်း။

## (၂) သမုဒယသစ္စာကိုပြခြင်း

ချစ်သားရဟန်းတို့ ဤ (ဒုက္ခ) ဆင်းရဲခြင်း၏အကြောင်းရင်းဖြစ်သော မဖောက်မပြန်မှန်ကန်သော (အရိယာသစ္စာ) တရားဖြစ်သော "**သမုဒယသစ္စာ**"တရားသည်ရှိ၏။ (သမုဒယသစ္စာ)ဖြစ်သောအကြင်သာယာနှစ်သက် လိုချစ်ခင်တွယ်တတ်သော (တဏှာ) ဓါတ်သည် ဘဝအသစ်အသစ်ကို တဖန်ဖြစ်စေတတ်သော သဘောသည်ရှိ၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းဖြစ်၍နေ၏။ ထိုထို (အာရုံ)တို့၌အလွန်နှစ်သက်ခြင်းနှင့် တပ်မက်ခြင်းဖြစ်၍ (အာရုံ) တို့၌ကျက်စားသာယာ၍နေ၏။

(ကာမတဏှာ) = ဤတဏှာသည် (ကာမတဏှာ) ဟုဆို

အပ်သော အလိုရှိအပ် နှစ်သက်အပ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကိုခေါ်သော (ကာမ) ကို ချမ်းသာသည်ဟု ထင်၍ (ကာမ) အာရုံကိုသာယာဘွယ်ထင်၍ ခုံမင်တပ်မက်၍ နေသော (တဏှာ) သည်လည်းတစ်ပါးဖြစ်၏။

(ဘဝတဏှာ) ဟုဆိုအပ်သော သတ္တဝါရှိ၏။ ဘဝသည်မြဲ၏ ဟုဘဝကိုခင်တွယ် တပ်မက်သော (သဿတဒိဋ္ဌိ) နှင့်ယှဉ်သော (တဏှာ) သည်လည်း တစ်ပါးဖြစ်၏။

(ဝိဘဝတဏှာ) ဟုဆိုအပ်သော ဘဝသည်မမြဲ၊ သတ္တဝါ သေလျှင်ပြတ်၏ဟုအယူရှိသော (ဥစ္ဆေဒဒိဋ္ဌိ) နှင့်ယှဉ်သော (တဏှာ) ဟူ၍ တစ်ပါးရှိသောကြောင့် (တဏှာ) သည် ဤသဘောသုံးမျိုး ပါပင်တည်း။

(၃) နိရောဓသစ္စာကိုပြခြင်း

ချစ်သားရဟန်းတို့ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းမှုသဘော ကြီးဖြစ်သော မဖောက်မပြန် မှန်ကန်သော (အရိယာသစ္စာ) တရား ဖြစ်သော "နိရောဓသစ္စာ" တရားသည်ရှိ၏။

(ဒုက္ခ) ခပ်သိမ်းတို့၏ချုပ်ငြိမ်းမှုသဘောကြီးသည် (ဒုက္ခ) ဆင်းရဲခြင်း၏အကြောင်းအရင်းဖြစ်သော (ဝါ) ဒုက္ခဖြစ်စေသော ဤ(တဏှာလောဘ) သာလျှင် အကြွင်းမဲ့ပယ်ပျောက် ချုပ်ဆုံးအောင်

အားထုတ်ခြင်း၊ အကြွင်းမဲ့စွန့်လွှတ်ခြင်း အကြင်(တဏှာ)မှ ကျွတ်လွတ်ထွက်မြောက်၍ မငြိမကပ်မှုတို့သည် (ဒုက္ခ) ခပ်သိမ်းတို့ချုပ်ငြိမ်းမှုသဘော(နိဗ္ဗာန်)သဘောကြီးပင်တည်း။

## (၄) မဂ္ဂသစ္စာကိုပြခြင်း

ချစ်သားရဟန်းတို့ ဤ (ဒုက္ခ) ခပ်သိမ်းတို့ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ဆိုက်ရောက်ကြောင်း (အကျင့်မြတ်) သဘောကြီးဖြစ်သော၊ မဖောက်မပြန်မှန်ကန်သော (အရိယာသစ္စာ) တရားသည်ရှိ၏။ အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဤ (မဂ္ဂင်ရှစ်ပါး)တရားဖြစ်သော(မဂ္ဂသစ္စာ)တရားသည် (နိဗ္ဗာန်)သို့ဆိုက်ရောက်ကြောင်း အကျင့်မြတ်သဘောကြီးပင်လျှင်တည်း။

## သစ္စာလေးပါးအကျယ် ၁၂ ပါး ကိုပြခြင်း

(၁) ချစ်သားရဟန်းတို့ (ဒုက္ခသစ္စာ) ဖြစ်သော (ဒုက္ခ) ဆင်းရဲစင်စစ်အမှန်ဖြစ်သော (ဒုက္ခသစ္စာ) ကို အရိယာသစ္စာကြီးတစ်ပါးဟူ၍ ရှေးအခါက ဘုရားမဖြစ်မီကာလက တခါတရံမျှ မကြားစဘူးကုန်။

(၂) ချစ်သားရဟန်းတို့ ဆင်းရဲစင်စစ်အမှန်ဖြစ်သော ဤ (ဒုက္ခသစ္စာ) ဖြစ်သော အရိယာသစ္စာတရားကို ပိုင်းပိုင်းခြားခြား

ပိုင်ပိုင်နိုင်နိုင်သိအပ်သိထိုက်၏ဟူ၍ ရှေးကဘုရားမဖြစ်မီ ကာလကတရံတခါမျှ မကြားစဘူးကုန်။

(၃) ချစ်သားရဟန်းတို့ ဆင်းရဲစင်စစ်အမှန်ဖြစ်သော ဤ (ဒုက္ခသစ္စာ) အရိယာသစ္စာတရားကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင်သိခြင်းပြီးလေပြီ။

(၄) ချစ်သားရဟန်းတို့ တပ်မက်သာယာသော (သမုဒယသစ္စာ) ဖြစ်သော (တဏှာ)လောဘသည် (ဒုက္ခ)ဆင်းရဲခြင်း၏အကြောင်းရင်းဖြစ်သော အရိယာသစ္စာတစ်ပါးဟူ၍ ရှေးက ဘုရားမဖြစ်မီကာလက တခါတရံမျှမကြားစဘူးကုန်။

(၅) ချစ်သားရဟန်းတို့ (ဒုက္ခ) ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သော(သမုဒယသစ္စာ)တရားဖြစ်သော ဤအရိယာသစ္စာတရားကို အကြွင်းမဲ့ဥဿုံအလုံးစုံကို ပယ်သင့်ပယ်ထိုက်၏ ဟူ၍ရှေးကဘုရားမဖြစ်မီကာလက တရံတခါမျှမကြားစဘူးကုန်။

(၆) ချစ်သားရဟန်းတို့ ဆင်းရဲခြင်း၏အကြောင်းရင်း (သမုဒယသစ္စာ) တရားဖြစ်သော ဤအရိယာသစ္စာတရားကို အကြွင်းမဲ့ဥဿုံအလုံးစုံပယ်ခြင်းကိစ္စပြီးပေပြီ။

(၇) ချစ်သားရဟန်းတို့ ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာ (နိရောဓသစ္စာ)နိဗ္ဗာန်အမှန်ဖြစ်သော အရိယာသစ္စာကြီး

တစ်ပါးဟူ၍ ရှေးက ဘုရားမဖြစ်မီက တရံတခါမျှမကြား စဘူးကုန်။

(၈) ချစ်သားရဟန်းတို့ ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်း ရာအမှန်ဖြစ်သော (နိရောဓသစ္စာ) နိဗ္ဗာန်အမှန်ဖြစ်သော ဤ အရိယာသစ္စာတရားကို ကိုယ်တိုင် ဆိုက်ရောက် မျက်မှောက် ပြုထိုက်၏ဟူ၍ ရှေးကဘုရားမဖြစ်မီကာလက တရံတခါမျှ မကြားစဘူးကုန်။

(၉) ချစ်သားရဟန်းတို့ ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်း ရာအမှန် (နိရောဓသစ္စာ) တရားဖြစ်သော အရိယာသစ္စာ တရားကို ကိုယ်တိုင်ဆိုက်ဆိုက် ရောက်ရောက် မျက်မှောက် ပြုခြင်းကိစ္စပြီးပေပြီ။

(၁၀) ချစ်သားရဟန်းတို့ ဤ "မဂ္ဂင်ရှစ်ပါး" တရားအစုသည် ဒုက္ခ ခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန် (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော (မဂ္ဂ သစ္စာ)သည် အရိယာသစ္စာတစ်ပါးဟူ၍ ရှေးကဘုရားမဖြစ်မီ ကတတခါတရံမျှ မကြားစဘူးကုန်။

(၁၁) ချစ်သားရဟန်းတို့ "ဒုက္ခ" ခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ် သိမ်းရာအမှန် (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကောင်း

လမ်းမှန်ဖြစ်သော (မဂ္ဂသစ္စာ) ဖြစ်သော ဤအရိယာသစ္စာတရားကို (ဘာဝနာ) အလုပ်ဖြင့် ကြိုးစားအားထုတ် ပွားများအပ်၊ ပွားများထိုက်၏ဟူ၍ ရှေးကဘုရားမဖြစ်မီက တခါတရံမျှ မကြားစဘူးကုန်။

(၁၂) ချစ်သားရဟန်းတို့ "ဒုက္ခ" ခပ်သိမ်းချုပ်ငြိမ်းပြီး၍ ဇာတ်သိမ်းရာအမှန် (နိဗ္ဗာန်) ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော ဤအရိယာသစ္စာတရားကို ပွားများခြင်းကိစ္စပြီးပေပြီ။

ဤသို့ (ဒုက္ခသစ္စာ)ကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိခြင်းကိစ္စပြီးခြင်း။ (သမုဒယသစ္စာ) ကိုအကြွင်းမဲ့ ဥဿုံအလုံးစုံကို ပယ်သင့်ပယ်ထိုက်သည်ကိုသိ၍ (သမုဒယသစ္စာ) ကိုအကြွင်းမဲ့ ဥဿုံပယ်ခြင်းကိစ္စပြီးခြင်း။ (နိရောဓသစ္စာ) နိဗ္ဗာန်ကို မျက်မှောက် ပြုထိုက်သည်ကိုသိ၍(နိဗ္ဗာန်)ကို ကိုယ်တိုင်မျက်မှောက်ပြုခြင်းကိစ္စပြီးခြင်း။ (မဂ္ဂသစ္စာ) သည် နိဗ္ဗာန်ရောက်ကြောင်း ကြိုးစား အားထုတ်ပွားများထိုက်ကြောင်း သိ၍ဤ (မဂ္ဂသစ္စာ) ကိုပွားများခြင်း ကိစ္စပြီးခြင်းတို့ကြောင့် မြင်နိုင်တဲ့ဘိ(ဉာဏ်မျက်စိ)သည် ထင်ရှား ဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်(အသိဉာဏ်)သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနှံ့အပြားမြင်အားသန်စွာ (ဉာဏ်ပညာ)သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ် (ဝိဇ္ဇာခါတ်)သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး

ဖျက်ဆီးထွန်းပြောင် (အလင်းရောင်)သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

ချစ်သားရဟန်းတို့ ယခုအခါ လေးပါးကုန်သော၊ မဖောက်မပြန်မှန်ကန်သော အရိယာသစ္စာမြတ်တို့ဖြစ်သော (သစ္စာလေးပါး) တို့၌ သရုပ်သဘောသက်သက်ကို သိသော (သစ္စဉာဏ်)၊ သစ္စာလေးပါးတို့၏ဆိုင်ရာ လုပ်ငန်းကိုသိသော (ကိစ္စဉာဏ်) သစ္စာလေးပါးတို့၏ အလုပ်စခန်းပြီးမြောက်ပြီဟုသိသော (ကတဉာဏ်)အားဖြင့် စက်လည်ပုံ(သုံးပါး)ရှိသော သုံးပါးလေးလီအားဖြင့် အခြင်းအရာ (တစ်ဆယ့်နှစ်ပါး)ရှိသော ဟုတ်မှန်သောအတိုင်း ပိုင်းခြားထင်ထင် ဉာဏ်အမြင်သည် ရှေးအခါက မဖြစ်ပေါ်ခဲ့သော ဉာဏ်အမြင်သည် စင်စင် ကြွယ်ကြွယ်ဖြစ်ပေါ်၍လာ၏။

ချစ်သားရဟန်းတို့ ထိုအခါ၌သာလျှင် နတ်ပြည်နှင့် တကွဖြစ်သော မာရ်နတ်လွှမ်းခြုံဝသဝတ္တီဘုံနှင့်တကွဖြစ်သော ဗြဟ္မာ့ဘုံနှင့် တကွဖြစ်သော အနန္တစကြာဝဠာကမ္ဘာလောကဓါတ်တိုက်ဘောင် အတွင်း၌ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော နတ်လူနှင့်တကွဖြစ်သော သတ္တဝါများအလယ်၌ “အတုမရှိသောဘုရား၏ဉာဏ်သဗ္ဗညုတရွှေဉာဏ်တော်ကို ပိုင်ပိုင်ရရှိထိုးထွင်း၍ သိတော်မူပြီဟု ဝန်ခံတော်မူပြီ။

ချစ်သားရဟန်းတို့ ငါဘုရား၏ဟုတ်တိုင်းမှန်စွာ အမြင်သန်သော ပစ္စဝေက္ခဏာဉာဏ်တော်သည် ထင်ရှားဖြစ်ပေါ်၍လာပြီ၊ ငါဘုရား၏ အရဟတ္တဖိုလ်ဉာဏ်တော်သည် မပျက်မစီးနိုင် ခံ့ခိုင့်

တည်တံ့လေပြီ။ ငါဘုရား၏ ဤဘဝအဖြစ်သည်အဆုံးစွန်သော အဖြစ်ပေတည်း။ ယခုအခါ၌ ဘဝအသစ်တစ်ဖန်ဖြစ်ဘို့အရေးသည် မရှိတော့ချေ။ ဤသို့ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်၍လာပြီ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤဓမ္မစက္ကပဝတ္တနသုတ္တန်ကိုပဉ္စမဦးစွာ မြွက်ကြားဟောကြားတော်မူလေ၏။(ကောဏ္ဍည) အမှူးငါးဦးအစုဝေးရှိကုန်သော ရဟန်းတို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ဟောတော်မူအပ်သော တရားတော်ကို အရိယသစ္စာဉာဏ်ထက်သန်ပွင့်လင်း ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍ ရွှင်လန်းအားရနှစ်သက်ကြလေကုန်သတည်း။

ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြစ်သော ဤ"ဓမ္မစက္ကပဝတ္တန"သုတ်တော်ကြီးကို ဟောကြားပြီးအပ်သည်ရှိသော် ရှည်သောသက်တော်ရှိသောအရှင်ကောဏ္ဍညမထေရ်အား ကိလေသာမြူတို့မှ စင်ဖြူကင်းဝေးသော မှောက်မှားဒိဋ္ဌိ အညစ်အကြေးမရှိသော (သောတာပတ္တိမဂ်ဉာဏ်)ဟုဆိုအပ်သော တရားမျက်လုံးသည် ထင်ရှားစွာပေါ်ပေါက်လေ၏။ အလုံးစုံသော တေဘူမ္မကဝဋ် ဒုက္ခတရားစုသည် ဖြစ်ပေါ်ခြင်းလျှင်အကြောင်းရင်းရှိ၏။ထိုအလုံးစုံ သော တေဘူမ္မကဝဋ် ဒုက္ခတရားစုသည် မကြွင်းမကျန်အမှန်ချုပ် ဆုံးခြင်းသဘောရှိ၏။ (ဤသို့ဟုတ်တိုင်းမှန်သိဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။)

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝမ်းမြောက်မြွက်ကြား၍ ဥဒါန်းတော်အမိန့်စကားကို ကျူးရင့်တော်မူလေ၏။ (အို. . . လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ ငါ့သားတော်ကြီးဖြစ် သောကောဏ္ဍညသည် အသိဉာဏ်အလင်း ပေါက်၍ (သောတာပန်) အဖြစ်သို့ရောက်လေပြီတကား) (ဤသို့ဥဒါန်းကျူးရင့်တော်မူလေ၏) ဤဥဒါန်းစကားတော်အားဖြင့် ရှည်သော အသက်တော်ရှိသော အရှင်ကောဏ္ဍညမထေရ်မြတ်ကြီး အား အညာသိကောဏ္ဍညဟူ၍ သာလျှင် ဤအမည်ထူးသည်ဖြစ်လေသတည်း။

(သောတာပန်)ဖြစ်ပြီးသောအခါ၌ ရှည်သော အသက်တော်ရှိသောအရှင်အညာသိကောဏ္ဍညသည် ကိုယ်တိုင်မြင်အပ်ပြီးသော တရားရှိသည်ဖြစ်၍ ကိုယ်တိုင်သိအပ်ပြီးသော တရားရှိသည်ဖြစ်၍ ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိသည်ဖြစ်၍ ယုံမှားခြင်း၏တဖက်ကမ်းသို့ရောက်အောင် ကူးမြောက်ပြီးသည်ဖြစ်၍ သို့လောသို့လောတွေးတောယုံမှားခြင်းမှ လွတ်ကင်းသည်ဖြစ်၍ ကြောက်ရွံ့မှုကင်းလျှက် ရဲရင့်ခြင်းသို့ရောက်သည်ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ သိမြင်ပြီး သောဉာဏ်အစွမ်းအားဖြင့် သူတပါးတို့အား ယုံကြည်အားထားခြင်းမရှိလေသောကြောင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို ဤသို့သောစကားကို လျှောက်ထားတောင်းပန်လေ၏။ "အရှင်ဘုရား- တပည့်တော်သည်

ဘုန်းတော်ကြီးသော မြတ်စွာဘုရားထံရဟန်းအဖြစ် ကိုရလိုပါသည်ဘုရား။ ပဥ္စင်းအဖြစ်ကို ရလိုပါသည်ဘုရား။ ဤသို့ လျှောက်ထားတောင်းပန်လေ၏။

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ အို. . . ရဟန်းလာလော့။ ငါဘုရားသည် တရားတော်မြတ်ကို ကောင်းစွာဟောကြားတော်မူအပ်ပြီ။ သံသရာဝဋ်ဆင်းရဲ၏ ကိစ္စတုံး၍ အဆုံးတိုင်အောင်ပြုခြင်းငှာ ကောင်းစွာမြတ်သော မဂ်အကျင့်ကိုကျင့်လေလော့ ဤသို့မိန့်တော်မူ၏။ ရှည်သောအသက်တော်ရှိသော ထိုအရှင်ကောဏ္ဍညအား ဧဟိဘိက္ခုပဥ္စင်းအဖြစ်သည်သာလျှင်ဖြစ်လာသတည်း။

## တရားတော်၏အနှစ်သာရကိုပြခြင်း

ရဟန်းတို့ သာသနာ့ထမ်းရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် အယုတ်အစွန်း ၂ ပါးကိုရှောင်ရမည်။ ထိုအစွန်းနှစ်ပါးသည်-

ကာမသုခလ္လိကာနုယောဂ - ခေါ်သည့်ပုထုဇဉ် တို့၏ အကျင့်စရိုက်ဓလေ့ဖြစ်သည့် လောကီအာရုံကာမဂုဏ်တို့၌ ကာမချမ်းသာကို ချမ်းသာစစ်ချမ်းသာမှန်ကြီးထင်ပြီး၊ ကာမဂုဏ်ချမ်းသာတို့၌ သာယာပျော်မွေ့ပြီး လိုက်စားအားထုတ်မှုဟူသော လက်ျာအယုတ်အစွန်းဟူသ၍ကို ရှောင်ကြဉ်ရာ၏။

အတ္တကိလမထာနုယောဂ - ခေါ်သည့် ကိုယ်ချမ်းသာမဖက်

ဆင်းရဲ မှုသက်သက်မျှသာဖြစ်သော (အရိယာ)တို့နှင့် မသက်ဆိုင်သော မိမိကိုယ်ရောစိတ်ပါ ပင်ပန်းဆင်းရဲအောင် ကြိုးပမ်းအားထုတ်သော လက်ဝဲအယုတ်အစွန်းသောအကျင့်ဟူသ၍ကိုရှောင်ကြဉ်ရာ၏။

အထက်ပါ လက်ဝဲ၊ လက်ျာ အယုတ်တရား အစွန်းနှစ်ပါးကို ရှောင်၍ မြတ်စွာဘုရားကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်ထိုးထွင်းသိမြင်တော်မူသော မဇ္ဈိမပဋိပဒါ (အလယ်လမ်း)အတိုင်းကျင့်ကြံအားထုတ်ရာ၏။

မဇ္ဈိမပဋိပဒါ(အလယ်လမ်း)ဟုဆိုအပ်သော အကျင့်မြတ်သည် အရိယာတို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော (မဂ္ဂင်ရှစ်ပါး)တရားမြတ်ပေတည်း။ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်သည် -

(၁) သမ္မာဒိဋ္ဌိ - အမှန်ကိုမြင်ခြင်း
(၂) သမ္မာသင်္ကပ္ပ - အမှန်ကိုကြံခြင်း
(၃) သမ္မာဝါစာ - မှန်သောစကားကိုပြောဆိုခြင်း
(၄) သမ္မာကမ္မန္တော - မှန်ကန်ကောင်းမြတ်သည်ကိုသာပြုလုပ်ခြင်း
(၅) သမ္မာအာဇီဝေါ - မှန်ကန်ကောင်းမြတ်သောအသက်မွေးခြင်း
(၆) သမ္မာဝါယာမော - မှန်ကန်သောအားထုတ်ခြင်း

(၇) သမ္မာသတိ - မှန်ကန်သော(သတိ)ရှိခြင်း
(၈) သမ္မာသမာဓိ - မှန်ကန်သောတည်ကြည်သော စိတ်ငြိမ်မှုရှိခြင်း

ဤမဂ္ဂင်အကျင့်မြတ်ဖြင့် သစ္စာ(၄)ပါးကိုသိခြင်း၊ ဒုက္ခ ခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းခြင်းငှာ ဖြစ်စေ၏။ ဤမဂ္ဂင် အကျင့်မြတ်ဖြင့် သိမြင်သောသစ္စာ (၄)ပါးမှာ-

## ဒုက္ခသစ္စာ

ရုပ်နာမ်တို့ (ခန္ဓာ)ရမှုကြောင့် အဖန်ဖန်ပဋိသန္ဓေနေရမှု ဖြစ်ခြင်း၊ (ဇာတိ)ရမှု၊ အိုခြင်း (ဇရာ)ရမှု၊ နာခြင်း(ဗျာဓိ)ရမှု၊ သေခြင်း (မရဏ)ရမှု၊ အကျဉ်းအားဖြင့် (ဇာတိ)ခန္ဓာရမှုကြောင့် ဖြစ်ရသော (ဉပါဒါန်)တရားတို့၏ စွဲလမ်းရာဖြစ်ကုန်သော (ခန္ဓာငါးပါး)တို့သည် ဒုက္ခဆင်းရဲခြင်း (ဒုက္ခသစ္စာ)ဖြစ်၏။

## သမုဒယသစ္စာ

ဒုက္ခဆင်းရဲခြင်း၏အကြောင်းရင်းဖြစ်သော သာယာနှစ်သက် လိုချင်တပ်မက်သော (တဏှာ)စိတ်သည် (အာရုံ) အသီးသီးတို့တွင် အလွန်နှစ်သက်ခြင်းတပ်မက်ခြင်းဖြင့် ထို (တဏှာ) သည် (အာရုံ)တို့၌ ကျက်စားသာယာနေ၏။ ထို(တဏှာ)သည်ကား (ကာမတဏှာ၊ ဘဝ တဏှာ၊ ဝိဘဝတဏှာ) ဟူ၍ သဘောသုံးမျိုးရှိ ပေသည်။

**ကာမတဏှာ** = အာရုံငါးပါးဖြစ်သောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကိုခေါ်သော (ကာမ)အာရုံကို ခုံမင်တပ်မက်နေသော (တဏှာ)ကားတစ်မျိုးရှိ၏။

**ဘဝတဏှာ** = ဟုဆိုအပ်သော (သတ္တဝါ)တို့၏ ဘဝသည်မြဲ၏ဟုဘယ်ဘဝရောက်ရပါလို၏၊လူချမ်းသာ၊နတ်ချမ်းသာ ဘဝတို့ရရပါလို၏ဟု ဘဝကိုခင်မင်တွယ်တာတပ်မက်တတ်သော (သဿတဒိဋ္ဌိ) နှင့်ယှဉ်သော(တဏှာ)ကားတစ်မျိုးရှိ၏။

**ဝိဘဝတဏှာ** = ဟုဆိုအပ်သောဘဝသည်မမြဲ၊ လက်ရှိဘဝသည်မမြဲ၊ သေလျှင်ပြတ်၏။ ဖြစ်ပေါ်မှုမရှိ၊ ဘဝပြတ်ပြီပဲဟူသော (ဥစ္ဆေဒဒိဋ္ဌိ)နှင့်ယှဉ်သော (တဏှာ)ကားတစ်မျိုးဖြစ်သောကြောင့် (တဏှာ)သုံးမျိုးသည် ဒုက္ခဆင်းရဲခြင်းကိုဖြစ်ကြောင်း သမုဒယဖြစ်သော "(သမုဒယသစ္စာ)" ဖြစ်၏။

## နိရောဓသစ္စာ

ဒုက္ခဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော(ဝါ)ဒုက္ခဖြစ်စေသော (တဏှာ)မှအကြွင်းမဲ့ပယ်ပျောက်ချုပ်ဆုံးမှု၊ စွန့်လွှတ်မှု(တဏှာ)မှကျွတ်လွတ်ထွက်မြောက်၍ မငြိကပ်မှုတို့သည် (ဒုက္ခ)ချုပ်ရာ (နိရောဓသစ္စာ)နိဗ္ဗာန်သာဖြစ်၏။

## မဂ္ဂသစ္စာ

ဒုက္ခခပ်သိမ်းတို့ချုပ်ငြိမ်းရာ (နိဗ္ဗာန်) သို့ ဆိုက်ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော (မဂ္ဂင်ရှစ်ပါး)အကျင့်တရားသည် "မဂ္ဂသစ္စာ" ဖြစ်၏။

## သစ္စာလေးပါး၏ကိစ္စ

(သိ) ဒုက္ခသစ္စာ = ကိုပိုင်းပိုင်းခြားခြားပိုင်ပိုင်နိုင်နိုင်(သိ)ရမည်။

(ပယ်) သမုဒယသစ္စာ = (တဏှာ)ကို (ပယ်)ရမည်။

(ဆိုက်) နိရောဓသစ္စာ = (နိဗ္ဗာန်)ကိုဆိုက်ရောက်၍ မျက်မှောက်ပြုရမည်။

(ပွား) မဂ္ဂသစ္စာ = နိဗ္ဗာန် သို့ဆိုက်ရောက်အောင်မဂ္ဂ(ဘာဝနာ) အလုပ်ဖြင့်ပွားများအားထုတ်ရမည်။

သစ္စဉာဏ် = အမှန်တရားလေးပါးဖြစ်သော (သစ္စာလေးပါး) တို့၏ သရုပ်သဘောသက်သက်ကို သိသော (ဉာဏ်)သည်အမှန်သိသော(သစ္စဉာဏ်)မည်၏။

ကိစ္စဉာဏ် = သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာကို(သိ)ရသောကိစ္စ၊ သမုဒယသစ္စာကို(ပယ်)ရသောကိစ္စ၊ နိရောဓသစ္စာကို

(ဆိုက်)ရအောင်၊ ဆိုက်အောင် ဆိုက်လျှင် မျက်မှောက်ပြုရခြင်းကိစ္စ (သိ၊ ပယ်၊ ဆိုက်၊ ပွား)သည့် (ကိစ္စဉာဏ်) မည်၏။

ကတဉာဏ် = သစ္စာလေးပါးတို့၏ အလုပ်စခန်းပြီးမြောက်ပြီဟုသိသော ကတဉာဏ်ပင်ဖြစ်လေသည်။

ဓမ္မစကြာတရားတော်၏ အနှစ်သာရသည် (သစ္စာလေးပါး)ကိုဟောကြားပြီး (သစ္စာ)ကိုသိအောင်ပြုခြင်း (သစ္စဉာဏ်)နှင့် (သစ္စာလေးပါး)ကိုသိရမည့်ကိစ္စ၊ ပယ်ရမည့်ကိစ္စ၊ ဆိုက်ရမည့်ကိစ္စ၊ ပွားရမည့် (ကိစ္စဉာဏ်) ဖြင့် အယုတ်အစွန်းနှစ်ပါးမကပ်ရောက်အောင် လိုက်နာ၍ မဇ္ဈိမပဋိပဒါ(အလယ်လမ်း)ကျအောင် (မဂ္ဂင်ရှစ်ပါး)နှင့် ပွားများအားထုတ်လျှင် (သစ္စာလေးပါး)တို့၏ အလုပ်စခန်းပြီးမြောက်မှုဟူသော (ကတဉာဏ်)မဂ်ဖိုလ်နိဗ္ဗာန်ကို ဆိုက်ရောက်မှုရစေသော တရားတော်ကြီးပင်ဖြစ်ပါသည်။

(မဂ်)သို့တက်ရန် (အလုပ်ပေးတရား)ကို သိနားလည်ရန်ဖော်ပြခဲ့သော တရားတော်၏ အနှစ်သာရနှင့်တရားတော်၏အကျဉ်းကို သိရုံမျှလောက်ဖြင့် (မဂ္ဂင်ရှစ်ပါး)ကို ကျင့်တတ်၊ ပွါးတတ်အုံးမည် မဟုတ်သေးပေ။ (သစ္စာ)လေးပါးသိရန်တရားတော်၏အကျယ်ကို သေသေချာချာဂဂနန သိထားဖို့လိုပေမည်။ ထို့ကြောင့် ဓမ္မစကြာတရားတော်၏ (အကျယ်)ကိုပြဆိုဦးအံ့။

# အပိုင်း (၂)

## ဓမ္မစကြာတရားတော် (အကျယ်) ရှင်းလင်းချက်

ဓမ္မစကြာတရားတော်သည် ဗုဒ္ဓဘုရားရှင်၏ ပဌမတရားဦး ဖြစ်ပါသည်။ တရားတော်သည် ဗုဒ္ဓဘာသာ၏အုဋ်မြစ်လည်းဖြစ်ပါသည်။ ခိုင်ခန့်သောထုထည်၊ ထည်ဝါသောကိုယ်ထည်လည်းဖြစ်ပါသည်။ ဤတရားတော်၌ပါသောအနက်သဘောတို့ကို ၄၅-ဝါကာလပတ်လုံးဟောတော်မူခဲ့သော ဓမ္မက္ခန္ဓာအပေါင်းကမထိခိုက်၊ မတုန်လှုပ်စေနိုင်ပေ။ ဓမ္မက္ခန္ဓာအားလုံးတို့သည် ဤတရားတော်၏အနှစ်သာရဖြစ်သော . . . .

| | |
|---|---|
| အလုပ် | မဂ္ဂင်ရှစ်ပါး |
| လမ်းကြောင်း | မဇ္ဈိမပဋိပဒါ |
| အသိ | သစ္စာလေးပါး။ |

ဤဘောင်ကို ကျော်ထွက်၍မရပေ။ ဤဘောင်အတွင်းသို့သာ ဝင်ရလေသည်။ ထို့ကြောင့် (ဓမ္မစကြာ)သုတ်ဒေသနာတော်ကို ဗုဒ္ဓသာသနာ၏ သည်းပွတ်၊ ဓမ္မက္ခန္ဓာ၏အသဲနှလုံးဟုခေါ် ဆိုရမည်သာဖြစ်ပါသည်။ (ဓမ္မစကြာ)သုတ်ဒေသနာတော်သည် ဗုဒ္ဓသာသနာတော်တစ်ခုလုံး၏ အကြီးကျယ်ဆုံးသော အုဋ်မြစ်မဏ္ဍိုင်၊ အသဲနှလုံးဖြစ်သည်ဟု မယုံကြည်နိုင်လောက်အောင်တိုလှ၏။ ကျဉ်းလှ၏။ သို့ရာတွင် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တို့ကို အကုန်ငုံမိ၏။ ခြုံမိပါသည်။

ဤဒေသနာသည် အမှန်နှင့်အမှားကို ခွဲခြားဝေဖန်၍ အမှန်ကိုသိမြင်စေရန်အတွက် မှတ်ကျောက်အစစ်လည်းဖြစ်ပါသည်။ ဤမှတ်ကျောက်ဖြင့် တိုက်ကြည့်သောအခါ အရည်မမီသောတရားသည် ဘယ်ကျမ်း၊ ဘယ်ပါဠိတော်၊ ဘယ်အဋ္ဌကထာမှလာသည်ဖြစ်စေ၊ 'အမှန်ဟုမယူဆနိုင်' လောက်အောင်ခိုင်မာလှပါသည်။ ဆိုလိုသည်မှာ (မဇ္ဈိမပဋိပဒါ)လမ်းကြောင်းအတိုင်း (မဂ္ဂင်ရှစ်ပါး)အချိုးကျအောင် မပွားများ မရှုမှတ်နိုင်က သိအပ်သော(သစ္စာ)ကိုသိမည်မဟုတ်ပေ။ ဤမှတ်တင်ချက်အပြည့်အစုံသည် (ဓမ္မစကြာ)တရားတော်၌ပါထားသည်မှာ ထူးခြားလှပေသည်။

ဤ(ဓမ္မစကြာ)ဒေသနာအချက်တို့သည် နက်နဲသိမ်မွေ့လှသည့်အပြင်တရား၏သဘာဝ၊ တရား၏လုပ်ငန်းဟူ၍ နှစ်ချက်ပါဝင်နေသောကြောင့် တရား၏အကျယ်ကို သိရှိနိုင်စေရန် ရှင်းလင်းဖော်ပြပါအံ့။

အမှတ် ...... ရက်စွဲ

**အယုတ်တရား (နှစ်ပါး) ရှင်းလင်းချက်**

'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ'

ချစ်သားတို့အမှန်ပင်ကိလေသာအပူလောင်တို့အေးငြိမ်းရန်အတွက်အားထုတ်လိုသောသူသည် ရှေးဦးစွာ အယုတ်အစွန်းတရား ဤနှစ်ပါးကိုမမှီဝဲအပ်ကုန်၊ ပယ်ရှင်းရမည်။

"ကတမေ ဒွေ"=အစွန်းနှစ်ပါးအယုတ်တရားတို့ဟူသည် အဘယ်နည်း"

(၁) ဝတ္ထုကာမဟုဆိုအပ်သော ကိလေသာကာမတို့ဖြင့် လိုက်စားပျော်ပါးခြင်းဟူသော 'ကာမေသု ကာမသုခလ္လိကာ နုယောဂ' တပါး၊

(၂) မိမိကိုယ်ကိုစိတ်ကိုပင်ပန်းနွမ်းနယ်အောင် နှိပ်စက်၍ကျင့်ရသော အကျင့်များ၊ အကျင့်ကြမ်းတို့ကိုကျင့်ခြင်း အားထုတ်ခြင်းဟုဆို အပ်သော 'အတ္တကိလမထာ နုယောဂ' တပါး၊

အားဖြင့် ၂-ပါးတို့တည်း

ဤအယုတ်အစွန်းတရား ၂-ပါးတို့တွင် 'ကာမေသုကာမသုခလ္လိကာနုယောဂ' ကို အဘယ်ကြောင့်တားမြစ်တော်မူသနည်းဟူမူ

(၁) 'ဟိနော' =ယုတ်မာဆိုးဝါး အညံ့စားဖြစ်သော သူတို့၏ အကျင့်ဖြစ်ခြင်း၊

(၂) 'ဂမ္မော' = ကိလေပြောထူမြို့သူမြို့သား၊ ရွာသူရွာသားတို့၏ ဥစ္စာဖြစ်ခြင်း၊

(၃) 'ပေါထုဇ္ဇနိကော' = ပုထုဇ္ဇန်ဖြစ်သောသူတို့၏ ပျော်မြူးရာ အလေ့အကျင့်ဖြစ်ခြင်း၊

(၄) 'အနရိယော' = အရိယာသူတော်ကောင်းတို့၏ ဥစ္စာမဟုတ်ခြင်း၊

(၅) 'အနတ္ထသံဟိတော'= ပစ္စုပ္ပန် တမလွန်နှစ်တန်သော အကျိုးစီးပွားနှင့်မစပ်မဆိုင်ခြင်း

(ရှင်းလင်းချက်) ။ ။ မြတ်စွာဘုရားသည်ဟောလိုသော (သစ္စာလေးပါး)ကိုမဟောသေးပါပဲ၊ ဤအစွန်းတရားနှစ်ပါးကို အဘယ်ကြောင့် ရှေးဦးစွာပယ်ပစ်ခိုင်းသနည်းဟူမူ မြတ်စွာဘုရား၏ (သစ္စာ)သိကြောင်း (မဂ္ဂင်ရှစ်ပါး)မဇ္ဈိမလမ်းစဉ်ကို ဟောတော်မူလတ္တံ့သည်ဖြစ်၍ ထိုဟောမည့် (မဇ္ဈိမပဋိပဒါ)မဂ္ဂင်လမ်းကြောင်း၏ ဆူးငြောင့်ခလုတ်ဖြစ်သော (ကိလေသာ)တရားတို့ကို လက်ခံသိမ်းပိုက်ထားပါက မြတ်စွာဘုရား၏ (မဂ္ဂင်)လမ်းကြောင်းသည် (မဇ္ဈိမပဋိပဒါ)ကျကျမသွားနိုင်တော့ပေ။ (မဂ္ဂင်)အလုပ်နှင့် ဆန့်ကျင်ဖက် (အစွန်း)များသည် အားထုတ်အပ်သော (လောကီမဂ္ဂင်)အား အနှောက်အယှက်ဖြစ်စေသည်ဖြစ်၍ တရားအားထုတ်သူတိုင်း ရှေးဦးစွာပယ်ပြီးရှင်းပြီးဖြစ်ရန် အရေးကြီးလေသည်။

ယခုခေတ်ကဲ့သို့ ဗုဒ္ဓ၏အဆုံးအမရှိပြီးသား အေးအေးဆေးဆေး တရားအားထုတ်နေရသူများကို မဆိုထားဘိ၊ ငါးယောက်အစု (ပဉ္စဝဂ္ဂီ) တို့ကဲ့သို့သော ဗုဒ္ဓ၏အဆုံးအမကို မည်သို့မျှ မကြားဘူး၊ မသိကြသေးသူ ထိုခေတ်အခါက ဝါဒအားဖြင့် အပြိုင်အဆိုင်ဖြစ်

နေသူတို့ကိုပင်လျှင် ဤ အစွန်း တရားကို မမှီဝဲရ၊ ပယ်စွန့်ရမည်ဟု ဟောတော်မူရသည်ကား သိရမည့် (သစ္စာ)ကိုဖြောင့်မှန်စွာ သိစေလို သောကြောင့်ဖြစ်၏။ ဤအစွန်းနှစ်ပါးသည် (သစ္စာ)သိရေးအလုပ် စခန်းတွင် အနှောက်အယှက် အတား အဆီးကြီးဖြစ်နေသောကြောင့် ပယ်ရမည်ကို သိစေလို၍ဖြစ်ပါသည်။ ပယ်ရမည့် အယုတ်တရား အစွန်းနှစ်ပါးကို အကျယ်ရှင်းလင်းရပါလျှင် -

၁။ ကာမေသု ကာမသုခလ္လိကာနုယောဂေါဟူသည်

(၁) 'ကာမ'
(၂) 'သုခ'
(၃) 'အလ္လိက'
(၄) 'အနုယောဂ'

ဟု ၄-ပုဒ်ဖြစ်လာသည်။ ၎င်းတို့တွင် -

(၁) 'ကာမ' = ဟူသည်ကား 'ကာမိယတီတိကာမော' ဟူသည် နှင့်အညီ အလိုရှိအပ်၊ နှစ်သက်အပ်သော၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဤငါးပါးကို 'ကာမ' ဟုဆိုသည်။

(၂) 'သုခ' = ဟူသည်ကား-ကာမဟူသော (အာရုံငါးပါး) ၌ နှစ်သက်ဖွယ်၊ သဘောကျဖွယ်၊ လိုချပ်တပ်မက်ဖွယ်ဟု အာရုံ အလိုက်ခံစားတတ်သော 'သောမနဿဝေဒနာစေတသိက်တရား'

ပင်ဖြစ်လေသည်။

(၃) 'အလ္လီက' - ဟူသည်ကား 'ကာမသုခေအလ္လိကော ကာမသုခလ္လိကော' ဟူသည်နှင့်အညီ-ထိုထို (အာရုံငါးပါး)နှစ်သက် တပ်မက်ဖွယ်ထင်သောတရားတို့၌ ငြိတွယ်ခြင်း၊ စွဲလန်းခြင်း၊ ယိုစီးခြင်း (လောဘ)ကိုဆိုလိုသည်။

(၄) 'အနုယောဂ' = ဟူသည်ကား 'အနုပုနပ္ပုနံ ယုဥ္စတီတိ အနုယောဂေါ' ဟူသည်နှင့်အညီ ယင်းသို့သော (အာရုံငါးပါး)တရား တို့၌ နှစ်သက်ဖွယ် တပ်မက်ဖွယ်ထင်၍ ငြိတွယ်၊ စွဲလန်းခြင်းမျိုးကို အဖန်ဖန်တွဲယှဉ်ခြင်း၊ မှီဝဲခြင်းကိုဆိုပေရာ၊ ၄ ပိုဒ်ပေါင်းလိုက်သော အခါ -

'ကာမ သုခံ အလ္လိကံ အနုယောဂေါ-ကာမ သုခ လ္လိကာ နုယောဂေါ' ဟုသမာသ်ပုဒ်စပ်၍ ထို ၄ ပုဒ်အပေါင်း၏ သဒ္ဒါအနက် သဘောကား 'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့' ဟူသော (အာရုံငါးပါး)ကာမဂုဏ်တရားတို့၌ သဘောကျနှစ်သက်ဖွယ်ထင် သောအခါ၊ ထိုအာရုံ အပေါ်၌စွဲလန်းကပ်ငြိသော စိတ်ချမ်းသာမှုကို မပြတ်မလပ် အထပ်ထပ်အဖန်ဖန်ယှဉ်တွဲခြင်း၊ မှီဝဲခြင်း၊ ပွားစီးခြင်း စသောအားဖြင့်၊ (လောဘတဏှာ)ဦးစီးသောအစွန်းတစ်ခုဖြစ် လေသည်။

(ကာမ)ဟူသောတရားသည် အလိုရှိအပ် နှစ်သက်အပ်သော (ကာမ)ဆိုရာ၌ ၎င်းသည် (လောဘတဏှာ) (ကိလေသာ)ဖြစ်ရာ တည်ရာဌာနဟူသော အထည်ဒြပ်ဖြစ်သောကြောင့် 'ဝတ္ထု' မည်၏။

"ဝသန္တိ ဧတ္ထာတိ ဝတ္ထု" ဧတ္ထ = ဤ (အာရုံငါးပါး)ကာမဂုဏ် တရားတို့၌ စိတ္တစေတသိကာ-စိတ်စေတသိက်တရားတို့သည် ဝသန္တိ အာရုံပြုသောအားဖြင့် မှီတွယ်၍နေကြကုန်၏။ ဣတိသ္မာ ထိုထိုစိတ် စေတသိက်တရားတို့၏ အာရုံပြုသောအားဖြင့် မှီတွယ်၍ နေရာဖြစ် သော သတ္တိကြောင့် ဝတ္ထု-ဝတ္ထုမည်၏။

"ကာမီယတီတိ ကာမော" ယံ=အကြင် (အာရုံငါးပါး) ကာမဂုဏ်တရားအစုကို၊ ကာမီယတိ=အလိုရှိအပ်၊ နှစ်သက်အပ်၏။ ဣတိတသ္မာ ထိုသို့နှစ်သက်အပ်သော သဘောသတ္တိကြောင့်၊ ကာမေ= ကာမမည်၏။ 'ဝတ္ထုစသောကာမောစာတိဝတ္ထုကာမော' ဝတ္ထုစ= စိတ်စေတသိက်တရားတို့၏ မှီတွယ်ရာသည်လည်း ဟောတိဖြစ်၏။

သော = ထိုမှီတွယ်ရာသည်၊ ကာမောစ=အလိုရှိအပ်၊ နှစ်သက် အပ်သည်လည်း ဟောတိ=ဖြစ်၏။ ဣတိထသ္မာ=ထိုနှစ်ပါးသော သတ္တိ ကြောင့် ဝတ္ထုကာမော-ဝတ္ထုကာမမည်၏။

ဝတ္ထုကာမသဘောသည် အာရုံအလိုက် ငါးပါးသော်လည်း ကောင်း (အာရုံ)တို့အပေါ်၌ သာယာခင်မင် နှစ်သက်စွဲငြိတတ်သော

ဆန္ဒရာဂ လောဘတဏှာတို့နေရာဌာနအလိုက် ဖြစ်သည်ကို "ကိလေသာကာမ"ဟုခေါ်သည်။

ကာမေသုအရ 'ဝတ္ထုကာမေသု'ဟု အဌကထာဆိုသောကြောင့် ကာမအားဖြင့် မျက်စိအကြိုက်၊ နားအကြိုက်၊ နှာခေါင်းအကြိုက်၊ လျှာအကြိုက်၊ ကိုယ်အကြိုက်သို့လိုက်၍ ပျော်ပါးလိုက်စားခြင်းမျိုးကို လုံးဝလိုက်စားခြင်းမပြုပဲ ပယ်ခွာစွန့်ပစ်ရမည်။ အဘယ်ကြောင့်ဟူမူ-သံသရာဝဋ်က လွတ်ထွက်လိုသူ(ပဗ္ဗဇိတ)အတွက် ဤသို့သော (ကိလေသာကာမ)တို့ဖြစ်အောင် လိုက်စားမှုအလုပ်တို့သည် (အာရုံငါးပါး)တို့၌ပြင်းပြစွာ တပ်စွဲလွန်းသဖြင့် မပျက်နိုင်၊ မပြိုနိုင်၊ မြဲခိုင်စွာစွဲလန်းချက်ကြောင့် 'ယောစာယံအန္တော' သဿတဒိဋ္ဌိအစွန်းတခုဖြစ်လေသည်။

တနည်းကား (အာရုံငါးပါး)ကိလေသာပွား၍ လိုက်စားလွန်းသောသူသည် လောဘစရိုက်အားကြီးသော (ကာမတဏှာ)ပြဋ္ဌာန်းရကား ထွက်မြောက်မှုအလုပ်တရားတွင် မသင့်တော်သော အပျော်အပါးဖက်သော လျှော့လွန်းသော 'သဿတဒိဋ္ဌိ'အစွန်းတပါးဖြစ်လေသည်။

"ကာမသုခလ္လိကာနုယောဂေါပစ္စုပ္ပန္နေ။လ။နသေဝိတဗ္ဗော" ဟု (ပဋိသမ္ဘိဒါမဂ်)အဋ္ဌကထာဆိုသောကြောင့် ဤ (အာရုံငါးပါး) ကာမဂုဏ်တရားတို့ကို လိုက်စားမှုအပြု အလုပ်သည် ဤယခု

မျက်မှောက်ဘဝအတွင်း၌ပင် (လောဘ၊ ဒိဋ္ဌိ) တရား၂ ပါးတို့ဖြစ်ပေါ်စေ၍ စိတ်ကို ညစ်ညူးစေတတ်သော ချမ်းသာတုဖြစ်၏။ စင်ကြယ်သော စိတ်ချမ်းသာမှုကို မပေးနိုင်ချေ။ ထို့နောက်တဖန် လားရောက်ရလတ္တံ့သော တမလွန်ဘဝ၌လည်း ထို(လောဘ၊ ဒိဋ္ဌိ)တရား ၂ပါးတို့အတွက်ဆင်းရဲသော အကျိုးကိုပေးတတ်၏။ ထို (လောဘ၊ ဒိဋ္ဌိ) ရှေ့ဆောင်သောကြောင့် ထိုသူအား'သဿတဒိဋ္ဌိ' သည်မြဲအောင်ချည်နှောင်မိပြီဖြစ်၍ ဤဒုက္ခသံသရာမှ မထွက်မြောက်ရတော့ချေ။

ထို့ကြောင့်သံသရာဝဋ်က ထွက်မြောက်လိုသောသူ မည်သူမဆို 'လောဘဒိဋ္ဌိ' တရား ၂-ပါးပွားစီးရာဖြစ်သော ဤ (အာရုံငါးပါး)ကာမဂုဏ်တရားတို့သည် 'ယုတ်ညံ့သောရွာနေသူတို့၏ အလုပ်ဖြစ်သော ပုထုဇ္ဇန်တို့၏ ကျက်စားရာဖြစ်သော အရိယာတို့၏ ဥစ္စာမဟုတ်သော ပစ္စုပ္ပန်တမလွန် ၂ တန်သော ကောင်းကျိုးနှင့်မစပ်သော သံသရာတွင် မြောစေ၊ မြုပ်စေသော ဤအစွန်းတရားသည် သဿတဒိဋ္ဌိ ဖြစ်လေသောကြောင့် သံသရာဝဋ်က ထွက်လိုသူသည် (အာရုံငါးပါးကာမဂုဏ်) တရားတို့ကို 'မမှီဝဲလေနှင့်' ဟုတားမြစ်တော်မူသည်။

(အရိယမဂ်)ကိုရလို၍တရားအားထုတ်သော ယောဂီသည် အရိယမဂ်၏ရန်သူ (ကိလေသာ)ကိုသိအောင်ပြု၍ တိုက်ဖျက်ရလေသည်။ အဘယ်ကြောင့်ဆိုသော် (ပုထုဇ္ဇန်)တို့သည် ပင်ကိုကပင်

(ကိလေသာ)ထူထပ်သူပွားစီးအောင်လုပ်သူ (ကိလေသာ)ဖြစ်နေပါလျက် ဖြစ်နေကြမှန်းမသိကြသူဖြစ်၍ သိမ်မွေ့သော (ကိလေသာ)၏ (အနုသယ)သဘောကိုမသိသောကြောင့် (ကိလေသာ)ဟုပင် မသိတတ်သောကြောင့်ဖြစ်ပေသည်။

(ဝတ္ထုကာမ)ဟူသော (အာရုံငါးပါး)တရားအစုတို့၌ (အာရမ္မဏိက) ဖြစ်သော(စိတ်၊ စေတသိက်)တရားတို့၏ (အာရုံ)အားလျော်သော 'မြင်မှု၊ ကြားမှု၊ နမ်းရှူမှု၊ တွေ့ထိမှု' တို့ကိုစွဲမှီ၍ သာယာခင်မင် နှစ်သက်စွဲငြိခြင်းဖြစ်လေသော် (သုခသောမနဿ) ဝေဒနာဖြစ်လေသည်။ ထိုမှဆက်၍ 'ဝေဒနာပစ္စယာ တဏှာ' ဖြစ်လေတော့သည်။ ယင်းသို့ (အာရုံငါးပါး)တရားအစု၌ နှစ်သက်တတ်သော (ကာမ)ဟူသည့် လောဘစေတသိက်၊ ထို (လောဘ) (ကာမ)နှင့် အတူတကွဖြစ်သော (သုခ-သောမနဿ) ဝေဒနာ (သုခ)၊ ဤစကား ၂-ရပ်ကို ပေါင်းစပ်၍ (ကာမသုခ)ဆန္ဒရာဂဟုဆိုလေသည်။

'ကာမေနသဟဂတံသုခံကာမသုခံ' ဟူသည်နှင့်အညီ (လောဘ)နှင့်တကွဖြစ်သော သုခဝေဒနာ-သောမနဿဝေဒနာသည် (ကာမသုခ)မည်၏။ ကိလေသာကာမနှင့်ယှဉ်၍ စပ်၍ဖြစ်သော နှစ်သက်သာယာမှုဖြစ်၏။

ထို (ကာမ)နှင့်စပ်ယှဉ်၍ ဆက်နွယ်၍ဖြစ်သော (ကာမသုခ) နှစ်သက်သဘောကျမှုတို့ကိုပင်လျှင် 'အလ္လိက' စွဲလန်းခြင်း၊

ငြိတွယ်ခြင်း၊ လက်ခံသိမ်းပိုက်ခြင်းကို 'ကာမသုခလ္လိက' ဟုဆိုသည်။ ၎င်းကိုနောက်ထပ်အဖန်ဖန်ပွားစီးခြင်းဖြင့် 'အနုယောဂ' သဘော သက်ရောက်သောအခါ "ကာမသုခလ္လိကာနုယောဂ" ဖြစ်သွားလေသည်။

(အာရုံငါးပါး) ဝတ္ထုကာမတရားတို့၌ သာယာခင်မင် နှစ်သက်တွယ်တာသဖြင့် (ကိလေသာကာမ)ဖြစ်သော ဤ(တဏှာ) သည် အာရုံဝတ္ထု တိုက်ဆုံမှုတွင် (ပညတ်အာရုံ)ယူသောအားဖြင့် နှလုံးသွင်းမှားကာစွဲယူမိသော (သတ္တဝါ)အား သံသရာမှထွက်၍ မရအောင် ဝဋ်မြစ်တခုအနေနှင့် အခိုင်အခန့်ဖွဲ့ချည်ထားလေသည်။ (အာရုံငါးပါး)တွင် တပါးပါး၌ (ပရမတ်)အမြင် မမြင်က (ကိလေသာ) ဖြစ်မည်သာတည်း။ (ကိလေသာ)ဟူသည် ၎င်းကိုသိမ်းပိုက်ထားသော (သတ္တဝါ)အား စိတ်ညစ်ညမ်း၍ ပူလောင်စေတတ် နှိပ်စက်တတ် ကြောင်း မြတ်စွာဘုရား အတန်တန်ဟောတော်မူထားသည်။

'ဝတ္ထုကာမောပရိညေယျော-ကိလေသာကာမော ပဟာတဗ္ဗော'

(မဟာနိဒ္ဒေသဋ္ဌကထာ-၁၀)

(အာရုံငါးပါး)ကာမဂုဏ်တရားဟူသော ဝတ္ထုကာမသည် ရုပ်ဝတ္ထု (ဒုက္ခသစ္စာ)တရားဖြစ်၍ ၎င်းကိုပိုင်နိုင်စွာသိဖို့လိုသည်။ ထို (အာရုံငါးပါး)၌ သာယာခင်မင် နှစ်သက်စွဲငြိသော (ကိလေသာကာမ)

ကိုကား (လောဘတဏှာ၊ သမုဒယသစ္စာ)ဖြစ်၍ ပယ်ရမည်ဖြစ်လေသည်။ ဤ၌လိုအပ်သည်မှာ (ကာမေသု)ဟူသော (အာရုံငါးပါးဝတ္ထုကာမ) တို့၌ 'ကိလေသာကာမသုခဿအနုယောဂေါ-ကိလေသာကာမ သုဝနိဿယဿဝါအနုယောဂေါ' ဟူသော (မဟာဝဂ္ဂ) (ပဋိသမ္ဘိဒါ မဂ္ဂဌကထာတို့အရ) ထိုထိုအာရုံတို့တွင် နှလုံးသွင်းမှားမှုကြောင့်ဖြစ်ရသော (သမုဒယသစ္စာ) တဏှာနှင့်ယှဉ်ခြင်း၊ မှီတွယ်ခြင်းတို့ဖြစ်လေသည်။ (ဝတ္ထုကာမ)အပေါ်သို့ တဏှာလောဘ ကပ်ရောက်၍ (ကိလေသာ)ဖြစ်လာလျှင် မည်သည့်အကျိုးအကြောင်း အဆိုးအကောင်းမျှ အမှန်အတိုင်း မသိမမြင်တော့သောကြောင့် ထို (ကာမ) အစွန်းတစ်ပါးကို ပယ်ခိုင်းရခြင်းဖြစ်ပါသည်။

မြတ်စွာဘုရား၏ (အလယ်)လမ်းစဉ်သည် (မဇ္ဈိမပဋိပဒါ) ကိလေသာအစွန်းလွတ်လမ်းစဉ်ဖြစ်၍ (မဇ္ဈိမပဋိပဒါ) လမ်းကိုအနှောက်အယှက်ပေးမည့် (ကိလေသာ) အစွန်းတို့ကို ရှေးဦးစွာသုတ်သင်ဖယ်ရှင်းရန် (ကာမသုခလ္လိက)အစွန်းဖြစ်သည့် (အာရုံငါးပါး) ကာမဂုဏ်တရားတို့၌ တပ်မက်စွဲငြိသော(ကိလေသာ) (ကာမ) သည် မည်သည့်အတိုင်းအတာအထိ(မဇ္ဈိမပဋိပဒါ)လမ်းကြောင်းကို ထိုးဖောက်ဒုက္ခပေးနိုင်သည်ကို စဉ်းစား၍သာမန်အတွေးအခေါ်၊ အကြံအစည်မျိုးဖြင့် မကြံစည်မိဖို့ဂရုစိုက်ရာသည်။

(ကာမသုခလ္လိက)ဖြစ်ရာတွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊

အတွေ့၊ အထိဟူသော (အာရုံငါးပါး)သည် (ပရမတ်)ဖြစ်သည်၊ ဝတ္ထုကာမဖြစ်သည်။ (ပရမတ်)ဟူသည် (ကိလေသာ)ဖြစ်တတ်သော တရားမဟုတ်ချေ။ ယင်း (ပရမတ်)ကို နှလုံးသွင်းမှားကာ (ပညတ်) ထင်မှုကြောင့် သာယာနှစ်သက်စွဲလန်းသော (ကိလေသာ)ဖြစ်ရလေသည်။ (ကိလေသာ)ဖြစ်ပုံကို စိစစ်လျှင်ထိုထို (ပရမတ်)ဝတ္ထုအာရုံ၌ (ပရမတ်)မထင်ပဲ (ပညတ်)ကိုမြင်ကာ သာယာခိုက်နှစ်သက်တွယ်တာခိုက်တွင် (ကိလေသာ)ဖြစ်လေသည်။

ထိုဖြစ်တတ်သော ကိလေသာကို တားဆီးရန်တရားအားထုတ်သော ကျွန်ုပ်တို့အတွက် (အာရုံငါးပါး)သည် သာမန်အချိန်များကဲ့သို့ ထင်လာသည်။ တိုက်လာသည်။ မိမိသည် ဝတ္ထုကာမနှင့်တွေ့ပြီး (ကိလေသာ)မဖြစ်ရန် မည်သိုနှလုံးသွင်းမည်နည်း၊ မည်သို့ဆုံးမမည်နည်း။

မိမိသည်တရားအားထုတ်နေသည်၊ ယခုတွေ့တိုက်နေသော ဝတ္ထုကာမအတွက်နှလုံးသွင်းမှားသည်နှင့်တပြိုင်နက် (ကိလေသာ) ဖြစ်တော့မည်။ မိမိ၏လုပ်ငန်းကား (ကိလေသာ)ကိုပယ်ဖို့အလုပ်ဖြစ်သည်။

(ကာမသုခလ္လိက)ဟူသည် (မဇ္ဈိမပဋိပဒါ)ရှေ့ဆောင်ဦးစီးဖြစ်သော (ပရမတ်)သဘောတရားကို (ပရမတ်)ဟုအမှန်ကို အမှန်ဟုသိမြင်သော(သမ္မာဒိဋ္ဌိ)ကိုဆန့်ကျင်သော (ပညတ်)ကိုမြင်သော

(ကိလေသာ)ဖြစ်လေသည်။ ၎င်းသည် -

**အဆင်းကိုမြင်ရာ၌** ----- သာယာကပ်ငြိသည်မှ (ဆန္ဒရာဂ လောဘ တဏှာ ဥပဒါန်)ထိအောင် သွားသည်။

**အသံကိုကြားရာ၌** ----- သာယာကပ်ငြိသည်မှ (ဆန္ဒရာဂ လောဘတဏှာ ဥပါဒါန်)ထိအောင် သွားသည်။

**အနံ့ကိုနမ်းရှူရာ၌** ----- သာယာကပ်ငြိသည်မှ (ဆန္ဒရာဂ လောဘတဏှာ ဥပါဒါန်)ထိအောင် သွားသည်။

**အရသာကိုလျှက်ရာ၌** ----- သာယာကပ်ငြိသည်မှ (ဆန္ဒရာဂ လောဘတဏှာ ဥပါဒါန်)ထိအောင် သွားသည်။

**အတွေ့ကိုထိရာ၌** ----- သာယာကပ်ငြိသည်မှ (ဆန္ဒရာဂ လောဘတဏှာ ဥပါဒါန်)ထိအောင် သွားသည်။

အထက်ပါအားလုံးသည် 'ကာမသုခလ္လိက' ချည်းဖြစ်လေသည်။ (အာရုံငါးပါး)တို့၌ ကြမ်းတမ်းသော (လောဘတဏှာ)တို့ဖြစ်မှ (ကာမသုခလ္လိက)ဖြစ်သည်မဟုတ်၊ (အာရုံ)တခုခုကို တိုက်တွေ့ရာတွင် သာယာသော၊ ကျေနပ်သော၊ သဘောကျသော၊ နှစ်သက်သော၊

တွယ်တာသော သဘောမျှပင်လျှင် ဆန္ဒရာဂ၊ လောဘကိလေသာ၊ (ကာမသုခလ္လိက)အစွန်းဖြစ်လေတော့သည်။

ကာမသုခလ္လိကသည် သို့စင်မျှလောက်နူးညံ့သဖြင့် (မဇ္ဈိမပဋိပဒါ)မဂ်ဖိုလ်ရောက်လမ်းကြောင်းတွင်ကြီးစွာသော အနှောက်အယှက်ကြီးဖြစ်၍ ကျွန်ုပ်တို့လွယ်လွယ်ကူကူမဂ်ဖိုလ်မရနိုင်အောင်ဖြစ်ကြရလေသည်။ "(ကာမသုခလ္လိက)"ဆိုတာ (ကာမဂုဏ်)ခံစားတာ' ဟု ပေါ့ပေါ့ မထင်အပ်ပေ။ လျော့တွက်၍လည်းမရပေ။ (မဇ္ဈိမပဋိပဒါ) လုပ်ငန်းကျကျအားထုတ်ကြည့်ပါလျှင် ကာမသုခလ္လိက (ကိလေသာ) သည် အဘယ်မျှဒုက္ခပေးသည်ကို သိပါလိမ့်မည်။ (မဇ္ဈိမပဋိပဒါ) ကျကျအားထုတ်ဖူးသူတိုင်း သိကြပေသည်။ ယင်းသို့သော၌ (ကိလေသာ)၏ အန္တရာယ်ကြီးမားလာသောကြောင့် ဤသာသနာ အလုပ်စတင်တည်ထောင်သော မြတ်စွာဘုရားသည် (မဂ်ဖိုလ်နိဗ္ဗာန်) သွားကြောင်း (မဇ္ဈိမပဋိပဒါ) လမ်းကြောင်းဖြောင့်ပါစေခြင်းငှာ 'ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ' ဟုစတင်၍ ဟောတော်မူခြင်းဖြစ်လေသည်။

၂။ "အတ္တကိလမထ နုယောဂ" ဟူသည်

- အတ္တ = အတ္တနော = ကိုယ်စိတ်တို့၏
- ကိလေမထဿ = ပင်ပန်းဆင်းရဲခြင်းအား
- နုယောဂ = အနုယောဂေါ = စပ်မှီ၊ ယှဉ်မှီ၍အားထုတ်မှု၊

- ကိုယ်နှင့်စိတ်အားဆင်းရဲမှု တစ်ခုခုဖြစ်အောင် ကြံဖန်ပြုလုပ်၍ ဒုက္ခတစ်ခုခုထူထောင်ပေးနေခြင်းဖြင့်မဂ်အကျိုးဖိုလ်အကျိုးတို့နှင့် အလှမ်းဝေးနိုင်သည့် အစွန်းတပါး။

မြတ်စွာဘုရားသည် နိဗ္ဗာန်သွားလမ်း (မဇ္ဈိမပဋိပဒါ)လမ်းကြောင်းအား အန္တရာယ်ဖြစ်စေသော အစွန်းတရား ၂ ပါးကိုဟောတော်မူရာ၌ ဒုတိယအစွန်းဖြစ်သော "အတ္တကိလမထာနုယောဂ" ဟူသည့်အစွန်းကိုလည်း (ကိလေသာ)ဖြစ်၍ မမှီဝဲရန် ပယ်စွန့်ရန်ညွှန်ပြထားလေသည်။

"အတ္တကိလမထ" ၏တရားကိုယ်သည် (ဒုက္ခဒေါမနဿ) ဖြစ်လေရာ၊ ကိုယ်မှာသာ နာကျင်ဆင်းရဲသည်မဟုတ်၊ စိတ်တွင်လည်း ဒေါမနဿဖြစ်၍ နှလုံးမသာယာမှု၊ စိတ်မချမ်းသာမှု၊ စိတ်ပျက်မှုစသည်တို့သည် (ဒေါမနဿ)၏ သဘောပင်တည်း။

ထို့ကြောင့် "**အတ္တကိလမထ**" ကိုဖွင့်ဆိုရာ၌ -

အတ္တနောကိလမထဿ အနုယောဂေါ

အတ္တနော ဒုက္ခကရဏန္တိအတ္တော။ -

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၂၁၅)

မိမိကိုယ်ကို စိတ်ကိုပင်ပန်းနွမ်းနယ်စေရန်အားထုတ်ခြင်း၊ ဆင်းရဲစေခြင်း၊ ဆင်းရဲဖြစ်ကြောင်းကိုအားထုတ်ခြင်း။

(အတ္တ)ဟူသောပုဒ်၌ 'ဒုက္ခ' ဟူသော ဆင်းရဲဖြစ်ရာတွင် ကိုယ်ဟုအနက်ယူရာ၌ 'ကိုယ်'သည် သိတတ်သောတရားမဟုတ်၊ ကိုယ်ချည်းသက်သက်သည်ဘာမှမသိတတ်၊ အတ္တ=ကိုယ်-ရုပ်နှင့်တွဲနေသော (နာမ်)ရှိသောကြောင့် (ရုပ်နာမ်)၌ (နာမ်)ဖြစ်သည့်(စိတ်)ဖြစ်သည့် (ဒေါမနဿ)ဟူသော စိတ်နှလုံးမသာယာမှု၊ စိတ်ကသိကအောက်ဖြစ်မှုလည်းပါဝင်သဖြင့် အတ္တနော=သည်စိတ်ပါဝင်သဖြင့် (အတ္တကိလမထ)အရာ၌ ကိုယ်ကိုညှဉ်းဆဲမှုသည် (ကိုယ်)ချည်းသက်သက်ခံရသည်မဟုတ် (စိတ်)ပါ စိတ်မသက်မသာမှု ဖြစ်စေခြင်းအားဖြင့် ကိုယ်ရောစိတ်ပါ ဒုက္ခဒေါမနဿသဘောပါဝင်နေလေသည်။

ကိုယ်ရောစိတ်ပါဖြစ်ခြင်းကို 'အတ္တာတိ-စိတ္တံ'ဟု (စူဠနိဒ္ဒေသ) ဋ္ဌကထာ (၁၄)ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၄၀၊ သမုပ္ပန္နမဇ္ဈိမတ္တာနံစသော ထေရဂါထာပါဠိတော်ဟာရိတထေရ်ဝတ္ထု၌ပါသောဂါထာရှိ အတ္တသဒ္ဒါကိုအတ္တာနန္တိစိတ္တံဟုအဋ္ဌကထာ-၁၀၉ တို့အသီးသီးဖော်ပြထားလေသည်။

ထို့ကြောင့်အတ္တ=အတ္တနောကိလမထ=ကိုယ်ရောစိတ်ပါ ပင်ပန်းညစ်နွမ်းဆင်းရဲစေရန်အားထုတ်ခြင်း၊ ကိုယ်ရောစိတ်ပါ မသက်မသာဖြစ်စေခြင်းမျိုးကို ရှောင်ကြည်ရမည်ဖြစ်လေသည်။

(မဟာဝဂ္ဂကထာ)၌လည်း 'အတ္တကိလမထာနုယောဂေါတိ

အတ္တနောကိလ မထသာအနုယောဂေါအတ္တနော ဒုက္ခကရဏာန္တိ အတ္တော'

ဟူ၍ပါရှိရာ အတ္တကိလမထာနုယောဂဟူသည် မိမိခန္ဓာကိုယ်အားစိတ်အားပင်ပန်းဆင်းရဲခြင်းနှင့်ယှဉ်သော (ကိုယ်စိတ်) ဆင်းရဲခြင်း၏အကြောင်းဖြစ်သောအကျင့်ဖြင့် မိမိကိုယ်အား နှိပ်စက်ခြင်းသည်ဆင်းရဲ၏။ အရိယာတို့၏ ဥစ္စာလည်းမဟုတ်၊မဂ်အကျိုးစီးပွားနှင့်လည်း မစပ်သဖြင့် ဆင်းရဲဒုက္ခဖြစ်ကြောင်းသာဖြစ်၏ဟု ပြဆိုထားလေသည်။

"မဇ္ဈိမာတိသံကိလိဌသုခဒုက္ခာနံ အဿဝါ
မ ဇ္ဈေတဝါတိမဇ္ဈိမာ"

(ပဋိသမ္ဘိဒါမဂ္ဂကထာ ဒု-၂၁၆)

မဇ္ဈိမာ ဟူသည်ကား ဆင်းရဲချမ်းသာတို့နှင့်တကွ ကိလေသာအညစ်အကြေး မဖြစ်ခြင်းကြောင့် ထိုချမ်းသာဆင်းရဲမဖြစ်မပါရသော သတ္တိကြောင့် မဇ္ဈိမာ=မဇ္ဈိမဟုဖော်ပြချက်အရ (အတ္တကိလမထ) ဆင်းရဲဟူသည် ကိုယ်နာလျှင်စိတ်ပါနာသည်ဖြစ်၍ ကိုယ်ရောစိတ်ပါသက်ဆိုင်နေသောကြောင့် အစွန်းလွတ်အောင်သွားရလေသည်။

ဤနေရာတွင်သဒ္ဒါတရားရှိပြီး ဗဟုသုတနည်းသေးသည့်ယောဂီအချို့အား မေတ္တာရှေ့ထား၍ (အတ္တကိလမထ)သဘောကို ရှင်းလင်းဖော်ပြလိုပါသည်။ တရားအားထုတ်သော ယောဂီအချို့တို့

သဘောပေါက်ထားပုံမှာ . . . .

(၁) တရားအားထုတ်ရာ၌ သည်းခံစောင့်စည်းမှုခန္တီသံဝရ အထူးလိုသည်ဟု ထင်နေကြပါသည်။

(၂) တော်တော်တန်တန်ဒုက္ခကို သည်းခံပြီး ရှုဖို့လို ကြောင်း စသည်ဖြင့်ထင်မှတ်နေကြပါသည်။

(၃) သည်းခံနိုင်မှ သမာဓိ၊ ပညာဖြစ်နိုင်ကြောင်း၊ သည်း မခံပဲနေရာပြင်နေလျှင် သမာဓိဉာဏ် မဖြစ်နိုင် ကြောင်း ထင်မှတ်နေကြပါသည်။

"ခန္တျာဘိယောဂနဝိဇ္ဇတိ"ပဋ္ဌအရသည်းခံခြင်းဟူသော စကား သည်ကောင်း၏။ မွန်မြတ်၏။ နေရာတကာတွင်သည်းခံနိုင်ဖို့လိုပါ သည်။ သို့ရာတွင်- (သမုဒယတဏှာ) ကိုပယ်သတ်ချိန် (တနည်းအား ဖြင့်) ဝိပဿနာဉာဏ်ရောက်ချိန်တွင် မည်သည်ကိုသည်းခံရမည် နည်း၊ တရားရှုသော ယောဂီ၏အဓိကလိုအပ်ချက်သည် မိလိန္ဒပဉှာ ပါဠိတော်တွင်အရှင်နာဂသေနဟောသကဲ့သို့ . . . .

"ကိန္တိ မဟာရာဇ ဣဒဉ္စ ဒုက္ခံ နိရုဇ္ဈေယျအညဉ္စဒုက္ခံနုပ္ပ ဇ္ဇေယျ"

(ပါဠိတော်-၈၆)

"မင်းကြီးပစ္စုပ္ပန်ဇာတိဖြစ်လာသော ရုပ်နာမ်ဒုက္ခသည် အဘယ်သို့ချုပ်ငြိမ်းမည်နည်း၊ နောက်ဆက်တွဲရုပ်နာမ်(ဇာတိ) ဒုက္ခ သည်အဘယ်သို့နောက်ထပ်မဖြစ်ရာအံ့နည်း" ဟုမေးရာ အရှင်

နာဂသေနက

ဤကိစ္စ ဤအကျိုးကိုသိခြင်းငှာငါတို့တရားအားထုတ်ကြ ပါကုန်သည်---ဟုမိလိန္ဒမင်းကြီး၏ အမေးကိုဖြေတော်မူသည်။

အဓိပ္ပါယ်မှာ ငါတို့တရားအားထုတ်သည်ဆိုရာ၌ အခြား တပါးကိုကြံစည်စိတ်ကူးရသည်မဟုတ်၊ ယခုလက်ရှိ(ဇာတိ)ရုပ်နာမ် သဘောတရားသည် ဘယ်သို့ချုပ်၍ နောက်ဆက် (ရုပ်နာမ်ဒုက္ခ)သည် အဘယ်သို့မဖြစ်မူပဲ ချုပ်ငြိမ်းရာသနည်းဟူသော ရုပ်နာမ်(ဇာတိ) ချုပ်ငြိမ်းကိစ္စကို သိနေရသောအလုပ်သာဖြစ်ကြောင်း သိမှတ်စရာ ကောင်းပေသည်။

ယောဂီအချို့က တရားအားထုတ်သည်ဆိုလျှင် ဒုက္ခခံပြီး ရှုမှရသည်ထင်ပြီး (ဒုက္ခ)ကိုတွေ့မှတရားတွေ့သည်၊ ဒုက္ခကိုရှုနိုင်မှ တရားရှုရာရောက်သည်၊ ဒီခန္ဓာသည်(ဒုက္ခသစ္စာ)မဟုတ်လား စသည် ဖြင့် ဆွေးနွေးကြသည်၊ မှန်ပါသည်။ တရားစတင်လေ့လာကြသူများ ဤအတိုင်းပင်မှတ်ယူဘူးကြပါသည်။ တရားအားထုတ်ရာတွင် "လုံး၀ဒုက္ခကိုမရှုရ"ဟု ယတိပြတ်ဆို၍မရပါ။

(ကိလေသာ)အစွန်းလွတ်အောင် စင်ကြယ်သော အသိဉာဏ် တွင် ပူပန်မှုညစ်နွမ်းမှု ကသိကအောက်ဖြစ်မှုမရှိသမျှ ထို (ဒုက္ခ) ကိုရှုနိုင်ပါသည်။ ရှုရမည့်ဒုက္ခသည် (သစ္စာဒုက္ခ)ခန္ဓာဒုက္ခဖြစ်ရာ၊

(ကာယိကဒုက္ခစေတသိက) ဒုက္ခမျိုးမဟုတ်ပေ၊ မိမိ၏အသိစိတ်တွင် ကိုယ်ဆင်းရဲမှု စိတ်ငြိုငြင်စေမှုစသော ကသိကအောက်ဖြစ်နေသည် ကိုသိနေပါလျှက် 'ဒါ ဒုက္ခသစ္စာပဲ'ဟုထင်မှတ်ပြီး ထို (ဒုက္ခ) ကိုရှုနေပါက (အတ္တကိလမထ)သို့ကိန်းသေဝင်သွားလေပြီ၊ ဒုက္ခခံ၍ ရှုနေသောသူကိုယ်တိုင်သိပါသည်။ ကျွန်ုပ်တို့သည် ခန္ဓာ(ဇာတိ)ဒုက္ခဖြစ်လာသည့် ခန္ဓာ(ပရမတ်)၏ဖြစ်ခြင်း ပျက်ခြင်းဒုက္ခ သဘောတရားအပေါ်တွင် (အသိဉာဏ်)ရောက်နေရပါမည်။ (ဖြစ်ပျက်)ဒုက္ခအပေါ်(အသိဉာဏ်) ရောက်မနေပဲ စိတ်ညစ်ညမ်းမှု ကိလေသာဆက်လက် မဖြစ်စေဘို့ အရေးကြီးသည်။ (၂)နာရီ (၃)နာရီကြာအောင် တရားထိုင် နေရမှုတွင် စိတ်မသက်သာစေသည့် ကိုယ်လက်နာကြင်မှု၊ စိတ်မသက်မသာဖြစ်မှုစသော စိတ်ညစ်ညမ်းမှု (ကိလေသာ)ဖြစ်လာလျှင် နေရာပြင်လိုက်ဖို့ တိုက်တွန်းလိုပါသည်။ ဤခန္ဓာ၏သဘာဝသည် ကြိယာပုတ်အကြီးအငယ်အလိုက်အမြဲပင်ပြောင်းလဲပေးနေရပါသည်။

ခန္ဓာအဖွဲ့အစည်းတွင် (အနတ္တ)ဖြစ်သော (သင်္ခါရက္ခန္ဓာ) သည် ဤကာယ၏ထိခိုက်မှု ကသိကအောက်ဖြစ်မှု မရှိရန်(သင်္ခါရ)၏ တာဝန်အရ ပြောင်းရွှေ့လုပ်ဆောင်ပေးနေရပါသည်။ ခန္ဓာကိုယ်၌ ညောင်းညာနာကျင်၊ ကိုက်ခဲထိခိုက်လာသဖြင့် ပြောင်းရွှေ့ရန်ဌင်း၏ တာဝန်အရ (သင်္ခါရ)ကသဘာဝအလျှောက်ပြုပြင်ပေးမှု မလုပ်ဆောင်ရသော်စိတ်ညစ်ညူးမှု(ကိလေသာ)ဖြစ်ရလေသည်။ မိမိ၏ တရားအား

ထုတ်မှုလုပ်ငန်းလည်း လမ်းမဖြောင့်တော့ချေ။

ဣရိယာပုတ်တခုတည်း၌ နာကြင်ကိုက်ခဲအောင် ကြာမြင့်စွာတည်ထားမှုသည် (သင်္ခါရ)ကပြုပြင်နေသော (အနတ္တ)ဖြစ်သော ဤ(ခန္ဓာ)အား ကိုယ်ဖြစ်ချင်သလို ကာယိကဝေဒနာဒုက္ခဖြစ်အောင် ကိုယ့် (အတ္တ)ဖြင့် တမင်လုပ်နေခြင်းဖြစ်၍ ခန္ဓာဖြစ်စဉ် ဖြစ်ခြင်း ပျက်ခြင်း (ဒုက္ခသစ္စာ)ကို ဆင်ချင်ရာ၌ မည်မျှအနှောက်အယှက်ပေးနိုင်သည်ကို သတိပြုဘို့ ကောင်းပါသည်။ တရားအလုပ်အားထုတ်သော ယောဂီအား ထိုထို ဣရိယာပုတ်၌တမင်ငြိမ်ထားပြီး ကာယိက ဒုက္ခဝေဒနာခံစားမှုကို ဇွတ်မှိတ်၍မလုပ်မိရန်သတိထားဖို့ ကောင်းပါသည်။ ထိုသို့ဇွတ်မှိတ်လုပ်ခြင်းသည် မိမိတို့လိုအပ်သော (သမာဓိ) လည်းမရ၊ (ရှုဉာဏ်ပညာ)လည်း လည်ကျသွားသည်ဟုဆိုရာ၊ မိမိလုပ်ငန်းဖြောင့်အောင် အားထုတ်သော ယောဂီသည် ကိုယ့်ရှုဉာဏ်ကိုအနှောက်အယှက် မဖြစ်အောင် ကိုယ်တိုင်စိစစ်၍ အမြန်ပင်ပြုပြင်ရန်သင့်ပါသည်။

(အတ္တကိလမထ)ဟူသည် ကိုယ်ထိခိုက်ဆင်းရဲနာကျင်သည်မှ(အသိစိတ်)သို့ကူးစက်၍ စိတ်ဆင်းရဲမှုဖြစ်ကာ (ဒေါမနဿကိလေသာ)ဖြစ်သောကြောင့် မမှီဝဲအပ်သောတရားဟု မြတ်စွာဘုရားဟောကြားတော်မူခြင်းဖြစ်လေသည်။

"ဒုက္ခံဝေဒယမာနဿ၊ ဝေဒနံအပ္ပဇာနတော၊
ပဋိဃာနုသယောဟောတိ အနိဿရဏဒဿိနော"
(ဝေဒနာသံယုတ်ပါဠိတော် ပဟာနသုတ်-၄၀၈)

"ဆင်းရဲ(ဒုက္ခ)ကိုတွေ့ရှိခံစားနေသောသူအား ထိုခံစားမှုသည် ချုပ်ပျက်သော သဘောဟု မသိရှိလေသောကြောင့် ယင်းဆင်းရဲခံစားမှုမှ (ကိလေသာ)၏ ထွက်မြောက်ရာကို မသိသော ထိုသူအား ပဋိဃါနုသယဟူသော ဒေါသကိလေသာဖြစ်လေတော့သည်။"

မိမိအသိကို မိမိစစ်၍သိရသော(အသိ)သည် အမှန်ဖြစ်သည်။ ဤနေရာတွင် စိတ်ညစ်ညူးမှုမသက်သာမှုဖြစ်နေပါလျက် 'စိတ်မဆင်းရဲပါ' ဟုပြောသော၊ (နှလုံးသွင်းမှားသော) ယောဂီအား သူတာဝန်နှင့်သူပင်ဖြစ်သည်။

"ခန္ဓာကိုယ်ကိုနာကျင်စေခြင်း၊ ထိုးဆွထိခိုက်စေခြင်းနည်းအမျိုးမျိုးတို့ဖြင့် နှိပ်စက်ခြင်း၊ ဆင်းရဲသို့ပို့ဆောင်ခြင်း၊ ဆင်းရဲဖြစ်စေရန် ပြုလုပ်ဖန်တည်းခြင်း"
(အတ္တနော ဒုက္ခကရဏန္တိ အတ္ထော)

"ခန္ဓာကိုယ်၏ ဆင်းရဲဖြစ်စေရန် နည်းအမျိုးမျိုးဖြင့် ပို့ဆောင်ခြင်း၊ ဖြစ်စေခြင်း"

စသည်ဖြင့် ပဋိသမ္ဘိဒါမဂ္ဂဌကထာ၊ မဟာဝဂ္ဂဌကထာတို့၌ ပြည့်ချက်အရ မိမိကိုယ်၌ ဆင်းရဲဖြစ်၍ မိမိစိတ်၌ မကြည်လင်က (အတ္တကိလမထ)ဖြစ်၍ ဒေါမနဿကိလေသာအစွန်းသို့ရောက်လေပြီ၊ ထို့ကြောင့် ကိုယ်ဆင်းရဲဖြစ်က စိတ်ဆင်းရဲသို့ မကူးစက်မီ ထို (ဝေဒနာ)ဆင်းရဲခံစားမှု၏(အပျက်)ကိုရှုပါ၊ ဤနည်းဖြင့် ရှု၍ မရအောင် နာကျင်မှုပြင်းထန်ပါက ယောဂီသည် ကိုယ့်ကိစ္စ ကိုယ်သိသော အနေအားဖြင့် နေရာပြင်သာပြင်လိုက်ပါ။ ပြောင်းလဲပေးလိုက်ပါ၊ ပတ်ဝန်းကျင်ကိုကြည့်စရာမလိုပါပေ။ သို့ရာတွင် အသိအနေနှင့်ကား 'ဤခန္ဓာသည်ဤမျှပျက်၍ဆင်းရဲနေရ၍သာ ပြုပြင်နေရသည်။ မည်သို့ပြင်စေ (အပျက်)သဘောကားပျက်လျှင်ဆင်းရဲနေသည်သာ' ဟုအသိစိတ်ထား၍ပြင်က အရှုအသိဉာဏ်အလုပ်မပျက်ပေ၊ ထိုသို့မဟုတ်ပါပဲ ကာယိက (ဒုက္ခဝေဒနာ) ဆင်းရဲခံစားနေရပါလျက် မပြင်မပြောင်းစိတ်အညစ်ခံ၍ ရှုနေလျှင် (သစ္စာဒုက္ခ) အမှန် (ဒုက္ခသစ္စာ)ကိုတွေ့မည်မဟုတ်ပါပေ။

မြတ်စွာဘုရားသည် "အတ္တကိလမထ"အကျင့်ကို ဝေဖန်ပြစ်တင်ရာ၌ ---

(၁) 'ဒုက္ခော' - ကိုယ်စိတ်ဆင်းရဲခြင်း၊

(၂) 'အနရိယော' - အရိယာတို့၏ဥစ္စာမဟုတ်ခြင်း၊

(၃) 'အနတ္ထသံဟိတော' ပစ္စုပ္ပန်တမလွန်ချမ်းသာကြောင်း

မဂ်ဖိုလ်အကျိုးစီးပွားနှင့် မစပ်မဆိုင်ခြင်းတို့ဖြစ်လေသည်။

(အာရုံငါးပါး)ကာမဂုဏ်တရားတို့သည် (သတ္တဝါ)တို့ကို အမျိုးမျိုးနှိပ်စက်လေသည်။ ဤလိုအနှိပ်စက်ခံနေရသော (သတ္တဝါ) တို့မှာ ပစ္စုပ္ပန် သံသရာ ဤနှစ်ဖြာတွင် (လောဘတဏှာ)ဒုက္ခပေးမှုကို အလူးအလဲခံနေရသဖြင့် ထို(တဏှာလောဘ)ဖြစ်ခွင့်မရလျှင် ချမ်းသာမှာပဲဟု တွက်ဆသည်ကားအမှန်ပင်။

ထို့ကြောင့်

(၁) အာရုံငါးပါး၊ ကာမဂုဏ်တရားတို့ကို ကိလေသာကာမ ဖြစ်အောင်လိုက်စားခြင်းတည်းဟူသော 'ကာမသုခလ္လိက'မှ ရှောင်ကြဉ်ရခြင်း၊

(၂) ကိုယ်ရောစိတ်ပါ ပင်ပန်းဆင်းရဲအောင် နှိပ်စက်၍ ကျင့်သောအကျင့်မှားအကျင့်ကြမ်းတို့ကိုကျင့်ခြင်း 'အတ္တကိလမထ' မှ ရှောင်ကြဉ်ခြင်း၊

သို့ဖြင့်အစွန်းတရား ၂ ပါး မမှီဝဲရ မကျင့်ရဟုဆိုလေလျှင် မည်သည့်တရားကို မည်သို့ရှုကြည့်အားထုတ်ရမည်ကို မြတ်စွာဘုရားသည် ဆက်လက်၍ ပဥ္စဝဂ္ဂီငါးယောက်အစုတို့အား

"မဇ္ဈိမပဋိပဒါ" = 'ဧတေခေါဘိက္ခဝေဥဘောအန္တေအနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိ ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"

"အို--ချစ်သားတို့ ညွှန်ပြအပ်ခဲ့ပြီးသော အစွန်းတရား ထို ၂ ပါးတို့သို့မထိမဆိုက်မကပ်မရောက်ပဲ (အလယ်လမ်း)ကြောင်း အကျင့်မြတ်သည် ထိုးထွင်း၍ သိအပ်သော အမှန်တရား (သစ္စာ လေးပါး)ကိုမြင်တတ်သော၊ ပညာမျက်စိကိုပြုတတ်သော ဤ'မဇ္ဈိမ ပဋိပဒါ' အကျင့်သည် ကိလေသာမီးငြိမ်းခြင်းတည်းဟူသော 'သဉပါဒိ သေသနိဗ္ဗာန်' အကျိုးငှာ၊ (သစ္စာလေးပါး)ကို ဉာဏ်ထူးဖြင့် သိခြင်းငှာ၊ (သစ္စာလေးပါး)ကို ထိုးထွင်း၍သိခြင်းငှာ၊ ခန္ဓာမီးငြိမ်းခြင်းတည်းဟူ သော 'အနုပါဒိသေသနိဗ္ဗာန်' အကျိုးငှာဖြစ်၏"

(မဇ္ဈိမပဋိပဒါ)ဟူသည်ကား - (အာရုံငါးပါး) ကာမတရားတို့ ၌ ပျော်ပါးစုံမက်နှစ်သက်စွာယစ်မူး မေ့လော့စေသော လျော့လွန်း သည့် 'ကာမသုခလ္လိကာနုယောဂ'

တနည်း - (လောဘ) ဟူသော အယုတ်တရား (သဿတ ဒိဋ္ဌိ)ဟူသော အယုတ်တရား၊

ရင်းပြင် ကိုယ်စိတ်ပင်ပန်းညစ်နွမ်း၍ ဓါတ်ကုန်ခမ်းအောင် ကြိုးပမ်းပြုလုပ်သဖြင့် တင်းလွန်းသည့် 'အတ္တကိလမထာနုယောဂ'

တနည်း - (ဒေါသ) ဟူသော အယုတ်တရား၊ ဥစ္ဆေဒဒိဋ္ဌိ ဟူသော အယုတ်တရား၊

ဤအစွန်း ၂ ပါးအယုတ်တရားတို့သို့မကပ်မရောက်မထိမခိုက်ပဲ (အလယ်လမ်း)ကြောင်းဖြစ်သော (မဂ္ဂင်ရှစ်ပါး)မဇ္ဈိမပဋိပဒါတရားသည် ဘုရားရှင်အား 'စက္ခုကရဏီ' ဟူသော 'ပညာမျက်စိဖြစ်စေခြင်း' 'ဉာဏကရဏီ'ဟူသော (သစ္စာလေးပါး) ကိုသိစေခြင်း' ဟူသော ၂-ပုဒ်ဖြစ်ပါသည်။ အတိုချုပ်၍ဆိုရသော် (သစ္စာလေးပါး) သိကြောင်းဖြစ်၍(သစ္စာလေးပါး)သိကြောင်းမဟုတ်လျှင်(မဇ္ဈိမပဋိပဒါ) လမ်းစဉ်မဟုတ်ချေ။

'ဖြစ်လိုမှု၊ ဖြစ်ချင်မှု၊ ရလိုမှု၊ ရချင်မှုအားကြီးသောကြောင့် မိမိကိုယ်ကို စိတ်ကို နှိပ်စက်ညှင်းဆဲ ဆင်းရဲအောင် ပြုကျင့်အားထုတ်ခြင်းသည် ဘုရား၏အရိယာသာသနာတွင် အတ္တကိလမထဖြစ်ကြောင်း (Intellect) စဉ်းစားဉာဏ်ရှိသူတို့ သဘောပေါက်သင့်လေပြီ။ မြတ်စွာဘုရား၏ (မဇ္ဈိမပဋိပဒါ)လမ်းစဉ်မှန်သည် မည်မျှနူးညံ့သိမ်မွေ့လှသည်ကို ရိပ်စားမိသင့်ပေပြီ။

## မဇ္ဈိမပဋိပဒါ (အလယ်လမ်း) ရှင်းလင်းချက်

မြတ်စွာဘုရားသည် 'ငါးယောက်အစု' (ပဉ္စဝဂ္ဂီ)တို့အား မိမိဟောလိုသည့် (မဇ္ဈိမပဋိပဒါ)လမ်းစဉ်ကို မဟောမီ(မဇ္ဈိမပဋိပဒါ) ၏ ဆန့်ကျင်ဖက်ကိလေသာအစွန်း ၂ ဖက်တို့ကို စွန့်ခွာပယ်ရှင်း

ခိုင်းပြီးသည်၏အခြားမဲ့၌ ထိုကိလေသာတို့ မကပ်မငြိမဆိုက်မထိ သောလမ်းစဉ်ပေတည်းဟုသိစေတော်မူကြောင်းကို ---

> "ချစ်သားတို့ (မဇ္ဈိမပဋိပဒါ)လမ်းစဉ်ဟူသည် သံသရာတွင် မြှုပ်တတ်သော၊ မျောတတ်သော(ကိလေသာ)ကပ် လမ်းစဉ် မဟုတ်၊ ထိုလမ်းစဉ်မျိုးမှတပါး တခြားဖြစ်သော မမြှုပ် မမျော၊ မလယ်သောလမ်းအကျင့်မျိုးသည်(သတ္တဝါ)တို့အား ဆင်းရဲသံသရာမှပြတ်သော ဉာဏ်အမြင်ဖြစ်စေခြင်းငှာ၊ ကိလေသာမီးငြိမ်းခြင်းငှာ၊ အမှန်တရား (သစ္စာ)လေးပါး တို့ကို ဉာဏ်အထူးဖြင့် သိခြင်းငှာ ထိုးထွင်း၍ သိခြားငှာ အစွဲကင်းပျောက်အေးငြိမ်း ခြင်း (နိဗ္ဗာန်)သို့ရောက်ခြင်းငှာ ဘုရားရှင်တို့သည်သာလျှင် ကိုယ်တိုင်ရှာဖွေ၍ ရလာသိလာ ခြင်းဖြစ်၏"

ဟုဟောတော်မူလေသည်။

'အကျင့်လမ်းစဉ်' ဟုဆိုသဖြင့် အခြားသောအကျင့်ဟူ၍ သမုတ်မှတ်ယူကြသော မိမိကိုယ်ကိုစိတ်ကို ပင်ပန်းဆင်းရဲစေတတ် သောအကျင့်မျိုးကို အယူမမှားစေရန် ထို(မဇ္ဈိမပဋိပဒါ)၏ သရုပ် သဘောကို "မဂ္ဂင်ရှစ်ပါး" ဟုထုတ်ဖော် ဟောကြားတော်မူပါသည်။ ထို (မဂ္ဂင်ရှစ်ပါး) မှန်မှသာလျှင် မှန်ကန်စွာကျင့်သော လမ်းမှန်သို့ ရောက်နိုင်ပါသည်။ အတိုချုပ်အားဖြင့် 'ဗုဒ္ဓ၏ပဋိပတ်ကျင့်စဉ်ဟူသည်

(မဇ္ဈိမပဋိပဒါ)ကိုလိုက်နာကျင့်သုံးသူ” ဟု အဓိပ္ပါယ်ရပါသည်။ အဘယ်ကြောင့်ဟုမူ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမသည် (ကိလေသာ)ကိုပယ်ခွာ တိုက်ဖျက်သောကျင့်စဉ်ဖြစ်၍ပင်တည်း။ (မဇ္ဈိမပဋိပဒါ) မှန်လာလျှင် (ကိလေသာ)ကပ်၍မရတော့ပေ။

(မဇ္ဈိမပဋိပဒါ)ကျင့်စဉ်တွင် အဘယ်ကြောင့်အစွန်း ၂ ပါး ပယ်ရသနည်းဟု စိစစ်ခဲ့သော် (ကိလေသာ)ဖြစ်သောကြောင့် ပယ်ရကြောင်း ယောဂီတို့ထင်ထင်ရှားရှားသိနိုင်လေသည်။ မြတ်စွာဘုရား၏တရားတော်သည် (ရာဂ၊ ဒေါသ၊ မောဟ)ကိလေသာတို့ပယ်ကြောင်း ကောင်းစွာဟောတော်မူအပ်သောကြောင့် ‘သွာက္ခာတ’ ဟုခေါ်ရလေသည်။

(မဇ္ဈိမပဋိပဒါ)လမ်းကို လေ့လာရာ၌ ကာမသုခလ္လိကာနုယောဂဟူသောအစွန်း၊ အတ္တကိလမထာနုယောဂဟူသောအစွန်းတို့သည် (လောဘ၊ ဒေါသ၊ မောဟ)တို့ပါဝင်သော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ (ကိလေသာ)များဖြစ်နေသောကြောင့်ဟု သိရပါသည်။ သို့ဖြစ်၍ အစွန်းလွတ် (မဇ္ဈိမပဋိပဒါ)သည် လောဘ၊ ဒေါသ၊ မောဟတို့လွတ်ရမည်။ (ကိလေသာ)တို့လွတ်ရမည်၊ သဿဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့လွတ်ရမည်။ ထိုသို့လွတ်မှမှန်မည်၊ (မဇ္ဈိမပဋိပဒါ)ကျမည်၊ (မဂ္ဂင်) အလုပ်ညီမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အာရုံကား အစွန်း ၂ ဘက်ရောက်(ပညတ်) နယ်သားဖြစ်၍ (ကိလေသာ) ဖြစ်သော (ပညတ်)ကိုပင် လွတ်အောင် မသွားနိုင်သေးရကား အစွန်းတခုမှ တခုသို့အသိစိတ်သည် ဝင်ထွက် သွားလာကူးလူးဆက်ဆံနေလေသည်။ (ပညတ်) အမှတ်လွတ်လျက် (ပရမတ်)သဘောတရားသက်သက်ကိုသာအစွန်းလွတ်ရန်သဘော ထားပြောင်း၍ ရှုချိန်သိချိန်တွင် (ပညတ်)အစွန်းလွတ်သည်နှင့်ဘာမျှ အထူးမလုပ်ရပဲ (မဇ္ဈိမပဋိပဒါ)ကိုသဘောပေါက်နိုင်ပါသည်။

အစွန်း ၂ ပါးသည် (ကိလေသာ)ဖြစ်သည့် (ပညတ်)အစွန်း များသာဖြစ်လေရာ (ပညတ်)အစွန်းကို မမှီဝဲအပ်ဆိုသည်မှာ (ကိလေသာ)လွတ်သော မဇ္ဈိမပဋိပဒါ(မဂ္ဂင်ပရမတ်သိ)ကို မသိသ၍ (ကိလေသာ)မလွတ်ချေ။ (ပရမတ်)သဘောတရားတို့ကို (ဉာဏ်) ဖြင့် သိနေဆဲကာလတွင်ပင်(ပညတ်)ဝင်မှုကြောင့် သာယာမှု နှစ်သက်မှု မသိမသာဝင်၍ (ကာမ)အစွန်းသို့ ရောက်သွားသေးသည်။သဘောကျ မှုတခုဝင်လာသဖြင့် ချက်ချင်းသိလျှင်သိချင်း တိုက်ဖျက်ပစ်ရသည်။ ကာမသုခလ္လိကသည် ဤမျှနယ်ကျယ်သည်၊ (ဝိပဿနုပက္ကိလေသ) အန္တရာယ်များသည် မဂ်နားရောက်သည်အထိ ဒုက္ခပေးသည်။

တခါတရံခန္ဓာကိုယ်၏ ညောင်းမှု၊ ကိုက်မှုစသည်တို့ကြောင့် (စိတ်)ကသိကအောက်ဖြစ်စေသည်၊ ကိုယ်နှင့်ပတ်သက်၍ ညောင်းမှု၊ ကိုက်မှုစသော ရှုဉာဏ်ကို အနှောက်အယှက်ဖြစ်စေသော (စိတ်)တွင်

ပူပန်မှု၊ ညစ်မှု၊ စိတ်မချမ်းသာမှု (ကိလေသာ)များဖြစ်တတ်ပေသည်။ (မဇ္ဈိမပဋိပဒါ)ဟူသော အစွန်းမကပ်ရသော လမ်းစဉ်ကို သဘောမထားသော ယောဂီအတွက် စိတ်အနှောက်အယှက်၊ စိတ်အညစ်မခံရ၊ ချက်ချင်းနေရာပြင်ရပါမည်၊ အကယ်၍မပြင်ပဲနေ၍ ဆက်လက်ရှုကြည့်လျှင် မည်သည့်အဖြေထွက်မည်ကို ကိုယ်တိုင်သိနိုင်ပါသည်။ အစွန်းနှစ်ပါးလွတ်သည့် ကိလေသာပယ်သတ်သည့် အလယ်လမ်း မဇ္ဈိမပဋိပဒါလမ်းသည် မဂ္ဂင်ရှစ်ပါးလမ်း၊ (မဂ္ဂသစ္စာ)ဖြစ်၍ ထိုမဂ္ဂင်လမ်းသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ စသော သစ္စာလေးပါးကို သိမြင်စေပါသည်။

## ဒုက္ခသစ္စာရှင်းလင်းချက်

"ဒုက္ခသစ္စာဆိုသည်မှာ" = "ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံပိဒုက္ခံ၊ အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော၊ ပိယေဟိဝိပ္ပယောဂေါဒုက္ခော၊ ယံပိစ္ဆံ န လဗ္ဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"

ချစ်သားတို့ -

- (ဇာတိ) ဟူသော (ဖြစ်ခြင်း)သဘောသည် (ဒုက္ခ)ဆင်းရဲ၏။
- (ဇရာ) ရင့်ရော်ယိုယွင်းအိုမင်းခြင်းသည် (ဒုက္ခ)ဆင်းရဲ၏။
- (ဗျာဓိ) အနာနှိပ်စက်ခြင်းသည် (ဒုက္ခ)ဆင်းရဲ၏။

(မရဏာ) ပြိုကွဲပျက်စီးသေရခြင်းသည် (ဒုက္ခ)ဆင်းရဲ၏။

(အပ္ပိယေဟိသမ္ပယောဂေါ) မချစ်မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် အတူတကွ ယှဉ်တွဲနေထိုင်ရခြင်းသည် (ဒုက္ခ) ဆင်းရဲ၏။

(ပိယေဟိဝိပ္ပယောဂေါ) ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရ တို့နှင့် ကွဲကွာ၍နေရခြင်းသည် (ဒုက္ခ)ဆင်းရဲ၏။

(ယံပိစ္ဆံနလဘတိ) အကြင်အလိုရှိအပ်သော တောင့်တမှုသည်မရ အပ်၊ ထိုတောင်းတတိုင်း မရခြင်းသည်လည်း (ဒုက္ခ)ဆင်းရဲ၏။

(သံခိတ္တေန)အကျဉ်းအားဖြင့် ပဉ္စုပါဒါနက္ခန္ဓာ (ဥပါဒါန်) အစွဲအလန်း၏ (အာရုံ)ဖြစ်သော (ခန္ဓာငါးပါး)ရခြင်းသည်လည်း (ဒုက္ခ)ဆင်းရဲ၏။

ဤကဲ့သို့ (ဇာတိ)ဖြစ်ခြင်း (ခန္ဓာငါးပါး)ရခြင်းသဘော စသောတရားသည် (ဒုက္ခ)ဆင်းရဲခြင်းဖြစ်သော (အရိယာ)တို့သိအပ် သော အမှန်တရား (သစ္စာ)မည်၏ဟု ဟောကြားပါသည်။

လောက၌ ဆင်းရဲပေါင်းစုံမရေမတွက်နိုင်အောင်များလှ လေသည်။ ယင်းဒုက္ခပေါင်းစုံဆင်းရဲပုံကို အကုန်ဖော်ပြနိုင်မည် မဟုတ်ချေ၊ ဖော်ပြရန်လည်း မလိုပေ။ **ဆင်းရဲအားလုံး၏ ပင်ရင်း အခြေခံသည် (ဇာတိ) (အဖြစ်)ရခြင်း (ဖြစ်ပေါ်ခြင်း)သည်သာ အရင်းခံဖြစ်လေသည်။** ဘုရားရှင်သည်လည်း နောက်ဆုံးအကျဉ်းချုပ်

အားဖြင့် (တဏှာ၊ ဥပါဒါန်)ဖြစ်သောတပ်မက်သောအစွဲအလန်း ကြောင့်ရလာသော၎င်း(ခန္ဓာ)သည်(ဒုက္ခ)ဆင်းရဲအမှန်ဟု ဟောတော်မူပြီ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်သမ္မသသုတ်တွင် 'ချစ်သားတို့ သင်တို့သည်အိုခြင်း သေခြင်း သဘောကို အရင်းအမြစ်မှသိအောင် အတွင်းကျကျ သုံးသပ်ခဲ့သော်(ဇာတိ)အဖြစ်ရခြင်း၊ ဖြစ်ပေါ်ခြင်းကို တွေ့ရှိရပေလိမ့်မည်၊' ဖြစ်ပေါ်ခြင်းကြောင့် အိုရ+သေရသည်၊ အိုခြင်း၊ သေခြင်းသည်အရင်းခံအကြောင်းမဟုတ်၊ ဖြစ်ခြင်း (ဇာတိ)သာလျှင် အရင်းခံအကြောင်းဖြစ်သည်၊ မအိုလို၊ မသေလိုလျှင်ဖြစ်ခြင်း(ဇာတိ) ကိုသာ မဖြစ်အောင်၊ ချုပ်အောင်နည်းလမ်းရှာရမည်။

ဖြစ်ခြင်း(ဇာတိ)သည်သေခြင်း (မရဏ)၏အကြောင်းဖြစ်သည်(အဖြစ်)ကိုရှာသောသူသည် (ဒုက္ခ)ဆင်းရဲကိုရှာသည်မည်၏။ (ဇာတိ)အဖြစ်သည် (မရဏ)သေပျောက်ခြင်းဖြင့် နိဂုံးချုပ်ရသည်၊ (ဇာတိဒုက္ခအဖြစ်) ၎င်းဆင်းရဲကို မသိသောသူသည် (အဖြစ်)ကိုပင် နည်းအမျိုးမျိုးဖြင့်ရှာဖွေသည်၊ ရလာလျှင် (ဒုက္ခ)ဆင်းရဲကလွဲ၍ အခြားဘာမှမရချေ။

၎င်းရုပ်နာမ်(ခန္ဓာငါးပါး)မပြတ်ဖြစ်ပေါ်ရခြင်းသည် ဆင်းရဲအမှန် (ဒုက္ခသစ္စာ)ဟုဟောတော်မူထားသည်။

ဇာတိပိဒုက္ခာ = 'အို--ပဥ္စဝဂ္ဂီတို့ ဘဝရှည်ကြာသံသရာဝယ် သူသူငါငါခေါ်ရာ (ပညတ်)သမုတ်အပ်သည့် (နာမ်ရုပ်)နှစ်ဖြာ (ခန္ဓာငါးပါး)ဤတရားတို့သည် ဘဝဖန်ဖန်အပြန်ပြန်အထပ်ထပ် မရပ်မနားဆုံတွင်လှည့်သည့်နွားကဲ့သို့တဖွားဖွားတသုတ်သုတ် အဟောင်းအဟောင်းချုပ်ပျက်လေတိုင်းမဆိုင်း လက်ငင်းအသစ် အသစ်သော(ခန္ဓာငါးပါး)ဖြစ်ပေါ်ခြင်း (အဖြစ်)ရခြင်းဟူသော (ဇာတိ) သဘောသည်ဝဋ်မူလသံသရာတွင် အခိုင်အမာ(ဒုက္ခ) ဖြစ်စေဖို့ ပန္နက်အဖြစ် စိုက်ထူလိုက်ရကားထိုအဖြစ်(ဇာတိ)သည် (ဒုက္ခ)စင်စစ်ဆင်းရဲဖြစ်၏' ဟုဟောတော်မူသည်။

(ဇာတိ)ဟူသည် "ခန္ဓာနံပါတုဘာဝေါ အာယတနာနံ ပဋိလာဘော" ဟူသော (ပဋိစ္စသမုပ္ပါဒ်)တွင် မြတ်စွာဘုရား ဟောကြား ထားပေရာ၊ ပရမတ္တဓမ္မဖြစ်သော 'ရူပံ နာမံ' တို့ဖြစ်ခြင်း၊ ရခြင်းသည် (ဇာတိ)ဖြစ်ခြင်း ရခြင်းဖြစ်သောကြောင့် စင်စစ် (ရုပ်နာမ်) တို့၏ သဘောတရား 'ဖြစ်' ခြင်းဟူသည့် (ဇာတိ)အစစ်ဖြစ်ပေသည်။ သို့ကြောင့်ထိုထို (ပရမတ်ဇာတိ)စ၍ သုံးဆယ့်တဘုံ ဘဝကုန်အောင် အစုံဖြစ်ခြင်း (ဇာတိ)မင်းသည် ပင်ရင်း (ဒုက္ခသစ္စာ)သာတည်း။

'ဇရာပိဒုက္ခာ' = 'အို-ပဥ္စဝဂ္ဂီတို့ (ဇာတိ)ဟူသောအဖြစ်ရလာ ပြီးသော် ရရှိခဲ့သည့် ခန္ဓာငါးပါး (ရုပ်နာမ်)တရားသည် ထင်ထင် ရှားရှားသော်လည်းကောင်း၊ မထင်မရှားပဲသော်လည်းကောင်း နှစ်ပါးသော

အခြင်းအရာအားဖြင့် တချိန်ထက်တချိန်ပျက်ပြားယိုယွင်း၍ ကိုယ်တွင်းကိုယ်ပြင်တို့တွင် အဆင်းသဏ္ဍာန်တို့မှာ ယိုယွင်းရင့်ရော်-ခဏာနေ၌ မစဲဘဲသဲသဲ တရုပ်ရုပ် တလှုပ်လှုပ် တရွရွဖြင့် ရုပ်၏ဇရာ-နာမ်ဇရာဟု နှစ်ဖြာရင့်ကျက်ဖောက်ပြန်လျက်မို့ သေဖက်ရောက် အောင်ပို့ဆောင်ဆက်သွင်းအိုခြင်း၏ လက်တွင်းသို့အမြဲသက်ဆင်း၍ နေရသော ဤရုပ်နာမ်ခန္ဓာသည် 'ဣန္ဒြိယာနံ ပရိပါကော' ဘုရား ဟောအရ (ဒုက္ခသစ္စာ)ဆင်းရဲစွာသည် သူသာစင်စစ်ဖြစ်ချေ၏။

'ဗျာဓိပိဒုက္ခော' = 'အို-ပဉ္စဝဂ္ဂီတို့ (ဇာတိ)ဖြစ်ရအကြောင်း စ ကြောင့်တဆင့်ထက်တဆင့် ရင့်၍လာသော ဤခန္ဓာငါးပါး (ရုပ်နာမ်)တရားသည် ၎င်း၏အထည်အမာခံ ဓါတ်ကြီးလေးပါး ဘူတထား၍ ဖောက်ပြန်ခြောက်ခြားမှုကြောင့် ဖြစ်ပေါ်လာသော ၉၆ ဖြာ ရောဂါမျိုးစုံအဖုံဖုံနှင့် ကြမ္မာဥပါဒ် မပြတ်မစဲတလဲလဲဖြင့် မြဲစွာ ကပ်ချဉ်းနှိပ်စက်ခြင်းတို့ကို တွန်းလှန်ဖယ်ရှား၍ မရအောင် နာကျင် ခံခက် ဆင်းရဲနက်သဘော ထိုဆင်းရဲမှုကို ခံစားသောအနာဟော 'ဗျာဓိ' ပရမတ်ဖြစ်ဘိ၍ ဆင်းရဲအတိဖြစ်ရှိမှန်စွာ (ဒုက္ခသစ္စာ) သဘောတည်း'

'မရဏမ္ပိဒုက္ခံ' = အို---ပဉ္စဝဂ္ဂီတို့ (ရုပ်နာမ်ဇာတိ)အဖြစ် ရှိခဲ့သော ဤခန္ဓာသည် (ဇာတိ)၏ (ဖြစ်)ပေးသမျှအားလုံးကို ဖျက်ဆီး ပစ်သော ဓမ္မတာတရားဖြစ်၍ သေခြင်း၊ ပျောက်ခြင်း၊ ပျက်စီးခြင်း

(မရဏ)တရားသာအဆုံးသတ်ပေသည်၊ (ဇာတိ)အဖြစ်ဟူသည် (ဖြစ်ကြောင်း)ရှိမှဖြစ်ရ၏။ မရဏအပျက်ကားဖြစ်ပေါ်ပေးမှု မှန်သမျှ ဖြစ်မှုမှန်သမျှကို ဖျက်ဆီးပစ်ရန် တာဝန်မလစ်လပ်ပေ၊ (အဖြစ်) ရှိလျှင် (အပျက်)ရှိရပေမည်။ **အဖြစ်(ဇာတိ)ကိုကြံဆောင်၍ ရှာဖွေခြင်းကိုပင်လျှင်ဘုရားရှင်၏ အမြင်အရ (မရဏ)အသေကိုရှာဖွေခြင်း ဖြစ်သည်' ဟုမိန့်တော်မူသည့်တချက်ကား 'ဇာတဿ အမရဏံ နာမနတ္ထိ' ပါဠိအရှိဖြင့်ဖြစ်လာရမှု မပျက်ဟူ၍ ဘယ်သူမရှိ မိန့်၏တဖန်---"**

"ယ မေကရတ္တိံ ပဌမံ၊ ဂဗ္ဘေဝသတိ မာဏဝေါ၊
အဗ္ဘုဋ္ဌိတောဝသောယာတိ၊ သဂစ္ဆံ နနိဝတ္တတိ"

ပါဠိအရ - အကြွင်ညဉ့် မိခင်ဝမ်းဗိုက်သန္ဓေတိုက်တွင် ကြံ့ကြိုက်သတ္တဝါဖြစ်သောခါမှ အာဒိစ၍ မရဏမင်းသူ့လက်တွင်းသို့ မရောက်မချင်းခရီးပြင်းလျက် အလျဉ်းနောက်မဆုတ် သုတ်သုတ်လျင်စွာ အသေနိဂုံးသို့ရောက်ရသည့် ဓမ္မတာမို့ 'ကမ္မေဝရဿ နိကေ္ခပေါ' ဥတုဇရုပ်အကောင်ပုပ်သာကြွင်းလျက် 'ဗိဝိတိန္ဒြိယဿုပစ္ဆေဒေါ' ဇိဝိန်ပြတ်ကြွေ အသေမုချ (ဇာတိ)စခဲ့သမျှ ဘာတခုမှရှုစရာ မကျန်သဖြင့် ဤ(ရုပ်နာမ်)ခန္ဓာရမှုသည် မရဏသေဖို့ရန် ဧကန် စင်စစ်အမှန်ဖြစ်ရကား (ဒုက္ခသစ္စာ) ဆင်းရဲစွာသောသဘောဖြစ်၏။

'အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော' = 'အိုပဉ္စဝဂ္ဂီတို့ မချစ်ခင် မနှစ်သက်အပ်သော (သတ္တဝါသင်္ခါရ)တို့နှင့် ပေါင်းဖော်ယှဉ်တွဲ နေထိုင်ရခြင်းသည် ဆင်းရဲ၏' ဟုဖော်ပြသော (ပညတ်)နက်ကို (ပရမတ်)သဘောသို့ရောက်၍ (ဒုက္ခသစ္စာ)မြင်နိုင်ရန်အနည်းငယ် ဖွင့်ဆိုအံ့၊ ဤသဘောကိုပြရာ၌ ---

(၁) မချစ်မနှစ်သက်အပ်သော (သတ္တဝါသင်္ခါရ)တို့နှင့် ပေါင်းသင်းရခြင်းလက္ခဏာရှိ၏။

(၂) စိတ်၏ပင်ပန်းခြင်းကိုပြုခြင်းကိစ္စရှိ၏။

(၃) အကျိုးမဲ့ဖြစ်ခြင်းသည်သာရှိ၏။

ထို မချစ်ခင်၊ မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းသင်း ဆက်ဆံကြရကုန်သောသူတို့မှာ ---

(၁) စိတ်ဆင်းရဲရခြင်း 'စေတသိကဒုက္ခ'

(၂) ကိုယ်ဆင်းရဲရခြင်း 'ကာယိကဒုက္ခ'

ဟူသော ၂ပါးသောဆင်းရဲခြင်း ဒုက္ခ၏အကြောင်းဖြစ်သော ကြောင့်(ရုပ်နာမ် ၂ပါး)၏သာလျှင် ထိုဆင်းရဲမှုတို့ကို ခံစားရပေသဖြင့် (ဒုက္ခသစ္စာ)၌ ထည့်သွင်း၍ဟောတော်မူသည်။ ထို့ကြောင့် ဤလောက ၌ မချစ်မနှစ်သက်အပ်သော(သတ္တဝါသင်္ခါရ)တို့နှင့် ပေါင်းသင်း ဆက်ဆံတွေ့ကြုံရသောသူတို့မှာ တစ်ဦးနှင့်တစ်ဦး မာန်မာနဒေါသတို့

လွန်ကျူးလျက်ခိုက်ရန်ငြင်းခုန် ရိုက်နှက်သတ်ဖြတ် ကြရသည်ကား ရှေးဦးစွာစိတ်ဆင်းရဲမှုမှစ၍ ကိုယ်၏ဆင်းရဲခြင်း (ဒုက္ခ)ဖြစ်ပြန်ရပေသောကြောင့် ---

"ဒိသွာဝ အပ္ပိယေဒုက္ခံ၊ ပဌမံဟောတိစေတသိ၊ တဒုပတ္တမသမ္ဘုတ၊ မထကာယေ ယတော ဣမ တတော ဒုက္ခဒ္ဒယဿာပိ၊ ဝတ္တုတောသော မ ဟောသိနာ၊ ဒုက္ခော ဝုတ္တောတိ ဝိညေယျော၊ အပ္ပိယေဟိသမာဂမော"

(သမ္မောအဋ္ဌကထာ-၁၀၁၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၁၃၆)

ဤလောက၌တဦးတယောက်သောသူသည် မိမိ၏စိတ်၌ မချစ်ခင်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတခုခုကိုတွေ့ရ၊ မြင်ရ၊ ကြားသိရသည်ရှိသော် ထိုမြင်မှုကြားမှုစသည်တို့ကြောင့်ဖြစ်သော (ဒေါမနဿ)နှလုံးမသာယာမှုသည် စိတ်၌ရှေးဦးစွာဖြစ်ပေါ်လာ၏။ ထို့နောက်မှစိတ်ဆင်းရဲခြင်းကြောင့်ဖြစ်သော (ဒုက္ခ) ကိုယ်ဆင်းရဲမှု ခိုက်ရန်ငြင်းခုန်မှု ပင်ပန်းမှု(ဒုက္ခ)စသည်တို့သည်ဖြစ်ပေါ်၍ လာကုန်၏။ ထို့ကြောင့် ထိုမချစ်ခင်မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့်အတူတကွ တွေ့ဆုံယှဉ်တွဲမှီဝဲပေါင်းသင်းဆက်ဆံရခြင်းသည် ထို(နာမ်)ကိုလည်းကောင်း၊ ထို(ရုပ်)ကိုလည်းကောင်း၊ ဆင်းရဲစင်စစ်ဖြစ်စေသည်၏။ (အဖြစ်)ကြောင့် (ဒုက္ခသစ္စာ)ဟု ဟောတော်မူသည်။

ယင်းသို့ဟောတော်မူအပ်သော အရင်းခံ(ရုပ်နာမ်ပရမတ္တ) သဘောကိုပင်လျှင် (ပညတ်)သို့တင်၍ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ် သတ္တဝါအနေဖြင့် ယူဆကြမည်ဆိုလျှင်လည်း ထိုပုဂ္ဂိုလ်သတ္တဝါဟူ သည် (ရုပ်နာမ်ဇာတိ)ဖန်လာရှိသည့် (သမုတိ)အခေါ်သာဖြစ်သည်။ ထိုထို (သမုတိပညတ်)တို့ဖြင့် ထိခိုက်ဘေးရန်တွေ့ကြုံပြန်သော "စိတ် နာမ်ဆင်းရဲ-ရုပ်ဆင်းရဲသည့်" ရုပ်နာမ်(သတ္တဝါ၊ သင်္ခါရ)သာဖြစ် ဘိကြောင့် (ပရမတ်)သဘောဆင်းရဲအမှန်ဟု (ဒုက္ခသစ္စာ)ကိုဟော လေသည်။

'ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော' = 'အို - ပဥ္စဝဂ္ဂီတို့ ချစ်ခင်အပ် နှစ်သက်အပ်သော (သတ္တဝါသင်္ခါ)တို့နှင့်ကွဲကွာ ကွေကွင်းရခြင်းသည် လည်း ဆင်းရဲအစစ်အမှန်ဖြစ်၏ဟုဟောတော်မူရာ၌---

( ၁ ) ချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွာရခြင်းလက္ခဏာရှိ၏။

( ၂ ) စိုးရိမ်ပူဆွေးစိတ်လက်မအေးခြင်းကိစ္စရှိ၏။

( ၃ ) ပျက်စီးခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။

ထိုချစ်ခင်အပ် နှစ်သက်အပ်သောသတ္တဝါသင်္ခါရတို့နှင့် ကွဲကွာကွေကွင်းရသောသူတို့မှာ ---

( ၁ ) စိတ်ဆင်းရဲခြင်း 'စေတသိကဒုက္ခ'

( ၂ ) ကိုယ်၏ဆင်းရဲခြင်း 'ကာယိကဒုက္ခ'

ဟူသော ၂ ပါးသောတရားတို့သည် ဆင်းရဲ၏အကြောင်းရင်းတို့သာဖြစ်သောကြောင့်(ဒုက္ခ)ဆင်းရဲအမှန်ဟုဟောတော်မူသည်။

ချစ်ခင်အပ်၊ နှစ်သက်အပ်သော (သတ္တဝါသင်္ခါရ)တို့ဟူသည်ပျက်စီးချုတ်ယွင်း ကွေကွင်းတတ်စွာဓမ္မတရားဖြစ်သည်နှင့်အညီပျက်စီးခြင်း၊ သေပျောက်ကွေကွင်းခြင်းဖြစ်သည်ရှိသော် ထိုအဖြစ်မျိုးနှင့် တွေ့ဆုံကိုယ်တွေ့ကြုံသောသူအား ‘ငါ့ဲချစ်ခင်အပ်သော ဤသူတို့သည်လည်းကောင်း၊ နှစ်သက်အပ်သော ဤပစ္စည်းဥစ္စာတို့သည်လည်းကောင်း ရှေ့ကရှိခဲ့ဖူး၏။ ရခဲ့ဖူး၏၊ ယခုဤသူ၊ ဤပစ္စည်းတိုသည် ငါ့မှာမရှိတော့ဟူ သော (သောက)ကြောင့်သည်စူးဝင်၏။ ထိုစိတ်ဆင်းရဲမှုကို အကြောင်းပြု၍ ပိန်ချုံးချိနဲ့ဖျော့တော့သောဖက်ရွက်ကဲ့သို့ ကိုယ်၏ဆင်းရဲခြင်း (ဒုက္ခ)သည်ထပ်ဆင့်၍ဖြစ်လေသည်။

ထို့ကြောင့် ---

“ဉာတိဓနာဒိဝိယောဂါ၊ သောကသရသမပ္ပိတာ ဝိတုဇ္ဇန္တိ၊ ဗာလာ ယတောတတောယံ၊ ဒုက္ခောတိ မ တော ပိယ ဝိပ္ပယောဂေါ”

(သမ္မော-ဝိသုဒ္ဓိမဂ်)

ဉာတိဓနာဒိဝိယောဂါ = ဆွေမျိုး၊ ပစ္စည်းဥစ္စာအစရှိသည်တို့၏ ပျက်စီးခြင်းကြောင့်၊ သောကသရသမပ္ပိ = စိုးရိမ်ခြင်းတည်းဟူ

သော မြွားသည်နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဗာလာ = သူမိုက်တို့သည် ယတော=အကြင်ကြောင့်၊ ဝိတုဇ္ဇန္တိ = နာကျင်ကုန်၏၊ တတော = ထို့ကြောင့် အယံပိယဝိပ္ပယောဂေါ = ဤချစ်အပ် နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ခွဲခွာကွေကွင်းရခြင်းကို ဒုက္ခောတိ=ဆင်းရဲကေန် စင်စစ်မှန်၏ဟူ၍ မတော=သိအပ်၏။

ဤလောက၌ ဆွေမျိုး၊ ပစ္စည်းဥစ္စာ စသည်တို့၏ ပျက်စီးခြင်းကြောင့် စိတ်၌ စိုးရိမ်ခြင်း သောကတည်းဟူသောမြွားသည် စူးဝင်နှိပ်စက်သောကြောင့် ကိုယ်စိတ်တို့၌ နာကျင်ကုန်၏။ ပင်ပန်းကုန်၏။ ထို့ကြောင့်ဤချစ်ခင်အပ် နှစ်သက်အပ်၊ သာယာအပ်ကုန်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွာရခြင်းသည် ဆင်းရဲအစစ်(ဒုက္ခ) အမှန်ဖြစ်၏ဟုဟောတော်မူသည်။

ဤနေရာ၌လည်း (ပရမတ္ထဓမ္မ)ဖြစ်သော (ခန္ဓာငါးပါး) ရုပ်နာမ်နှစ်ပါးကိုပင် (သတ္တဝါ)ပုဂ္ဂိုလ်အနေ (ပညတ်)တင်၍ ဟောတော်မူသည်။ ထို့ကြောင့် (ခန္ဓာငါးပါး)ရုပ်နာမ်တရားတို့၏ အပေါင်းအစုမျှသာဖြစ်သော ဤ(သတ္တဝါပုဂ္ဂိုလ်)တို့သည် မိမိတို့၏ (ရုပ်နာမ်)အချင်းချင်းပေါင်းသင်းဆက်ဆံကြရာ၌ ဤအရာဝတ္ထုတို့သည်ကား ချစ်အပ်၊ နှစ်သက်အပ်သော (သင်္ခါရ)တို့မည်ကုန်၏ဟူ၍ (လောဘတဏှာ)ရှေ့သွားပြု၍ မှတ်ယူကြကုန်သည်။ သို့အတွက် (ပရမတ္ထဓမ္မ)သို့မဆိုက်မထိ နှလုံးမသွင်းပဲ (ပညတ္တိဓမ္မ)ဟူသည့် ပုဂ္ဂိုလ်

သတ္တဝါ ယူမှတ်နေကြခြင်းကြောင့် ထိုသူတို့အတွက် ဆင်းရဲအမှန် (ဒုက္ခသစ္စာ)ဖြစ်ရလေသည်။

**ယံပိစ္ဆံနလဗ္ဘတိ တမ္ပိဒုက္ခံ** = 'အို - ပဥ္စဝဂ္ဂီတို့ မိမိတို့သည် (ဇာတိ)ပဋိသန္ဓေနေရခြင်းကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ ဖြစ်ရသည်။ ယင်းသို့(သတ္တဝါ)တိုင်း အလိုမရှိအပ်သော (ပဋိသန္ဓေ) မနေရလို-မအိုရချင်-မသေချင်ဟုတောင့်တဆိုလည်း ထိုအလိုရှိတိုင်း တောင်းတတိုင်းသည်ရအပ်သည်မဟုတ်ချေ။ ထိုကဲ့သို့ မရသင့် မရစကောင်းသော (အလဗ္ဘနိယ) အရာဝတ္ထုတောင့်တမှုကို တောင့်တရှာကြသောသူမှာ မိမိတောင်းတတိုင်းမရ မဖြစ်၊ ထိုသို့ မရသင့် မရကောင်းသော တောင်းတမှုကိုပြုသောသူအား (ကာယိကဒုက္ခ)ကိုယ်ဆင်းရဲရခြင်း ဒုက္ခ၊ (စေတသိကဒုက္ခ) စိတ်ဆင်းရဲရခြင်းဒုက္ခတို့သည် ဖြစ်ကုန်၏။ ထိုသို့ဖြစ်ရခြင်းသည် ဆင်းရဲအစစ် (ဒုက္ခ) ဧကန်ဖြစ်၏ဟုဟောတော်မူသည်။

ဤနေရာတွင် 'သမ္မောအဌကထာ' ဖွင့်ချက်နှင့် နှိုင်းနှောကြည့်လျှင် ---

(၁) မရကောင်းသောအရာဝတ္ထုကိုတောင့်တခြင်း လက္ခဏာရှိ၏။

(၂) မရထိုက်သောဝတ္ထုကို လိုချင်ခြင်းကိစ္စရှိ၏။

(၃) ထိုတောင့်တတိုင်းသော ဝတ္ထုတို့ကိုမရခြင်း အခြင်းအရာရှိ၏။

ထိုထိုသို့သောအကြောင်းများကြောင့် -

တံတံပစ္စယမာနာနံ၊ တဿ တဿ အလာဘတော၊

ယံ ဝိဃာတမယံ ဒုက္ခံ၊ သတ္တာနံ ဣစ္ဆာဃာယတိ။

ဣစ္ဆလောကေ ဤလောက၌၊ တံတံ=ထိုထိုအလိုရှိအပ်တောင့်တအပ်သော (မဖြစ်၊ မအို၊ မနာ၊ မသေ) သောသဘောကို၊ ပစ္စယမာနာနံ=တောင့်တလင့်ဆိုအလိုရှိကြပါကုန်သော၊ သတ္တာနံ=သူသူငါငါ သတ္တဝါတို့အား၊ တဿတဿ=ထိုထိုအလိုရှိအပ်တောင့်တအပ်သော ဝတ္ထုကို အလာဘတော=မဂ္ဂဘာဝနာ အားထုတ်မှုမရှိပါသဖြင့် မရခြင်းကြောင့် ဝိဃာတမယံ = စိတ်နှလုံး၏ မရွှင်ညှိုးနွမ်းပင်ပန်းခြင်းသည် ပြုအပ်သော ယံဒုက္ခံ = အကြင်ဆင်းရဲသည် ဇာယတိ = ဖြစ်၏။

ဤ၌ (ခန္ဓာငါးပါး) ရုပ်နာမ်တရားအစုဖြစ်သော (သတ္တဝါ ပုဂ္ဂိုလ်) ထိုထိုသို့သောသူသည် (ပရမတ္ထ) သဘာဝတို့၏သွားရာလမ်းကြောင်းဖြစ်သော (ဖြစ်မှုပျက်မှု) ကို သိတတ်၊ မြင်တတ်သော (မဂ္ဂဘာဝနာ) ပညာသတိကင်းလွတ်သည့်အတွက် ဖြစ်ရှိလာသော ဇာတိ-ဇရာ-ဗျာဓိ-မရဏတို့ကိုသာ (ပညဝတ္တိမမြဲ) အနေနှင့်တကွ တွေ့မြင်သောအခါ 'အဟောဝတမယံ နဇာတိဓမ္မာအဿမ' 'ဤအိုနာသေရေးဒုက္ခဘေးတို့သည် ငါ၏ထံမှောက်သို့မရောက်မလာကြပါမူကား အဟောဝတ ဩော်ကောင်းစွ' ဟုတောင့်တလင့်ဆို အလို

ရှိတိုင်းကြံစည်ကြပါကုန်သော်လည်း (ရုပ်) တရားတို့၏သဘော လက္ခဏာ၊ (နာမ်) တရားတို့၏ သဘောလက္ခဏာသည် သွားမြဲလမ်း ကြောင်း (အနတ္တ) ဟူသော 'သူ့သဘော' မှမည်သို့မျှ မသွေဖည် ကောင်းရကား-မရပ်မစဲတသဲသဲ တလှုပ်လှုပ် တသုတ်သုတ် တရွရွ ဖြစ်မြဲတိုင်းဖြစ်၍ ပျက်မြဲတိုင်းပျက်နေသောကြောင့် မိမိတို့ တောင့်တ တိုင်း အလိုရှိတိုင်းဖြစ်၍မလာပဲ မအိုချင်ပဲလျက် အိုရ၊ မနာချင်ပဲ လျက်နာရ၊ မသေချင်ပဲလျက် သေရသည်ကိုတွေ့မြင်ကြငြား သတ္တဝါအများသည် ကိုယ်စိတ်နှစ်ဖြာ ပူဆာညိုးနွမ်းပင်ပန်းဆင်းရဲ (ဒုက္ခ) ပဲဟုတောင့်တတိုင်း မပြည့်စုံသည့်အဖြစ်သည် (ဒုက္ခသစ္စာ) ဆင်းရဲစွာသောတရားပေတည်း။

'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ' = 'အို-ပဉ္စဝဂ္ဂီတို့ လောက၌ ဇာတိ (ဖြစ်)ရှိနေသော ဒုက္ခကြုံးခြုံဆင်းရဲပုံကို အကုန် ဝေဖန်လတ်သော် အလွန်တရာကျယ်ပြန့် များပြားလှရကား ဆင်းရဲ ဒုက္ခကိုကား အကျဉ်းချုံး၍မရ၊ ထိုဒုက္ခဝတ္ထုဆင်းရဲစု၏အထုအထယ် ဇရာနယ်ကား (ငါးပါး) သောအစွဲအလန်းကြောင့်ဖြစ်သည်။ ဤ (ခန္ဓာငါးစု) အစုအပုံတို့သာတည်း၊ ဤခန္ဓာသည် ဆင်းရဲလုံးစုံ ဒုက္ခ ဘုံသာတည်း၊ ဆင်းရဲပင်ဖြစ် ဧကန်ဖြစ်၏။ မည်သည့်ဆင်းရဲတစ်ခုမျှ (ခန္ဓာအစု) မှလွတ်သည်ဟူ၍မရှိ၊ လောက၌မည်သူအမျိုးမြတ်၍ တန်ခိုးဣဒ္ဓိပါရှိသည် ဆိုစေကာမူ သူ၏(ရုပ်နာမ်ခန္ဓာ) ကား (သင်္ခါရမှု)

အစုစုတို့၏ မပြတ်မလပ်ဒလစပ် နှိပ်စက်ညှင်းပန်းမှုကို ခံနေရသဖြင့် တဖြုတ်ဖြုတ်၊ တသုတ်သုတ်၊ တလှုပ်လှုပ်၊ တရွရွ၊ တမွမွ၊ တသဲသဲ မမြဲအနိစ္စ-ဒုက္ခဆင်းရဲ အိုပွဲ၊ နာပွဲ၊ သေပွဲများ မြောက်မဆုံးအောင် တွေ့ရမည်သာလွန်သေချာသဖြင့် (ခန္ဓာငါးခု) (ဖြစ်) ရှိမှုသည် သက်သာရာမရ ချမ်းသာဟုမရှိသဖြင့် စင်စစ် (ဒုက္ခသစ္စာ)သာတည်း ဟုဘုရားရှင် ဟောကြားတော်မူလေသည်။

"ခန္ဓာဝန်ထုပ် ဘာရသုတ်" ။ မြတ်စွာဘုရားသည် ရဟန်းတို့အား ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တွင် ချစ်သားတို့ထမ်းဆောင်အပ်သော ဝန်ထုပ်ကိုလည်းကောင်း၊ ဝန်ထုပ်ထမ်းဆောင်သူကိုလည်းကောင်း၊ ဝန်ထုပ်ထမ်းရန်ယူငင်ခြင်းကိုလည်းကောင်း၊ ဝန်ထုပ်ပစ်ချသည့်အရပ်သို့လည်းကောင်း ဟောကြားပေအံ့။

(ကတမောစ ဘိက္ခဝေဘာရော ပဉ္စုပါဒါနက္ခန္ဓာ တိဿဝစနိယံ)

"ချစ်သားတို့ ဝန်ထုပ်ဟူသည်အဘယ်နည်း၊ အစွဲအလန်း၏ အာရုံဖြစ်သော ....

ဖောက်ပြန်မှုဟူသော (ဥပါဒါနက္ခန္ဓာ) စွဲလန်းမှုအစု (ရုပ်) ခန္ဓာ
ခံစားမှုဟူသော (ဥပါဒါနက္ခန္ဓာ) စွဲလန်းမှုအစု (ဝေဒနာ) ခန္ဓာ
မှတ်သားမှုဟူသော (ဥပါဒါနက္ခန္ဓာ) စွဲလန်းမှုအစု (သညာ) ခန္ဓာ
ပြုပြင်မှုဟူသော (ဥပါဒါနက္ခန္ဓာ) စွဲလန်းမှုအစု (သင်္ခါရ) ခန္ဓာ

သိမှုဟူသော (ဥပါဒါနက္ခန္ဓာ) စွဲလန်းမှုအစု (ဝိညာဏ်) ခန္ဓာ

ဖေါ်ပြပါခန္ဓာခေါ်မှု အစုငါးခုတို့သည် ဆင်းရဲမှု၏ပင်ရင်း ဒုက္ခစင်စစ်ဖြစ်သောကြောင့် (ဒုက္ခသစ္စာ) ဖြစ်သောစွဲလန်းမှု၏ အာရုံ ဖြစ်သော 'ဝန်ထုပ်' ပေတည်း။

(ကတမောစ ဘိက္ခဝေ ဘာရဟာရေ ပုဂ္ဂလော တိဿဝစနီယံ)

"ချစ်သားတို့ ဝန်ထုပ်ကိုထမ်းဆောင်သူသည် အဘယ်နည်း၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ ခေါ်ဆိုသုံးစွဲသော အမည်နာမ ဝေါဟာရ (ပညတ်)ရှိသော (သတ္တဝါ) သည်ဝန်ထုပ်ကို ထမ်းဆောင် သူမည်၏"

ဤခန္ဓာတည်းဟူသော (ဒုက္ခဝန်ထုပ်) ဝန်ပိုးကြီးကို တဘဝ မှ တဘဝသို့ ငါငါ၊ သူသူ၊ လူလူ၊ နတ်နတ်တို့သည် မိမိတို့ဖြစ်လို ရောက်လိုသော ဘုံဘဝသို့ဖြစ်စေ ရောက်စေခြင်းငှာ ရောက်ရာ ရောက်ကြောင်း ကုသိုလ်ကံတို့ဖြင့် ရောက်ရာဘဝ၌ ခန္ဓာ (ဒုက္ခသစ္စာ) ဝန်ထုပ်ကိုထမ်းဆောင်ရပြန်ကုန်၏။ မိမိကိုယ်တိုင် ဖြစ်လိုရောက် လိုသဖြင့် ဒုက္ခခန္ဓာဝန်ကို မိမိသည်ထမ်းဆောင်လိုသောကြောင့်သာ ထမ်းဆောင်ရခြင်းဖြစ်လေသည်။

(ကတမဥ္စ ဘိက္ခဝေ ဘာရာဒါနံ ယာယံတဏှာ ပေါနောဗ

ဋ္ဌဝိကာ) နန္ဒိရာဂသဟဂတာ။ လ ။ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ)

"ချစ်သားတို့ အဘယ်တရားသည်လျှင် ဝန်ထုပ်ကိုထမ်းဆောင်ယူငင်းခြင်းမည်သနည်း၊ ဘဝသစ်၌ ခန္ဓာဝန်ကိုအသစ် တဖန်ပြန်လည်ဖြစ်စေတတ်သော နှစ်သက်စွဲလန်းမှုနှင့်တကွ ဖြစ်သောထိုထိုဖြစ်ရာအာရုံတို့ကို နှစ်သက်တတ်သော .....

(၁) ကာမအာရုံတို့၌ တပ်မက်နှစ်သက်သော'ကာမတဏှာ'
(၂) သဿတဒိဋ္ဌိ အယူနှင့်တကွဖြစ်သော 'ဘဝတဏှာ'
(၃) ဥစ္ဆေဒဒိဋ္ဌိ အယူနှင့်တကွဖြစ်သော 'ဝိဘဝတဏှာ'

ဤ (တဏှာ) သုံးပါး(လောဘ)တရားသည် ဝန်ထုပ်ကိုထမ်းဆောင်ယူငင်ခြင်းမည်၏"

ဤ (ဒုက္ခသစ္စာ) ခန္ဓာဝန်ကိုတဘဝမှ တဘဝသို့ထမ်းပိုးသယ်ဆောင်သွားရမှုသည် 'တဏှာ' ၏ကိစ္စပင်ဖြစ်သည်။ (ကာမ) နှင့်ပတ်သက်၍ လိုချင်တပ်မက်မှု (တဏှာ) သည် ထို (ကာမ) ဝန်ထုပ်ကိုထမ်းယူ၏၊ (ဘဝ) နှင့်ပတ်သက်၍ လူဖြစ်ချင်မှု၊ နတ်ဖြစ်ချင်မှု (ဘဝတဏှာ) သည် ထိုဖြစ်ချင်မှု (တဏှာ) နှင့် ထိုထိုဘဝတို့၏ ဝန်ထုပ်ကို (ဘဝတဏှာ) ကထမ်းယူ၏၊ ဘဝပြတ်မှုနှင့် ပတ်သက်၍ ဖြစ်သော (ဝိဘဝတဏှာ) သည် ၎င်းနှင့်ပတ်သက်သော ဝန်ထုပ်ကို

ထမ်းယူ၏၊ ဝန်ထုတ်ဟူသော (ဒုက္ခခန္ဓာငါးပါး) ကို ပုဂ္ဂိုလ်သတ္တဝါဟူသော ဝန်ထမ်းသမားသည် (တဏှာအမျိုးမျိုး) နှင့်ထမ်း၍ သံသရာကို လှည့်လေသည်။

(ကတမဥ္စ ဘိက္ခဝေ ဘာရနိက္ခေပနံ။လ။ မုတ္တိအနာလယော)

"ချစ်သားတို့ အဘယ်တရားသည်လျှင် (ခန္ဓာငါးပါး) ဟူသော ဒုက္ခဝန်ထုပ်ကို ပစ်ချရာမည်သနည်း။ ထိုဝန်ထုပ်ကိုထမ်းခြင်းဟုဆိုအပ်သောလိုချင်တပ်မက်သည့် (တဏှာ)၏သာလျှင် ---

(၁) အကြွင်းမဲ့ ကင်းပြတ်ချုပ်ငြိမ်းခြင်း၊

(၂) အကြွင်း စွန့်လွှတ်ခြင်း၊

(၃) အကြွင် မကပ်ငြိခြင်း၊

(၄) အကြွင် လွတ်ခြင်း၊

(၅) အကြွင် မတွယ်တာခြင်းသည် ဝန်ထုပ်ကိုပစ်ချရာ'နိဗ္ဗာန်' ပင်တည်း" ဟုဟောတော်မူသည်။

(ဒုက္ခသစ္စာ) ဖြစ်သော (ခန္ဓာငါးပါး) ဝန်ထုပ်ကိုထမ်းပိုး၍ သံသရာတခွင် လှည့်လည်သွားလာနေသော သံသရာခရီးသည် ပုထုဇ္ဇန်သည် (နိဗ္ဗာန်) သွားရာလမ်းကိုမြင်တတ်သော (သစ္စာမျက်စိ) ကို (အဝိဇ္ဇာ) သည်ပိတ်လျက် ခန္ဓာဒုက္ခဝန်ထုပ်ကိုလည်း ဖြေမကြည့်ဝံ့ပဲ တစ်ဘဝမှတစ်ဘဝသို့ (တဏှာ) တင်ပေးချက်နှင့် ထမ်းလာရာ

ဘုရားသာသနာနှင့် ကြုံသောအခါတွင် မြတ်စွာဘုရားတည်းဟူသော ဘုရားရတနာက -

ဤဝန်ထုပ်ကို ဖြေကြည့်လော့ဟုဆိုပြီး (သစ္စာမျက်စိ) ပညာမျက်စိကိုဖွင့်ပေးသဖြင့် ဝန်ထုပ်ကို ဖြေကြည့်ရာတွင် ဆင်းရဲဒုက္ခတွေနှင့်သာပြည့်လျှက် လိုချင်နှစ်သက်ဖွယ် ဘာမျှမရှိသော 'မစင်ထုပ်' ဖြစ်နေသည်ကို မြင်ရမှ ထိုဝန်ထုပ်ကိုတွယ်တာမှု ကင်းစွာနှင့် စွန့်လွှတ်ခြင်း၊ မကပ်ငြိတော့ခြင်း၊ ပြန်လှည့်၍ မကြည့်ချင်အောင် စွန့်ခွာခြင်း စသည်ဖြင့် ဒုက္ခဝန်ကင်းရာ (နိဗ္ဗာန်) ချမ်းသာကိုရခြင်းသည် ဒုက္ခဝန်ထုပ်ကို စွန့်ပစ်ခြင်းပင် ဖြစ်သည်ဟူလို။ ထို့ကြောင့် မြတ်စွာဘုရားသည် ----

"ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော၊ ဘာရာဒါနံဒုခံလောကေ၊ ဘာရနိက္ခေပနံ သုခံ။ နိက္ခိပိတွာ ဂရုံဘာရံ၊ အညံ ဘာရံအနာဒိယ၊ သမူလံ တဏှာမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော"

"ဘိက္ခဝေ ချစ်သားတို့၊ လောကေ=လောက၌ ဟဝေ=စင်စစ် ပဉ္စက္ခန္ဓာ=ခန္ဓာငါးပါးတို့သည် ဘာရာ=လေးလံလှစွာထမ်းဆောင်ရသောဝန်ထုပ်မည်ကုန်၏။ ပုဂ္ဂလော=မည်သူမည်ဝါ (သညာ)ခေါ်ဆိုပုဂ္ဂိုလ်သတ္တဝါသည် ဘာရဟောရောစ=(ခန္ဓာငါးပါး)တည်းဟူသောဝန်ထုပ်ကိုထမ်းဆောင်သူ မည်သည်လည်းဟောတိဖြစ်၏။ ဒုခံ=ရုပ်

နာမ်နှစ်ဖြာ (ခန္ဓာငါးပါး)တို့၏အသစ်ဖန် ပြန်လည်ဖြစ်ရခြင်း ဆင်းရဲသည်၊ ဘာရာဒါန်=ခန္ဓာဝန်ကိုယူခြင်းမည်၏၊ သုခံရုပ်နာမ် ခပ်သိမ်းကင်းငြိမ်းရာမှန် (နိဗ္ဗာန်) ဟူသောချမ်းသာသည် ဘာရနိက္ခေပနံ = ခန္ဓာဝန်ထုပ်ကိုချထားခြင်းမည်၏။

ဂရုံ=လေးလံလှစွာသော၊ ဘာရံ=(ခန္ဓာငါးပါး)တည်းဟူသော ဝန်ထုပ်ကို နိက္ခိပိတွာ=ချထား၍၊ အညံ=တပါးသော ဘာရံ=ဘဝသစ်၌ ဖြစ်ရလတ္တံ့သော (ခန္ဓာငါးပါး) တည်းဟူသော ဝန်ထုပ်ကို အနာဒိယ= မယူမူ၍ သမူလ=အဝိဇ္ဇာဟူသော သံသရာဝဋ်မြစ်နှင့်တကွသော တဏှာ=လိုချင်မှုတဏှာကို အဗ္ဗုယှ=အရဟတ္တမဂ်ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်နိုင်ပစ်၍ နိစ္ဆာတော=တဏှာကင်းသည်ဖြစ်၍ ပရိနိဗ္ဗုတော= ခန္ဓာဝန်ဇာတ်သိမ်း၍ အေးငြိမ်းရလေသတည်း။

(ဤကား ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၂၁) ဘာရသုတ်ကို သင့်လျော် အောင်ဘာသာပြန်ချက်တည်း)

## အဘယ်ကြောင့်ဒုက္ခသစ္စာဖြစ်သနည်း

အကြင်တရားသဘောသည် လက္ခဏာ ၄ချက်အနက် ၄ပါး နှင့်ပြည့်စုံ၏။ ထိုသဘောတရားသည် (ဒုက္ခသစ္စာ) ဖြစ်လေသည်။ အဘယ်သို့သောလက္ခဏာ၊ အနက်တို့နည်းဟူမူ -----

ဒုက္ခသစ္စာဟူသော (ရုပ်နာမ်)၂ပါးအပေါင်းသည် ----

၁။ 'ပိဠနဋ္ဌ' = ရုပ်နာမ်ခန္ဓာရသော၊ အမြဲမပြတ်ပူးကပ်ရှိသော၊ ဖြစ်သောသတ္တဝါကို နှိပ်စက်တတ် နှိပ်စက်အပ်၊ နှိပ်စက်ခြင်းဟူသော 'ပိဠနဋ္ဌ' အနက်သဘောသည် (ဒုက္ခသစ္စာ)၏ မူလပင်ရင်းအနက် သဘောပင်ဖြစ်၏။

၂။ 'သင်္ခတဋ္ဌ' = အကြောင်းတရား၄ပါးတို့သည် အညီအညွတ်ပေါင်း၍ ပြုပြင်တတ်၊ ပြုပြင်အပ်၊ ပြုပြင်ခြင်းဟူသော 'သင်္ခတဋ္ဌ' အနက်သဘောသည် (ဒုက္ခသစ္စာ)၏ မူလပင်ရင်းအနက်သဘောပင်ဖြစ်၏။

၃။ 'သန္တာပဋ္ဌ' = ကိလေသာမီးပွားစီးမှုကြောင့် ပူပန်စေတတ်၊ ပူပန်စေအပ် ပူပန်ခြင်းဟူသော 'သန္တာပဋ္ဌ'အနက်သဘောသည် (ဒုက္ခသစ္စာ)၏ မူလပင်ရင်းအနက်သဘောပင်ဖြစ်၏။

၄။ 'ဝိပရိဏာမဋ္ဌ' = ရင့်ခြင်းဇရာ၊ ပျက်ဆုံးခြင်း မရဏာဟူသော ၂ပါးသော အပြားတို့ဖြင့် ဖောက်ပြန်တတ်သော 'ဝိပရိဏာမဋ္ဌ' အနက်သဘောသည် (ဒုက္ခသစ္စာ)၏မူလပင်ရင်းအနက် သဘောပင်ဖြစ်၏။

ဤသို့လျှင် (ဒုက္ခသစ္စာ) ဟူသော (ရုပ်နာမ်) တရား ၂ပါး၏ (ဒုက္ခသစ္စာ) ၏အနက်သဘောဖြစ်ကုန်သော ဤ၄ပါးတို့သည် ---

‘တထာ’ = မှန်ကန်ကုန်၏၊

‘အဝိတထာ’ = မချွတ်မယွင်းကုန်၊

‘အနညထာ’ = နှိပ်စက်တတ်၊ နှိပ်စက်အပ်၊ နှိပ်စက်ခြင်းဟူသော ‘ပိဠနဋ္ဌ’ သဘောမှတပါး မနှိပ်စက်တတ် မနှိပ်စက်အပ် မနှိပ်စက်ခြင်းဟူသော သဘောမှကင်းကုန်၏။

ဤ (ခန္ဓာ၅ပါး) ရုပ်နာမ်တရားတို့ ရလာဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် နှိပ်စက်တတ်သောသဘော၊ ပူပန်စိုးရိမ်ကြောင့်ကြရသောသဘော၊ အိုနာသေရေး ဒုက္ခဘေးဟုဆိုအပ်သော သဘောတို့သည် အမြဲတစေကပ်၍ မပြတ်နှိပ်စက်တတ်ရကား ဤရုပ်နာမ်ခန္ဓာရခြင်း (ဇာတိ) သည်ဆင်းရဲအစစ်အမှန် ဖြစ်လေသည်။ ထိုသဘောတို့၏အမှန်အတိုင်း ဖြစ်ရှိနေသည်ကို အမှန်အကန်သိနေမှုကား ‘အရိယာသစ္စဉာဏ်’ ဖြစ်လေသတည်း။ ထို့ကြောင့် မြတ်စွာဘုရားသည်

“က္ကဒံခေါပနဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ” ဟုဟောတော်မူလေသည်။

ဤ(ရုပ်နာမ်ခန္ဓာ)သည် ကြက်ဥ၊ ငှက်ဥများကဲ့သို့မခိုင်မမြဲချေ၊ အရေပါးတို့ဖြင့် ဖွဲ့ယှက်ထားသဖြင့် လုံခြုံမှုမရ၊ နာကျင်ခြင်းဖြင့် အမြဲတစေ အနှိပ်စက်ခံနေရ၏။ အရေပါးများသည် ဥများလောက်မျှ အမာခံမရှိသဖြင့် ခြင်၊ ယင်၊ ပိုးမွှားများပင် သွေးစုပ်၍ရ၏။ ဤကဲ့သို့ ဆင်းရဲ ဖြစ်နေသော ခန္ဓာကိုယ်ကိုရနေပါလျှက် ခဏလေးပင်ဖြစ်စေ ငါအနာကင်းသည် ငါရောဂါကင်းနေသည် ဟု ထင်မှတ်ပြောဆိုနေသူသည် ပညာမဲ့သောသူတို့ ပြောခြင်း ထင်ခြင်းသာဖြစ်သည်၊ ပညာဉာဏ်ရှိသူသည် ဤသို့မထင် ဤသို့မမြင် ဤခန္ဓာ၏အမှန်ဆင်းရဲသည့် (ဒုက္ခသစ္စာ) သာဖြစ်သည်။ ဤကား “ဒုက္ခသစ္စာ” ရှင်းလင်းချက် ဖြစ်၏။

## သမုဒယသစ္စာရှင်းလင်းချက်

“သမုဒယသစ္စာ - ဤတဏှာ” = “ကတမံခေါ ပနဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြာတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ”

ချစ်သားတို့ အကြင် (လောဘတဏှာ) သည် တဖန်ဘဝ အသစ်ကိုဖြစ်စေတတ်သော အလေ့ရှိ၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းသဘောရှိ၏။ ထိုထိုဘဝ ထိုထိုအာရုံ၌ အလွန်နှစ်သက်တတ်၏။ ထိုထိုလျှင်မှု (တဏှာ) ဟူသည်အဘယ်နည်းဟုမူ ----

(၁) ရူပါရုံစသော (အာရုံငါးပါး) ဝတ္ထုကာမကို နှစ်သက်တတ်သော 'ကာမတဏှာ'

(၂) သဿတဒိဋ္ဌိနှင့်တကွဖြစ်သော 'ဘဝတဏှာ'

(၃) ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော 'ဝိဘဝတဏှာ' အားဖြင့် ၃ပါး အပြားရှိသော ဤ (တဏှာ) တရားသည်ဆင်းရဲခြင်းဖြစ်၏။ အကြောင်းရင်း ဖြစ်သော အရိယာတို့သိအပ်သော အမှန်တရား (သစ္စာ) မည်၏"

'အဓိပ္ပာယ်ရှင်းချက်' အမှန်တရား-(သစ္စာ) လေးပါးရှိရာတွင် (မဂ္ဂသစ္စာ)သည် (အလုပ်သစ္စာ) ဖြစ်၍တရား အလုပ်အားထုတ်သော ယောဂီတို့အတွက် အရေးကြီးပေသည်။ (ဒုက္ခသစ္စာ) (သမုဒယသစ္စာ)နှင့် (နိရောဓသစ္စာ)မှာ ပိုင်းခြားသိရမည့်(သစ္စာ) ပယ်ရမည့်(သစ္စာ)နှင့် မျက်မှောက်ပြုရမည့်(သစ္စာ)များဖြစ်ကြ၍ အလုပ်ခရီးရောက်သည် နှင့်အမျှကိစ္စပြီးနိုင်ရကား ဤနေရာတွင် (အလုပ်တရား) ကို ဦးတည်ထားသော ရည်ရွယ်ချက်ဖြင့်(သမုဒယ) နှင့်(နိရောဓ)တို့ကို အလွန်ကျယ်ပြန့်စွာ မဖော်ပြတော့ဘဲ သိသာရုံမျှဖော်ပြပေအံ့)

ဤ (သမုဒယသစ္စာ) ကို မြတ်စွာဘုရား ဟောကြားညွှန်ပြရာ၌ 'သမုဒယ' ဟူသည် 'လောဘ' စေတသိက်ကိုပင် အရာဌာနကိုလိုက်၍ (လောဘ) ဟူ၍လည်းကောင်း၊ (တဏှာ) ဟူ၍လည်းကောင်း (ဥပါဒါန်)ဟူ၍လည်းကောင်း၊ (ရာဂ) ဟူ၍လည်းကောင်း ပရိယာယ်

အမျိုးမျိုးနှင့် ဟောဝော်မူသည်။ စင်စစ်မှာမူ ဝတ္ထုအာရုံတို့၌ ခုံတမင်မင်၊ ခင်တများများ တပ်မက်နှစ်သက်ခြင်းရှိသော (လောဘ စေတသိက်) တစ်ခုတည်းသာတည်း။

ထို (လောဘ)သည် (သမုဒယ)=အကြောင်းရင်း၊ (သစ္စာ)= ဟုတ်မှန်၏ အကြောင်းရင်းအမှန်ဖြစ်၏ဟုဆိုလိုပေသည်၊ အဘယ်၏ အကြောင်းရင်းဖြစ်သနည်း (ဒုက္ခ) ဆင်းရဲ၏ အကြောင်းရင်းဖြစ် သောကြောင့် (ဒုက္ခသမုဒယသစ္စာ) ဟု ဘုရားဟောတော်မူသည်။ ဆိုလိုရင်းအတိအကျမှာ (ဒုက္ခသမုဒယသစ္စာ) ဆင်းရဲဖြစ်ကြောင်း အမှန်) ဖြစ်လေသည်။

(ဒုက္ခ)ဆင်းရဲဖြစ်စေရန် စီမံပြုလုပ်ဖန်တီးသမျှ အားလုံး တို့သည် (သမုဒယသစ္စာ) ချည်းတည်း၊ ထို့ကြောင့်

(တဏှာ ဒုက္ခဿ မူလံ)

"လိုချင်တပ်မက်မှု (သမုဒယ) တဏှာသည်ဆင်းရဲ၏၊ အကြောင်းရင်းတည်း" ဟူ၍လည်းကောင်း ----

(ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယနိဒါနံ)

"ချစ်သားတို့ဆင်းရဲအမှန်ဖြစ်ခြင်းရခြင်းသည် ဖြစ်ကြောင်း (သမုဒယ)လျှင် အရင်းခံရှိ၏"ဟူ၍လည်းကောင်း ဟောကြားတော်မူ လေသည်။

(ဒုက္ခသစ္စာ) ဖွဲ့ဆိုရာတွင် ဖော်ပြ ခဲ့ပြီးသော (ခန္ဓာငါးပါး) ရုပ်နာမ်တရားဟူသော အကျိုးတရားတို့၏ ဘဝအသစ်၌ တဖန်ဖြစ်စေရန်အတွက် အကြောင်းရင်းဧကန်စင်စစ် ဟုတ်မှန်သောကြောင့် (သမုဒယသစ္စာ) သည်ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်ဟုမှတ်သားအပ်၏။ ထိုစကားမှန်လှ၏။ (လောဘ)သည်သတ္တဝါ အနန္တတို့၌ မိမိဖြစ်နေရသောဘဝမှ ခန္ဓာပြတ်ကြွေ သေလွန်ခဲ့သော် ဒုတိယအကြိမ် (ခန္ဓာငါးပါး) ဟူသော အိမ်ကိုအသစ်တဖန် ပြန်လည် ဖြစ်စေတတ်သော အလေ့ဖြစ်သောကြောင့် "ပေါနောဗ္ဘဝိကာ" ဟူ၍ ဟောတော်မူသည်၊ ထိုအခါ ပျက်စီးခဲ့ပြီးသော ခန္ဓာအိမ်ကိုအတိတ် ဘဝအတိတ်ခန္ဓာဟုခေါ်၍ မိမိဖြစ်နေဆဲ ရနေဆဲသောလက်ရှိဘဝခန္ဓာကို (ပစ္စုပ္ပန်ခန္ဓာ) ဟုခေါ်ပြန်သည်၊ ဤဘဝ ဤခန္ဓာပြတ်၍ နောက်ထပ်ရလတ္တံ့ ဖြစ်လတ္တံ့သော ဘဝခန္ဓာကိုအနာဂတ်ဘဝ အနာဂတ်ခန္ဓာဟုခေါ်ပြန်သည်။

ဤသို့အားဖြင့် ပစ္စုပ္ပန်ဘဝခန္ဓာ လက်ရှိဖြစ်သော ပုထုဇ္ဇန်သတ္တဝါတို့သည် အနာဂတ်ဘဝ၌ ခန္ဓာငါးပါးရလတ္တံ့၊ ဖြစ်လတ္တံ့သည်ကိုမျှော်လင့်ကြပြန်၏။ ထိုအခါ၌ လိုချင်မှု ရချင်မှု (လောဘ) သည် ကုသိုလ်ကံ၌လည်းကောင်း၊ အကုသိုလ်ကံ၌လည်းကောင်း ယှဉ်မှီးဆက်သွယ်၍ ထိုကံအား လွှမ်းမိုးအုပ်စိုးလျက် လမ်းပြသော အနေဖြင့် (ကံ) ဖြစ်ကြောင်း (သင်္ခါရ) မှုတို့ကိုပြုစေ၏။ ထိုအခါ၌

ထို (ကံ)သည် 'ကမ္မဝဋ်' အကြောင်းဖြစ်၍ (ခန္ဓာ) ဟူသော 'ဝိပါကဝဋ်' ဘဝ (ဇာတ်) အသစ်သည်ဖြစ်ပေါ်လာ၏။ ဤသို့ဖြစ်ပုံဖြစ်နည်းကိုပင် 'ပေါနောဗ္ဘဝိကာ' ဘဝအသစ်ကိုတဖန်ဖြစ်စေတတ်သော အလေ့ရှိ၏ဟု ပြောဆိုရ၏။

(အာရုံငါးပါး) ကာမဂုဏ်တရားတို့၌ သာယာခင်မင်နှစ်သက်မြတ်နိုးတတ်သော (တဏှာ) လောဘသည် နောင်ဘဝအသစ်ကိုဖန်တီးနိုင်သောအင်အားဖြစ်၏။ ဘဝအသစ်တစ်ခုကိုမျှော်လင့်ရာ၌ ရူပါရုံအားဖြင့်လည်းကောင်း၊ သဒ္ဒါရုံအားဖြင့်သော်လည်းကောင်း၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗရုံအားဖြင့်သော်လည်းကောင်း တစ်ခုခုသောအာရုံနှင့် တွေ့ထိ၍စိတ်ကြိုက်ဖြစ်လာလျှင် ထိုအာရုံတို့ကို စွဲလန်းချက်နှင့်တကွ 'ကိလေသဝဋ်' ဖြစ်ကာ 'ကမ္မဘဝ၊ သင်္ခါရ' ဟုဆိုအပ်သော (ပဋိစ္စသမုပ္ပါဒ်) သဘောသို့သက်ရောက်လျှင် 'ကမ္မဝဋ်' ကိုမဖြစ်မနေပြုလုပ်လေသည်။ ထို (ကမ္မဝဋ်) ပြုလုပ်ချက်သည် (ဝိပါကဝဋ်) ရုပ်နာမ် (ဇာတိ) ဖြစ်မှု ဘဝသစ်ပေါ်ရတော့သည်ဖြစ်ရာ ဘဝအသစ်ဖြစ်အောင် ဖန်တီးမှုရလာဒ်သည် ထိုထို (အာရုံငါးပါး) ကာမဂုဏ်တရားတို့ကို ခင်မင်နှစ်သက်တတ်သည့် (တဏှာသမုဒယ) ပင်ဖြစ်လေသည်။

'နန္ဒီရာဂသဟဂတာနှင့် တတြတတြာဘိနန္ဒိနီ' ဟူသော ၂ပုဒ်မှာလည်း (လောဘတဏှာ)သာဖြစ်၍ (အာရုံငါးပါး)ကာမဂုဏ်

တရားတို့ကို အမျိုးမျိုးအဖုံဖုံ နှစ်သက်တွယ်တာမှုကိုပြသည်။ စင်စစ်မှာမူ 'ပေါနောဗ္ဘဝိကာ' ဟူသော နောင်အခါ ဘဝအသစ်တခုခုကို ဖြစ်စေရန် အကူအညီပေးသောသဘောများပင် ဖြစ်လေသည်။

## တဏှာသုံးမျိုးရှင်းလင်းချက်

ထို (သမုဒယသစ္စာ) ဟောသော (လောဘတဏှာ) သည် အဘယ်မျှအပြားရှိပါသနည်းဆိုသော် ---

၁။ 'ကာမတဏှာ'

၂။ 'ဘဝတဏှာ'

၃။ 'ဝိဘဝတဏှာ'

ဟူ၍ ၃မျိုးရှိလေသည်။ ထို ၃မျိုးတွင် ----

၁။ **ကာမတဏှာ** ဆိုသည်ကား (ရူပါရုံ) (အဆင်း) (အသံ) (အနံ့) (အရသာ)(ထိတွေ့ရာ)အစရှိသော(ဝတ္ထုကာမ)တို့ကို (ကိလေသာကာမ)အားဖြင့် တပ်မက်နှစ်သက်သော (တဏှာ)ပင်ဖြစ်၏။ ထို(တဏှာ)သည် --

(၁) ရူပတဏှာ = အဆင်းဟူသော ရူပါရုံ၌တပ်မက်နှစ်သက်ခြင်း၊

(၂) သဒ္ဒတဏှာ = အသံဟူသော သဒ္ဒါရုံ၌ တပ်မက်နှစ်သက်ခြင်း၊

(၃) ဂန္ဓတဏှာ = အနံ့ဟူသော ဂန္ဓာရုံ၌ တပ်မက်နှစ်သက်ခြင်း၊

(၄) ရသတဏှာ = အရသာဟူသောရသာရုံ၌တပ်မက်နှစ်သက်ခြင်း၊
(၅) ဖောဋ္ဌဗ္ဗတဏှာ= အတွေ့အထိဟူသော ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်နှစ်သက်ခြင်း၊
(၆) ဓမ္မတဏှာ = (အာရုံငါးပါး)မှ ကြွင်းသော (ဓမ္မာရုံ)၌ တပ်မက်နှစ်သက်ခြင်းဟူ၍ (၆)ပါးရှိလေသည်။

၁။ **ကာမတဏှာ** = ထို ၆ပါးသောဝတ္ထုတို့ကို (ကိလေသာကာမ) အားဖြင့် သာယာခင်မင် နှစ်သက်တွယ်တာခြင်းသည် (ကာမတဏှာ) ဖြစ်လေသည်။ ထို (ကိလေသာတဏှာ) သည်စင်စစ်ရုပ်နာမ် (ဒုက္ခသစ္စာ) အကျိုး (ဝိပါကဝဋ်) ကိုဖန်တည်းနိုင်ရကား ဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ) ဖြစ်လေသည်။

၂။ **ဘဝတဏှာ** = ဆိုသည်ကား (သဿဒိဋ္ဌိ) နှင့်တကွဖြစ်သော (တဏှာ) တည်း၊ ထို (သဿတဒိဋ္ဌိ) ခေါင်းဆောင်သော (တဏှာ) သည် ဤရုပ်နာမ်ခန္ဓာအား မြဲ၏ခိုင်၏ တည်တံ့၏ မပျက်စီးနိုင်၊ မပြိုကွဲနိုင်ဟုအယူရှိ၍ ဤဘဝမှာလည်း ခိုင်မြဲအောင်ပြုလုပ်သည်၊ တမလွန် နောင်ဘဝအတွက်လည်း လူ၊ နတ်၊ ဗြဟ္မာ စသည်သည် ခိုင်မြဲသည်ဟု အထင်အမှတ်ရှိ၍ ထိုထိုဘဝတို့သို့ ရရာရောက်ရာ ပြုလုပ်မှုကံကို အားကိုးတကြီးဖြင့် ကြိုးပမ်းသည်၊ ဘဝပြတ်ကြောင်း သံသရာပြတ်ကြောင်း တရားမျိုးကို မနာလို မကြားလို စိတ်တွင် မထားလိုမစွဲမြဲလိုပဲ ဘဝထဲတွင်နစ်၍ ဤဘဝ၌ဖြစ်သော မိမိသည်

ပင်နောင်ဘဝအသစ်တစ်ခုခုတွင် မိမိပင်သွားဖြစ်ရမည်ဟု စွဲမြဲလျက် မိမိနှင့်ကံကိုတဆက်တည်း တတွဲတည်းပြု၍လည်းကောင်း၊ ကံပြုလုပ်သောမိမိနှင့် နောင်ဘဝအကျိုးရမည့် မိမိသည် တစ်ဦးတစ်ယောက်တည်းပြု၍လည်းကောင်း ကြိုးစားဆောင်ရွက်မှု မှန်သမျှသည် (သဿတဒိဋ္ဌိ) ခေါင်းဆောင်သော (ဘဝတဏှာ) ဖြစ်လေသည်။

၃။ **ဝိဘဝတဏှာ** = ဆိုသည်ကား (ဥစ္ဆေဒဒိဋ္ဌိ)အယူနှင့်တကွသော (တဏှာ) တည်း၊ ထို (ဥစ္ဆေဒဒိဋ္ဌိ) ခေါင်းဆောင်သော (တဏှာ) သည် (ရုပ်နာမ်ခန္ဓာ) တို့ကား သေလျှင်မြေကြီးဖြစ်သည်၊ ပြီးသည်၊ ပြတ်တောက်သည်၊ ဖြစ်ပေါ်မှုမရှိ ဖြစ်ပေါ်မှုကို မလိုချင်၊ ထိုမလိုချင်ခြင်း၊ မဖြစ်ချင်ခြင်း ပြတ်တောက်ခြင်းကို လိုချင်သော (လောဘတဏှာ) သည် (ဥစ္ဆေဒဒိဋ္ဌိ) ခေါင်းဆောင်သော (ဝိဘဝတဏှာ) ဖြစ်လေသည် ။

ဖော်ပြပါ (လိုချင်မှု)၊ (ရချင်မှု)၊ (ဖြစ်ချင်မှု)တဏှာ ၃ပါးသည် (လိုချင် ရချင် ဖြစ်ချင်) တတ်သောသဘောဖြစ်အောင် ဖန်တီးမည့် သဘောအဖြစ်ဟူသော (ဒုက္ခ)ကိုနည်းအထွေထွေနှင့်ရချင် လိုချင်ဖြစ်ချင်သော (ဒုက္ခဖြစ်ကြောင်း)တရားများဖြစ်၍ (သမုဒယသစ္စာ) ခေါ်လေသည်။ ထိုဖြစ်ကြောင်းသည် (ဒုက္ခဆင်းရဲဖြစ်ကြောင်း) မှန်သောကြောင့် (ဒုက္ခသမုဒယသစ္စာ) ဟုဘုရားရှင်ဟောတော်မူပါသည်။

## "အဘယ်ကြောင့် 'သမုဒယသစ္စာ' ဖြစ်သနည်း"

(သမုဒယသစ္စာ)တရားသဘောသည် လက္ခဏာ၄ပါးအနက် ၄ချက်နှင့် ပြည့်စုံ၏။ ထိုတရားသဘောသည် 'သမုဒယသစ္စာ' ဖြစ်လေသည်၊ အဘယ်လက္ခဏာအနက် သဘောတို့နည်းဟုမူ ---

(၁) အာယူဟနဋ္ဌ = (ဒုက္ခသစ္စာ) ဟူသော(ရုပ်နာမ်)တရား ၂ပါးကို ဖြစ်ပွားစေအောင် အားထုတ်ခြင်းအနက်သဘော၊

(၂) နိဒါနဋ္ဌ = ဒုက္ခသစ္စာဟူသော (ရုပ်နာမ်)တရား ၂ပါး၏ ဖြစ်ပွားပေါ်ပေါက်လာရန် အကြောင်းရင်းဟူသော အနက်သဘော၊

(၃) သံယောဂဋ္ဌ = ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟုဆိုအပ်သော ဝဋ်သုံးပါး၌ အမြဲယှဉ်ခြင်းအနက်သဘော၊

(၄) ပလိဗောဓဋ္ဌ = ဝဋ်သုံးပါးမှမလွတ်မြောက်စေသောငှာ နှောက်ယှက်ပိတ်ပင်ခြင်းအနက်သဘော၊

ဤသို့လျှင် (တဏှာလောဘ) ဟူသော (သမုဒယသစ္စာ) ၏အနက်သဘော၄ချက်တို့သာတည်း။

(ရူပသဒ္ဒ)အဆင်းအသံစသော (အာရုံငါးပါး)ကာမဂုဏ်တရားတို့၌ လိုချင်တပ်မက် နှစ်သက်စွဲလန်းခြင်းသဘောရှိသော (လောဘစေတသိက်)သည်(တဏှာ)ပင်တည်း၊ ထို(တဏှာ)သည်'ဒုက္ခ' ဟူသော(ရုပ်နာမ်)တရား၂ပါး၏လာမည့်ဘဝအသစ်၌ တဖန် ဖြစ်ပေါ်စေရန်အကြောင်းရင်းစင်စစ်ဖြစ်၏။ ဘုံသုံးပါးတွင်ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည် တစ်ဘဝမှတစ်ဘဝသို့ တစ်ဘုံမှတစ်ဘုံသို့ စုန်ဆန်လူးလာအထက်နှင့်အောက်တပြောင်းပြန်ပြန် ကျဉ်လည်ကြရန်အတွက် ဒုက္ခမျိုးစုံအဖုံဖုံကို အကုန်ဖြစ်စေရစေသောပင်ရင်းတရားသည် ထို(သတ္တဝါ)၏ပြုလုပ်အားထုတ်အပ်သော (သင်္ခါရ)မှုတစ်ခုခုကိုမပြုပြုအောင်၊ လုပ်အောင်၊ ထိုသတ္တဝါ၏လိုချင်မှု၊ ရချင်မှု နှစ်သက်စွဲလန်းမှု စသည်တို့နှင့်ဖြားယောင်း၍ ဒုက္ခဆင်းရဲမှုကို ပေးသည်ကား(ဘာရသုတ်)အရ လောဘတဏှာ(သမုဒယသစ္စာ) ပင်တည်း။

ထို(လောဘတဏှာ)သည် ရုပ်နာမ်ဒုက္ခသစ္စာဖြစ်စေသည် သာမက ဘေးဖြစ်ရာဘဝဘုံဌာနတွင်လည်း စိုးရိမ်မအေးပူဆွေးငိုကြွေးရခြင်းစသော မချမ်းသာဖွယ် အနိဋ္ဌာရုံ အသွယ်သွယ်သို့ လည်း တကယ်ပင်ရစေသေးသည့်အတွက် မြတ်စွာဘုရားသည်---

"တဏှာယဇာယတိသောကော၊ တဏှာယဇာယတိဘယံ၊
တဏှာယဝိပ္ပမုတ္တဿ၊ နတ္ထိသောကော ကုတောဘယံ၊"

ဟု(ဓမ္မပဒ)ပါဠိတော်အညတြဗြာဟ္မဏဝတ္ထု(၄၅)တွင်ဟောတော်မူသည်။

လိုချင်ရချင်မှု(တဏှာ)သည် စိုးရိမ်ပင်ပန်းခြင်းကိုဖြစ်စေ၏၊ ထိုလိုချင်ရချင်မှုကြောင့် ဘေးအတန်တန်ရန်အသွယ်သွယ်လည်းဖြစ်ရ၏၊ လိုချင်မှု ရချင်မှု ဖြစ်ချင်မှုမရှိသောသူအား (ဝါ) မလိုချင် မရချင် မဖြစ်ချင်သောသူအား စိုးရိမ်ပူဆွေးငိုကြွေးရခြင်းသည် မရှိတော့ပေ၊ ဘေးရန်အန္တရာယ်ဟူသည် အဘယ်မှာ ဖြစ်တော့မည်နည်း"

ထိုနည်းအတူ "တဏှာဝဂ်"တစ်ခုလုံးတွင်လည်း လိုချင်မှုကြောင့်ရအပ်သော ဆင်းရဲမျိုးစုံကို နည်းအထွေထွေနှင့်ဟောဖော်ထားသည်၊ ခန္ဓဝဂ္ဂ၊ သဠာယတနဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်များတွင်လည်း အများအပြားဟောထားတော်မူပါသည်။

ကျွန်ုပ်တို့သည်လွန်ခဲ့သောအတိတ်ဘဝမှ (တဏှာ)အဖော်ကြောင့်သာ ဤဘဝတွင်(သတ္တဝါ)တခုလာဖြစ်နေရ၏။ (ရုပ်နာမ်ဒုက္ခ) ရလာ၊ ဖြစ်လာရ၏။ လောကဒုက္ခပေါင်းစုံကို ရင်ဆိုင်ရ၏။ စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးရမှုအစုစုကိုလည်း ခံယူထားရ၏။ ကွဲဘေး မွဲဘေး နာဘေး သေဘေး အစရှိသောဘေးအသွယ်သွယ် အန္တရာယ်အဖုံဖုံတို့လည်း အကုန်ပင်စုပြုံ၍လက်ခံထားရ၏။ မသေ

မချင်းတာဝန်ယူထားရ၏။ သေပြီးနောက်လည်း နောက်ဆက်တွဲအဖြစ် ဆင်းရဲအနှစ်အသစ်ဖြစ်သော ဒုက္ခဝန်ထုပ်ကို ထပ်မံထမ်းပိုးရန်ရှာဖွေပြန်၏။ ကျွန်ုပ်တို့၏ (ဖြစ်ပုံဖြစ်ရပ်) သည်အလွန်ကြောက်မက်ဖွယ်ဖြစ်နေ၏။ အဘယ်ကြောင့် ဤမျှဆင်းရဲဒုက္ခကြီးကျယ်စွာရအောင် မည်သူမည်မျှကြိုးစားခဲ့သနည်းဟု ပြန်ကြည့်လျှင် အတိတ်ဟူသောလွန်ခဲ့သည့်ဘဝက (လိုချင်၊ ရချင်)ဖြစ်ချင်သော (တဏှာ)ကိုသာတွေ့ရမည်ဖြစ်၏။ (လိုချင်)သော (လောဘတဏှာ)မှာ (စေတသိက်) မျှသာဖြစ်၍ အားမကြီးလှပေ၊ သို့ရာတွင် ထို (တဏှာလောဘ) တင်ပေးလိုက်သော ဝန်ထုပ်ကားကြီးမားလှပါဘိ၊ ဆင်းရဲချည်းသက်သက် 'ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော' ပေတကား။

ဤသည်ကို မြတ်စွာဘုရားမြင်တော်မူသည်၊ သာမညလိုချင်မှုသည်ကြီးကျယ်သောဆင်းရဲကို ဖြစ်စေသည်ဟု သိတော်မူ မြင်တော်မူသောကြောင့် ဤ(သမုဒယတဏှာ)ကို "ပဟာတဗ္ဗ" ပယ်ရမည့်တရားမလိုချင်ရမည့်တရားဟုဟောတော်မူသည်။ ထိုရချင် လိုချင်မှု(တဏှာ)ကိုပယ်လိုက်သဖြင့် ရချင် လိုချင်သော (တဏှာ)မှလွတ်သော ပုဂ္ဂိုလ်များအတွက် ခန္ဓာသံသရာ ဒုက္ခနှင့်ပတ်သက်၍သော်လည်းကောင်း၊ လောက ဒုက္ခနှင့်ပတ်သက်၍သော်လည်းကောင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးငိုကြွေးခြင်းစသည့် အပူမျိုးဘေးအတန်တန်၊ ရန်အသွယ်သွယ်အန္တရာယ်ဘေးဆိုးအမျိုးမျိုးတို့ လုံးဝမရှိငြိမ်းလေဘိသည်ဟု ဟော

တော်မူခဲ့လေသည်။ အကယ်၍ယင်းလိုချင် ဖြစ်ချင်မှု (လောဘတဏှာ) ကို မဖြုတ်မပယ်နိုင်ခဲ့သော်-

'လောဘတဏှာ-ဝဋ်ဖြစ်ရာ' လောဘတဏှာဟူသော (သမုဒယ)သည် ဝဋ်သုံးပါးကိုဖြစ်စေတတ်သော 'ကံ'၏ဖြစ်ပေါ်လာခြင်းအကြောင်းရင်းဖြစ်ကြောင်း၊ ထိုလိုချင်မှုကြောင့် ပြုလုပ်အပ်သော(ကံ)ရှိနေသမျှ ဒုက္ခသံသရာဝဋ်မြစ်သာဖြစ်ကြောင်းကို -

"ယံ ဘိက္ခဝေ လောဘပကတံ ကမ္မံ လောဘဇံ
လောဘနိဒါနံ၊ လောဘသမုဒယံ ကံကမ္မံ အကုသလံ၊
တံ ကမ္မံသာဝဇ္ဇံ တံ ကမ္မံ ဒုက္ခဝိပါကံ၊ တံကမ္မံ ကမ္မ
သမုဒယာယ သံဝတ္တတိ၊ နတံကမ္မံ ကမ္မနိရောဓာယ
သံဝတ္တတိ"

(အင်္ဂုတ္တရပါဠိတော်-တိကနိပါတ်-ပဌမနိဒါနသုတ် ၂၆၆)

ချစ်သားတို့(လောဘတဏှာ)သာလျှင် အကြောင်းရင်းဖြစ်သော၊ (လောဘတဏှာ)သည် တိုက်တွန်းအပ်သော (လောဘတဏှာ) ရှိသူသည် ပြုလုပ်အပ်သောအမှုသည် မကောင်းသဖြင့် ပြုအပ်သောအမှု(အကုသိုလ်ကံ)မည်၏။ ထိုကံသည်အပြစ်နှင့်တကွဖြစ်၏။ ထို(လောဘ)သာလျှင် ဦးဆောင်ချက်နှင့် ပြုအပ်သော (ကံ)သည် ဆင်းရဲသော (ရုပ်နာမ်)အကျိုးကိုပေး၏။

ထိုမကောင်း(ကံ)သည် သံသရာဝဋ်တွင်တခုခုသော ဝဋ်သို့ ရောက်ကြောင်းဖြစ်သော (ကံ)၏နောက်ဆက်၍ ဒုက္ခတဖန်ဖြစ်အောင် ပြု၏။ ထို(လောဘတဏှာ)အကြောင်းခံ၍ ပြုအပ်သော မကောင်းမှု သည်(ကံ)အဆက်ဆက် ဝဋ်အဆက်ဆက်ကင်းပျောက်ချုပ်ငြိမ်းခြင်း ငှာမဖြစ်နိုင်ပေ" ဟုဟောတော်မူပေရာ (ဖဿ)ကြောင့် (စိတ်)တွင် ဖြစ်ပေါ်လာသော သာမည‌လိုချင်မှုကလေး တစ်ခုသည် သံသရာတွင် ဒုက္ခကြီးများနှင့် တွေ့နေရရုံတွင်သာမက ထိုသံသရာဘဝဝဋ်ဒုက္ခမှ လွတ်ခွင့်လည်း မရဟုဟောတော်မူရကား (သမုဒယသစ္စာ) ထို (တဏှာ)ကိုပယ်ခွာစွန့်ပစ်နိုင်ရန် အရေးကြီးပေသည်၊ ထို (သမုဒယ) ဟူသည် ---

(၁) ရုပ်နာမ်ဒုက္ခသစ္စာ ခန္ဓာရရန်အကြောင်းရင်းဖြစ် ခြင်း၊

(၂) ဝဋ်သုံးပါး၌ အမြဲယှဉ်ခြင်း၊

(၃) ဝဋ်သုံးပါးမှ မထွက်မြောက်စေခြင်းငှာတားဆီးပိတ်ပင် ခြင်း၊ နှောက်ယှက်ခြင်းဟူသော အနက်သဘောတို့ သည် လောဘ(တဏှာ) တရား၌ အမြဲအစွဲခွဲခွာ၍ မရစကောင်းသော သဘောလက္ခဏာတို့ဖြစ်နေ၏။

ထိုသို့ဖြစ်ပေါ်နေခြင်းကိုပင်(လောဘ)သည် "အာယူဟနဌ" (ရုပ်နာမ်ခန္ဓာ)အသစ်ဖြစ်ပေါ်စေရန်အားထုတ်ပြုလုပ်ခြင်းသဘော

ရှိ၏။ (ရုပ်နာမ်ခန္ဓာ)အသစ်ဖြစ်ပေါ်လာစေရန်အကြောင်းရင်းဖြစ်၏။ ထို့ကြောင့်ယင်းလောဘ(တဏှာ)ခေါ်သော (သမုဒယ)၏အပြစ်ကို မြင်၍ ထို(တဏှာသမုဒယ)မှလွတ်မြောက်ရန်အားထုတ်စေရန် မြတ်စွာဘုရားတိုက်တွန်းတော်မူပါသည်။

## နိရောဓသစ္စာရှင်းလင်းချက်

"နိရောဓခေါတ်-နိဗ္ဗာန်မြတ်'ကို ဟောကြားရာ၌ ဣဒံခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယောတဿာ ယေဝ တဏှာယ အ သေသဝိရာဂ နိရောဓော၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ မုတ္တိ၊ အနာလယော"

"ချစ်သားတို့ ထို(ကာမတဏှာ)အစရှိသည်ဖြင့် ဝေဖန်အပ်သော လောဘသာလျှင် အကြွင်းမဲ့တပ်ခြင်းကင်းရာချုပ်ရာဖြစ်သော (နိဗ္ဗာန်)သည်အကြင်စွန့်ရာဖြစ်သော (နိဗ္ဗာန်)သည် အကြင်လွတ်ရာဖြစ်သော (နိဗ္ဗာန်)သည် အကြင်ကပ်ငြိခြင်းကင်းရာဖြစ်သော (နိဗ္ဗာန်)သည်ထင်ရှားတိတိအမှန်ရှိ၏။ ထိုငါးပါးသောဂုဏ်ပုဒ်တို့ဖြင့် ထုတ်ဆောင်ညွှန်ပြအပ်သော (နိဗ္ဗာန်)ဟူသောတရားသဘောသည် (ခန္ဓာငါးပါးဒုက္ခ)၏ ချုပ်ရာဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် မှန်ကန်သည်ဟုသိအပ်သော 'ဒုက္ခနိရောဓသစ္စာ'မည်၏။"

(သမုဒယသစ္စာ)ဆင်းရဲခြင်းဖြစ်ကြောင်းအမှန်သည်

ဆင်းရဲခန္ဓာကိုယ်ရအောင်ဖန်တီးလိုက်သဖြင့် ၃၁ ဘုံသြကာသလောကဓါတ်တွင်ဆင်းရဲအမျိုးမျိုး ခန္ဓာကိုယ်အမျိုးမျိုးတို့နှင့်ဖြစ်၍နေကြရသည်။ သံသရာတွင် အဆင်းရဲကြီးဆင်းရဲနေကြရသည်။ ထိုဆင်းရဲတို့မဖြစ်အောင် ချုပ်အောင်လုပ်ရန်ကား ယင်းဆင်းရဲကို ဖြစ်အောင်၊ ရအောင်ပြုလုပ်အားထုတ်ခဲ့သော (သမုဒယသစ္စာ) ဤ (တဏှာလောဘ)ကို အကြွင်းအကျန်မရှိ ချုပ်အောင် ကင်းငြိမ်းအောင် ပြုလုပ်ခြင်း 'နိရောဓသစ္စာ' သာလျှင် အေးငြိမ်းကြောင်း၊ ဝဋ်ဆင်းရဲပြတ်ကြောင်းအမှန်တရားဟုဟောတော်မူသည်။

အဘယ်ကြောင့် (နိရောဓသစ္စာ)နိဗ္ဗာန်ဟူသည် ထို(ရုပ်နာမ်ခန္ဓာ)တို့ဖြစ်စေတတ်သော (သမုဒယသစ္စာတဏှာလောဘတို့)ကင်းရာ ချုပ်ငြိမ်းရာဖြစ်ပါသနည်းဆိုလျှင် ---

(၁) နိဿရဏဋ္ဌ = နိရောဓသစ္စာဟူသော (နိဗ္ဗာန်)သည် ဝဋ် ၃ ပါး ထွက်မြောက်ရာဖြစ်၍(ရုပ်နာမ်)တရားအသစ်ကို တဖန်မဖြစ်ခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

(၂) ဝိဝေကဋ္ဌ = နိရောဓသစ္စာဟူသော (နိဗ္ဗာန်)သည် ဝဋ် ၃ ပါးနှင့် မစပ်ယှဉ်သဖြင့် (ရုပ်နာမ်)တရားအသစ်ရခြင်းမှ ကင်းဆိတ်ခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

(၃) အသင်္ခတဋ္ဌ = နိရောဓသစ္စာဟူသော နိဗ္ဗာန်သည် ကံ၊ စိတ်၊

ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးတို့တွင် မည်သည့်အကြောင်းတရားတပါးပါးမှ မပြုပြင်ရသဖြင့် (ရုပ်နာမ်)တရားအသစ်ဖြစ်ပွားဖို့ရာ မပြုပြင်ရခြင်းကြောင့် ချုပ်ငြိမ်းရာဖြစ်၏။

(၄) **အမတဋ္ဌ** = နိရောဓသစ္စာဟူသော (နိဗ္ဗာန်)သည်အိုခြင်း၊ သေကြေပျက်စီးခြင်းဟူသော ဖောက်ပြန်တတ်သော (ရုပ်နာမ်) တရားတို့၏မရှိခြင်းကြောင့် အိုမှု၊ သေကြေပျက်စီးမှု မရှိခြင်း သဘောဖြင့်ချုပ်ငြိမ်းရာဖြစ်၏။

ဤသို့ပြဆိုခဲ့ပြီးသော (ဝဋ်သုံးပါး)မှ ကင်းဆိပ်ခြင်းအကြောင်း တရားတို့သည် မပြုပြင်အပ်ခြင်း၊ သေကြေပျက်စီးမှုမရှိခြင်းဟူသော ၃ ပါးသောအနက်သဘောတို့သည် အသခ်တဓါတ် (နိဗ္ဗာန်)ဟူသော တရားမြတ်၌ အမြဲအစွဲခွဲခွါ၍ မရစကောင်းသော သဘောရင်း လက္ခဏာတို့ဖြစ်၍ ထိုသို့ဖြစ်ခြင်းကိုပင် (နိဗ္ဗာန်)ဓါတ်သည် (နိဿရဏဋ္ဌ) ဝဋ်၃ပါးမှထွက်မြောက်ရာဖြစ်၏။ (ဒုက္ခနိရောဓ)ရုပ် နာမ်တရားဟူသော ဒုက္ခ၏ချုပ်ရာဖြစ်၏။ ထို (နိရောဓသစ္စာ)ဟူ သော (နိဗ္ဗာန်) သည် -----

(၁) ယောတဿာယေဝတဏှာယ စသောပါဠိတော်အရ ထို(ကာမ တဏှာ) စသည်ဖြင့် ဝေဖန်အပ်သော (လောဘ)၏သာလျှင် အကြင်အကြွင်းမဲ့တပ်ခြင်းကင်းရာချုပ်ရာဖြစ်သော(နိဗ္ဗာန်)

သည် ထင်ရှားတိတိအမှန်ရှိ၏။

(၂) စာဂေါ ဟူသောပါဠိတော်အရ ထို (ကာမတဏှာ) စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏သာလျှင် အကြွင်းစွန့်ရာဖြစ်သော (နိဗ္ဗာန်)သည် ထင်ရှားကေန်ရှိသည်မှန်၏။

(၃) ပဋိနိဿဂ္ဂေါ ဟူသော ပါဠိတော်အရ ထို(ကာမတဏှာ) စသည် ဖြင့် ဝေဖန်အပ်သော (လောဘ)၏သာလျှင် အကြွင်းဝေးရာ စွန့်ရာဖြစ်သော (နိဗ္ဗာန်) သည် ထင်ရှားစင်စစ်ရှိသည်ဖြစ်၏။

(၄) မုတ္တိ ဟူသော ပါဠိတော်အရ ထို (ကာမတဏှာ) စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏သာလျှင် အကြွင်းလွတ်ရာဖြစ်သော (နိဗ္ဗာန်) သည် တကယ်တိတိအမှန်ရှိ၏။

(၅) အနာလယော ဟူသောပါဠိတော်အရ ထို (ကာမတဏှာ) စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏သာလျှင် အကြွင် ကပ်ငြိခြင်းကင်းရာဖြစ်သော (နိဗ္ဗာန်) သည် ထင်ရှားကေန် ရှိသည်မှန်၏။

အကြွင်တရားသဘောသည် အထက်ကပြခဲ့သော အနက် လေးပါးနှင့်ပြည့်စုံ၏၊ ထိုတရားသဘောသည် (နိရောဓသစ္စာ) ဆင်းရဲ ခပ်သိမ်းကင်းငြိမ်းရာ ကေန်စင်စစ်မှန်၏။ ထို့ကြောင့် တေဘူမက ဟူသော (သင်္ခါရဝဋ်) တွင်းမှလွတ်ကင်းရာဖြစ်သည့် (အသင်္ခတ)

ဟူသော ဤ(နိဗ္ဗာန်) (နိရောဓသစ္စာ) တရားသည် အမှန်လေးချက် အနက် လေးပါးတို့နှင့်ပြည့်စုံသည်ဖြစ်ရကား (နိရောဓသစ္စာ) ဒုက္ခ ခပ်သိမ်းချုပ်ပြတ်ငြိမ်းရာ (နိဗ္ဗာန်) ဟူသော (လောကုတ္တရာဓမ္မ) အစစ်ပေတည်း။

(နိဗ္ဗာန်) ဟူသည် 'ကိလေသနိဗ္ဗာန် ခန္ဓနိဗ္ဗာန်' ဟူ၍ ၂မျိုး ရှိရာတွင် (ကိလေသာ) အညစ်အကြေးကို ချုပ်ငြိမ်း၍ နောက်ထပ် တဖန်ပြန်မပေါ်ပဲ နှုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ချုပ်ငြိမ်းရပ်သိမ်း ခြင်းသည် ကိလေသာနိဗ္ဗာန်မည်၏။ (ဥပသမာယ) မည်၏။ ထို (ကိလေသာ)တို့ အားလုံးချုပ်ငြိမ်းပြီးသော (ရဟန္တာ)ပုဂ္ဂိုလ်အား ပရိ နိဗ္ဗာန်ပြုမှသာလျှင် (ခန္ဓနိဗ္ဗာန်) ဖြစ်သည့် (အနုပါဒိသေသနိဗ္ဗာန) ဓာတ်ဖြစ်သွားပါသည်။ ပရိနိဗ္ဗာန်ပြုပြီးနောက် ရစရာ ရောက်စရာ တည်ရာမှီရာ ဘုံတစ်ခုခုမျှမရှိတော့ပဲ ၃၁ဘုံ ဒုက္ခသံသရာထဲတွင် မျိုးပြတ်၍ စာရင်းပျောက်သွားသည်ကို (ခန္ဓပရိနိဗ္ဗာန်)ဟုခေါ်သည်။ (သဉပါဒိသေသနိဗ္ဗာန်) ခေါ်သည့် (ကိလေသာနိဗ္ဗာန်)သည် မျက်မှောက်ပစ္စက္ခတွင် (ကိလေသာ) ဟူသော ရာဂ ဒေါသ မောဟ အပူအလောင်တို့ ကင်းဝေးနေသော အရိယာတို့သည်သာလျှင် အရိယာတို့၏ (မဂ်)အားလျော်စွာ ရအပ်သော(ဖိုလ်)ဖြင့် အာရုံပြုရာ (ကိလေသာ) မဖြစ်ရာသဉပါဒိသေသ (နိဗ္ဗာန်) ကိုရနိုင်ပါသည်။

(နိဗ္ဗာန်) ဟူသော စကားလုံးကို မြတ်စွာဘုရား၏အလိုအရ

ဟောကြားပုံကိုကြည့်လျှင် သေပြီးမှရယူအပ်သော သဘောလုံးဝမပါ ရှိပေ၊ (နိဗ္ဗာန)ဟူသောပုဒ်သည်ပင်လျှင် အေးငြိမ်းခြင်းသဘော တနည်း (မဖြစ်ငြိမ်း) (မဖြစ်ဆဲသေး) သဘောတရား (ပရမတ်) သာ ဖြစ်၍ (အရိယာ)ဖြစ်သော ပုဂ္ဂိုလ်တို့မသေမီ ကိလေသာအပူမီးတို့ အေးငြိမ်းပြီးဖြစ်သောကြောင့် ချမ်းသာ၏။ ပရိနိဗ္ဗာန်ပြုလျှင် ကိလေသာတို့ခိုအောင်းရာ ဒုက္ခသစ္စာ ခန္ဓာအိမ်ပါချုပ်ဆုံးကွယ် ပျောက်သွားသောကြောင့် အလုံးစုံချမ်းသာသွားသည်၊ ဆင်းရဲအမှန် ဟုသတ်မှတ်ထားသော (ဒုက္ခခန္ဓာ) ပျက်စီးချုပ်ပျောက်ခြင်းသည် ဒုက္ခ ဇာတ်သိမ်းသွားခြင်းဖြစ်၍ နောင်တဖန် ဤဒုက္ခအိမ်မျိုး ပြန်မဖြစ် တော့ရကား ဒုက္ခမရှိတော့၍ ဒုက္ခငြိမ်းခြင်းကို ချမ်းသာသည်ဟု ဆိုသည် ။ သေပျောက်ပြီးမှ ရရာ၊ ရောက်ရာ ခံစားရာ (နိဗ္ဗာန်)ကား လုံးဝမရှိဟူ၍ မှတ်ရန်ဖြစ်ပါသည်။

ရှေးဦးစွာ ဥပသမာယ အားဖြင့် (ရာဂ ဒေါသ မောဟ) တို့ ငြိမ်း၍ (ကိလေသာ) အပူဘေးတို့ကင်းဝေးသော (နိဗ္ဗာန်) ကိုရသည်။ ထို (အရိယာ)ကိုယ်၏ (မဂ်) က ပယ်လိုက်သော (ကိလေသာ)သည် နောက်ထပ်တဖန် မည်သို့မျှ ဒုက္ခမပေးနိုင်တော့ပေ၊ သက်ဆိုင်ရာ (မဂ်) ၏သတ်ဖြတ်ခြင်းကိုခံရသော (ကိလေသာ) သည် ထို (အရိယာ) အားနောက်ထပ် အပူအလောင်မဖြစ်စေနိုင်တော့သဖြင့် ထိုအပူတို့ မရှိရကား အေးသည်ငြိမ်းသည် မပူရတော့သည့်အတွက် ၎င်းကို (သဉပါဒိသေသ) နိဗ္ဗာန်ဟုခေါ်သည်။ ထိုအပူဘေးကင်းဝေးရန်

ပူပန်စေတတ် နှိပ်စက်တတ်သော ထို (ကိလေသာ)တို့ တဆင့်ထက် တဆင့်သတ်ဖြတ်ဖျက်ဆီးနိုင်သူသည် (အသခ်တ)သဘော ဖြစ် ကြောင်း ပြုပြင်လုပ်ဆောင်ခြင်းမရှိပဲ အေးငြိမ်းကြောင်း ဟောတော် မူပါသည်။

ဤ (နိရောဓသစ္စာ) ဟောရာအခန်း၌ 'ဒုက္ခနိရောဓံ' 'အရိယသစ္စံ' ဟုအပြည့်အစုံဟောထားလေသည်။ ဤသဘောတရား သည် 'ဒုက္ခ' ဟူသောပုဒ်အရ ဘုံသုံးပါး၌ဖြစ်သော (ခန္ဓာငါးပါး) ရုပ် နာမ်တရားသည် (ဒုက္ခ) ဆင်းရဲဖြစ်၍ 'နိရောဓ' ဟူသောပုဒ်အရ ထို (ခန္ဓာဒုက္ခ) သံသရာဒုက္ခချုပ်ငြိမ်းကြောင်းကို ပြလေသည်။ 'အရိယသစ္စ' ဟူသောပုဒ်အရ ထိုနိရောဓအမည်ရသော ဆင်းရဲချုပ် ရာ (နိဗ္ဗာန်) ကိုအရိယာဖြစ်သော ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်အရ သိအပ်မြင်အပ်သော အမှန်တရားဖြစ်၍ ထို (နိဗ္ဗာန်) ကိုမျက်မှောက် ပြုသော အရိယာတို့သည် (ဒုက္ခသစ္စာ) ဆင်းရဲအမှန် ဤရုပ်နာမ် လည်း ချုပ်ငြိမ်းလျက် ထိုဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ) လောဘ (တဏှာ) လည်း ဆက်၍မဖြစ်သောအချိန်တွင် (မဂ္ဂသစ္စာ) ဘာဝနာ ပွားလျက်သိအပ်သော (ဒုက္ခနိရောဓသစ္စာ) နိဗ္ဗာန်ပင်တည်း။

မြတ်စွာဘုရား၏ ဒုက္ခနိရောဓဟူသော ဆိုလိုရင်းသဘော သည် 'ယောတဿယေဝ' စသောပုဒ်အရ (ခန္ဓာငါးပါး)အကျိုး (ရုပ်နာမ်) သဘောတွေကိုဖြစ်သော (တဏှာ)၊ ထို (တဏှာ) နှင့် ထို

(တဏှာ)အကြောင်း (သမုဒယ)ကြောင့်ဖြစ်ရသော အကျိုး(ရုပ်နာမ်) ဒုက္ခများချုပ်ရာသည် (ဒုက္ခနိရောဓ) ဒုက္ခ = ဒုက္ခ (ဆင်းရဲခြင်း) နိရောဓ=ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သာဖြစ်ပါသည်။

## 'မဂ္ဂသစ္စာရှင်းလင်းချက်'

(မဂ္ဂသစ္စာ)ရှစ်ပါးသော (အလယ်လမ်း) ကိုဟောရာမှာ = "ဣဒံခေါပနဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌဂိကော မဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ" ဟူ၍ ဟောပါသည်။

အိုပဉ္စဝဂ္ဂီတို့ ဒုက္ခချုပ်ရာ၊ ရောက်ရာမြတ်သော ဤ (အလယ်လမ်း)ကြောင်းသည်သာလျှင် (အင်္ဂါရှစ်ပါး)နှင့်ပြည့်စုံ၏။ ဤ (အင်္ဂါရှစ်ပါး)ဖြစ်သော (မဂ္ဂင်ရှစ်ပါး) အကျင့်တရားဟူသည် အဘယ်နည်းဟူမူ ---

(၁) မှန်သော(မြင်မှု) (သမ္မာဒိဋ္ဌိ)

(၂) မှန်သောကြံစည်မှု(စိတ်မှု) (သမ္မာသင်္ကပ္ပ)

(၃) မှန်သော(နှုတ်မှု) (သမ္မာဝါစါ)

(၄) မှန်သော(ကိုယ်မှု) (သမ္မာကမ္မန္တ)

(၅) မှန်သော(အသက်မွေးမှု) (သမ္မာအာဇီဝ)

(၆) မှန်သော(အားထုတ်မှု) (သမ္မာဝါယမ)

(၇) မှန်သော(အောက်မေ့မှု) (ဂရုစိုက်မှု) သတိ (သမ္မာသတိ)

(၈) မှန်သော(တည်ငြိမ်မှု) (စိတ်ငြိမ်မှု) (သမ္မာသမာဓိ)

ဤ (မဂ္ဂင်ရှစ်ပါး) အကျင့်တရားသည် ဆင်းရဲ (ဒုက္ခ)၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း လမ်းစဉ်အကျင့်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် (ဉာဏ်) ဖြင့်သိအပ် မြင်အပ်သော (ဒုက္ခ နိရောဓဂါမိနိပဋိပဒါ) ဟူသောအမှန်တရားဖြစ်ပါသည်။

ဤ (မဂ္ဂသစ္စာ) ဟူသောအကျင့်တရားသည် ဗုဒ္ဓသာသနာ တစ်ရပ်လုံးတွင် အရေးကြီးသော ကျင့်စဉ်လမ်းကြီးဖြစ်ပါသည်။ ဓမ္မက္ခန္ဓာတော် ရှစ်သောင်းလေးထောင်တွင် ဗုဒ္ဓမြတ်စွာသာသနာ တစ်ရပ်လုံး၏ အသဲနှလုံးနှင့်တူသော အကျင့်လမ်းသည် ဤ (မဂ္ဂင် ရှစ်ပါး)မှလွဲ၍ အခြားမရှိချေ၊ ထိုကျင့်စဉ်လမ်းမှန်ပါမှ ဗုဒ္ဓသာသနာ၏ ရည်မှန်းချက် (နိဗ္ဗာန်) ကိုမျက်မှောက်ပြုနိုင်မည်၊ ထိုလုပ်ငန်း (မဂ္ဂင်) လမ်းချော်လမ်းလွဲနေရာမကျပါက လိုအပ်သောကိစ္စ မပြီးစီးနိုင်ချေ။

"သမ္မာဒိဋ္ဌိ" = 'မှန်သောမြင်မှု' = အမှန်မြင်မှုဟူသည် အမှန်ကို အမှန် အတိုင်းမြင်မှုပင်ဖြစ်သည်။

"ကတမာစ ဘိက္ခဝေသမ္မာဒိဋ္ဌိ၊ ယံခေါဘိက္ခဝေ ဒုက္ခေဉာဏံ ဒုက္ခ သမုဒယေဉာဏံ၊ ဒုက္ခနိရောဓေဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိ

ပဒါယဉာဏံ အယံဝုစ္စတိဘိက္ခဝေ သမ္မာဒိဋ္ဌိ"

(မဟာဝဂ္ဂပါဠိတော်မဂ္ဂသစ္စာ နိဒ္ဒေသ-၂၄၉)

"ချစ်သားတို့ အဘယ်မည်သောတရားသည် (တနည်း) အဘယ်ကဲ့သို့မြင်သောအမြင်သည် အမှန်ကိုမြင်ခြင်းဖြစ်သနည်း ----

(၁) ဒုက္ခသစ္စာဟူသော ဆင်းရဲအမှန်ကို 'ဆင်းရဲအမှန်' ဟုပိုင်းခြားထင်ထင်သိမြင်ခြင်းသည်လည်းကောင်း၊

(၂) ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို 'ဆင်းရဲဖြစ်ကြောင်းအမှန်' ဟုပိုင်းခြားထင်ထင် သိမြင်ခြင်းသည်လည်းကောင်း၊

(၃) ဒုက္ခချုပ်ရာနိရောဓသစ္စာကို 'ဆင်းရဲချုပ်ရာအမှန်' ဟုပိုင်းခြားထင်ထင်သိမြင်ခြင်းသည်လည်းကောင်း၊

(၄) ဒုက္ခချုပ်ကြောင်းလမ်းကောင်းအမှန် (မဂ္ဂသစ္စာ) ကိုဆင်းရဲချုပ်ကြောင်းအမှန်" ဟုပိုင်းခြားထင်ထင် သိမြင်ခြင်းသည်လည်းကောင်း၊

ယင်းသို့ (သစ္စာလေးပါး)အမှန်တရားတို့ကို အမှန်အတိုင်းပိုင်းခြားထင်ထင် သိမြင်တတ်သော ဉာဏ်ပညာကို (သမ္မာဒိဋ္ဌိ)မှန်သောမြင်မှု (တနည်း)အမှန်ကိုအမှန်အတိုင်းမြင်မှုဟုခေါ်ဆိုအပ်၏။

'သမ္မာသင်္ကပ္ပ - မှန်သောကြံစည်မှု = မှန်သော ကြံစည်မှုဟူသည် အဘယ်နည်း

"ကတမောစ ဘိက္ခဝေ သမ္မာသင်္ကပ္ပော နေက္ခမ္မ

သင်္ကပ္ပော၊ အဗျာပါဒသင်္ကပ္ပော၊ အဝိဟိံသာသင်္ကပ္ပော၊

အယံဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပော”

(မဟာဝဂ္ဂ-၂၄၉)

“ချစ်သားတို့ အဘယ်မည်သောတရားသည်(အဘယ်ကဲ့သို့ကြံသောအကြံသည်)မှန်သောကြံစည်မှုဖြစ်သနည်းဟူမူ---

(၁) ကာမ၏အလိုဆန္ဒကိုကြံစည်ခြင်းမဟုတ်ပဲ ထို(ကာမ)မှ ထွက်မြောက်ရန်ကြံသော ဝိတက်သည်၎င်း၊

(၂) (ဒေါသ)မှထွက်မြောက်ရန်ကြံစည်ခြင်း ဝိတက်သည်၎င်း၊

(၃) ညှင်းဆဲခြင်းမှထွက်မြောက်ရန်ကြံစည်ခြင်း ဝိတက်သည်၎င်း၊

ယင်းကဲ့သို့ ထွက်မြောက်ရာကိုကြံစည်ခြင်းသုံးပါးကို (သမ္မာသင်္ကပ္ပ)မှန်သော ကြံစည်မှုဟုခေါ်ဆိုအပ်၏။ ထိုသမ္မာသင်္ကပ္ပသည်လည်း (သမ္မဒိဋ္ဌိ)နှင့် တွဲဖက်တာဝန်ယူရသော (ပညာမဂ္ဂင်)ဖြစ်၍ (ရုပ်နာမ်)တရားတို့၏ (ဒုက္ခသစ္စာ)ကို (သမ္မာဒိဋ္ဌိ)အနေနှင့် မြင်အောင်ရှုရာသည်။

ချစ်သားတို့ သင်တို့သည် (သမ္မသင်္ကပ္ပ)ကြံစည်လိုကြကုန်သော် ဤကား (ဒုက္ခသစ္စာ)ဆင်းရဲအမှန်တည်း၊ ဤကား (သမုဒယသစ္စာ) ဆင်းရဲဖြစ်ကြောင်းအမှန်တည်း၊ ဤကား (နိရောဓသစ္စာ)ဆင်းရဲချုပ်ရာတည်း၊ ဤကား (မဂ္ဂသစ္စာ)ဆင်းရဲချုပ်ကြောင်းတည်း ‘ဟုကြံစည်ကြကုန်ရာသည်၊ အဘယ်ကြောင့်နည်းဟူမူ ဤကဲ့သို့

ကြံစည်မှုတို့သည် သင်ချစ်သားတို့အား အကျိုးစီးပွားနှင့် စပ်ကုန်၏။ (မဂ်)သို့ရောက်ကြောင်း ကောင်းမြတ်သောအကျင့်လည်းဖြစ်၏။ ငြီးငွေ့ရန် တပ်မက်ကင်းရန် ချုပ်ငြိမ်းရန် (တဏှာ)မှထွက်မြောက်ရန် ကိလေသာမီး၊ ခန္ဓာမီးငြိမ်းရန်ဖြစ်၏။ ထို့ကြောင့် ဤသို့သာ ကြံစည်ကြကုန်ရာ၏' ဟုဟောတော်မူသည်။

ထို (ကြံစည်မှု)ဝိတက်သည် 'ကာမ ဗျာပါဒ ဝိဟိံ' သဟူသော အကုသိုလ်တို့မှ ထွက်မြောက်ရာ(သစ္စာ)သိမြင်မှုအတွက် ပရမတ္ထ သဘာဝဟူသော အမှန်ကိုသာ အမှန်အတိုင်းသိမြင်နိုင်မှုအတွက် (သမာဓိဋ္ဌိ)ကို အကူအညီပေးသောကြံစည်မှု(သမ္မာသင်္ကပ္ပ)ဖြစ်သော ကြောင့် 'ပညာက္ခန္ဓ' ပညာမဂ္ဂင် ၂ လုံးဟူ၍ ခေါ်ဆိုရလေသည်။

'သမ္မာဝါစာ' = မှန်သောနှုတ်အမှု = 'မှန်သောနှုတ်အမှုဟူသည် အဘယ်နည်း' 'ကတမာစ ဘိက္ခဝေ သမ္မဝါစာ မုသာဝါဒါ ဝေရံမဏီ၊ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဖရုသာယ ဝါစာယ ဝေရမဏီ၊ သမ္ဖပ္ပလာပါဝေရမဏီ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မဝါစာ"

(မဟာဝဂ္ဂ-၂၅၀)

"ချစ်သားတို့အဘယ်မည်သောတရားသည် (တနည်း) အဘယ်ကဲ့သို့သော(နှုတ်မှု)မျိုးသည်မှန်သောနှုတ်မှုဖြစ်ပါသနည်းဟုမူ-

(၁) မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
(၂) ချောပစ်ဂုံးတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြည်ခြင်း
(၃) ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင် ကြဉ်ခြင်း
(၄) ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

ယင်းကဲ့သို့အသက်မွေးခြင်း၊ အကြောင်းမရှိပဲ ပြောဆိုအပ်သော (ဝစီဒုစရိုက်)လေးပါးမှ ရှောင်ကြဉ်၍ပြောဆိုခြင်းကို (သမ္မာဝါစာ) ကောင်းသော မှန်သောနှုတ်မှုဟုခေါ်ဆိုအပ်၏"

(ဤ ဝစီကံနှုတ်မှု)သည် (မဂ္ဂင်)ထိုက်သောသီလက္ခန္ဓတွင် ပါဝင်နေသဖြင့် (မဂ္ဂင်)အလုပ်ကိုအားထုတ်သော ယောဂီတို့သည် အပြောအဆိုအထူးသတိထားအပ်လေသည်။ ကမ္မဋ္ဌာန်းခွင်သို့ အလုပ်ဝင်သော ယောဂီတို့အတွက် တရားအစစ်ဆေးခံသောအခါမှ လွဲ၍ လုံးဝစကားမပြောလျှင်ကောင်းသည်။ မြတ်စွာဘုရားသည်လည်း 'နဘဿာရာမတာ' ဟုပညတ်ချက်ထားသည့်အတိုင်း ဤနှုတ်မှု စောင့်ထိမ်းအပ်သော (ဝစီကံသီလ)သည် တရားအားထုတ်ဆဲတွင် အထူးစောင့်စည်းအပ်သည်။ စကားပြောမှုသည်အပြင် အာရုံသို့သာ ရောက်သွားလေသောကြောင့်ဖြစ်သည်။ (မဂ်)သို့ရောက်မှသာလျှင် သီလကိစ္စလုံးခြုံမှုစိတ်ချရလေသည်။

'သမ္မာကမ္မန္တ' = မှန်သောကိုယ်အမှု = မှန်သောကိုယ်အမှုဟူသည် အဘယ်နည်း။ "ကတမောစ ဘိက္ခဝေ သမ္မာကမ္မန္တော၊

ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာဝေရမဏီ၊
ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ အယံဝုစ္စတိ
ဘိက္ခဝေ သမ္မာကမ္မန္တော

(မဟာဝဂ္ဂ-၂၅၀)

'ချစ်သားတို့ အဘယ်မည်သောတရားသည်(တနည်း) အဘယ်ကဲ့သို့သော ကိုယ်အမှုသည် မှန်သောကိုယ်အမှုဖြစ်ပါသနည်း ဟူမူ---

(၁) သတ္တဝါ၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း
(၂) ပိုင်ရှင်ကမပေးအပ်သော ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း
(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း

ယင်းကဲ့သို့ အသက်မွေးခြင်းလျှင်အကြောင်းမရှိဘဲ ပြုလုပ်အပ်သော ကာယဒုစရိုက်၃ပါးမှ ရှောင်ကြဉ်၍ ပြုလုပ်ခြင်းကို (သမ္မာကမ္မန္တ)မှန်သောကိုယ်အမှုဟုခေါ်ဆိုအပ်၏

ထို(ကာယ)ဖြင့် ပြုလုပ်အပ်သော ကိုယ်အမှုသည်လည်း သမ္မာဝါစာကဲ့သို့ပင် သီလက္ခန္ဓသီလအစုထဲပါဝင်လေသောကြောင့် အထူးစောင့်ထိမ်းအပ်သော သီလပင်ဖြစ်လေသည်။

**'သမ္မာအာဇီဝ'** = မှန်သောအသက်မွေးမှု = မှန်သောအသက်မွေးမှု ဟူသည် အဘယ်နည်း

'ကတမောစ ဘိက္ခဝေ သမ္မာအာဇီဝေါ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော၊ မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ'

(မဟာဝဂ္ဂ-၂၅၀)

'ချစ်သားတို့ အဘယ်မည်သောတရားသည်(တနည်း) အဘယ်ကဲ့သို့သော အသက်မွေးမှုသည် မှန်သောအသက်မွေးမှု ဖြစ်ပါသနည်းဟူမူ ဤငါဘုရား၏ အဆုံးမသာသနာတော်၌မြတ်သော အရိယာ၏တပည့်သည် ဝစီဒုစရိုက် (၄)ပါး၊ ကာယဒုစရိုက်(၃)ပါး ဟူသော ဒုစရိုက် (၇)ပါးအကုသိုလ်တရားတို့ဖြင့် အသက်မွေးခြင်းကို မပြုမူ၍ ထိုတရားတို့ကို ရှောင်ကြဉ်၍ အသက်မွေးခြင်းကို (သမ္မာအာဇီဝ)မှန်သော အသက်မွေးခြင်းဟုခေါ်ဆိုအပ်၏'

(သီလမဂ္ဂင် ၃ ပါး)တွင် သမ္မာဝါစာမဂ္ဂင်၌ ဝစီဒုစရိုက် (၄)ပါးကို ရှောင်ကြဉ်၍ သမ္မာကမ္မန္တမဂ္ဂင်၌ ကာယဒုစရိုက် (၃)ပါးကို ရှောင်ကြဉ်ခြင်းဖြင့် ဒုစရိုက် (၇)ပါးကို ရှောင်ကြဉ်ထားပြီးသော မြတ်သောအရိယာတပည့်သည် ထိုဒုစရိုက် (၇)ပါးနှင့် အသက်မွေးမှု မပြုပဲ ရှောင်ကြဉ်လိုက်လျှင် 'သမ္မာအာဇီဝမဂ္ဂင်ပါ' ရသွားသော ကြောင့် မဂ္ဂင်အားဖြင့် (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ) သီလမဂ္ဂင်ပြည့်စုံသည်နှင့်သိက္ခာပုဒ်အားဖြင့် သမ္မာအာဇီဝအပါအဝင် (၈)ပါးပြရကား ထိုသီလကို 'အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်၍

အာဇီဝဋ္ဌမကသီလ' ဟုခေါ်သည်။ ၎င်းအာဇီဝဋ္ဌမကသီလသည် (မဂ္ဂင်)ပါသော (သီလ)ဖြစ်သောကြောင့် (မဂ္ဂင်)အလုပ်အားထုတ်သူ တိုင်း မပျက်မကွက်စောင့်ထိမ်းအပ်၏။

ဝစီဒုစရိုက် (၄)ပါး၊ ကာယဒုစရိုက် (၃)ပါး၊ ထို (၇)ပါးသော ဒုစရိုက်မှုများကိုပယ်၍ ရှောင်၍ (ကာယဝစီ)နှင့်ပတ်သက်သောသုစရိုက်ကိုဖြည့်မှသာလျှင် အာဇီဝဋ္ဌမကသီလကိုပြည့်စုံအောင် စောင့်ထိမ်းသည်မည်၏။ ထို(၇)ပါးမှ မထိမ်းလျှင် အာဇီဝဋ္ဌမကသီလ မဟုတ်ပေ။

ထို့ကြောင့် (မဂ္ဂင်ရှစ်ပါး)ပွားများအပ်သော တရားတို့တွင် ဤသီလမဂ္ဂင် (၃)ပါးသည် (ခန္ဓာရုပ်နာမ်)တို့၏ သဘာဝကို မရှုနိုင်သေးမီ (ကာယကံ၊ ဝစီကံ)တို့ကို စောင့်ရှောက်ထိမ်းသိမ်းလျက် စင်ကြယ်စွာထားအပ်သော (မဂ္ဂင်)တို့ဖြစ်သောကြောင့် (သီလက္ခန္ဓ) အစုဝင်တို့ဟူ၍ ခေါ်ဆိုအပ်၏။

"သမ္မာဝါယာမ" = မှန်သောအားထုတ်မှု - မှန်သောအားထုတ်မှုဟူသည် အဘယ်နည်း။

"ကတမောစ ဘိက္ခဝေ သမ္မာဝါယာမော ။ လ ။
အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော"

(မဟာဝဂ္ဂ-၂၅၀)

"ချစ်သားတို့ အဘယ်တရားသည်(တနည်း) အဘယ်ကဲ့သို့သော အားထုတ်လုံ့လရှိပါမှ မှန်ကန်သော အားထုတ်မှုဖြစ်ပါသနည်းဟူမူ--- ဤငါဘုရားသာသနာ၌ အကြင်ပုဂ္ဂိုလ်သည် ---

(၁) မဖြစ်ကုန်သေးသော ဆိုးသွမ်းညစ်ညမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သောတရားတို့ကို မဖြစ်ခြင်းငှာရင်း၊

(၂) ဖြစ်ကုန်ပြီးသော ဆိုးသွမ်းညစ်ညမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သောတရားတို့ကို ပယ်ဖျောက်ခြင်းငှာရင်း၊

(၃) မဖြစ်ကုန်သေးသော ကုသိုလ်ကောင်းမှုဖြစ်သည့်တရားတို့ကို ဖြစ်ပွားစေခြင်းငှာရင်း၊

(၄) ဖြစ်ပြီးကုန်သော ကုသိုလ်ကောင်းမှုဖြစ်သည့်တရားတို့ကို အရှည်တည်တံ့စေခြင်းငှာ အလွန်ဖြစ်ပွားစေခြင်းငှာ အလိုဆန္ဒကိုဖြစ်စေ၏။ လုံ့လကိုပြု၏။ အားထုတ်၏(စိတ်)ချီးမြှောက်၏၊ စိတ်ကိုဆောက်တည်၏။

လုံ့လကိုပြုခြင်း၊ အလိုဆန္ဒကိုဖြစ်စေခြင်း၊ စိတ်ကိုချီးမြှောက်ဆောက်တည်ခြင်းတို့ကို ပြုတတ် အားထုတ်တတ်သော လုံ့လဝီရိယသည် (သမ္မာဝါယာမ)မှန်သော အားထုတ်မှုဖြစ်၏။

(ဉာဏ်ပညာ)နှင့်သိအောင်ကြည့်ရာ - ရှုရာ၌ ဉာဏ်အား

ပညာအားရှိရန် 'သမ္မဝါယာမ' ဟူသော (လုံ့လဝီရိယ)အားသည် အထူးလိုအပ်လေသည်။ မိမိတို့၏ (စိတ်)သည် (အာရုံ)ဖြစ်သော (ခန္ဓာ) ပေါ်တွင် ဉာဏ်ပညာ၏ ရှုမြင်မှုအားရှိစေရန် လုံ့လပြုသော 'သမ္မဝါယာမ မဂ္ဂင်'သည်ရင်း၏ကိစ္စကို ဆောင်ရွက်ရမည့်တာဝန်သာ ရှိသည်။

သမ္မပ္ပဓာန် (လုံ့လဝီရိယ)ကိုပြရာ၌ ၄-ပါး ညွှန်ပြလေသည်။ 'ငါသည်ဤအလုပ်အထမြောက်အောင် မြင်ပါမှ သံသရာဘဝအနန္တ ကပါလာသော အကုသိုလ်တို့ကိုလည်းအကျိုးပေးခွင့်မရအောင် (မဂ်) ကသတ်ပေးမည်။ မပြုလုပ်ရသေးသော အကုသိုလ်အမှုတို့ကိုလည်း မပြုဖြစ်အောင် မဂ်ကတားဆီးမည်၊ မရဘူးသေးသော လောကုတ္တရာ မဂ် ကုသိုလ်ထူးကိုလည်းရမည်၊ ရပြီး ပြုပြီးသော ဝဋ္ဋ၊ ဝိဝဋ္ဋစသည့် ကုသိုလ်မျိုးကိုလည်း (လောကုတ္တရာမဂ်)ကပွားများစေမည်။ သို့ အတွက် ငါသည် ဤအလုပ်အထမြောက်အောင်မြင်မှ သံသရာတွင် သက်သာ ရာရမည် ဖြစ်သောကြောင့် ခန္ဓာရုပ်နာမ်၏ သဘောများ များမြင် အောင်ရှုမည်"ဟူ၍ သမ္မာဝါယာမက ခန္ဓာသံသရာ၏အပြစ် ကို ကြောက်သောကြောင့် ရှုဉာဏ်သမ္မာဒိဋ္ဌိကို သံသရာပြတ်အောင် ရှုနိုင်ဖို့ တိုက်တွန်းအားပေးသော 'မဂ္ဂင်'သဘောသာဖြစ်ပါသည်။ အရှုခံရမည့် အနတ္တဖြစ်သော (ရုပ်နာမ်)နှင့်မဆိုင်ချေ။

ငါသည်ဘေးငါးမျိုးတို့တွင် တမျိုးမျိုးနှင့် ကြုံခြင်းကြောင့်၊

ငါ့အားသေခြင်းသည်ဖြစ်ရာ၏။ တရားမရသေးသောငါ၏ ပုထုဇ္ဇန် အဖြစ်နှင့် သေရခြင်းသည် နတ်ပြည်သော်၎င်း၊ မင်္ဂ၏သော်၎င်း၊ တားသောအန္တရာယ်သည်ဖြစ်ရာ၏။ ယခုအခါ၌ ငါသည်မရောက် သေးသည့်မဂ်ဖိုလ်ကို မျက်မှောက်ပြုရန် လုံ့လဝီရိယထား၍အားထုတ် တော့အံ့’ ဟုလာမည့်ကျရောက်မည့်ဘေးကိုမြင်စေရန်ပြ၍ ဤလိုစိတ် ထားဖြင့် ရှုဉာဏ်ကိုအားတင်းပေးရန်ဟောတော်မူထား၏။ ယခု ငါသည် ငယ်ရွယ်စဉ်မအိုမီ မနာမီ မသေမီ မဂ်ဖိုလ်ရအောင်၊ ရောက် အောင် မျက်မှောက်ပြုနိုင်အောင် ငါသည် မမေ့ မလျော့မပေါ့မဆဘဲ လုံ့လဝီရိယပြင်းစွာထား၍ အားထုတ်တော့အံ့’ ဟူသော မှန်သော အားထုတ်မှုကိုဆိုလိုသည်။

**‘သမ္မာသတိ’ = မှန်သောအောက်မေ့ - ဂရုစိုက်မှု (သတိ) - ဟူသည်** ‘သမ္မာ’ အမှန်ဖြစ်သော ပရမတ္တဓမ္မ၌ ‘သတိ’ အောက်မေ့ခြင်း အဖန် တလဲလဲနှလုံးသွင်းခြင်း ဂရုစိုက်ခြင်းသည် (မဂ္ဂင်)ဝင်သော ‘သမ္မာသတိ’ ဖြစ်လေသည်။ ‘သမ္မာဉာဏ’ဉာဏ်ပညာနှင့် ရှုရသည် မှန်၏။ ရှေးဦးစွာ ‘သတိ’ အခြေမခံသောအခါ ပညာသည် ရှေးဦးစွာ ရှုရမည့် (ပရမတ်)ရုပ်နာမ်ကို သိမှတ်ထားခြင်း မရှိလျှင်ကောင်းစွာ မရှုနိုင်ပေ။

မြတ်စွာဘုရား၏အဆုံးအမ(သာသနာ)တော်သည် မမေ့ အပ်သော အောက်မေ့အပ်သော ဂရုစိုက်အပ်သော အာရုံကိုသိခြင်း၊

အာရုံ၌တည်ခြင်း 'သတိ'ကို အရင်းခံထား၍ အမှန်အကန် (ပရမတ်) ဖြစ်သော (ရုပ်နာမ်)အမှန်သိခြင်းဟူသည့် 'ပညာ' ဉာဏ်သမ္ဘဇဉ်နှင့် တွဲစပ်ထားသော (သာသနာ)ဖြစ် လေသည်။ (သတိ)အားဖြင့် (ဉာဏ် ပညာ)နှင့်ရှုရလေသည်။

**"သမ္မာသမာဓိ - မှန်သောစိတ်တည်ငြိမ်မှု"** လှုပ်ရှားနေသော စိတ်ကို ငြိမ်သက် တည်ကြည်စွာထားခြင်း၊ (အာရုံ)အမျိုးမျိုးသို့မကူးမပြောင်း စေရန် (သတိ)ကို ကောင်းစွာထားခြင်းမှရသော စိတ်ငြိမ်သက်မှု၊ တည်ကြည်မှုကို 'သမာဓိ'ဟုခေါ်သည်။ (ကုသလစိတ္တေကဂ္ဂတာ) ကုသိုလ်စိတ်ဖြစ်ရန် တည်ငြိမ်ခြင်းပေတည်း။

ဤ (မဂ္ဂင်ရှစ်ပါး) တွင်ပါသော (သမာဓိ)ကား သာမည **တည်ငြိမ်ခြင်း မဟုတ်၊ အမှန်ဖြစ်သော ပရမတ် (ရုပ်နာမ်)တို့အပေါ်၌ မှန်စွာငြိမ်သက် မှုမျိုးဖြစ်၍ (သမထသမာဓိ)မျိုးမဟုတ်သော 'သမ္မာ သမာဓိ' ဖြစ်လေသည်။ အမှန်ပရမတ်အပေါ်တွင် အမှန်အတိုင်း ငြိမ်သက်ပေးမှုပင်ဖြစ်သည်။**

ဤဓမ္မစက္ကပဝတ္တန သုတ်တော်၌ ဟောတော်မူသော (သမာဓိ)သည် လောကုတ္တရာမဂ္ဂင်ဝင်သော 'သမ္မာသမာဓိ' ဖြစ်ပေ သောကြောင့် ငြိမ်သက်မှုသည် 'ခဏတိုင်းငြိမ်သက်မှု' (ခဏိက သမာဓိ) ဖြစ်လေသည်။ သမာဓိကိစ္စ ပညာကိစ္စ ဆောင်ရွက်နေဆဲ ညောင်းညာကိုက်ခဲသော နောက်ပေါ်ဒုက္ခတို့ဝင်နှောက်သောကြောင့်

(ပရမတ်) ကိုသိနေသောအသိဉာဏ်သည် လျောကျကာထို ညောင်းညာကိုက်ခဲမှုဖြစ်လာသော (ပညတ်ဒုက္ခ)ဆီသို့ ရောက်လာရသည့်အခါတွင် နေရာမပြင်မချင်း သမာဓိနှင့်ပညာ ၂ ပါးလုံးပျက်သွားပါသည်။

"ခဏေခဏေဝေဒနာဉပ္ပဇ္ဇန္တိ၊ စိတ္တံကေဂ္ဂံ နလဘတိ၊
ကမ္မဋ္ဌာနံ ပရိပဘတိ"

'ခ ဏေခဏေ=နေရာမပြောင်းမရွှေ့သဖြင့်ခဏတိုင်း၊ ဝါ-တချိန်ထက်တချိန်၊ ဝေဒနာဆင်းရဲခံစားမှုတို့သည်၊ ဉပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။ စိတ္တံ=ယောဂီ၏ရှုစိတ်သည်၊ ကေဂ္ဂံ=ငြိမ်သက်သောသမာဓိကို၊ နလဘတိ=မရ၊ ကမ္မဋ္ဌာနံ=မိမိရှုနေ သိနေသောတရားလုပ်ငန်း ကမ္မဋ္ဌာန်းမှ ပရိပရတိ=လည်ကျ၏' (အဘိဓမ္မာဝိဘင်းအဋ္ဌကထာ-၃၄၂။ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ=၁၇၆။ မူလပဏ္ဏာသဋ္ဌကထာ-၂၆၈။ မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ-၂၂၈)

'ညောင်းညာကိုက်မှုစသော ဣရိယာပုတ်ကြောင့်ဖြစ်သော နောက်ပေါ်ဒုက္ခကိုမရှုပဲ နေရာပြင်လိုက်လျှင် သမာဓိမပျက်သော်လည်း နေရာမပြင်မရွှေ့မပြောင်း၍ ထိုဒုက္ခကို သိနေခံစားနေမှု (သမာဓိ) မရပဲပျက်ပြီး ကမ္မဋ္ဌာန်းရှုဉာဏ်ဖြစ်သော (ပညာ)ပါပျက်သွားကျသွားသည်' ကို အဋ္ဌကထာများစွာက တသံတည်းမိန့်ဆိုတော်မူကြပါသည်။

'ယသ္မိံ ခေါ သုဘဒ္ဒ-ဓမ္မဝိနယေ အရိယောအဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ'

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်-၁၂၅)

'ချစ်သားသုဘဒ္ဒ ငါဘုရား၏ ဤဓမ္မဝိနယသာသနာတော်၌ သာလျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော (အဋ္ဌင်္ဂိကမဂ်) ကိုရအပ်၏ "သို့အတွက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော သမဏတို့ဖြစ်ကုန်ရှိကုန်၏။ ငါဘုရားသာသနာမှတပါး အခြား သာသနာတို့၌လည်းကောင်း၊ သာသနာပတို့၌လည်းကောင်း (အင်္ဂါ ရှစ်ပါး) နှင့်ပြည့်စုံသောအရိယမဂ်အဋ္ဌင်္ဂိကမဂ်ကို မရလေသော ကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော သမဏတို့မဖြစ်ကုန်၊ မရှိကုန်' ဟုမိန့်တော်မူလေသည်။

ဤသည်ကိုကြည့်ပါ၊ မြတ်စွာဘုရား၏ (အင်္ဂါရှစ်ပါး)ရှိသော (အရိယမဂ်) သည် (ပုထုဇ္ဇန်) အား (အရိယာ)အဖြစ်သို့ ဆောင်ပို့ တတ်၏။ (အရိယာ) တို့မဖြစ်မရှိသော သာသနာပတွင် (မဂ္ဂင်ရှစ်ပါး) သည်လုံးဝမရှိ။ (မဂ္ဂင်ရှစ်ပါး)ကိုလုံးဝမရချေ။ သို့အတွက် သာသနာပ တွင် (မဂ္ဂင်)အလုပ်မလုပ်ရသောကြောင့် သမဏတို့မဖြစ်မရှိပေ။ (မဂ္ဂင်ရှစ်ပါး) တွင် (သမ္မာသမာဓိ) ပါသည်။ ပရမတ်အမှန်တရား အပေါ်တွင် အမှန်သိနေရသော သမာဓိသည် သမ္မာသမာဓိဖြစ် လေသည်။

## သစ္စာလေးပါး၏အချင်းအရာ ၁၂ပါးဖြစ်ပုံ

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့အား (မဇ္ဈိမပဋိပဒါ) လမ်းကြောင်းကို ဟောကြားပြီး (မဇ္ဈိမပဋိပဒါ)လမ်းစဉ်အရ သိအပ်သော (သမာဒိဋ္ဌိ)ဉာဏ်ဖြင့် (ရုပ်နာမ်ခန္ဓာ) ၏ (ဒုက္ခ)စသော (သစ္စာလေးပါး) အမှန်တရားတို့ ဖြစ်ပုံချုပ်ပုံ သဘောတရားတို့ကို ပြည့်စွန်တော်မူပြီးလျှင် (သစ္စာ)ဟူသောအမှန်လေးချက်တွင် တချက် တချက်စီ၌ 'သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်'သုံးပါးစီဖြစ်လာပုံကို အသေးစိတ်ဟောပြတော်မူလိုသည်ဖြစ်၍ ရှေးဦးစွာ (ဒုက္ခသစ္စာ)၌ (ဉာဏ်သုံးပါး) ဖြစ်လာပုံကို ညွှန်ပြတော်မူလိုရကား -

'ဣဒံ ဒုက္ခံ အရိယသစ္စန္တိမေဘိက္ခဝေ ။ လ။ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ'

'အိုပဉ္စဝဂ္ဂီတို့ ဘုရားအဖြစ်သို့ မရောက်မီ အစမထင် သံသာ ပြင်ဝယ်ကျင်လည်ခဲ့ရအနမတဂ္ဂဘဝ ရေတွက်မရခဲ့ရာ ထိုခါများက ကြားဖူးဘို့ရာ ဝေးလှစွာသော ခန္ဓာငါးပါး (ဒုက္ခ သစ္စာ) ဆင်းရဲအမှန် ဖြစ်ခြင်းမှန်ကို ဤကား(ဒုက္ခသစ္စာ)ဆင်းရဲအမှန်ပဲဟု သိမြင်တတ်သောဉာဏ်သည် (ဘုရား)အဖြစ်သို့ ရောက်ရှိခါနီး၌ ထင်ထင်ရှားရှား-တဖွားဖွားဖြင့်ဉာဏ်အား ပေါ်၍လာချေပြီ။

သစ္စဉာဏ် ၅ပါး = 'အမှန်တရား ၄ပါးတို့၌ (သစ္စ၊ ကိစ္စ၊ ကတ)ဟူသော

အချင်းအရာ ၃ပါးစီဖြင့် စက်လှည့်၍ ဟောတော်မူသော'တိပဋိဝဋ္ဋ' ဒေသနာတော်အရ ဉာဏ်၁၂ပါးတနည်းအချင်း အရာ ၁၂ပါး၊ အများဖြင့်အနုစိပ်၍ ဟောတော်မူရာ၊ ဓမ္မစကြာတရားတော်ကို လေ့လာနေသောယောဂီများအတွက် သဘောပေါက်အောင် အကဲခပ်လေ့လာကြစေလိုသည်- (သစ္စာ) တပါးပါးတွင် အနုစိပ်၃မျိုးစီဖြစ်ပုံကို ဟောသည်၊ ရှေးဦးစွာဒုက္ခသစ္စာ၌ (သစ္စဉာဏ်)ဖြစ်ပုံကား-

'တတ္ထ ဟိ ဒုက္ခံ ဒုက္ခသမုဒယံ ဒုက္ခံနိရောဓံ ဒုက္ခနိရောဂါမိနိပဋိပဒံ အရိယ 'သစ္စ' န္တိ ဧဝံ စတုသု သစ္စေသု ယထာဘူတဉာဏံ သစ္စဉာဏံနာမ'

(မဟာဝဂ္ဂဋ္ဌကထာ-၃၂၈။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၂၁၆)

သစ္စာလေးပါးတို့ကို (သစ္စ၊ ကိစ္စ၊ ကတ)ဟုဆိုအပ်သောဉာဏ်၃ပါးတို့တွင်၊ ဤသဘောတရားသည် (ဆင်းရဲအမှန်)တည်း၊ ဤသဘောတရားကား (ဆင်းရဲဖြစ်ကြောင်း)တည်း၊ ဤသဘောတရားကား (ဆင်းရဲချုပ်ခြင်း)တည်း၊ ဤသဘောတရားကား (ဆင်းရဲချုပ်ကြောင်း)တည်းဟု အမှန်အတိုင်းဖြစ်ရှိနေသော သဘောတရားကိုဖြစ်ရှိသော သဘောအမှန်အတိုင်း သိသောဉာဏ်ကို(သစ္စဉာဏ်)ဟုခေါ်သည်။

အဓိပ္ပါယ်မှာ-ပရမတ်ရုပ်နာမ်ခန္ဓာသည် (ဒုက္ခသစ္စာ) ဖြစ်

သည်။ ဆင်းရဲအမှန်ဖြစ်သည်၊ (ခန္ဓာ)၏အမှန်တရားသည် (ဒုက္ခ) ဆင်းရဲဖြစ်သည်။ ဤသို့သော သဘောကိုသက်ရောက်သောဉာဏ် သည် ဤခန္ဓာ၏ အမှန်သဘော ဆင်းရဲကိုအမှန်အတိုင်း ကိုယ်တိုင် အခိုင်အမာ ယုံကြည်လောက်အောင် သိသောအသိဉာဏ်သည် (ဒုက္ခသစ္စာ) ဤ ခန္ဓာအားဆင်းရဲမှလွဲ၍ 'ချမ်းသာသုခဟူသည် လုံးဝမရှိ'ဟူသော ဉာဏ်အမြင်စင်ကြယ်စွာ သိမှု-အခိုင်အမာ သိမှု သည် 'ဒုက္ခသစ္စာ' ဆင်းရဲအမှန်ကို အမှန်အတိုင်း ယုံကြည်ချက်နှင့် ကိုယ်တိုင်သိသော ဉာဏ်ကိုဆိုလိုသည်။ ယင်း(ဒုက္ခသစ္စာ)ကို မည်သည့် အတွက်ယုံကြည် ရသနည်းဆိုသော် -

'စက္ခုံဥဒပါဒိ' ဟူသော ပါဠိတော်အရ- (ရုပ်) ဖောက်ပြန်မှု (နာမ်)သိမှုဖြစ်သောရုပ်နာမ်(ဒုက္ခသစ္စာ) တရားသည်-ထို (ဒုက္ခသစ္စာ) ဖြစ်သော ခန္ဓာကို ထမ်းဆောင်ယူငင်လာသောသူအား 'ငါ့ကိုယ်-ငါ' စသည်ဖြင့် မှတ်ထင်စွဲလန်းပါသော်လည်း ဤခန္ဓာသည် -

(၁) ပိဠနဋ္ဌ - ကပ်၍မပြတ်နှိပ်စက်တတ်ခြင်း

(၂) သန္တာပဋ္ဌ - ပူပန်ကြောင့်ကြနှိပ်စက်တတ်ခြင်း

(၃) ဝိပရိနာမဋ္ဌ - ဖောက်ပြန်ပြောင်းလဲနှိပ်စက်မြဲခြင်း

(၄) သင်္ခတဋ္ဌ - ပြုပြင်မပြတ်နှိပ်စက်တတ်ခြင်း

ဟူသောသဘော (၄)မျိုးတို့ကြောင့် ရှည်ကြာစွာလှ ဘ၀သံသရာများလှစွာသော ကာလတို့၌ ဇာတိဒုက္ခ၊ ဇရာမရဏ၊ သောကပရိဒေ၀ ဒေါမနဿ ဉပါယာသစသည်တို့ဖြင့် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရလေပြီ၊ ယင်းသို့ပင် အနှိပ်စက်အညှဉ်းပန်းခံဘ၀များခဲ့သော်လည်း ဤ(ရုပ်နာမ်ခန္ဓာ)တို့ကား ဆင်းရဲအမှန် (ဒုက္ခသစ္စာ) တို့သာတည်းဟူ၍ သိရန်အခွင့်မပြုခဲ့သော (အ၀ိဇ္ဇာ)ကြောင့် ဘ၀သံသရာ-မည်မျှပင်ကြာသော်လည်း 'ဒုက္ခသစ္စာဆင်းရဲစွာ၏' ဟူသောအသံကိုကြားပင်မကြားရဘူးချေ။

ယခုအခါသော်ကား ကိုယ်တိုင်သိပြန် ပင်ထွက်ဉာဏ်ကြောင့် (ရုပ်နာမ်)တရား ဤနှစ်ပါးတို့ကား 'ဆင်းရဲ စင်စစ်ဧကန်ဖြစ်၏' ဟူသော ဒုက္ခသစ္စာကို သိတတ်မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်လာရချေပြီ။

'ဉာဏံဉဒပါဒိ' ဟူသောပါဠိတော်အရ ယင်းသို့သော ရုပ်နာမ်ဒုက္ခ သစ္စာခန္ဓာ၌ ၄ပါးသော နှိပ်စက်ခြင်းတို့ဖြင့် အမြဲမပြတ်နှိပ်စက်ညှဉ်းပန်းခြင်းခံရသော သဘောတို့သည် ဘယ်လူ၊ ဘယ်နတ်၊ ဘယ်သတ္တ၀ါတစ်ဦးတစ်ယောက်မှ အပြင်ကလာ၍နှိပ်စက်သည်ကားမဟုတ်၊ဤ(ရုပ်နာမ်)အတိတ်ဘ၀က(သင်္ခါရကံ) အကြောင်းခံသဖြင့် ၀ိဉာဏ်နာမ်ရုပ်၊(ဇာတိ)စခဲ့ရသဖြင့် ရုတ်ရုတ်သဲသဲတဖွဲဖွဲဖြင့် သဲသဲ မဲမဲရုပ်နာမ်ခဲကို ဆင်းရဲအစစ်ဧကန္တဖြစ်ကြောင်း ဉာဏ်ဆင့်

လောင်း၍ ကောင်းကောင်းသိခဲ့ရပြီ၊ ယင်းကဲ့သို့ သိရသောဉာဏ် မှာလည်း သံသရာထဲဘဝများစွာ ခန္ဓာစဲခဲ့သော်လည်း ရှေးရှေးက မကြားစဖူး ယခုအခါဉာဏ်အထူးနှင့် ဦးစွာသိရသော သဘောသည် လည်း ထင်ရှားစင်စစ်အမှန်ဖြစ်၍လာလေသည်။

'ပညာဥပပါဒိ' ပါဠိတော်အရ (ရုပ်နာမ်ခန္ဓာ) ဤနှစ်ဖြာသည် ဇာတိ ဒုက္ခစသည် ထွေပြားဆင်းရဲရသောတရားမှာ မိန်းမ-ယောကျ်ား လားလားမျှမဟုတ်၊ သတ္တဝါ၊ ပုဂ္ဂိုလ်ဆိုသော ဆိုရလောက စကားအနှစ်ကင်းသည့် အဖျင်းသားဟု ပိုင်ပိုင်မိမိ ငါကိုယ်တိုင် ထင်စွာကြည့်မှ (ပညာသိ) သိခဲ့ပြီ၊ (ပညာ)နှင့်ကြည့်ကာမှ သူ့ကိစ္စ သူ့လုပ်၊ ထိန်းချုပ်မရအနတ္တ၊ သဘာဝမို့ ဘုရားဖြစ်ချိန်အခါတွင် (ရုပ်နာမ်)နှစ်ရပ် ထင်ထင်ရှားရှားသိမြင်သော ဉာဏ်သည် မမှား ဧကန်အမှန်ဖြစ်၍လာလေသည်။

'ဝိဇ္ဇာဥဒပါဒိ' ပါဠိတော်အရ ဩယလေးဖြာ သံသရာတွင် နစ်တုံ ပေါ်တုံ စုန်ဆန်လူးလား ဖြစ်ခဲ့ရသော ဘဝပေါင်း များစွာတွင် အဝိဇ္ဇာနီဝရဏ်နှင့် တဏှာသံယောဇနာန်တို့ကြောင့် ဖြစ်လာရသတ္တဝါ ငါသူ လူနတ်ရုပ်နာမ်ဇာတ် အသွယ်သွယ် ဘယ်မျိုး နွယ်နှင့် ဘယ်မှာဖြစ်ဖြစ် အစစ်တရားသစ္စာများကို လားလားမှ မသိရ၊ (အဝိဇ္ဇာ)မှောင်မကအောင် သူဖုံးတော့ အသိလုံး (ဝိဇ္ဇာဉာဏ်)ရဖို့ရန် အရေး အဝေးကြီးဝေးခဲ့သည်။ ရှေးပဝေဏီအသချေ်ချီပြီး သိဖို့ရန်မဆို

ထားနှင့် ပြောကြသည့်စကားဟာန်အသံပင်မကြားစဖူးမို့ ယခုသိရသောတရားအထူး၌ (သစ္စာ) ကိုသိတတ်သော (ဝိဇ္ဇာ) သည် အထင်အရှားပေါ်ပေါက်၍ လာရချေပြီ။

'အာလောကောဥဒပါဒိ' ပါဠိတော်အရ သုံးဆယ့်တဘုံသားပုထုဇ္ဇန်
ပုဂ္ဂိုလ်များမှာ ( ခန္ဓာငါးပါးဒုက္ခသစ္စာ )

တရားကြီးကို သီးသီးရရှိကြရိုးအမှန်ဖြစ်ပေသည်။ သို့ရာတွင် ထိုရုပ်နာမ် (ဒုက္ခသစ္စာ)တရား၌ (အဝိဇ္ဇာ)မှောင်ကြီး ပိတ်ကာဆီးနေသည့်အတွက် ဤသည်ကား (ဒုက္ခသစ္စာ)ဟု မိမိကိုယ်အတွင်းသို့ ဉာဏ်ပညာအရောင် မလင်းသည့်အတွက် အလင်းမှမရ- မွေးကင်းစမျက်စိကန်းသူ ဉပမာတူသမို့ ခန္ဓာကိုယ်အတွင်း ဉာဏ်သွင်းမကြည့်သဖြင့် မသိတတ် ဤ (ရုပ်နာမ်)ကို ငါထိုင် ငါသွား ငါကြား၊ ငါကြည့်၊ ငါသိ၊ ငါမြင်၊ ငါငါပဲ ထင်ကြသည် ဝိဉာဏ်၏လှည့်ကွက်သံသရာ ဤမှာဖက်မှာ ငါချင်းထိတော့မည်။

(သက္ကာယဒိဋ္ဌိ) ငြိချင်တိုင်း ငြိပြီးလျှင် (မသိမှုအဝိဇ္ဇာ) ထပ်ထပ်သာလာခြင်းကြောင့် မှောင်သည်ထက် မှောင် (ဝိဇ္ဇာဉာဏ်) ရောင်မလင်းသဖြင့် (ဇာတိ)ကစခဲ့သည့် (သတ္တဝါ)အိုသေမှာ အဆုံး ဘဝ နိဂုံးတွင် အသုံးမကျဖြစ်ဖြစ်ခဲ့ရသမျှမှာ (ရုပ်နာမ်)သာမူလသူ (ဇာတိ)အစမို့ တွေးဆကာနှလုံးသွင်းတော့ တစက်မှငါမဟုတ် 'ဒုက္ခမေဝဉပဇ္ဇ မာန်ဉပဇ္ဇတိ' ပါဠိအရှိဖြင့် အတတ်သိသော (ဝိဇ္ဇာဉာဏ်)

အလင်းကို ဘ၀ထိုထိုပျက်ပြုန်းလို့ ပြုခဲ့သော်လည်း မကြားဖူးရိုးအမှန် ယခုမှ ဝိဇ္ဇာဉာဏ်ကြောင့် ခန္ဓာကိုယ်အမှောင်တိုက်အတွင်းသို့ ဉာဏ် အလင်း ဝင်ရောက်ကာမှသိရသည့် ဒုက္ခသစ္စာ-ဆင်းရဲမှန်စွာဟု- ခန္ဓာပါဉာဏ်လင်းသဖြင့် သိမြင်ရခြင်းဖြစ်ပေသည်။

ဤကား ဒုက္ခသစ္စာ၌ ရှေးဦးစွာသိရသော (သစ္စာဉာဏ်)စိတ် ငါးပါးတည်း။

**'ကိစ္စဉာဏ်၅ပါး'** ဒုက္ခသစ္စာ၏ (သစ္စဉာဏ်) ကိုဖော်ပြပြီးလျှင် ဒုက္ခ သစ္စာ၏ (ကိစ္စ)ဟူသောဆင်းရဲကို ကိုယ်တိုင်ပိုင်နိုင် စွာသိအပ်သော ကိစ္စဉာဏ်ဆက်လက်၍ ဟောတော်မူသည်။

ကိစ္စဉာဏ်ဟူသည် -

'တေသုယေဝ' ပရိညေယျံ၊ ပဟာတဗ္ဗံ သစ္ဆိကာတဗ္ဗံ ဘာဝေတဗ္ဗန္တိ ဧဝံကတ္တဗ္ဗ ကိစ္စဇာနနဉာဏံ ကိစ္စဉာဏံနာပ'

(မဟာဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂဌကထာ)

'ထိုဆင်းရဲအမှန်ဖြစ်သော (ဒုက္ခသစ္စာ) ၌သာလျှင်မပြတ် မလပ်နှိပ်စက်အပ်သော သဘောသာရှိသည်-အခြားဘာမျှရှိသည် မဟုတ်သက်သက်သော ဆင်းရဲအစုအပုံသာ စင်စစ်ကေန်ဖြစ်၏' ဟု ဆင်းရဲအမှန်ဖြစ်သော (ပရမတ်) ၏ကိစ္စသဘောကို သိခြင်းသည် (ကိစ္စဉာဏ်) ဖြစ်လေသည်။

'စက္ခုဥဒပါဒိ' ပါဠိတော်အရ ဤ (ဒုက္ခသစ္စာ)ဟူသော ဤမျှဆင်းရဲ နေသည်ကို ငါသည်ရှေးဘဝများစွာက ကြားမှုမကြား ရဖူးကုန်သော ဤ (ဒုက္ခသစ္စာ) တရားကို ပိုင်းခြားထင်ထင် အလုပ် သဘောဝင်၍ သိမြင်အပ်သော 'ကိစ္စ'၌ ပိုင်ပိုင်မိမိ ကိုယ်တိုင် သိအပ် သော"ပညာမျက်စိ"သည်ထင်ရှားဖြစ်လေပြီ။

'ဉာဏံဥဒပါဒိ' ပါဠိတော်အရ အထက်ပါဆင်းရဲမပြတ် နှိပ်စက် တတ်သောတရားတို့ဖြင့် အနှိပ်စက်အညှင်းဆဲ ခံနေ ရသော ဤအသိဉာဏ်မရမီ၊ ရှေးအခါကကြားပင်မကြားရဖူး၊ 'ယခုအခါအမှန်ပဲ' 'ဟူ၍ခန္ဓာအရှိကို ဉာဏ်နှင့်သိသဖြင့် အနှစ်သာရ- ဘာမျှမရှိဟု ပိုင်ပိုင်မိမိကိုယ်တိုင်သိအောင် လေ့ကျင့်ရမည့် 'ကိစ္စ' ဟူ၍ "သိသောဉာဏ်" သည် ထင်ရှားဖြစ်လေပြီ။

'ပညာဥဒပါဒိ' ပါဠိတော်အရ ရုပ်နာမ်ခန္ဓာ၏ ဆင်းရဲအမှန်ကို သိခွင့် မရသော အဝိဇ္ဇာအမှောင်ကြောင့် ဉာဏ်ရောင်မလင်း ပညာကင်းသဖြင့် အလျဉ်းပင်မသိခဲ့ရ၊ ယခုအခါ ဝိဇ္ဇာလက်နက်ဉာဏ် သံလျက်ဖြင့် အဝိဇ္ဇာခါတ်ပယ်ခွာသတ်၍ ဉာဏ်မြတ်သိရာ၊ ဤခန္ဓာ ကား ဒုက္ခသစ္စာဆင်းရဲစွာဟု သေချာသိပြန်၍ (ခန္ဓာငါးပါး)သည် အနိစ္စဆင်းရဲစွာနှင့် အစိုးမရအနတ္တာဟု မုချသိပြန်ပင်ထွက်ဉာဏ် ကြောင့် ကေန်ဒုက္ခ သူ့'ကိစ္စ'ကို "သိသောပညာ" ထင်စွာဖြစ်၍လာ လေပြီ။

**‘ဝိဇ္ဇာဥဒပါဒိ’** ပါဠိတော်အရ (အဝိဇ္ဇာ)ဟူသော အမိုက်တိုက်သည် အမှန်တရား(ပရမတ်)များနှင့် (သစ္စာတရား)ဤသည် များကိုသာ သိခွင့်မပေး ထိုအရေးကြောင့် ဒုက္ခဆင်းရဲအမှန်ပဲဟု မသိမမြင်ခဲ့ရပေ။ သို့တစေလည်း ဆင်းရဲသာအမှန်ဟု ဉာဏ်ပါပါ ဝိဇ္ဇာမျိုးဖြင့် ပိုင်ပိုင်မိမိ ပိုင်းခြား၍ သိအပ်သော ‘ကိစ္စ’ ပါတကားဟု သိသော ဝိဇ္ဇာသည်ထင်ရှားယခု ဖြစ်ပေါ်၍လာခဲ့ပြီ။

**‘အာလောကောဥဒပါဒိ’** ပါဠိတော်အရ သတ္တဝါတိုင်းသည် အပြင် အပဗဟိဒ္ဓရုပ်ကိုသာ သဏ္ဍာန်ဒြပ်အကောင် အထည်ကို အစွဲပြု၍ နေကြသည်။ အတွင်းဖြစ်သော သဘောထား အမှန်ကိုအမှန်အတိုင်း မသိမမြင်ကြချေ။ ထိုအတွင်းသဘောတရား တို့မှာ အမှောင်တွင်းကျသည်သို့ ဘဝသံသရာကြာချင်တိုင်း ကြာလည်း ဘာမျှမသိမမြင်ရချေ။ ဝိဇ္ဇာဉာဏ်အလင်းရောင်ဖြင့် ခန္ဓာအတွင်း သွတ်သွင်း၍ ကြည့်သောအခါ ဒုက္ခဆင်းရဲလှချည့်ဟု ပိုင်းခြား သိမြင် ထို (ဒုက္ခခန္ဓာ)၏ ‘ကိစ္စ’ ပင်ဟု ပညာဆိမီးအလင်းဉာဏ်ကြီးကား ငါ့အားထင်မှုယခုဖြစ်ရလေပြီ။

ဤကား ဒုက္ခသစ္စာ၌ ပိုင်နိုင်စွာသိအပ်သော “ကိစ္စဉာဏ်” စိတ်ငါးပါးတည်း။

**‘ကတဉာဏ် ၅ပါး’** ဆင်းရဲအမှန်ဖြစ်သော(ဒုက္ခသစ္စာ)၏(ကိစ္စဉာဏ်) ကို ဟောတော်မူပြီးနောက် ယင်း (ဒုက္ခသစ္စာ)

တရားကို ကိုယ်တိုင်ဒိဋ္ဌပိုင်းခြား ပိုင်နိုင်စွာသိပြီဟု ထိုထိုသစ္စာနှင့်ဆိုင်သောထိုးထွင်း၍သိအပ်ပြီးသော တရားကိုငါသည်သိအပ်သော (ဒုက္ခသစ္စာ)တရားကို ထိုးထွင်း၍ သိအပ်ပြီ သိရပြီးပြီဟုသိသောဉာဏ်သည် 'ကတဉာဏ်' မည်၏။

'စက္ခုံဥဒပါဒိ' ပါဠိတော်အရ ရုပ်နာမ်နှစ်ဖြာ ဤခန္ဓာသည် ဒုက္ခသစ္စာဆင်းရဲစွာသော နာမ်ဖြစ်သည်ဟု တစ်ကြိမ်တခါမျှမသိခဲ့ရသော်လည်း ခန္ဓာကိုယ်အတွင်း ဉာဏ်ရိုက်ထွင်း၍ ရှုကြည့်လာသောအခါ၌မူကား ပညာဉာဏ်၏အစွမ်းဖြင့် 'သိရပြီးပြီ' ဟု သိတတ်မြင်တတ်သော "ပညာမျက်စိ" သည် ထင်ရှားဖြစ်၍လာချေပြီ။

'ဉာဏံဥဒပါဒိ' ပါဠိတော်အရ ထိုဒုက္ခသစ္စာရုပ်နာမ်ကို ဒုက္ခသစ္စာရုပ်နာမ်ဟု အမှန်ဖြစ်သော 'ဘူတ' သဘောကို ဘူတသဘောအတိုင်း သိတတ်မြင်တတ်သော သဘောသည်လည်း သိတတ်သော ဉာဏ်၏သဘောသာဖြစ်၍၊ ဤ (ရုပ်နာမ်ခန္ဓာ)အပေါ်တွင် ဉာဏ်ပညာမမြော်တတ်သော ဗာလပုထုဇ္ဇန်တို့၏ အလုပ်မဟုတ်-ဉာဏ်ပညာရှိသောသူတို့၏ အလုပ်သာဖြစ်၍ ငါသည်လည်းဉာဏ်နှင့်ထွင်းဖောက်၍ သိအပ်သောဝိဇ္ဇာဖြင့် သိစရာဒုက္ခကိုပိုင်းခြားကုန်စင် 'သိမြင်၍ပြီးပြီ' ဟူသော"ဉာဏ်"သည်လည်း ထင်ရှား ကေန်အမှန်ဖြစ်၍လာချေပြီ။

'ပညာဉဒပါဒိ' ပါဠိတော်အရ ဤရုပ်နာမ်ဒုက္ခမှတပါး လောက
အားလုံး၌ အခြားသောဒုက္ခခေါ်စရာရှိပင် မရှိတော့
လောကဟူသည် စင်စစ်အားဖြင့် ဒုက္ခတွေသာဖြစ်၍ ဒုက္ခတွေချုပ်
နေသော လောကပါတကား 'ဟုထို ဒုက္ခ၏သဘောအနက်ကို ပိုင်းခြား
ကုန်စင်အောင် သိမြင်တတ်သော "(ပညာ)" သည် ထင်ရှားစင်စစ်
အမှန်ဖြစ်၍ လာချေပြီ။

'ဝိဇ္ဇာဉဒပါဒိ' ပါဠိတော်အရ ရုပ်နာမ်ခန္ဓာငါးပါသည် ဆင်းရဲအမှန်
ဟုဆိုအပ်သော (ဒုက္ခသစ္စာ)ကားအမှန်ပင်ဖြစ်သည်။
သို့ရာတွင် ထိုဒုက္ခသစ္စာကိုမသိအောင် (အဝိဇ္ဇာ)၏အဖုံးအလွှမ်းခံရ
သောကြောင့် ထိုမိမိခန္ဓာကိုယ်မှ ဒုက္ခကို မိမိကိုယ်တိုင်မသိခဲ့ရပေ။
ထိုဒုက္ခသစ္စာကို ဖုံးလွှမ်းထားသော တရားသည် (အဝိဇ္ဇာ)ဖြစ်သည်ဟု
အကြင်အခါ၌ ငါအားသိတတ်သော ဝိဇ္ဇာတရားသည်ပေါ်၍လာ၏။
ယင်းကဲ့သို့ (ဝိဇ္ဇာဉာဏ်)၏သတ္တိကြောင့် (အဝိဇ္ဇာ)ကွာ၍သိရသော
(ဒုက္ခသစ္စာ)အပေါ်၌ ပိုင်းခြားကုန်စင် 'သိမြင်ပြီးပြီ' ဟူသောသဘော
သည် (ဝိဇ္ဇာဉာဏ်) ဟူ၍ "ခန္ဓာဉာဏ်"အတွင်း ထင်လင်းပေါ်ပေါက်၍
လာလေပြီ။

'အာလောကောဉဒပါဒိ' ပါဠိတော်အရ ဤခန္ဓာရုပ်နာမ်သည် ဉာဏ်
အရောင်အလင်း မဝင်ရောက်ပါက လုံးဝ
အမှောင်ဓါတ်ဖုံးအုပ်လျက် ရှိလေသည်။ အမှန်တရားဟူ၍လုံးဝ

မတွေ့မသိရပေ၊ ဝိဇ္ဇာဉာဏ်ပညာမျိုးမရှိသော ပုထုဇ္ဇန်တို့၏ခန္ဓာတွင် အမြဲပင်အမှောင်အုပ်နေသဖြင့် အမှန်တရားကို မသိနိုင်ရကား၊ ငါ သူ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဟုထင်မှတ်မှားကြလေသည်။

ဤခန္ဓာရုပ်နာမ် အမှောင်ဓါတ်ကြောင့် မှားယွင်းစွာ မှတ်မှု၊ သိမှုဟုယူဆမှုအားလုံးသည် အမှားချည်းသာဖြစ်ပေတကားဟု ခန္ဓာကိုယ်တွင်း ဉာဏ်အရောင်လင်းသဖြင့် လက်ငင်းသိမြင်ရသော 'ဒုက္ခသစ္စာ' တရားသည် ဝိဇ္ဇာဉာဏ်အလင်းရောင်ကြောင့် ဆင်းရဲကုန်စင်ဉာဏ်၌ မြင်သဖြင့် ဤ(ဒုက္ခသစ္စာ)ရုပ်နာမ်ကား ဆင်းရဲစင်စစ်ဧကန်ဖြစ်၏။ ရုပ်နာမ်နှစ်ပါးအလွတ်ထား၍ 'ဤကား ငါပင်၊ ဤလျှင်နတ်ပဲ၊ အထင်လွဲစရာ ဘာတစ်ခုမျှမရှိသည်ကို သေချာတိတိအမှန်ကိုသိမြင်သော ငါအားဝိဇ္ဇာဉာဏ်အလင်းဓာတ်သည် ထင်ရှားဧကန်အမှန်ဖြစ်၍လာသတည်း'။

(ဓမ္မစကြာတရားတော် (အကျယ်)ရှင်းလင်းချက်ပြီး၏)

# အပိုင်း (၃)

# ဓမ္မစကြာတရားတော်ဖြင့် မဂ်သို့တက်နည်းပြခြင်း

## ဓမ္မစကြာ၏အဓိပ္ပါယ်

ဓမ္မစကြာတရားတော်သည် (သစ္စာ) ကိုလျှင်မြန်စွာသိစေခြင်းကို ပြပေ၏။ အကျဉ်းအားဖြင့် (ဇာတိ) စသော (ဒုက္ခ)တို့သည် (တဏှာ) သမုဒယကြောင့်ဖြစ်၏။ (သမ္မာဒိဋ္ဌိမဂ်) ဖြင့် သမုဒယ (တဏှာ)ကိုပယ်လျှင် (ဇာတိ)စသော (ဒုက္ခ)ချုပ်ရာ (နိရောဓ)ဆိုက်၏ဟူသောသစ္စာ၄ပါးအဓိပ္ပါယ်ဖြစ်၏။

## တစ်ရက်မျှအသက်ရှင်ရသော်လည်း (သစ္စာလေးပါး) ကိုသိက မြင့်မြတ်ပုံ

(စတုသစ္စ-၂၈၉)

မြတ်သော(သစ္စာလေးပါး)ကိုမသိက အသက်တရာပင်ရှည်သော်လည်းမမြတ်၊ (သစ္စာ)ကိုသိသည်ဖြစ်၍ တစ်နေ့တစ်ရက်မျှအသက်ရှင်သော်လည်း မြတ်၏ဟု ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူပုံကား -

ယောစဝဿသတံဇီဝေ၊ အပဿံဓမ္မမုတ္တမံ။

ဧကာဟံဇီဝိတံသေယျော၊ ပဿတောဓမ္မမုတ္တမံ။

(ဓမ္မပဒ-ဧာ ၃၀)

ယောစ = အကြင်သူသည်ကား။ ဓမ္မမုတ္တမံ = မြတ်သော သစ္စာလေးပါးတရားကို။ အပဿံ=အပဿန္တော=မမြင်မသိမူ၍။ ဝဿသတံ=အနှစ်တရာပတ်လုံး။ ဇီဝေ=အသက်ရှည်ငြားအံ့။ နသေယျော=မမြတ်။ ယောစ=အကြင်သူသည်ကား။ ဓမ္မမုတ္တမံ= မြတ်သော(သစ္စာလေးပါး)ကို။ ပဿတော=မြင်သည်ဖြစ်၍။ ဧကာဟံ= တရက်မျှ။ ဇီဝိတံ=အသက်ရှည်ခြင်းသည်။ သေယျော=မြတ်၏။

## ဓမ္မစကြာတရားတော်လာ (သစ္စာ၄ပါး)ကို ကျမ်းကိုး၍ပြခြင်း

## (ဒုက္ခသစ္စာ)၏လက္ခဏာရသကိုပြခြင်း (နိဗ္ဗာန-၃)

ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တာပနရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ။

(ဝိသုဒ္ဓိမဂ်-ဒုတွဲ စာ-၁၂၆)

ဒုက္ခသစ္စံ=ဒုက္ခသစ္စာသည်၊ ဗာဓနလက္ခဏံ=ညှဉ်းပန်းနှိပ်စက်ခြင်းလက္ခဏာရှိ၏။ သန္တာပနရသံ=ပူပန်ခြင်းကိစ္စရှိ၏၊ ပဝတ္တိပစ္စုပဋ္ဌာနံ = (ဇာတိ) စသည်ဖြစ်ခြင်းရှိသောကြောင့်ဟု ဉာဏ်အား ရှေးရှုထင်၏။ .

ဤ၌ (ဒုက္ခ)ဟူသည် (ဇာတိပိဒုက္ခာ)အရ (ဇာတိ)ဟူသော (ဖြစ်မှု) ရှိသောကြောင့်ဟုပြ၏။ (ဖြစ်မှု)မရှိလျှင် (ဒုက္ခ)မရှိဟူလို။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ (တဏှာ) ပယ်မှုကိစ္စရှိ၏။ ထို (တဏှာ)ကိုပယ်လိုက မိမိခန္ဓာ (ဇာတိ)စသော (ဒုက္ခ)တို့ကိုရှုအပ်၏။

**"ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သာညွတ်သည့်မဂ်စိတ်"** ဟူသော ကထာအရ (ဇာတိ) စသည်တို့ကို (ဒုက္ခ)ဟုမြင်သိသောကြောင့် (ဇာတိနိရောဓနိဗ္ဗာန်) ကို (အာရုံ)ပြုသော (မဂ်စိတ်)ဖြင့် (တဏှာ)ကို ချုပ်စေရကား လိုရင်းမဂ်ကိစ္စပြီးလေတော့၏။

ထို့ကြောင့် ထို (ဒုက္ခ)တို့ကိုပင် ရှေးဦးစွာမရှုပဲ တခြား ထွေထွေရာရာတွေတို့ကို ရှု၍နေက (သံဝေဂ)မရ ကိစ္စမပြီးအချည်း နှီးအချိန်ကုန်တတ်၏။ ပဉ္စဝဂ္ဂီ ၅ ဦးတို့သည် ထို(ဒုက္ခ)တို့ကိုမြင် သိသောသံဝေဂကြောင့် (တဏှာ)ပယ်မှုနှင့်တကွ(မဂ်)ကိစ္စပြီး၍ (သောတာပန်) တည်ကြပါသည်။

**ဒုက္ခ၏တည်ရာချုပ်ရာဌာနပြပုံ** (စတုသစ္စ-၃၅)

ဒုက္ခ၏တည်ရာဌာန၊ ချုပ်ရာဌာနတို့ကို အမေးအဖြေနှင့် ပြဆိုပုံ

မေး။ (ဒုက္ခ)ဟူသမျှတို့သည် အဘယ်မှာတည်ပါသနည်း။ အဘယ်မှာ ချုပ်ပါသနည်း။

ဖြေ။ (ဒုက္ခ)ဟူသမျှအဖြာဖြာ၊ မိမိတို့၏ (ခန္ဓာအာယတန)တို့၌သာ၊ တည်ရှိမှုချ။ ယင်းခန္ဓာအာယတနချုပ်ခဲ့လျှင်၊ တနည်း (ခန္ဓာ ဇာတိ) ချုပ်ခဲ့လျှင်၊ အဘယ်မှာလျှင် (ဒုက္ခ) ရှိနိုင်တော့မလဲ (နိဗ္ဗာန်)ချမ်းသာဟုဆိုသည်တွင်၊ ယင်းသို့ ဒုက္ခတည်ရာ (ခန္ဓာ နိမိတ်) ကင်းသော သဘောကိုလျှင် မှတ်ဘွိပါပဲ။

တနည်း။ ခန္ဓာအာယတန၌၊ တည်ထဒုက္ခ၊ တည်ရာချုပ်က၊ ထိုဒုက္ခ၊ မုချချုပ်ပြတ်လျှံ။

တနည်း။ ဇာတိရှိက၊ ဖြစ်ထဇရာမရဏဒုက္ခ။ ဇာတိချုပ်က၊ ထိုဇရာမရဏ၊ မုချ၊ ချုပ်ပြတ်လျှံ၊

တနည်း။ ခန္ဓာအာယတန၊ (အာရုံဆ)၌၊ တည်ထမီးလျှံ။ တည်ရာချုပ်က၊ မီးဆယ့်တစ်ဝ၊ ချုပ်ထအေးနိဗ္ဗာန်။

အကျဉ်းအားဖြင့်မှတ်ရန်- "ဥပ္ပါဒေါဒုက္ခံအနုပ္ပါဒေါသုခံ" ဟူသော (ပဋိသမ္ဘိဒါမဂ် စါ-၅၇)အရ (ဖြစ်မှု)ရှိခြင်းသည် (ဒုက္ခ)၏ တည်ရာမည်၏။ (ဖြစ်မှုမရှိခြင်း)သည် (ဒုက္ခ)၏လွတ်ရာမည်၏။ (ဝါ) ဒုက္ခနိရောဓသစ္စာနိဗ္ဗာန်မည်၏ဟူလို။

## (ဒုက္ခ)တို့တွင် (ဇာတိ)သည်မူလဖြစ်ပုံ (စတုသစ္စ-၂၃၀)

ထိုထို(ဒုက္ခ)တို့တွင် (ဇာတိဒုက္ခ)သည်မူလရင်းဖြစ်၏။ ထိုဖြစ်မှု(ဇာတိ)ချုပ်လျှင်အလုံးစုံသော (ဒုက္ခ)တို့မှလွတ်၏။ ထို့ကြောင့် (ဇာတိဒုက္ခ)ကိုပဓာနမထား၍ မြတ်စွာဘုရားဟောတော်မူပုံကို ပြလိုသောအဋ္ဌကထာဆရာသည်-

"ကိံ ဗဟုံပဘာသိတေန၊ လော ကေယံကိဉ္စိဒုက္ခိတံ။
တံသဗ္ဗံဇာတိဝိရဟော၊ တေနာဟာသဗ္ဗပဌမံ။

(ဝိသုဒ္ဓိမဂ်-ဒုတွဲ စါ-၃၃၂)

ဗဟုံ=များစွာ။ ပဘာသိတေန=ထွေထွေရာရာပြောဆိုနေသဖြင့်။ ကိံ = အဘယ်အကျိုးရှိအံ့နည်း။ လောကေ=လောက၌။ ယံကိဉ္စိ=အကြင့်အမှတ်မရှိသော။ ဒုက္ခိတံ=ဆင်းရဲခြင်းဟူသမျှသည်။ အတ္ထိ=ရှိ၏။ တံသဗ္ဗံ=ထိုဆင်းရဲခြင်းဟူသမျှသည်။ ဇာတိဝိရဟေ ဇာတိကင်းသည်ရှိသော်။ ဝါ၊ ချုပ်ငြိမ်းသည်ရှိသော်။ နတ္ထိ=မရှိနိုင်တော့ပြီ။ တေန=ထို့ကြောင့်။ ဘဂဝါ-မြတ်စွာဘုရားသည်။ သဗ္ဗပဋ္ဌမံ-အလုံးစုံသော (ဒုက္ခ)တို့၏ရှေးဦးစွာ။ ဇာတိ ဒုက္ခံ-ဇာတိဒုက္ခကို။ အာဟ-ဟောတော်မူ၏ဟုမိန့်၏။

ထိုဒုက္ခနှင့်နိဗ္ဗာန်ကိုမြင်သိသဖြင့် (မဂ်ကိစ္စလေးပါး)ပြီးစီးနိုင်ပုံကိုမြန်မာစကားသက်သက်ဖြင့် တဖန်ပြရလျှင်-

"ဖြစ်မှုရှိက၊ ပျက်ရဒုက္ခံ၊ ဖြစ်မှုချုပ်မှ၊ ချုပ်မှုဒုက္ခံ၊ ဒုက္ခချုပ်မှ သုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှု နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စံ။"

ချုပ်ငြိမ်းလိုက၊ ဖြစ်ခြင်းရှိသမျှ၊ ရုပ်နာမ်ဓမ္မ၌၊ ရှုထဇရာဗျာဓိ မရဏာဒုက္ခံ။ တစ်နည်းရှုကြ၊ အနိစ္စ ဒုက္ခ အနတ္တံ။ ဤသို့ယခုဘန်ဘန်ရှုက၊ ချုပ်မှုဘဝတဏှာ။ တဏှာချုပ်က၊ ဇာတိစ၊ ချုပ်ရ ဒုက္ခကွန်။

အကြင်ပုဂ္ဂိုလ်သည်(တဏှာ)ကြောင့် (ဇာတိဒုက္ခ)ဖြစ်၏ဟု မြင်သိသည်ဖြစ်၍ (ဇာတိ)ချုပ်ခြင်းကိုလည်း နှစ်သက်သည်ဖြစ်အံ့၊ ထိုသူမှာ (တဏှာ)သည်ပယ်မှုကိစ္စပြီးသောကြောင့် (မဂ်ကိစ္စ ၄ ပါး)

ကိုပြီးစီးစေနိုင်ရကား ယခုပစ္စုပ္ပန်ဘဝမှာပင်လျှင် (သောတာပန်) တည်နိုင်ပါ၏ဟူလို။

## သတိပြုရန်အမေးအဖြေ (စတုသစ္စ-၂၅)

မေး။ (ဇာတိ)စသော(ဒုက္ခ)တို့ကို မည်သူလုပ်သလဲ၊ မိမိလုပ်သလော၊ သူတပါးလုပ်သလော။

ဖြေ။ ထိုဒုက္ခတို့သည် ဓမ္မာဓိဋ္ဌာန်အားဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့ကြောင့်ဖြစ်ပါသည်။ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် မိမိတို့၏ (ဘဝတဏှာ)စသည်တို့ကြောင့် ဖြစ်ပါသည်။

မိမိ၏ (တဏှာ)ကြောင့်ဖြစ်သော (ဇာတိ)စသော (ဒုက္ခ) ကို မိမိပင်လျှင် ပယ်စွန့်က (ဒုက္ခ)ကိုပြုလုပ်သောလက်သည် (တဏှာ) မရှိသဖြင့် (ဇာတိဒုက္ခ)တဖန်မဖြစ်နိုင်တော့ပြီ။ ထို့ကြောင့် (နိဗ္ဗာန်) ရပြီဟုဆုံးဖြတ်နိုင်တော့၏။ ဤသို့ဆုံးဖြတ်ခြင်းသည် ဒုက္ခနိရောဓ (အဇာတနိဗ္ဗာန်)ရှိမှု၌လည်း ယုံမှားကင်းလေတော့၏။ မိမိသည်လည်း (နိဗ္ဗာန်)ရပြီဟု ဆုံးဖြတ်နိုင်သဖြင့် (ဒိဋ္ဌိဝိစိကိစ္ဆာ)ချုပ်ရကား (သောတာပန်)စသည်တည်ပြီဟုမြင်သိလေတော့၏ဟူလို။

## (ဒုက္ခ) နှင့် (သုခ) ကို ပဋိသမ္ဘိဒါမဂ်အရခွဲခြား၍ မြင်သိနည်း

(စတုသစ္စ-၁၆၀)

"ဥပ္ပါဒေါဒုက္ခန္တိအဘိညေယျံ၊ အနုပ္ပါဒေါသုခန္တိ အဘိ ညေယျံ" ဟူ၍ ဟောတော်မူ၏။

(ပဋိသမ္ဘိဒါမဂ် စာ-၁၃)

ဥပ္ပါဒေါ = ဖြစ်ခြင်းရှိသော ခန္ဓာငါးပါးကို၊ ဒုက္ခန္တိ = ဒုက္ခတရား ဟူ၍ အဘိညေယျံ = ထူးသော မဂ်ဉာဏ်ဖြင့်သိအပ်၏။ အနုပ္ပါဒေါ= ဖြစ်ခြင်းမရှိသော အသင်္ခတ အဇာတ အပ္ပဝတ္တ အနုပ္ပါဒ သဘောကို။ သုခန္တိ၊ နိဗ္ဗာနသုခဟူ၍။ အဘိညေယျံ၊ ထူးသော မဂ်ဉာဏ်ဖြင့်သိ အပ်၏။

တရားအားထုတ်ကြရာ၌ (နိဗ္ဗာန်)ကို အာရုံပြုတတ်မှ (မဂ်) ကိစ္စပြီးပါသည်။ (နိဗ္ဗာန်)သဘောဟာ (သင်္ခါရ ရုပ်နာမ်)တို့ကဲ့သို့ (ဖြစ်ခြင်း)မရှိသောကြောင့် မြင်သိနိုင်ရန် အလွန်ပင်ခက်ခဲနက်နဲ သိမ်မွေ့ပါသည်။ ထိုသို့ပင်ခက်ခဲသော်လည်း (ပဋိသမ္ဘိဒါမဂ်)၌ မြင်သိလွယ်ခြင်းငှာ "ဥပ္ပါဒေါဒုက္ခံ-အနုပ္ပါဒေါသုခံ" ဟု ဒုက္ခနှင့်သုခ ကို စပ်၍ပြထားပါသည်။ ဤ၌ (ဖြစ်ခြင်း)ရှိက (ဒုက္ခ)ဟုပြ၏။ (ဖြစ်မှုမရှိခြင်း)ချုပ်ငြိမ်းခြင်းကို (သုခနိဗ္ဗာန်)ဟုပြ၏။ ထို့ကြောင့် (ဖြစ်မှု)ချုပ်သောထို(နိရောဓသစ္စာ)ဖြစ်မှုမရှိခြင်းကို ဘာဝနာဖြစ် အောင်ပွားအပ်၏။ ပွားပုံမှာ -

"ဒုက္ခာသင်္ခါရာ သုခေါနိရောဓောတိ"

(သင်္ခါရာ) = ဖြစ်တတ် ပျက်တတ် ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့သည်။ (ဒုက္ခာ)=ဒုက္ခတရားလို့သာတည်း။ (နိရောဓော)=ချုပ်ခြင်း(မဖြစ်)သောအရာသည် (သုခေါ) = ချမ်းသာအစစ်တည်း။ ဣတိ ဤသို့ပွားအပ်၏။

ဤသို့အဘန်ဘန်ပွားလျှင် (ဖြစ်မှု)ချုပ်သော (အနုပ္ပါဒနိဗ္ဗာန်)ကို နှစ်သက်သော (မဂ်စိတ်)ဖြစ်လတ္တံ့။ ဤသို့မဂ်စိတ်ဖြစ်လျှင် (တဏှာပယ်မှု)ကိစ္စပြီးရကား (သောတာပတ္တိမဂ်)စသည်ရောက်နိုင်၏ဟူလို။

## (သမုဒယသစ္စာ)၏လက္ခဏာ ရသပစ္စုပဋ္ဌာန်များကား (စတု-၂၄)

ပဘဝလက္ခဏံသမုဒယသစ္စံ၊ ဒုက္ခအနုဗန္ဓနရသံ၊ အတိတ္တိပစ္စုပဋ္ဌာနံ။ သမုဒယသစ္စံ။

(ဝိဘင်းအဋ္ဌကထာ-စါ-၇၉)

သမုဒယသစ္စံ၊ သည်။ ပဘဝလက္ခဏံ၊ ဇာတိစသော ဒုက္ခ၏အမွန်အစဟူသော လက္ခဏာရှိ၏။ ဒုက္ခအနုဗန္ဓနရသံ=ဒုက္ခကိုအစဉ်ဖွဲ့စပ်ခြင်းကိစ္စရှိ၏။ အတိတ္တိပစ္စုပဋ္ဌာနံ = မရောင့်ရဲနိုင်သောတရားဟူ၍ (ဉာဏ်)အားရှေးရှုထင်၏။

## သမုဒယသစ္စာ၏လက္ခဏာရသကိုပြခြင်း (နိဗ္ဗာန-၆)

သတိပြုရန်အရေးအကြီးဆုံးအချက်ကား (တဏှာသမုဒယ) ကြောင့်(ဇာတိ)စသော(ဒုက္ခ)တို့ဖြစ်၏ဟုမသိလျှင်(ဇာတိချုပ်)သော အဇာတနိဗ္ဗာန် ရှိမှရှိပါလေ၏လောဟု ယုံမှားတတ်၏။ ထိုသို့ယုံမှား က မဂ်ကိုမရနိုင်(သမုဒယ)ကြောင့်သာလျှင် (ဒုက္ခ)ဖြစ်၏ဟုမြင်သိက (နိဗ္ဗာန်)ရှိမှု၌ယုံမှားကင်းသဖြင့် (မဂ်)သို့တက်နိုင်၏။ အဘယ်ကြောင့် ဆိုသော် (သမုဒယ)ချုပ်က (ဇာတိ)ချုပ်ရ၏ဟု (ဇာတိနိရောဓနိဗ္ဗာန်) ကိုသိမြင်နိုင်သောကြောင့်ဟူလို။

## (နိရောဓ)ကထာ (စတုသစ္စ-၁၅၅)

နိရောဓ၏အဓိပ္ပါယ်ကား -

"ဧတ္ထဧတေန ဝါဒုက္ခဿအနုပ္ပါဒနိရောဓော အတ္ထိ တိ ဒုက္ခနိရောဓော" ဟူ၍ဋီကာကျော်ဆရာမိန့်ဆိုတော်မူ၏။ (ဋီကာကျော်-၂၃၁)

ဧတ္ထ - ဤဖြစ်ခြင်းကင်းသော အနုပ္ပါဒနိဗ္ဗာန်၌ (ဝါ)တနည်း ကား။ ဧတေန - ဤဖြစ်မှုကင်းသော (အနုပ္ပါဒနိဗ္ဗာန်)ဖြင့်။ ဒုက္ခဿ- (ဇာတိ)စသော (ဒုက္ခ)၏အနုပ္ပါဒနိရောဓော၊ တဘန်မဖြစ်သောအား ဖြင့်ချုပ်ခြင်းသည်။ အတ္ထိ-ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့် ဧတံ-နိဗ္ဗာန်၊ ထို (နိဗ္ဗာန်)သည်။ ဒုက္ခနိရောဓော - ဒုက္ခနိရောဓမည်၏။

## နိရောဓသစ္စာ၏ လက္ခဏရသကိုပြခြင်း (နိဗ္ဗာန-၇)

သန္တိလက္ခဏံ နိဗ္ဗာနံ နိဝတ္တလက္ခဏံ ဝါ အသင်္ခတလက္ခဏံ ဝါ၊ အစ္စုတိရသံ အဿာသကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ။

(ဝိသုဒ္ဓိမဂ်-ဒု-တွဲ-စာ-၁၂၆)

နိဗ္ဗာန်သည်။ သန္တိလက္ခဏံ=ရာဂစသောမီး (၁၁)ပါးတို့ အေးငြိမ်းခြင်းလက္ခဏာရှိ၏။ ဝါ၊ တနည်းကား၊ နိဝတ္တိလက္ခဏံ=ဇာတိစသော ဒုက္ခဝဋ်တို့၏ဆုတ်နစ်ချုပ်ပြတ် ငြိမ်းစဲခြင်းလက္ခဏာရှိ၏ (ဝါ) တနည်းကား။ အသင်္ခတလက္ခဏံ = ဥပါဒ်ဌီဘင်ကင်းသော အသင်္ခတလက္ခဏာရှိ၏။ အစ္စုတိရသံ=မရွေ့ခြင်းကိစ္စရှိ၏ (ဝါ) တနည်းကား အဿသကရဏရသံ=သံသရာဘေးကို ထိတ်လန့်ငြီးငွေ့သောသူတို့၏ စိတ်ကိုသက်သာရာရစေခြင်းကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ=ခန္ဓာနိမိတ်ကင်းသောတရားဟူ၍ (ဉာဏ်) အားရှေးရှုထင်တတ်၏။

အဓိပ္ပါယ်ကား (နိဗ္ဗာန်) ဟူသည် (ဒုက္ခနိရောဓ) ပင်တည်း၊ (ဒုက္ခနိရောဓ) ဟူသည် (တဏှာ)အကြွင်းမဲ့ချုပ်ခြင်းပင်တည်း (ဝါ) ချုပ်ရာပင်တည်း၊ (တဏှာ) အကြွင်းမဲ့ချုပ်ရာဟူသည် (ခန္ဓာ) မရှိသောအနိမိတ္တပင်တည်း၊ ဝါ-(ခန္ဓာဇာတိ) ဖြစ်ခြင်းမရှိသော (အနုပ္ပါဒအဇာတ)ပင်တည်း(ဝါ)ဥပါဒ်ဌီဘင် ကင်းသော(အသင်္ခတ)ပင်တည်း။

(တဏှာ) ဟူသည် ခန္ဓာနိမိတ်ရှိသော (သင်္ခါရရုပ်နာမ်)၌ သာတည်၏(ဝါ)ခင်တွယ်မှုဖြစ်၏။ သင်္ခါရနိမိတ်ကင်းသော (ဝါ)မရှိသော အဇာတအနုပ္ပါဒအသခ်ိတကို (တဏှာ) ခင်တွယ်မှုမဖြစ်၊ တပ်မက်မောခြင်းမဖြစ်၊ ဥပမာ-ဘာမှမရှိသောအာကာသ ကောင်းကင်လေဟာပြင်ကို (တဏှာ) ခင်တွယ်တပ်မက်မှုမဖြစ်သကဲ့သို့ ထို့အတူ ရုပ်နာမ်ခန္ဓာဖြစ်ခြင်းမရှိသော အနုပ္ပါဒ အပဝတ္တ နိဗ္ဗာန်၌ (တဏှာ) ကအာရုံမပြု၊ ခင်တွယ်မှုမဖြစ်၊ ထို့ကြောင့် (ခန္ဓာနိမိတ်)ကင်းသော (နိဗ္ဗာန်)သည် (တဏှာ)၏အကြွင်းမဲ့တပ်ခြင်းကင်းရာ ဌာနလည်းဟုတ်၏၊ စွန့်ရာလည်းဟုတ်၏၊ ဝေးစွာစွန့်ရာလည်းဟုတ်၏။ ကပ်ငြိခြင်းကင်းရာလည်းဟုတ်၏။ ထိုတဏှာကင်းသော အနုပ္ပါဒ၊ အပဝတ္တ၊ အနိမိတ္တ၊ အဇာတ အသခ်ိတသည်ပင်လျှင် (အရိယာ)တို့သိအပ်သော ဒုက္ခနိရောဓအရိယသစ္စာမည်၏။

## မဂ္ဂသစ္စာ၏လက္ခဏာရသကိုပြခြင်း (နိဗ္ဗာန-၈)

နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပဟာနရသံ၊ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ။
(ဝိသုဒ္ဓိမဂ်-ဒုတွဲ-စာ-၁၂၆)

မဂ္ဂသစ္စံ = မဂ္ဂသစ္စာသည်၊ နိယျာနလက္ခဏာ=သံသရာဝဋ်မှ ထုတ်ဆောင်ခြင်းလက္ခဏာရှိ၏။ ကိလေသပဟာနရသံ=ရာဂ ဒေါသ မောဟစသော ကိလေသာကိုပယ်သတ်ခြင်းကိစ္စရှိ၏။ ဝုဋ္ဌာနပစ္စု

ပဌာန်း=ဝင်္ဂမှထမြောက်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှု ထင်၏။

(မဂ်)သည် ကိလေသာကိုပယ်တတ်၏ဟူရာ၌အဓိပ္ပါယ်ကား- တဏှာသမုဒယကြောင့် ဇာတိဒုက္ခဖြစ်၏ဟု မြင်သိမှုပင်တည်း၊ ထိုသို့ မြင်သိသည်ရှိသော် ရှေးကမမြင်မသိသော (အဝိဇ္ဇာ)ချုပ်၏၊ ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်၏၊ ထိုသို့ချုပ်ခြင်းကိစ္စပြီးသည်ကိုပင်လျှင် (မဂ်) သည် (ကိလေသာ)ကို ပယ်သတ်သည်မည်၏ဟုလို။

**မဂ္ဂင်ရှစ်ပါးအဓိပ္ပါယ်** (နိဗ္ဗာန-၉)

ထို(မဂ္ဂင်ရှစ်ပါး)၏အဓိပ္ပါယ်ကိုလည်း အကျယ်ဝေဖန်အပ်၏။ ထို့ကြောင့် ဝေဖန်၍ပြအံ့အံ့-

**(၁) သမ္မာဒိဋ္ဌိ** = တတ္ထ ကတမာသမ္မာဒိဋ္ဌိ၊ ဒုက္ခေဉာဏံ၊ ဒုက္ခ သမုဒယေဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခ နိရောဓဂါမိ နိယာ ပဋိပဒါယဉာဏံ၊ အယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ။

(ဝိဘင်းပါဠိ-စာ-၁၁၀)

အမှန်တရားဖြစ်သော ဇာတိပိဒုက္ခာစသည်ဖြင့် ဒုက္ခသစ္စာ ကိုသိခြင်း၊ ကာမတဏှာ၊ ဘဝတဏှာစသည်ဖြင့် ဇာတိစသော ဒုက္ခ ဖြစ်ကြောင်း သမုဒယသစ္စာကိုသိခြင်း၊ ဇာတိစသော ဒုက္ခချုပ်ရာ

နိရောဓသစ္စာ နိဗ္ဗာန်ကိုသိခြင်း၊ ဒုက္ခချုပ်ကြောင်းမဂ်အကျင့်ကို သိမြင်ခြင်းတို့သည် သမ္မာဒိဋ္ဌိမည်၏။

(၂) သမ္မာသင်္ကပ္ပ = တတ္ထ ကတမောသမ္မာသင်္ကပ္ပော၊ နေက္ခမ္မသင်္ကပ္ပေါ၊ အဗျာပါဒသင်္ကပ္ပေါ၊ အဝိဟိံသာသင်္ကပ္ပေါ။ အယံ ဝုစ္စတိ သမ္မာသင်္ကပ္ပေါ။

(အဓိပ္ပါယ်) မှာ ဝဋ်မှကျွတ်လွတ်သော (နိဗ္ဗာန်)သို့ထွက်မြောက်နိုင်ရန် ကြံခြင်း၊ အထူးမှုကား မေတ္တာကရုဏာပြဋ္ဌာန်းသောအားဖြင့် (ရာဂ၊ ဒေါသ၊ မောဟ) ချုပ်ငြိမ်းကြောင်း အကြံပင်တည်း။

(၃) သမ္မာဝါစာ = တတ္ထကတမှာ သမ္မာဝါစာ၊ မုသာဝါဒါ ဝေရမဏီ ပိသုဏာယ ဝါစာယ ဝေရမဏီဖရုသာဝါစာယ ဝေရမဏီ သမ္ဖပ္ပလာပါဝေရမဏီ၊ အယံဝုစတိ သမ္မာဝါစာ။

(ဝိဘင်းပါဠိ-စာ၁၁၁)

အဓိပ္ပါယ်မှာ-ဝစီဒုစရိုက်၄ပါး ရှောင်ကြဉ်မှုပင်တည်း။

(၄) သမ္မာကမ္မန္တ =တတ္ထကတမော သမ္မာကမ္မန္တော၊ ပါဏာတိပါတာ ဝေရမဏီအဒိန္နာဒါနာ ဝေရမဏီ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။ အယံ ဝုစ္စတိ သမ္မာကမ္မန္တော။

အဓိပ္ပါယ်မှာ-ကာယကံ (၃)ပါးကိုမကျူးမလွန် ရှောင်ကြဉ်မှုပင်တည်း။

(၅) သမ္မာအာဇီဝ = တတ္ထကတမော သမ္မာအာဇီဝေါ အရိယသာဝကော မိစ္ဆာဇီဝံ ပဟာယသမ္မာအာဇီဝေန ဇီဝံတံကပ္ပေတိ။ အယံ ဝုစ္စတိ သမ္မာအာဇီဝေါ။
(ဝိဘင်းပါဠိ-စာ-၁၁၁)

အကျဉ်းအားဖြင့် မိစ္ဆာအာဇီဝရေမဏီရှောင်ကြဉ်မှုပင်တည်း။ အဓိပ္ပါယ်မှာ- ကာယဒုစရိုက် ၃ပါး၊ ဝစီဒုစရိုက်၄ပါးတို့ကိုကြဉ်၍ တရားသဖြင့်ရသောပစ္စည်းဖြင့် မွေးခြင်းပင်ဟုလို။

(၆) သမ္မာဝါယာမ = သမ္မာဝါယာမ၌ ကျယ်မည်ကိုစိုး၍ ပါဠိကိုမထည့်ပဲအဓိပ္ပါယ်ကိုသာပြပေအံ့-

သမ္မာဝါယာမ မဂ္ဂင်ပွားမှုဟူသည် သမာဒိဋ္ဌိစသော(မဂ္ဂင်ရှစ်ပါး)ကိုစွမြီးစီးကြောင်း ချီးမြှင့်ထောက်ပံ့သော လုံ့လဝီရိယပင်တည်း။

(၇) သမ္မာသတိ = သမ္မာသတိမဂ္ဂင်ပွားမှုဟူသည် ပြဆိုခဲ့သော(မဂ္ဂင်ရှစ်ပါး) ပွားမှု၌ မမေ့မလျော့သောအားဖြင့် (အာရုံ)ကိုသိသော (သတိ)ကောင်းစွာထင်စေမှုပင်တည်း။

(၈) သမ္မာသမာဓိ = သမ္မာသမာဓိဟူသည်ပြဆိုခဲ့သော(မဂ္ဂင်ရှစ်ပါး) ပွားခိုက်တွင် ဥဒ္ဒစ္စဖြင့်တခြားတပါးသော အာရုံ

သို့မပျံ့မလွင့်စေပဲ ဘာဝနာအာရုံ၌(အာရုံ)ကို
သိနေသောစိတ်တည်ငြိမ်နေမှုပင်တည်း။

**မဂ္ဂသစ္စာပွားမှု**

ထိုမဂ္ဂင်ရှစ်ပါးပွားမှု အဓိပ္ပါယ်အလွန်ကျယ်ဝန်း ၏၊ သမထ ဝိပဿနာချာန် မဂ်အားလုံးရမှုနှင့်သက်ဆိုင်၏။ထို့ကြောင့်(မဂ္ဂသစ္စာ) ဘာဝေတဗ္ဗ၏ အဓိပ္ပါယ်ကိုပြ ဦးအံ့-(မဂ္ဂသစ္စာပွားမှု)ဟူသည် ကမ္မဋ္ဌာန်းထိုင်မှု၊ ဝိပဿနာဉာဏ် ၁၀ပါးစသည် ရှုမှုတို့ကိုသာဆိုလို သည်မဟုတ်ပေ၊ ဓမ္မစကြာအရ သစ္စာလေးပါးကိုဆင်ခြင်နေမှုသည် လည်း(မဂ္ဂသစ္စာ)ပွားသည်ပင် မည်၏ပွားမှုကိစ္စပြီးစီးနိုင်၏။ ပြီးစီး ပုံကား -

'ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာပေါနော္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ' စသည်ဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တို့၏အပြစ်၌ရှု၍ ထို (တဏှာ) ကား စင်စစ်ဒုက္ခဖြစ်ကြောင်း တရား အမှန်သာတည်းဟု ဆင်ခြင်နေမှုသည် (မဂ္ဂဘာဝနာ) ပွားသည် မည်၏။

**မဂ်အကျင့်၏အဓိပ္ပါယ်ကိုပြပုံ** (စတုသစ္စ-၄၈)

ဝဋ်ဒုက္ခအဆုံးသို့ရောက်ရန် (မဂ်အကျင့်) သည် ပဓာနဖြစ်

၏။ ထို့ကြောင့် မဂ်အကျင့်၏လိုရင်း အဓိပ္ပါယ်ကို မြတ်စွာဘုရား ပါဠိတော်အရ ပြဦးအံ့-

"ဧဟိဘိက္ခု၊ စရဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ"

(ဝိနည်းမဟာ ဝါ-စာ-၁၇)

ဘိက္ခု=ရဟန်း။ ဧဟိ=လာလော့။ ဒုက္ခဿ=ဒုက္ခ၏ အန္တကိရိယာယ=အဆုံးကိုပြုခြင်းငှာ။ ဗြဟ္မစရိယံ=မြတ်သော (သမ္မာဒိဋ္ဌိ) စသောမဂ်အကျင့်ကို။ သမ္မာ=ကောင်းစွာ စရ=ကျင့်လော့။

(အဓိပ္ပါယ်) ကား-ဒုက္ခအဆုံးသဘောရှိ၏၊ ထိုအဆုံးသို့ ရောက်ခြင်းငှာ မြတ်သော (မဂ်အကျင့်)ကိုကျင့်လော့ - ဟုလို။

ချဲ့၍ပြဦးအံ့-မဂ်အကျင့်ဟူသည် (ဖြစ်ခြင်း)မရှိသော။ ဝါ၊ ဒုက္ခ၏အဆုံးဖြစ်သော ဒုက္ခနိရောဓ အဇာတ အပဝတ္တ အနုပါဒသို့ ရောက်လိုသောဆန္ဒဖြင့် ကျင့်မှုပင်တည်း။ ထို (အနုပါဒိသေသနိဗ္ဗာန်) သို့ရောက်အောင် ကျင့်မှုဟူသည် (ဇာတိဒုက္ခ) စသည်ကိုအဖန်ဖန် ဖြစ်စေတတ်သော (အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ)ဟူသော ကိလေသဝဋ်ချုပ် အောင်ကျင့်မှုပင်တည်း။ ထို(အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ)ဟူသော ကိလေသာ ဝဋ်ချုပ်အောင် ကျင့်မှုဟူသည် (ခန္ဓာငါးပါး)ကို သိမြင်အောင် အား ထုတ်၍ ထို (ခန္ဓာငါးပါး)၌ရှိသော (အနိစ္စဒုက္ခအနတ္တ) လက္ခဏာတို့ကို ရှုမှုပင်တည်း (တနည်း)ဇာတိဇရာဗျာဓိ မရဏဘေးတို့ကို ရှုမှုပင် တည်း။ ဤသို့ရှုရသဖြင့် အနိစ္စစသောအပြစ် အာဒီနဝကိုမြင်လျှင်

အမှန်ကို မသိတတ်သော (အဝိဇ္ဇာ)ချုပ်၏။ (ဘဝဇာတိ) ကိုအလိုရှိသော (ဘဝတဏှာ)ချုပ်၏။ အယူမှားသော (ဒိဋ္ဌိ)လည်းချုပ်၏။ထိုသို့ (ဇာတိ)ကိုဖြစ်စေတတ်သော(အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ)ဟူသော (ကိလေသာဝဋ်) ချုပ် သဖြင့် (ကမ္မဝဋ်) လည်းချုပ်ရလေတော့၏။ ဤသည်လျှင် (မဂ္ဂင်လမ်း)မှန်(အာရုံမှန်)ကို အကြောင်းပြု၍(မဂ်ကိစ္စ) ပြီးစီးနိုင်ပါသည်။ (သောတာပန်)စသည်တည်နိုင်ပါသည်။(ဒုက္ခ) အဆုံးသို့ရောက်နိုင်ပါ၏ဟုလို။

## သစ္စာလေးပါး၌သိမြင်နည်းအကျဉ်း (စတုသစ္စ-၅၈)

(သစ္စာလေးပါး)၌အကျဉ်းအားဖြင့် အစွမ်းကုန်မြင်သိနည်းကို အမေးအဖြေဖြင့် ပြဦးအံ့-

မေး။ (ဒုက္ခသစ္စာ)ကို အကြွင်းမဲ့ရှိ မစွမ်းကုန်မြင်သိပါ၏လော။

ဖြေ။ မြင်သိပါသည်။ အဘယ်သို့မြင်သိပါသနည်း။"ဥပ္ပါဒေါ သင်္ခါရာ" တနည်း- "ဥပ္ပါဒေါဒုက္ခံ" ဟူသော ပဋိသမ္ဘိဒါမဂ် စာ(၅၇)အရ (ဖြစ်ခြင်း)ရှိသမျှ (ရုပ်နာမ်သင်္ခါရ) တို့သည် (ပျက်ခြင်း)ရှိသော ကြောင့် (ဒုက္ခသစ္စာ)မှန်ပါသည်။

မေး ။ ။ (နိရောဓသစ္စာ) နိဗ္ဗာန်ကိုအစွမ်းကုန်သိပါ၏လော။

ဖြေ ။ ။ သိပါသည်။

မေး ။ ။ အဘယ်ပါဠိတော်အရသိပါသနည်း။

ဖြေ ။ ။ "အနုပ္ပါဒေါနိဗ္ဗာန"ဟူသော (ပဋိသမ္ဘိဒါမဂ်)အရ (ဖြစ်မှု မရှိ) ချုပ်ငြိမ်းမှုကို (နိဗ္ဗာန်)ဟုသိပါသည်။

တနည်း "အနုပ္ပါဒေါသုခံ"ဟူသော (ပဋိသမ္ဘိဒါမဂ် စာ-၅၇) အရ (ဖြစ်မှု)မရှိခြင်းသည် (ပျက်မှု)မရှိသောကြောင့် (သုခ)လည်း မည်၏။ (နိဗ္ဗာန်)လည်းမည်၏။ ဤသို့မြင်သိသူသည် (နိရောဓသစ္စာ) ကို အစွမ်းကုန်မြင်သိသူမည်ပါသည် ဟူလို။

(သမုဒယသစ္စာ)ကို အစွမ်းကုန်သိပါ၏လော။ သိပါသည်။ အဘယ်သို့သိပါသနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် (လောဘ) မချုပ်သမျှ (သမုဒယ) မှမလွတ်သေးဟုသိပါသည်။

(မဂ္ဂသစ္စာ)ကို အစွမ်းကုန်သိပါ၏လော။ သိပါသည်။အဘယ် သို့သိပါသနည်း။ (တဏှာ) အကြွင်းမဲ့ချုပ်မှ (မဂ်ကိစ္စ)ပြီး၏ဟုသိသူ သည် (မဂ္ဂသစ္စာ)ကို အစွမ်းကုန်မြင်သိသူမည်ပါသည်။ ဤသို့ (သစ္စာ လေးပါး) တို့၌ ယုံမှားခြင်းကင်းက (သောတာပန်) စသည်တည်နိုင် ပါသည်ဟူလို။

(သုခဝေဒနာ)ကို (ဒုက္ခသစ္စာ)ဟု အဘယ်ကြောင့် ဟောပါ သနည်း။ "သုခဝေဒနာဝိပရိဏာမေန ဒုက္ခုပ္ပတ္တိဟေတုတော" ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ (၈၈)၌ဆရာအမိန့်ဆိုတော်မူ၏။ ထို့ကြောင့် ခံစားမှုအားဖြင့် သုခဟုဆိုအပ်သော်လည်း မမြဲမှု ဆင်းရဲမှု

အစိုးမရ အလိုသို့မလိုက်မှုစသော(ဝိပရိဏာမ)လက္ခဏာပါရှိနေသော ကြောင့် (ပရမတ္ထ) အမှန်မှာ (ဒုက္ခသစ္စာ)ဟု ဟောပါသည်ဟူလို။

လောက၌ (သတ္တဝါ)ဖြစ်ပျက်နေသည်မဟုတ် (ပရမတ္ထ) အားဖြင့် (ဒုက္ခသစ္စာ)သာလျှင် ဖြစ်ပျက်နေကြောင်းပြလိုသော (ဝိသုဒ္ဓိမဂ်) အဋ္ဌကထာဆရာသည်-

"ဒုက္ခမေဝ ဟိသမ္ဘောတိ၊ ဒုက္ခံတိဋ္ဌတိဝေတိစ။
နညံဒုက္ခံနိရုဇ္ဈတိ၊ နညံဒုက္ခံ ဥပ္ပဇ္ဇတိ။
အဝိစိအနုသမ္ဗန္ဓော၊ နဒီသောတောဝဝတ္တတိ" ဟုမိန့်၏။

(သီလက္ခန်အဋ္ဌကထာ-စာ-၁၇၃)

ဟိ=အထူးကိုပြဦးအံ့။ ဒုက္ခမေဝ=ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ တရားသည်သာလျှင်၊ သမ္ဘောတိ=ဖြစ်၏။ ဒုက္ခံ=ဇရာဗျာဓိစသော (ဒုက္ခ)သည်သာလျှင်။ တိဋ္ဌတိစ=တည်လည်းတည်၏။ ဝေတိစ=ဇရာ မရဏအားဖြင့် ပျက်လည်းပျက်၏။ အညံ=တပါးသော။ ဒုက္ခံ=ဒုက္ခ သည်။ နိရုဇ္ဈတိ=ချုပ်၏။ အညံ=တပါးသော။ ဒုက္ခံ=ဒုက္ခသည်။ ဥပ္ပဇ္ဇတိ=ဖြစ်၏။ နဒီသောတောဝ=မြစ်ရေအယဉ်ကဲ့သို့။ အဝိစိ=အနု သမ္ဗန္ဓော=ဒုက္ခတို့၏မပြတ်ဖြစ်၍နေခြင်းသည်။ ဝတ္တတိ= ဖြစ်၏။

ဥပါဒ် ဋီဘင် (ဇာတိဇရာမရဏ) ဒုက္ခတို့သည် အနမတဂ္ဂ မှစ၍မပြတ်ဖြစ်ပျက်နေ၏ဟူလို။ ဤ၌ ပုဂ္ဂိုလ်သတ္တဝါဖြစ်ပျက်နေ သည်မဟုတ် (ဒုက္ခသစ္စာ) နာမ်ရုပ်သာလျှင် (ဖြစ်ပျက်) ၍နေ၏ဟု

မြင်သိယုံကြည်လျှင် (ဒိဋ္ဌိဝိစိကိစ္ဆာ) ချုပ်ရ၏ဟူလို။

(ပရမတ္ထ)အားဖြင့်(သစ္စာ)ကိုပိုင်းခြားရာ၌ ပုဂ္ဂိုလ်သတ္တဝါမရှိ (ဒုက္ခသစ္စာ)ရှိ၏။(ဒုက္ခ)ဖြစ်ခြင်းကြောင့် (သမုဒယ)ရှိ၏။(ဒုက္ခနိရောဓ) ဒုက္ခချုပ်သော။ဝါ၊ချုပ်ရာသဘောရှိ၏။ (ဒုက္ခချုပ်ကြောင်းမဂ်အကျင့်) ရှိ၏။ ဤ၄ပါးသာရှိ၏ဟူလို။

## သစ္စာလေးပါးအကျဉ်းမှတ်ရန် (နိဗ္ဗာန-၁၂)

အထက်၌ပြဆိုခဲ့သော(သစ္စာလေးပါး)တို့၏ အကျဉ်းမှတ်ရန်အဓိပ္ပါယ်ကား (သမုဒယသစ္စာတဏှာ)ကြောင့်(ဒုက္ခသစ္စာခန္ဓာငါးပါး)ဖြစ်၏။ ဤ၌ ပုဂ္ဂိုလ်သတ္တဝါဖြစ်မှုမဟုတ်(သမုဒယတဏှာ) ကို(မဂ်)ဖြင့်ချုပ်စေခြင်းကြောင့်(ဒုက္ခသစ္စာ ခန္ဓာငါးပါး)ချုပ်၏။ ဤ၌လည်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရဟန္တာချုပ်မှုမဟုတ်၊ ဤသို့( ပရမတ္ထ သစ္စာ) အားဖြင့်(သမုဒယ)ကြောင့် (ဒုက္ခ)ဖြစ်၏။(သမုဒယ)ချုပ်သဖြင့် (ဒုက္ခ) ချုပ်၏။(ပရမတ္ထ)အားဖြင့် ပုဂ္ဂိုလ်သတ္တဝါမရှိ(ဒုက္ခသစ္စာ)သာရှိသောကြောင့် ထို(ဒုက္ခ)တရားတို့၏ချုပ်မှုပင်ဟူလို။

## သစ္စာလေးပါးမြင်သိပုံ (နိဗ္ဗာန-၉၈)

(၁) ဇာတိစသည်တို့ကား (ဒုက္ခသစ္စာ)

(၂) ဘဝတဏှာစသည်ကား (သမုဒယသစ္စာ)

(၃) အနိစ္စ ဒုက္ခ အနတ္တတို့ကိုရှု၍ (ဘဝတဏှာ)ပယ်မှုကား(မဂ္ဂသစ္စာ)

(၄) ဇာတိစသော (ဒုက္ခချုပ်) မှုကား(နိရောဓသစ္စာ) နိဗ္ဗာန်၊ သူ့ကိစ္စ သူ့အခါစသည်တို့၌ သတိပြု၍အခါခပ်သိမ်းဆင်ခြင်နေမှုသည် (သစ္စ ဘာဝနာ)မည်၏။ စိတ်တည်ကြည်ငြိမ်သက်ခြင်းသည်(သမာဓိ)မည် ၏။ ထိုသို့နှလုံးသွင်းသဖြင့် (တဏှာ)ချုပ်သောအခါ (သမ္မာသမာဓိ) မည်၏။

## မဂ္ဂသစ္စာပွားနည်း (နိဗ္ဗာန-၁၁၆)

ကိစ္စ၄ပါးတို့တွင် (မဂ္ဂသစ္စာ) ၌ပွားမှုကိုပြဦးအံ့ (သမ္မာဒိဋ္ဌိ ဉာဏ်) ဖြင့် (ဓမ္မစကြာ)အရ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆနလဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စ ပါဒါနက္ခန္ဓာ ဒုက္ခာတို့ကိုဆင်ခြင်၍ နေမှုတရပ်၊ ကာမတဏှာ၊ ဘဝ တဏှာစသည်တို့ကြောင့် ဒုက္ခဖြစ်ပုံကိုဆင်ခြင်၍ နေမှုတရပ်၊ (တဏှာ) ချုပ်လျှင် (ဒုက္ခ)ချုပ်၏ဟု ဆင်ခြင်၍နေမှုတရပ် ထို၃ပါး တို့၌ ဟုတ်မှန်စွာမြင်သိဆုံးဖြတ်ခြင်း၄ာ အဖန်ဖန်ဆင်ခြင်၍ နေမှု တရပ်၊ ဤ ၄-ဌာန၌ပွားမှုသည် (လောကီမဂ္ဂင်) ပွားမှုမည်၏။ အဘယ်ကြောင့်ဆိုသော် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် ပွားရ သောကြောင့်တည်း။

ထိုဒုက္ခ သမုဒယ နိရောဓ ၃-ပါးတို့ကား (မဂ်ဉာဏ်)ဖြင့် (ဒုက္ခ)အမှန်ပဲ (သမုဒယ)အမှန်ပဲ (နိရောဓ) အမှန်ပဲဆုံးဖြတ်အပ်

သော တရားမည်ကုန်၏။ (ဝါ) ဆုံးဖြတ်ခံရသောတရားတို့မည် ကုန်၏။ (မဂ်ဉာဏ်) ကားဟုတ်မှန်စွာဆုံးဖြတ်တတ်သော တရားမည်ပေ၏။ ဤသို့ဆုံးဖြတ်အပ်သောတရားကို ဆုံးဖြတ်တတ်သော(မဂ်စိတ်)ဖြင့် ဆုံးဖြတ်လျှင်ဝါ(နိဗ္ဗာန်)အာရုံပြုသော(မဂ်ဉာဏ်)ဖြစ်လျှင်(ဒုက္ခသစ္စာ) ကိုသိခြင်းကိစ္စ (သမုဒယသစ္စာ)ကိုပယ်ခြင်းကိစ္စ (နိရောဓသစ္စာ)ကို မျက်မှောက်ပြုခြင်းကိစ္စ၊ (မဂ္ဂသစ္စာ)ကိုပွားခြင်းကိစ္စဟူသော (မဂ်ကိစ္စ ၄ပါး) နှင့်တကွလောကုတ္တရာ မဂ်ပွားခြင်းကိစ္စလည်း ပြီးလေတော့၏။

**မဂ္ဂဝီထိ** (နိဗ္ဗာန-၁၄၇)

ဖြစ်လျှင်ဒုက္ခ ချုပ်မှုသုခနိဗ္ဗာန်။

ချုပ်ခြင်းအမှုနှစ်သက်ပြုပြီးမူ မဂ်ကိစ္စံ။ ဟူသောကထာအရ အဓိပ္ပါယ်မှာ-ဖြစ်လျှင် ဒုက္ခကားဖြစ်ခြင်းရှိသော (သင်္ခါရ)တရား၌ရှိ သော အနိစ္စစသော လက္ခဏာကိုရှုသောပရိကံ ဥပစာ-အနုလုံ-ဇော တို့ပင်တည်း။ ချုပ်မှုသုခဟု (နိဗ္ဗာန်) ကိုအာရုံပြုသောဇောကား (ပုထုဇဉ်)အနွယ်ကိုဖြတ်သော(ဂေါတြဘူ)ဇောပင်တည်း(ဇာတိ)ဖြစ်မှု (ဒုက္ခ)ချုပ်သောသဘောကား (နိဗ္ဗာန်)တည်း။ ထိုချုပ်ငြိမ်းမှုကို နှစ် သက်ခြင်းကား(မဂ်ဇော)တည်း။ ဤသို့(နိဗ္ဗာန်အာရုံ)နှင့် အာရမ္မဏိက မဂ်ဇောလျှင် (မဂ်ကိစ္စ)လေးပါးပြီးရကား သောတာပတ္တိမဂ်ဖိုလ်၌ တည်၏ဟူလို။

## မဂ်ခဏ၌ (အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ) ချုပ်ပုံ (စတုသစ္စ-၄၆)

မဂ်စိတ်တခဏ၌ (အဝိဇ္ဇာတဏှာဒိဋ္ဌိ)ဟူသော (ကိလေသဝဋ်) ဟူသော (ကိလေသဝဋ်)ချုပ်၏။ (ချုပ်ပုံကား)သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် (သစ္စာ)ကိုကောင်းစွာ မြင်သိလျှင်အမှားကိုမြင်တတ်သော မိစ္ဆာဒိဋ္ဌိချုပ်၏။ မဂ်စိတ်ဖြင့်သစ္စာကိုသိလျှင် (သစ္စာ)ကိုမသိတတ်သော မောဟ (အဝိဇ္ဇာ)ချုပ်၏ (ဇာတိ)တဖန်မဖြစ်လိုခြင်း၊ ဘဝဇာတိ၌တပ်သော (တဏှာ)ချုပ်ခြင်းကြောင့် (သောတာပန်)တည်၏။

## သစ္စာ၄ပါးမြင်သိပုံပြခြင်း (နိဗ္ဗာန-၁၄၇)

မေး။ မိမိတို့သန္တာန်မှာ (သုခ)ရှိနေခြင်းလော၊ (ဒုက္ခ)ရှိနေခြင်း လော။

ဖြေ။ မိမိတို့သန္တာန်မှာ အိုနာသေမှုစသောမမြဲမှု (အနိစ္စ)ဆင်းရဲမှု (ဒုက္ခ)။အစိုးမရအလိုသို့မလိုက်သော(အနတ္တ)တရားများဖြစ်သောကြောင့်(သုခ)ရှိနေမှု မဟုတ်ပါ(ဒုက္ခ)ရှိနေမှုမှန်ပါသည်။

မေး။ အဘယ်သို့ ကိုယ်တိုင်တွေ့ရှိသောကြောင့် ဤကဲ့သို့ ဖြေဆိုပါသနည်း။

ဖြေ။ သွားကျိုး၊ ဆံဖြူ၊ မျက်စိမှုန်၊ နားထိုင်း၊ ခါးကိုင်း၊ ကုန်းကွ စသော (ဇရာဒုက္ခ) ခေါင်းခဲ၊ ဝမ်းနာ၊ ဖျားနာခြင်း စသော (ဗျာဓိဒုက္ခ) မအိုမနာမသေပဲ မြဲလိုသော ဆန္ဒရှိသော်လည်း ထိုဆန္ဒအတိုင်း ဖြစ်စေရန်အစိုးမရ အလိုသို့မလိုက်သော၊ ကိုယ်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော (အနတ္တ)နှင့် တွေ့ကြုံနေရသောကြောင့်

(သုခ)မရှိ(ဒုက္ခသစ္စာ)သာတည်းဟု ဖြေဆိုပါသည်။

မေး။ ထို (ဒုက္ခ)တို့ကို မည်သူလုပ်သလဲ၊ ဘာကြောင့်ဖြစ်ပေါ်သလဲ။

ဖြေ။ ထို (ဒုက္ခ)တို့ကို မည်သူမျှမလုပ်ပါ။ မိမိတို့လိုချင်မှု (တဏှာ)ထို (တဏှာ)ကြောင့် ပြုလုပ်သော(ကံ)ထို ကံကြောင့်(ဇာတိ)စသော (ဒုက္ခ)ဖြစ်ပါသည်။

မေး။ အဘယ်သို့တွေ့ကြုံရသောကြောင့် ဤကဲ့သို့ဖြေဆိုရပါသလဲ။

ဖြေ။ မိမိတို့သန္တာန်မှာရှိသော မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေလက်စသည်တို့၌လည်းကောင်း၊ သုခသောမနဿ ဝေဒနာတို့၌လည်းကောင်း၊ အလွန်ခင်တွယ်သော(တဏှာသံယောဇဉ်)ရှိနေကြပါသည်။ ထို့ကြောင့်ပင်လျှင် သားရေးသမီးရေး၊ စားရေးသောက်ရေး၊ နေရေး ထိုင်ရေး၊ ပစ္စည်းရှာမှီးရေးတို့နှင့်တကွ ပူပန်ကြောင့်ကြ မှုတို့ကို ဒိဋ္ဌကြုံတွေ့နေရပါသည်။ ထို့ကြောင့် (ဒုက္ခ) ဖြစ်၏ဟုဖြေဆိုပါသည်။

မေး။ (တဏှာ)ကြောင့်(ဒုက္ခ)ဖြစ်၏ဟုမြင်သိလျှင်တဖန်(ဘဝတဏှာ)ဖြစ်ဦးမည်လော။

ဖြေ။ ရှေးအခါ သဒ္ဓမ္မဟူသော သူတော်ကောင်းတရားကို မကြားမနာရ၍ မမြင်မသိမှုကြောင့် (လိုချင်မှု) ဖြစ်မိ ပါသည်။ ယခုမှာလူတို့ကမ္ဘပထဆယ်ပါးထက် လွန်မြတ်သော ဥတ္တရိမနုဿဓမ္မဟူသော သူတော်ကောင်းတရားကြားနာရသဖြင့် အပြစ်ကိုကောင်းစွာမြင်သိရပေသည်။

ထို့ကြောင့် (ဘဝဇာတိ) ကိုလိုချင်မှုမရှိတော့ပါ။

မေး။ မိမိလိုချင်မှုကြောင့်ဖြစ်သော (ခန္ဓာဇာတိ)သည်မိမိပင်လျှင် ပယ်စွန့်က တဖန်(ဇာတိ)ဖြစ်နိုင်ဦးမည်လော။

ဖြေ။ (ဖြစ်ကြောင်း)မရှိလျှင် (ဖြစ်မှုမရှိ) (ဖြစ်မှုချုပ်) ရမြဲဖြစ်သောကြောင့်(တဏှာ)မရှိက(ဇာတိ)ဖြစ်နိုင်ခွင့်မရှိပါ။(ဥပမာ) ခေါင်းလောင်းသည် မတီးလျှင်မမည်၊ ငြိကပ်မှု(တဏှာ)မရှိက (ဇာတိ)ဖြစ်မလာပါ၊ ဖယောင်းတိုင်ကိုအမှီပြု၍ ဖြစ်သောမီးတောက်သည် ဖယောင်းတိုင်ကုန်က ငြိမ်းရဘိသကဲ့သို့ အပင်ကိုမှီ၍ဖြစ်သောအသီးသည် အပင်မရှိက အသီးမဖြစ်နိုင်သကဲ့သို့ ထို့အတူ(တဏှာ)မရှိလျှင်(ဇာတိ)မဖြစ်နိုင်ပါ။

မေး။ (ဇာတိ)ဖြစ်မှုချုပ်ခြင်းသည်(ဝါ)ချုပ်ရာသည်၊ အဘယ် (နိဗ္ဗာန်) မည်ပါသနည်း။

ဖြေ။ (အဇာတိသုခံ)ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိ၊ စာ (၁၃) အရ (အဇာတိနိဗ္ဗာန်)မည်ပါသည်။

**သစ္စာမြင်သိလင်္ကာ** (နိဗ္ဗာန-၁၅၀)

ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခ။
လေးရပ် ဤမျှ မြင်သိက ဖြစ်ထ(သောတာပန်။)
'ဖြစ်လိုမှု' ဟူသည်ဘဝတဏှာ (သမုဒယသစ္စာ) ပင်တည်း။

'ဖြစ်မှုဇာတိဒုက္ခ' ဟူသည် (ဇာတိ)စသော (ဒုက္ခသစ္စာ) ဖြစ်မှုပင်တည်း။

'ဖြစ်ချင်လိုမှု ပယ်စွန့်ပြု' ဟူသည် (ဇာတိ) ဖြစ်မှု၌အိုနာသေမှုမမြဲမှု အစိုးမရအလိုသို့ မလိုက်မှုတို့ကို မြင်သိသောသမ္မာဒိဋ္ဌိ (မဂ္ဂသစ္စာ)ပင်တည်း။

'ချုပ်မှုထိုဒုက္ခ' ဟူသည် (ဇာတိ) စသော (ဒုက္ခ)တို့ချုပ်ငြိမ်းသော နိရောဓသစ္စာ (နိဗ္ဗာန်)ပင်တည်း။ ဤကထာအရ (သစ္စာလေးပါး)တို့၌ယုံမှားကင်းလျှင် (သောတာပတ္တိမဂ်)သို့ရောက်၏ဟူလို။

(မန) အဓိပ္ပါယ် (နိဗ္ဗာန-၁၇၅)

မေး။ (မန)ဟူသည်စိတ် (၈၉)ခုတို့တွင် အဘယ်စိတ်ပါသနည်း။

ဖြေ။ ဘဝင်စိတ် (၁၉)ခုပင်တည်း၊ ဘဝင်စိတ် (၁၉)ခုဟူသည် ဒုဂ္ဂတိအဟိတ် သန္တိရဏစိတ် (၁)ခု၊ သုဂတိအဟိတ် သန္တိရဏစိတ် (၁)ခု၊ မဟာဝိပါက်စိတ် (၈)ခု မဟဂ္ဂုတ် ဝိပ္ပါက်စိတ် (၉)ခု၊ ပေါင်း (၁၉)ခုဖြစ်၏။

ထိုစိတ်တို့သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ၊ စသောကိစ္စများရှိ၏။ ဇောဝီထိအကြား အကြား၌ ဟဒယဝတ္ထုကိုမှီ၍ "ဘဝင်မနောဒွါရ" ဖြစ်၏ဟူလို။

**ဓမ္မာရုံ**

မေး။ (ဓမ္မာရုံ)ဟူသည် အဘယ်တို့ပါသနည်း။

ဖြေ။ (ဓမ္မာရုံ)ဟူသည် ရုပ် (၂၈)ခုတို့တွင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ ဤ(၅)ခုကိုနုတ်သော် ကျန်ရုပ်(၂၃)ခုသည် (ဓမ္မာရုံ)မည်၏။ ထို့ပြင် (စိတ်၊ စေတသိက်၊ နိဗ္ဗာန် ပညတ်)တို့သည် (ဓမ္မာရုံ)မည်၏။ ထို (ဓမ္မာရုံ)သည် (မနောဒွါ)ရ၌ထိသောအခါ (ဓမ္မာရုံ) ကိုသိသော (မနောဝိညာဏ်ဇောစိတ်) ဖြစ်၏။

**ပစ္စုပ္ပန်ဒုက္ခသမုဒယ၊ နိရောဓ၊ မဂ္ဂတို့ကိုရှုပုံ (စတုသစ္စ-၃၀)**

အတိတ်ဘဝက (သမုဒယတဏှာ)ကြောင့် ပစ္စုပ္ပန်ယခုရရှိနေသော ဝိပါကဝဋ် (ခန္ဓာငါးပါး)သည် (ဒုက္ခသစ္စာ)မည်၏။ ထိုဝိပါကခန္ဓာငါးပါးကိုပင် နိစ္စ သုခ အတ္တ ထင်၍ ငါ-ငါ့ဥစ္စာဟု(တဏှာဒိဋ္ဌိ) သံယောဇဉ်ဖြင့် သာယာခင်တွယ်မှု၊ သားမယားရှာမှု တို့ကိုပြု၏။ ဤသို့ပြုခြင်းသည် ပစ္စုပ္ပန်သမုဒယမည်၏။ ထိုပစ္စုပ္ပန်တဏှာချုပ်ခြင်းသည် ပစ္စုပ္ပန်နိရောဓသစ္စာမည်၏။ ပစ္စုပ္ပန်၌ တဏှာသံယောဇဉ် သမုဒယမဖြစ်ရအောင် ဇာတိစသောဒုက္ခတို့ကို အဘန်ဘန်ရှုခြင်းသည်။ ဝါ၊ ပွားသောအကျင့်သည် (မဂ္ဂသစ္စာ)မည်၏။ ဤသို့(မဂ္ဂသစ္စာ) ပွားမှုကြောင့် (ပစ္စုပ္ပန်တဏှာ)အကြွင်းမဲ့ချုပ်၏။ အဘယ်နေရာဌာန၌ ချုပ်သနည်းဟူမူ (ဝေဒနာ) နောက် (တဏှာ)

မဖြစ်မှုပင်တည်း။ ဘုရားရဟန္တာတို့မှာ (ဝေဒနာ)နောက် (တဏှာ) မဖြစ်တော့ပြီ။ ထို့ကြောင့် ပရိနိဗ္ဗာန် စုတိနောင်တဖန် (ဇာတိ)မဖြစ်တော့ပြီဟုလို။

## (အဝိဇ္ဇာတဏှာ)မူလနှစ်ပါး ချုပ်အောင်ရှုနည်း (နိဗ္ဗာန-၂၁)

(အဝိဇ္ဇာတဏှာ)မူလနှစ်ပါးကို ချုပ်ငြိမ်းစေနိုင်သော ဂုဏ်ထူးရှိသော (ဝိပဿနာ)ကိုပြဦးအံ့။

ဝိပဿနာတို့တွင် ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါသုခံ။ တနည်း-ဥပ္ပါဒေါဘယံ၊ အနုပ္ပါဒေါခေမံ။ တနည်း-ဇာတိသင်္ခါရာ၊ အဇာတိနိဗ္ဗာနံ။ ဤသို့စသည်ဖြင့် ဒုက္ခ (၁၅)နှင့် နိဗ္ဗာန် (၁၅)ကိုစပ်၍ (ပဋိသမ္ဘိဒါမဂ်စာ (၁၃)စသည်၌ ဟောတော်မူသော (ဝိပဿနာ) သည် (နိဗ္ဗာန်)ကိုလျင်စွာအာရုံပြု၍ လျင်စွာမဂ်သို့သက်ရောက်နိုင်သော ဂုဏ်ထူးဝိသေသရှိပါသည်။

အထူးသတိပြုတော်မူကြစေလိုသည်မှာ-တရားအားထုတ်ကြရာ၌ "သိဝံပဿထဘိက္ခဝေါ" ဟူသောပါဠိတော်အရ (နိဗ္ဗာန်) သဘောကိုသိသည်ဖြစ်၍ တောင့်တသည်ဖြစ်၍ (အာရုံ)ပြုတတ်သည်ဖြစ်၍ (တဏှာ)ပယ်ရန် လိုရင်းကိစ္စဖြစ်ပါသည်။

(နိဗ္ဗာန်)ကို(အာရုံ)မပြုတတ်က(မဂ်) သို့မသက်ရောက်နိုင်ပါ (ဝိပဿနာ)ကိုပွားသဖြင့် အကယ်၍ငြီးငွေ့ဦးတော့ (နိဗ္ဗာန်)ကို

အာရုံမပြုတတ်က လိုရာမပြီး ခရီးမရောက်ပဲ (ဝိပဿနာ) ဇာတ်မျောဖြစ်နေတတ်ပါသည်။

ဤ (ဝိပဿနာ) သည် သား မယားနှင့်နေသောဥပါသကာ ဥပါသိကာပင်ဖြစ်ဦးတော့၊ ဥပ္ပါဒေါဒုက္ခံ-ဟူသော ပါဠိအရ (ဖြစ်ခြင်း) ရှိသမျှ (ရုပ်နာမ်သင်္ခါရ) ကို (ဒုက္ခ)ဟုလျှင်စွာ စင်ကြယ်စွာမြင်သိနိုင်ပါသည်။ "အနုပ္ပါဒေါသုခံ" ဟူသောပါဠိအရ (ဖြစ်မှု) မရှိခြင်း ချုပ်ငြိမ်းခြင်းသည် (နိဗ္ဗာနသုခ) ဟုလျှင်စွာမြင်သိနိုင်ပါသည်။ ဤ (ဝိပဿနာ) သည်မှတ်သားမှုကျဉ်း၍ အမြင်ကျယ်သော (ဝိပဿနာ) ဖြစ်ပါသည်။

ပုထုဇဉ်ပြဟ္မာကြီးတို့သည် ဤသို့ဒုက္ခနှင့်သုခကို ခွဲခြား၍ စင်ကြယ်စွာ မမြင်မသိမှု (အဝိဇ္ဇာ)ကြောင့် မိမိတို့ပြဟ္မာဘဝကို (သုခနိဗ္ဗာန်) ဟုထင်မှားကြသဖြင့် သံသရာဝဋ်မှ လွတ်ခွင့်မရကြပေ။

ဤ "ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါသုခံ" ဟု ဟုတ်မှန်စွာမြင်သိမှုသည် (ဖြစ်ခြင်း)ရှိက (ဒုက္ခ)ဟုမသိသော (အဝိဇ္ဇာ) ကိုချုပ်စေ၏၊ (ဖြစ်မှုချုပ်)က (နိဗ္ဗာန်) ဟုမသိသော (အဝိဇ္ဇာ)ကိုချုပ်စေနိုင်၏။ ထိုသို့ ဟုတ်မှန်စွာမြင်သိသောကြောင့် (ခန္ဓာငါးပါး)၌ ခင်တွယ်သော (တဏှာ)လည်းချုပ်ရတော့၏။

ယင်းသို့ (အဝိဇ္ဇာတဏှာ) မူလနှစ်ပါးကို လျှင်စွာချုပ်ငြိမ်း

စေနိုင်သည့်ပြင် ပွားများအားထုတ်မှု၌လည်း အလွန်လွယ်ကူခြင်းများ ကြောင့် (ဝိပဿနာ)ကို သာမညဝိပဿနာဟု မမှတ်မယူဘဲ အထူး အလေးဂရုပြု၍ ပွားများကြစေလိုပါသည်။

(၁) ပွားများရန်မှာ -"ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါသုခံ"

ဥပ္ပါဒေါ=ခန္ဓာဇာတိဖြစ်ရခြင်းသည် (ဒုက္ခံ) ဇရာမရဏာတို့ ဖြင့်ပျက်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ=ခန္ဓာဇာတိချုပ်ငြိမ်း ခြင်းသည် (သုခံ)ပျက်မှုမရှိသောကြောင့် ချမ်းသာ၏။ ဤ၌ (ဒုက္ခ) မရှိမှုကြောင့် (နိဗ္ဗာန်)ကို (သုခ)ဟုဟောတော်၏ဟူလို။

(၂) တနည်း - "ဥပ္ပါဒေါဘယံ၊ အနုပ္ပါဒေါခေမံ"

ဥပ္ပါဒေါ=ခန္ဓာဇာတိဖြစ်ရခြင်းသည် (ဘယံ) အို-နာ-သေ ရေးအပါယ်ဘေးတို့နှင့် ရောစပ်နေသောကြောင့် အလွန်ကြောက်ဖွယ် ကောင်းသော (ဘေးကြီး)ပေတည်း။ အနုပ္ပါဒေါ=ခန္ဓာဇာတိချုပ်ငြိမ်း ရခြင်းသည် (ခေမံ) အို-နာ-သေရေး အပါယ်ဘေးတို့မှ ကင်းသော (နိဗ္ဗာန်)ပေတည်း။ ဤ၌အလုံးစုံသော ဘေးတို့ကင်းလွတ်မှုကြောင့် (နိဗ္ဗာန်) ကို (ခေမံ)ဟုဟောတော်မူ၏။

(၃) တနည်း - "ဇာတိသံသာရာ၊ အဇာတိနိဗ္ဗာနံ"

(ဇာတိ) ဘဝသစ်၌ (ဖြစ်)ရခြင်းသည်။ သံသရာ၊ ဥပါဒ်ငြိဘင်

ဖြင့်ပျက်တတ်သော (သင်္ခါရ)တရားတို့သာတည်း။ တနည်း-သင်္ခါရာ၊ ကံစိတ်ဥတုအာဟာရတို့ဖြင့် မပြတ်ပြုပြင်အပ်သော (သင်္ခါရဒုက္ခ) တို့သာတည်း။

(အဇာတိ) တဖန်ဘဝသစ်၌ မဖြစ်ရခြင်းသည်။ ဝါ-အနုပ္ပါဒနိရောဓအားဖြင့် တဖန်မဖြစ်မူ၍ ချုပ်ငြိမ်းရခြင်းသည်။ နိဗ္ဗာနံ၊ သန္တိလက္ခဏာရှိသော (နိဗ္ဗာန်)ပေတည်း။ ဤ၌ (သင်္ခါရဇာတိ)ချုပ်မှုကြောင့် (အဇာတိ)ကို (နိဗ္ဗာန်) ဟုဟောတော်မူ၏။

ဤ(ဝိပဿနာ)မှတပါးသော(ဝိပဿနာ)တို့မှာ ဒုက္ခနှင့်သုခကိုတနည်း (ဒုက္ခသစ္စာ)နှင့် (နိရောဓသစ္စာ)ကိုစပ်၍ မပြသောကြောင့် (ဝိပဿနာ)ကိုပွားသဖြင့် (သင်္ခါရ)တရားတို့၌ ငြီးငွေ့သော်လည်း (နိဗ္ဗာန်)ကိုအာရုံမပြုတတ်သဖြင့် (မင်္ဂကိစ္စ) မပြီးဘဲအချိန်ကုန်တတ်ပါ၏ဟူလို။

## မင်္ဂကိစ္စပြီးပုံ (နိဗ္ဗာန-၂၃)

(မင်္ဂကိစ္စ) ပြီးပုံကိုပြဦးအံ့-အဘယ်ကဲ့သို့ (မင်္ဂကိစ္စ)ပြီးပါသနည်းဟူငြားအံ့-"ဖြစ်လျှင် ဒုက္ခ ချုပ်မှသုခနိဗ္ဗာန်" ချုပ်ခြင်းအမှုနှစ်သက်ပြုပြီးမှ မင်္ဂကိစ္စ" ဟူသောကထာအရ (ချုပ်ခြင်း)ကား၊ ဝါ-ချုပ်သောသဘောကား (နိဗ္ဗာန်)ပင်တည်း၊ ထိုသဘောကို (အာရုံ) ပြုခြင်းကား (အာရမ္မဏိကမင်္ဂစိတ်) တည်း၊ ထိုစိတ်ဖြင့် (ချုပ်မှု) ကို

နှစ်သက်လျှင် ဝါ (ဖြစ်ချင်)မှုကို (ပယ်စွန့်)လျှင် (တဏှာ) ပယ်မှု (နိဗ္ဗာန်)အာရုံပြုမှု (မဂ္ဂသစ္စာ)ပွားမှုကိစ္စများပြီးသဖြင့် (သောတာပန်) စသည်တည်၏ဟူလို။

ဤ(ဝိပဿနာ)နှင့်ပင်(သောတာပတ္တိမဂ်)မှမက (အရဟတ္တမဂ်)သို့ တက်ရောက်နိုင်၏ဟု အဋ္ဌကထာ၌မိန့်ဆိုချက်များ ရှိပါသည် ဟူလို။

## သစ္စာ၄ပါး ကို ဓမ္မဝဝတ္ထာန်ဖြင့် ၅-၅ာနပိုင်းခြားပုံ (နိဗ္ဗာန-၃၂)

ဣမေဓမ္မာအဘိညေယျာ၊ ဣမေဓမ္မာပရိညေယျာ၊ ဣမေဓမ္မာပဟာတဗ္ဗာ၊ ဣမေဓမ္မာသစ္ဆိကာတဗ္ဗာ၊ဣမေဓမ္မာဘာဝေတဗ္ဗာတိ ဟူ၍ ၅-၅ာနပိုင်းခြားအပ်၏။

(ဝိဘင်းပါဠိ စာ-၃၀၈)

(၁) ဣမေဓမ္မာ၊ ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယအရိယသစ္စာ၊ ဒုက္ခနိရောဓအရိယသစ္စာ၊ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါအရိယသစ္စာ-ဤသစ္စာ၄ပါးတို့သည် (အဘိညေယျော)ထူးသော(မဂ်ဉာဏ်) ဖြင့်သိအပ်သောတရားတို့သာတည်း။

(၂) ဣမေဓမ္မာ၊ ဤဥပ္ပါဒေါဒုက္ခံ၊ ပဝတ္တံဒုက္ခံစသောပါဠ်ဖြင့်(ဖြစ်ခြင်း) ရှိသမျှ (သင်္ခါရ)တရားတို့သည် (ပရိညေယျော)၊ (ဒုက္ခသစ္စာ)သာတည်းဟု(ပိုင်းခြား)၍သိအပ်သောကိစ္စရှိသောတရားလို့သာတည်း။

(၃) ဣမေဓမ္မာ၊ ဤကာမတဏှာ ဘဝတဏှာ၊ ရူပတဏှာစသော လောဘစေတသိက်တို့သည်၊ (ဝါ) လိုချင်တပ်မက်မှုတို့သည်၊ ပဟာတဗ္ဗာ (ပယ်အပ်)သောကိစ္စရှိသော တရားတို့သာတည်း။

(၄) ဣမေဓမ္မာ၊ အနုပ္ပါဒေါသုခံ၊ အပဝတ္တံသုခံ၊ အဇာတိသုခံစသော ပဋိသမ္ဘိဒါမဂ်ပါဠိ စာ-(၁၃) (၅၇)အရ၊ တနည်း-အတ္ထိဘိက္ခဝေ အဇာတံနိဗ္ဗာနံဟူသော ဥဒါန်းပါဠိတော်စာ-(၁၇၈)အရ (ဖြစ်ခြင်း)မရှိသော(အဇာတ)သဘောတို့သည်။ဝါ-(တဏှာ)ချုပ်ငြိမ်းမှုသည်။ သစ္ဆိကာတဗ္ဗာ၊ (မျက်မှောက်)ပြုအပ်သော ကိစ္စရှိသော တရားတို့သာတည်း။

(၅) ဣမေဓမ္မာ၊ ဤ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသော (မဂ္ဂင်ရှစ်ပါး) တို့သည် ဘာဝေတဗ္ဗာ ပွားအပ်သောကိစ္စရှိသော တရားတို့ သာတည်း။

ဣတိ၊ ဤသို့ (သစ္စာ)တို့ကိုအဘိညေယျ၊ ပရိညေယျ၊ ပဟာတဗ္ဗ၊ သစ္ဆိကာတဗ္ဗ၊ ဘာဝေတဗ္ဗတို့ဖြင့် (၅)ဌာနဝေဖန်ပိုင်းခြားအပ်ကုန်၏။ (အဓိပ္ပါယ်) ကား (သစ္စာ၄ပါး) ကိုသိအပ်၏။ ထို (သစ္စာ၄ပါး) တို့ (ကိစ္စ)အသီးသီးကိုလည်း ပိုင်းခြား၍သိအပ်၏ဟူလို။

**သစ္စာ၄ပါးသိမြင်ပုံ (တနည်း)** (နိဗ္ဗာန-၅၀)

ပဝတ္တိ=ပဝတ္တန၊ နိဝတ္တိ-နိဝတ္တန၊ (ဝိသုဒ္ဓိမဂ်ဒုတွဲ၊ စာ-၁၂၆)

ပဝတ္တိ=ဇာတိဒုက္ခဖြစ်ခြင်း။ ပဝတ္တန=ခန္ဓာဇာတိကိုဖြစ်စေခြင်း။ နိဝတ္တိ=ခန္ဓာဇာတိချုပ်သောနိဗ္ဗာန်။ နိဝတ္တန=ခန္ဓာဇာတိကို မဂ်ဖြင့်ချုပ်စေခြင်း။ ဤ၌ ပဝတ္တိဟူသည် (ဒုက္ခသစ္စာ)ပင်တည်း၊ (ပဝတ္တန) ဟူသည် (တဏှာသမုဒယသစ္စာ)ပင်တည်း (နိဝတ္တိ) ဟူသည် ဇာတိချုပ်သော (နိရောဓသစ္စာ)ပင်တည်း၊ နိဝတ္တနဟူသည် (သမ္မာဒိဋ္ဌိ) စသော (မဂ္ဂသစ္စာ)ပင်တည်း။

အဓိပ္ပါယ်ကား-"ဖြစ်ခြင်း၊ ဖြစ်စေခြင်း၊ ချုပ်ခြင်း၊ ချုပ်စေခြင်း"၊ (တနည်း) "ဖြစ်ခြင်း၊ ဖြစ်ကြောင်း၊ ချုပ်ခြင်း၊ ချုပ်ကြောင်း" (သစ္စာ၄ပါး)ကို ဤသို့အကျဉ်းအားဖြင့်မှတ်အပ်၏။

## သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တို့၏အဓိပ္ပါယ် (နိဗ္ဗာန-၃၃)

(၁) သစ္စဉာဏ် - ဟူသည် (ဓမ္မာဝတ္ထာန်) ၌ပြသည့်အတိုင်း သစ္စာ ၄ပါးသိမှုပင်တည်း။

(၂) ကိစ္စဉာဏ် - ဟူသည် သိ-ပယ်-ဆိုက်-ပွားအရ (ဒုက္ခသစ္စာ)၌ (သိမှုကိစ္စ) သမုဒယသစ္စာ၌ (ပယ်မှုကိစ္စ) ဒုက္ခနိရောဓသစ္စာ၌ (မျက်မှောက်ပြုမှုကိစ္စ) မဂ္ဂသစ္စာ၌ (ပွားမှုကိစ္စ)၊ ဤသို့ကိစ္စ အသီးသီးကိုသိမှုပင်တည်း။

(၃) ကတဉာဏ် - ဟူသည် (သစ္စာ၄ပါး) ကိုပြုအပ်သော (ကိစ္စ)ရှိသည့်အတိုင်း ပြုပြီးပြီ၊ ဇါ၊ ဥပ္ပါဒေါ ဒုက္ခံဟူသောပါဠ်၌အရ

(ဖြစ်ခြင်း) ရှိသမျှ (ရုပ်နာမ်)တို့ကို (ဒုက္ခ)ဟုသိအပ်သော ကိစ္စ ရှိသည့်အတိုင်း (သိပြီးပြီ) (ဘဝတဏှာ)ကို ပယ်အပ်သောကိစ္စ ရှိသည့်အတိုင်း (ပယ်ပြီးပြီ)၊ နိရောဓသစ္စာ နိဗ္ဗာန်ကိုမျက်မှောက် ပြုအပ်သောကိစ္စရှိသည့်အတိုင်း (မျက်မှောက်ပြုပြီးပြီ)၊ မဂ္ဂ သစ္စာကိုပွားအပ်သောကိစ္စရှိသည့်အတိုင်း (ပွားပြီးပြီ)။ ဤသို့ (ကိစ္စပြီး)သည်ကို(ပြီးပြီ)ဟု သိခြင်းပင်လျှင်(ကတဉာဏ်)မည်၏ ဟူလို။

သစ္စ ကိစ္စ ကတ ဉာဏ် ၁၂ ပါး (နိဗ္ဗာန-၃၅)

(၁) ရှေးအခါက (ဒုက္ခ)ကို ဒုက္ခဟုသဲကွဲစွာမသိခဲ့ပေ၊ယခု(ဥပ္ပါ ဒေါဒုက္ခံ)ဟူသော ပါဠိအရ(ဒုက္ခ)ကို သဲသဲကွဲကွဲသိပြီ။

(၂) ထို (ဒုက္ခ) ၌သိအပ်သော (ကိစ္စ)ရှိ၏ဟု ရှေးကမသိယခုသိပြီ။

(၃) သိအပ်သည့်အတိုင်း (သိ)ပြီးပြီ။

(၄) ရှေးအခါက (သမုဒယ)ကို သမုဒယဟုမသိခဲ့ပေ၊ ယခုအခါ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာကို (သမုဒယ)ဟုသိပြီ။

(၅) ထို (သမုဒယ)ကို (ပယ်)အပ်သော (ကိစ္စ)ရှိသည်ကိုရှေးက မသိ၊ ယခုသိပြီ။

(၆) သိသည့်အတိုင်း (ပယ်)ပြီးပြီ။

(၇) ရှေးအခါက (နိဗ္ဗာန်)ကို(နိဗ္ဗာန်)ဟုမသိပေ၊ ယခု(တဏှာ၃ပါး)

တို့၏ချုပ်ရာ အဇာတအနုပ္ပါဒသဘောကို (နိဗ္ဗာန်)ဟု သိပြီ။

(၈) ထို(နိဗ္ဗာန်)ကို မျက်မှောက်ပြုအပ်သော (ကိစ္စ)ရှိ၏ဟု ရှေးက မသိ၊ ယခုသိပြီ။

(၉) သိသည့်အတိုင်း (တဏှာ)ချုပ်ခြင်းကို(မျက်မှောက်)ပြုပြီးပြီ။

(၁၀) ရှေးအခါက (မဂ္ဂသစ္စာ)ကို(မဂ္ဂသစ္စာ)ဟုမသိပေ၊ ယခုသမ္မာဒိဋ္ဌိစသောအင်္ဂါကမဂ်ကိုသိပြီ။

(၁၁) ထို (မဂ်) ကို (ပွား) အပ်သော (ကိစ္စ)ရှိ၏ဟု ရှေးကမသိပေ၊ ယခုသိပြီ။

(၁၂) သိသည့်အတိုင်း (ပွား) ပြီးပြီ။

ဤသို့ကိစ္စပြီးသည်ကိုပြုပြီးပြီဟု သိအပ်၏ဟူလို။

## သစ္စဉာဏ်၄ပါး၊ ကိစ္စဉာဏ်၄ပါး၊ ကတဉာဏ်၄ပါး (နိဗ္ဗာန-၂၂၁)

သစ္စဉာဏ် ၄ပါး၊ ကိစ္စဉာဏ် ၄ပါး၊ ကတဉာဏ် ၄ပါးတို့ကို အက္ခရာတစ်လုံးစီဖြင့် မြင်သိနည်းကိုပြဦးအံ့-

ဒု-သ-နိ-မဂ် ၄ချက်သစ္စံ။

သိ-ပယ်-ဆိုက်-ပွား ၄ပါးကိစ္စံ။

သစ္စ-ကိစ္စ-ကတ ပြည့်စုံကဖြစ်ထ သောတာပန်။

အဓိပ္ပါယ်ကား-ဒုကား ဒုက္ခသစ္စာ။ သ-ကား သမုဒယသစ္စာ။ နိကား နိရောဓသစ္စာ။ မဂ်ကား မဂ္ဂသစ္စာ။ ဤသို့လျှင် သစ္စာ၄ပါးပြီး၏။

ကိစ္စ ၄ပါးကား ဒုက္ခ၌သိခြင်းကိစ္စ၊ သမုဒယ၌ပယ်ခြင်းကိစ္စ နိရောဓ၌မျက်မှောက်ပြုခြင်းကိစ္စ မဂ္ဂ၌ပွားခြင်းကိစ္စ၊ ဤသို့အားဖြင့် ကိစ္စ၄ပါးပြီး၏။

## သစ္စ-ကိစ္စ-ကတဉာဏ် ၁၂ပါးအဓိပ္ပါယ်

(၁) (ဒုက္ခ) သစ္စာ၌ဒုက္ခသစ္စာကို ဒုက္ခသစ္စာဟုသိသော (သစ္စဉာဏ်)

(၂) သိအပ်သောကိစ္စရှိ၏ဟု ကိစ္စကိုသိသော (ကိစ္စဉာဏ်)

(၃) သိအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီဟု သိသော (ကတဉာဏ်)

(၁) (သမုဒယ)သစ္စာ၌လည်း (တဏှာ)ကို (သမုဒယသစ္စာ)ဟုသိသော(သစ္စဉာဏ်)

(၂) ပယ်အပ်သောကိစ္စရှိ၏ဟု ကိစ္စကိုသိသော (ကိစ္စဉာဏ်)

(၃) ပယ်အပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီဟု သိသော (ကတဉာဏ်)

(၁) (နိရောဓ) သစ္စာ၌လည်း နိရောဓသစ္စာကို နိရောဓသစ္စာဟုသိသော (သစ္စဉာဏ်)

(၂) မျက်မှောက်ပြုအပ်သော ကိစ္စရှိ၏ဟု ကိစ္စကို သိသော (ကိစ္စဉာဏ်)

(၃) မျက်မှောက်ပြုအပ်သော ကိစ္စရှိသည့်အတိုင်း မျက်မှောက်ပြုပြီးပြီဟုသိသော (ကတဉာဏ်)

(၁) (မဂ္ဂ)သစ္စာ၌လည်း(သမ္မာဒိဋ္ဌိ)စသောမဂ္ဂင်ရှစ်ပါးကို(မဂ္ဂသစ္စာ)ဟုသိသော(သစ္စဉာဏ်)

(၂) ထို(မဂ္ဂင်ရှစ်ပါး)ကိုပွားအပ်သောကိစ္စရှိ၏ဟု (ကိစ္စ)ကိုသိသော (ကိစ္စဉာဏ်)

(၃) ပွားအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီဟု သိသော (ကတဉာဏ်)

**သစ္စာ၄ပါး အမေးအဖြေ** (နိဗ္ဗာန-၁၅)

ထို(သစ္စာ၄ပါး)ကိုပင်လျှင် ဉာဏ်အမြင်ပွင့်လင်းစေခြင်းငှာ အမေးအဖြေနှင့်တကွ ပြဦးအံ့-

မေး။ အလုံးစုံသော ၃၁ဘုံရှိ (သတ္တဝါ)တို့၌ အဖန်ဖန်ပဋိသန္ဓေနေရခြင်းဟူသော (ဘဝဇာတိ) သည်အဘယ်ကြောင့် ဖြစ်ပါသနည်း။

ဖြေ။ မိမိတို့၏ (လိုချင်မှု)ကာမတဏှာ ဘဝတဏှာ ရူပတဏှာ စသည်တို့ကြောင့် ဖြစ်ပါသည်။

မေး။ ထို (တဏှာ) အဘယ်ကလာပါသနည်း။

ဖြေ။ (သစ္စာလေးပါး)ကို မမြင်မသိသော မိမိတို့၏ အဇ္ဈတ္တ(မောဟအဝိဇ္ဇာ)မှလာပါသည်။

မေး။ ထိုမောဟအဝိဇ္ဇာက အဘယ်ကဲ့သို့ဖုံးထားပါသနည်း။

ဖြေ။ မည်သည့်သန္တာန်မှာဖြစ်စေ (ဖြစ်ခြင်း)ရှိသော (ရုပ်နာမ်ခန္ဓာ) ဟူသမျှသည် ဌီ-ဘင် (ဇရာမရဏ)ဖြင့်ပျက်၏၊ ထိုသို့ပျက်ခြင်းသည် မမြဲမှု (အနိစ္စ)ပင်တည်း၊ထိုသို့ မမြဲမှုကိုမြဲစေရန် ဝါ အိုမှု၊ နာမှု၊ သေမှုကို မအိုမနာ မသေစေရန်ဆန္ဒရှိကြသော်လည်း ထိုဆန္ဒအတိုင်း ဖြစ်စေရန် အစိုးမရ အလိုမလိုက်ခြင်းသည် (အနတ္တ)ပင်တည်း၊ ထိုအနတ္တလက္ခဏာအမြဲပါရှိနေသော်လည်း 'သတိမမူဂူမမြင်' ဆိုသကဲ့သို့ ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ် (အနတ္တ) ဟုအမှန်ကိုမမြင်မသိတတ် သောမိမိတို့၏ (အဝိဇ္ဇာ) ဖုံးမှုကြောင့် (လိုချင်မှုတဏှာ) ဖြစ်ပေါ်လာပါသည်။ ဥပမာ-မီးတောက်ကို ရွှေရောင် မှတ်၍ တိုးသောပိုးဖလံကဲ့သို့ ပေတည်း။

မေး။ ထိုသို့သိမှား မှတ်မှားအထင်မှားမှုတို့ကို သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် အမှန်မြင်သိက တနည်း-အနိစ္စ ဒုက္ခ အနတ္တသာတည်းဟု အမှန်သိက(ဘဝတဏှာ)ဖြစ်နိုင်ပါဦးမည်လော။

ဖြေ။ အမှန်ကိုမသိသော (မောဟအဝိဇ္ဇာ) ကြောင့်ဖြစ်သော (တဏှာလောဘ) သည် သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် အမှန်ကိုမြင်သိက (ဘဝတဏှာ)တဖန်ဖြစ်နိုင်ခွင့်မရှိတော့ပါ။ ဥပမာ-ခဲဖွယ်ဘောဇဉ်၌ မစင်ပါရှိမှုကို မမြင်မသိပါက စားလိုသော အာသာဆန္ဒရှိသော်လည်း မစင်ပါသည်ကိုမြင်သိသောအခါ စားလိုမှုတဏှာချုပ်ရ

သကဲ့သို့ မီးရောင်ကအမှောင်ပျောက်ရသကဲ့သို့ ထို့အတူ မိမိတို့သန္တာန်မှာ ဆံပင်စသော မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက် စသော(ရုပ်)တရား ဝေဒနာ၊ သညာ သင်္ခါရ ဝိညာဏ် (နာမ်) တရားတို့ရှိကြသော်လည်း မအို မနာ မသေရန် အစိုးမရသော ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တ (ဒုက္ခသစ္စာ)ဟုမြင်သိက (လိုချင်မှုဘဝတဏှာ) ဖြစ်နိုင်ခွင့်မရှိ တော့ပါ။ ဥပမာ-တနည်းအားဖြင့်ဆိုရလျှင် နတ်သမီးထင်၍ ချစ်ခဲ့ပုံ၊ ဘီလူးမဟုမြင်သိရုံဖြင့် ချစ်စိတ်ကုန်ခမ်းသကဲ့သို့ ထို့အတူ (ခန္ဓာငါးပါး)၌ အနိစ္စ ဒုက္ခ အနတ္တ (ဒုက္ခသစ္စာ)ကို မြင်သိလျှင် အဘယ်မှာလျှင် (ဘဝတဏှာ) ဖြစ်နိုင်တော့မလဲ၊ ယင်းသို့(ဘဝတဏှာ)မှ မဖြစ်ခဲ့လျှင် အဘယ်မှာလျှင်(ဘဝ ဇာတိ)ကိုဖြစ်စေလိုသောစိတ်ဖြင့် (ကံ) ကို ပြုတော့မလဲ။

မေး။ ယင်းသို့ (ဇာတိ) စသော (ဒုက္ခ)ကိုဖြစ်စေတတ်သော လက်သည် (ဘဝတဏှာကံ)မရှိခဲ့လျှင် (ဇာတိ) တဖန် ဖြစ်နိုင်ဦးမည်လော။

ဖြေ။ (အကြောင်း) ကုန်လျှင် (အကျိုး)ကုန်ရမြဲဖြစ်သောကြောင့် ဇာတိတဖန်မဖြစ်နိုင်တော့ပါ။

ဥပမာ- ဖယောင်းတိုင်ကို အမှီပြု၍ဖြစ်သော မီးတောက်သည် ဖယောင်းတိုင်ကုန်က မီးငြိမ်းရသကဲ့သို့ ထို့အတူ မိမိကပင် (တဏှာ)ကိုပယ်စွန့်သောကြောင့် ယင်း (လိုချင်မှုတဏှာ) ကြောင့်ဖြစ်သော(ဇာတိ)သည် တဖန်မဖြစ်နိုင်တော့ပါ။

တနည်း- ဟေတုနိရောဓါဖလနိရောဓေါ-ဟူသောပါဌ်အရ ဟေတုနိရောဓါ၊ အကြောင်း၏ချုပ်ခြင်းကြောင့်။ ဖလနိရောဓေါ၊ အကျိုးတရား၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တနည်း-ဟေတုနိရောဓါ၊ ဇရာမရဏ၏အကြောင်း ဖြစ်သော ဇာတိ၏ချုပ်ငြိမ်းမှုကြောင့်။ ဖလနိရောဓော၊ ဇရာမရဏဟူသော အကျိုးတရား၏ချုပ်ငြိမ်းခြင်း သည်။ ဟောတိ၊ ဖြစ်၏။

တနည်း-အဝိဇ္ဇာတဏှာ ဉပါဒါန်ကံကြောင့် (ဇာတိ)ဖြစ်၏။ ထိုဖြစ်စေတတ်သော အကြောင်းကိုပယ်လျှင် ဝါ-(ကံ)ကို(တဏှာ)ဖြင့်ထပ်ကာ ထပ်ကာမလုပ်လျှင် အကြောင်းကုန်သောကြောင့် တဖန်မဖြစ်နိုင်တော့ပါ၊ ဤသို့အကြောင်းကုန်လျှင် အကျိုးကုန်၏ဟုယုံကြည်လျှင် (မဂ်ဖိုလ်)ကိုရ၏ဟူလို။

မှတ်လွယ်ရန်ဆောင်ပုဒ် ။ ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြုချုပ်မှုထိုဒုက္ခ။

ဤ၌ဖြစ်လိုမှုကား မိမိတို့၏လိုချင်မှု ဘဝတဏှာ၊ (သမုဒယသစ္စာ)ပင်တည်း (ခန္ဓာဇာတိ) စသောဒုက္ခတို့ဖြစ်ခြင်းကား (ဒုက္ခသစ္စာ)တည်း၊ ထို(ခန္ဓာငါးပါး)၌ရှိသောအနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကိုရှုသဖြင့် (ဖြစ်လိုမှု) စိတ်ပျက်၍ မိမိ (ဘဝတဏှာ) ကိုစွန့်ခြင်းကား (မဂ္ဂသစ္စာ)တည်း (ခန္ဓာဇာတိ) ချုပ်မှုကား (နိရောဓသစ္စာ)နိဗ္ဗာန်တည်း။ ထို (သစ္စာ ၄ပါး)တို့၌ ယုံမှားကင်းလျှင် ဒိဋ္ဌိဝိစိကိစ္ဆာ

ချုပ်သဖြင့် (သောတာပန်)တည်၏ဟူလို။ အဓိပ္ပါယ်ကား-ပုဂ္ဂိုလ် သတ္တဝါသဘောမရှိ (ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဤ သစ္စာ၄ပါး)သော အမှန်ရှိ၏ဟု (မဂ်ဉာဏ်)ဖြင့်မြင်သိမှုပင်ဟုလို။

မေး။ မိမိတို့သန္တာန်မှာရှိသော မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေ၊ လက် စသောမသိတတ်သော(ရုပ်)နှင့်သိတတ် မှတ်တတ် ခံစားတတ် ပြုပြင်တတ်သော (နာမ်)တရားတို့ ရှိနေခြင်းသည် (သုခ)ရှိနေ ခြင်းလော၊ သို့မဟုတ် (ဒုက္ခ) ရှိနေခြင်းလော။ (နိဗ္ဗာန-၂၂၃)

ဖြေ။ ထိုတရားတို့သည် အို နာ သေမှု ဖောက်ပြန်မှုစသော မမြဲမှု (အနိစ္စ)၊ ဆင်းရဲမှု (ဒုက္ခ)၊ အစိုးမရ အလိုသို့ မလိုက်သော (အနတ္တ)တရားများဖြစ်နေသောကြောင့် (သုခ) ရှိနေမှုမဟုတ် (ဒုက္ခ) ရှိနေမှုမှန်ပါသည်။

မေး။ အဘယ်သို့ကိုယ်တွေ့ မြင်သိသောကြောင့် ဤကဲ့သို့ ဖြေဆိုပါ သနည်း။

ဖြေ။ သွားကျိုးဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်း ကုန်းကွစသော ဇရာ ဒုက္ခ၊ ခေါင်းခဲ၊ ဝမ်းနာဖျားနာခြင်းစသော ဗျာဓိဒုက္ခ၊ မအိုမနာမသေပဲ မြဲလိုသောဆန္ဒရှိသော် လည်း ဆန္ဒအရဖြစ်စေ ရန် အစိုးမရအနတ္တတို့သာ ဖြစ်နေသောကြောင့် (သုခ) ရှိနေမှု မဟုတ် (ဒုက္ခသစ္စာ)သာရှိနေမှုဟုဖြေဆိုပါသည်။

မေး။ ထို (ဒုက္ခ)တို့ကို မည်သူလုပ်သလဲ၊ ဘာကြောင့်ဖြစ်သလဲ။

ဖြေ။ ထိုဒုက္ခတို့ကို မည်သူမျှမလုပ်ပါ၊ မိမိတို့၏ (ဘ၀တဏှာ) စသည် ကြောင့်ဖြစ်ပါသည်။

မေး။ အဘယ်ကဲ့သို့ တွေ့ကြုံရသောကြောင့် ဤကဲ့သို့ ဖြေဆိုပါသလဲ။

ဖြေ။ သတ္တဝါဟူသမျှသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ အင်္ဂါခြေလက်စသည်တို့၌လည်းကောင်း၊ သောမနဿသုခ ဝေဒနာတို့၌လည်းကောင်း အလွန်ခင်တွယ်သော တဏှာ သံယောဇဉ်ရှိနေကြပါသည်။ ထို့ကြောင့်ပင်လျှင် သားရေး မယားရေး၊ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ ပစ္စည်းရှာမှီး ရေးနှင့် ပူပန်ကြောင့်ကြရေးတို့နှင့်တကွ ဒုက္ခအနန္တတို့နှင့် တွေ့ကြုံနေလေသောကြောင့် ဤကဲ့သို့ဖြေဆိုပါသည်။

မေး။ (တဏှာ)ကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိလျှင် ဘ၀တဏှာ တဖန်ဖြစ်ဦးမည်လော။

ဖြေ။ ရှေးအခါက(သဒ္ဓမ္မ)သူတော်ကောင်းတရားကို မကြားမနာရ၍၊ မသိမမြင်မှုကြောင့် လိုချင်မှု (ဘ၀တဏှာ) ဖြစ်ပါသည်။ ယခု အခါ (သစ္စာလေးပါး)သူတော်ကောင်း တရားကြားနာရသဖြင့် အကျိုးအကြောင်းကောင်းစွာသိရပေပြီ၊ ထို့ကြောင့် တဖန် (ဘ၀ ဇာတိ) ကိုအလိုမရှိတော့ပါ။

မေး။ မိမိ (လိုချင်မှု) ဘ၀တဏှာကြောင့်ဖြစ်သော (ခန္ဓာဇာတိ)သည် မိမိပင်လျှင်ပယ်စွန့်က တဖန်(ဇာတိ)ဖြစ်နိုင်ဦးမည်လော။

ဖြေ။ အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲဖြစ်သောကြောင့် (ဇာတိ) တဖန်ဖြစ်နိုင်ခွင့်မရှိပါ။

## သုတ္တနိပါတ်ပါဠိတော်နည်း (နိဗ္ဗာန-၂၂၅)

(တဏှာ) ကုန်လျှင် (ဇာတိ)မဖြစ်နိုင်ကြောင်း 'သုတ္တနိပါတ်ပါဠိတော် စာ (၁၃၂)" အရပြဦးအံ့-

ဥစ္ဆိန္နဘဝတဏှာဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
ဝိက္ခီဏောဇာတိသံသာရော၊ နတ္ထိတဿပုနဗ္ဘဝေါ။

ဥစ္ဆိန္နဘဝတဏှာဿ=ကင်းပြတ်ပြီးသော (ဘဝတဏှာ)ရှိသော။ သန္တစိတ္တဿ=ငြိမ်သက်သောစိတ်ရှိသော။ ဘိက္ခုနော=ရဟန်းအား။ ဇာတိသံသာရော=ဇာတိသံသရာသည်။ ဝိက္ခီဏော=ကုန်ပြီ။ တဿ=ထိုရဟန်းအား။ ပုနဗ္ဘဝေါ=တဖန်ဘဝသစ်သည်။ နတ္ထိ=မရှိ။ ဘဝဇာတိချုပ်သော (နိဗ္ဗာန်)ကိုရလေတော့၏ဟူလို။

မေး။ သုံးဆယ့်တဘုံရှိ (သတ္တဝါ)တို့၌အဖန်ဖန် (ပဋိသန္ဓေ) နေရခြင်းဟူသော (ဘဝဇာတိ) စသော (ဒုက္ခသစ္စာ) အဘယ်ကြောင့်ဖြစ်ပါသနည်း။

ဖြေ။ မိမိတို့ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗ တဏှာတို့ကြောင့် (ဒုက္ခသစ္စာ) ဖြစ်နေပါသည်။

မေး။ ထို (တဏှာ)ဘာကြောင့်ဖြစ်သလဲ၊ ဘယ်ကလာသလဲ။

ဖြေ။ (သစ္စာ)ကိုမသိသော မိမိတို့၏ (မောဟအဝိဇ္ဇာ)ကြောင့် ဖြစ်၍ ထို(မောဟအဝိဇ္ဇာ)မှာလာပါသည်။

မေး။ ထိုမောဟအဝိဇ္ဇာက အဘယ်ကဲ့သို့ဖုံးထားပါသလဲ။

ဖြေ။ မည်သည့် လူ နတ် ဗြဟ္မာ သန္တာန်မှာမဆို (ဖြစ်ခြင်း) ရှိသော (ရုပ်နာမ်ခန္ဓာ)ဟူသမျှသည်(ဋ္ဌီဘင်)ဇရာမရဏ ဖြင့်ပျက်၏။ ထိုသို့ပျက်ခြင်းကား မမြဲမှု (အနိစ္စ)ပင် တည်း။ ထိုမမြဲမှုကို မြဲစေရန် ဝါ၊ အိုနာသေမှုကို မအို မနာမသေရန် အလိုရှိကြသော်လည်း ထိုအလိုဆန္ဒအရ ဖြစ်စေရန် အစိုးမရမှုသည် (အနတ္တ)ပင်တည်း။ ထိုသို့ အနတ္တလက္ခဏာပါရှိနေသော်လည်း "သတိမမူဂူမမြင်"ဆိုဘိသကဲ့သို့ ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ် သော၊(အနတ္တ)ဟုမသိသော၊ မိမိတို့၏ (မောဟအဝိဇ္ဇာ) ဖုံးသောကြောင့်(လိုချင်ခင်တွယ်မှုတဏှာ)ဖြစ်ပေါ်လာပါသည်။ ပိုးဖလံမျိုးမီးကိုတိုး ကိုယ်ကျိုး နည်းလှပြီ- ဟူသော ထွဋ်ခေါင်ဆရာတော် ကမ္ဗဒ္ဒန်းကဲ့သို့ အနမတဂ္ဂသံသရာမှာ ကိုယ်ကျိုးနည်းခဲ့လှပြီ ဟူလို။

မေး။ ထို သိမှားမှတ်မှား အယူမှားတို့ကို (သမ္မာဒိဋ္ဌိမဂ်) ဉာဏ်ဖြင့် အမှန်ကို သိမြင်ကတနည်း-အတ္တသတ္တဇီဝ သဘောမရှိသော (ဒုက္ခသစ္စာ)သာတည်းဟု သိမြင်က(ဘဝတဏှာ)ဖြစ်နိုင်ဦးမည်လော။

ဖြေ။ အမှန်ကိုမမြင် မသိမှုကြောင့်ဖြစ်သောလိုချင်မှုသည် အမှန်မြင် သိက လိုချင်မှုဖြစ်နိုင်ခွင့် မရှိတော့ပါ၊ ဥပမာ-နတ်သမီးယောင် ဆောင်၍နေသော ဘီလူးမကို ဘီလူးမဟုမသိမိက ချစ်ခင်ခဲ့ သောစိတ်ရှိသော်လည်း ဘီလူးမဟုဒိဋ္ဌမြင်သိသည့်အခါ ချစ် စိတ်ကုန်ခန်းသည့်ပြင်၊ ထို ဘီလူးမ၏ဘေးကင်းရာသို့ လျင်စွာ ထွက်ပြေးဘိသကဲ့ သို့ ထို့အတူ (ခန္ဓာငါးပါး)တို့၌အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာပါရှိနေမှုကို မသိမမြင်မိက လိုချင် ချစ်ခင် သောစိတ်ရှိခဲ့သော်လည်း၊ ယခုအခါ သာသနာတွင် (သမ္မာဒိဋ္ဌိ) ဉာဏ်ဖြင့် (ဒုက္ခသစ္စာ)သာတည်းဟုအမှန် မြင်သိရကား မည်သည့်ဘဝကိုမျှ အလိုမရှိတော့ပါ၊ ထို့ကြောင့် (ဇာတိ) ကိုဖြစ်စေတတ်သော ကံကိုလည်း မပြုတော့ပါ။

မေး။ ထို (ဇာတိ)ကိုဖြစ်စေတတ်သော အဝိဇ္ဇာတဏှာ ဥပါဒါန် ကံမရှိခဲ့လျှင် တဖန်(ဇာတိ)ဖြစ်နိုင်ခွင့်ရှိဦးမည်လော။

ဖြေ။ အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲဖြစ်သောကြောင့် (ဇာတိ) တဖန်ဖြစ်နိုင်ခွင့်မရှိတော့ပါ။ ဥပမာ-ဖယောင်း တိုင်ကိုအမှီပြု၍ ဖြစ်သော မီးတောက်အရောင်အလင်းသည် ဖယောင်းတိုင်ကုန် ကငြိမ်းရဘိသကဲ့သို့၊ အပင်ကိုအမှီပြု၍ဖြစ်သောမျိုးစေ့သည် အပင်မရှိသော် မျိုးစေ့တဖန်မဖြစ်နိုင်သကဲ့သို့ ထို့အတူမိမိ (လိုချင်မှု)ကြောင့်(ဇာတိဒုက္ခ)သည်မိမိပယ်စွန့်ကတဖန်(ဇာတိ) မဖြစ်နိုင်တော့ပါ။ ဇာတိချုပ်သောအနုပ္ပါဒ(နိဗ္ဗာန်) ကိုရလေ

တော့၏ဟူလို။ ထို့ကြောင့် မေ့သင်္ဂဏီအဌ ကထာစာ(၁၇၁)၌- "အလောဘေန ဇာတိဒုက္ခံ နဟောတိ။ ကသ္မာ၊ အလောဘဿ၊ တဏှာယပဋိပက္ခတော"ဟု ဟိတ်ခတ်၍ ပြတော်မူ၏။
အလောဘေန - မလိုချင်မှုဟူသော အလောဘကြောင့်။ ဇာတိဒုက္ခံ-ဇာတိဒုက္ခသည်၊ နဟောတိ-မဖြစ်။ ကသ္မာ- အဘယ်ကြောင့်နည်းဟူမူကား။ အလောဘဿ- မလိုချင်မှု၏။ တဏှာယ-လိုချင်မှုနှင့်။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်တည်း။

မေး။ ခန္ဓာဇာတိ ချုပ်ငြိမ်းခြင်းသည် အဘယ်နိဗ္ဗာန် မည်ပါသနည်း။

ဖြေ။ အဇာတိ နိဗ္ဗာနံ-ဟူသောပါဠိအရ အဇာတ အပဝတ္တ နိဗ္ဗာန် မည်ပါသည်။

## (သစ္စာလေးပါး)ဆောင်ပုဒ်၏အဓိပ္ပါယ် (နိဗ္ဗာန-၂၂၇)

"သမုဒယကြောင့်ဖြစ်ထဒုက္ခံ။ သမုချုပ်က ထိုဒုက္ခမုချချုပ် မည်မှန်"
ဖြစ်လိုမှုတဏှာကြောင့် ဖြစ်ထဇာတိဒုက္ခံ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခံ။
၄ရပ် ဤမှု မြင်သိက ဖြစ်ထသောတာပန်။

(၁) အဓိပ္ပါယ်ကား - "ဖြစ်လိုမှု" ဟူသည်မိမိ၊ မိမိတို့၏လိုချင်မှု (ဘဝတဏှာ)ပင်တည်း။

(၂) "ဖြစ်ထဇာတိဒုက္ခ" ဟူသည်အသီးသီး မိမိတို့၏ (ဇာတိ) စသော (ဒုက္ခ)ပင်တည်း။

(၃) "ဖြစ်ချင်လိုမှုပယ်စွန့်ပြု" ဟူသည်ထို (ခန္ဓာ)၌ရှိသော (အနိစ္စ ဒုက္ခ အနတ္တ) လက္ခဏာများရှုသဖြင့် (ဇာတိ) ဖြစ်လိုမှု စိတ်ပျက်၍ (ဘဝတဏှာ)စသည်ကို စွန့်ပယ်ခြင်းကား (မဂ္ဂသစ္စာ) တည်း။

(၄) (တဏှာ)ချုပ်သဖြင့် တဖန်ဇာတိမဖြစ်မူ၍ အနုပ္ပါဒနိရောဓ အားဖြင့် ချုပ်ငြိမ်းခြင်းကား (နိရောဓသစ္စာ) နိဗ္ဗာန်တည်း။

(၅) ဤသို့ဆင်ခြင်သဖြင့် ဉာဏ်အမြင်ပေါက်ရောက်သည့်အခါ (ဇာတိ) ဖြစ်ခြင်းကား 'ဥပ္ပါဒေါဒုက္ခံ' ဟူသောပါဠ်အရ (သမုဒယ တဏှာ)သည် (ဘဝဇာတိ)ကိုပြုလုပ်သောလက်သည် အမှန်ပါပဲ။

(၆) (တဏှာ)ကိုမဂ်ဉာဏ်ဖြင့် ချုပ်စေခြင်းကြောင့် ဇာတိစသည်ချုပ်ငြိမ်းသော 'အနုပ္ပါဒေါနိဗ္ဗာနံ' ဟူသောပါဠ်အရ (နိရောဓသစ္စာ နိဗ္ဗာန်) အမှန်ပါပဲ။

(၇) (သမ္မာဒိဋ္ဌိ)စသော(မဂ္ဂင်ရှစ်ပါး)သည်(ဘဝဇာတိ)စသော (ဒုက္ခ) တို့ကိုချုပ်ငြိမ်းစေတတ်သော (မဂ္ဂသစ္စာ)အမှန်ပါပဲ။ ဤသို့ ဆုံးဖြတ်ပါ။ ဤသို့ဆုံးဖြတ်ခြင်းသည် ဓမ္မေကခ်တိအရ တရား၌ ယုံမှားခြင်းကိုပယ်သည်မည်၏။ ဤသို့ပယ်သောကြောင့် ဒိဋ္ဌိ

ဝိစိကိစ္ဆာကိလေသာ ၂ပါး သမုစ္ဆေဒအားဖြင့်ချုပ်၏။ ထို့ကြောင့် မိမိသည် (သောတာပတ္တိမဂ်)ကိုရပြီး (ပုထုဇဉ်) အနွယ်ပြတ်သွားပြီ၊ အရိယာသေက္ခပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပြီဟုသိအပ်မှတ်အပ်၏ဟူလို။

**မဂ်စိတ်တစ်ချက်ဖြင့် မဂ်ကိစ္စလေးပါးပြီးစီးအောင်ရှုနည်း**

"ဖြစ်လျှင်ဒုက္ခ ချုပ်မှ သုခနိဗ္ဗာန်။
ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှုလေးကိစ္စ"။

(ဇာတိ)ဖြစ်မှုရှိခြင်းကို (ဒုက္ခသစ္စာ)ဟုမှတ်အပ်၏၊ ဖြစ်မှုချုပ်ခြင်းကို (နိဗ္ဗာနသုခ)ဟုမှတ်အပ်၏။ ချုပ်ခြင်းကိုနှစ်သက်လျှင် အဘယ်ကြောင့် မဂ်ကိစ္စ၄ပါးပြီးပါသနည်း။

(၁) ဇာတိချုပ်ခြင်းကိုနှစ်သက်လျှင် ဝါ- (ဇာတိ)ဖြစ်လိုသော(တဏှာ)ကိုစွန့်လျှင် (ဥပ္ပါဒေါ်ဒုက္ခံ) ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိ စာ (၁၃) အရ (ဖြစ်ခြင်း) ရှိသမျှခန္ဓာကို (ဒုက္ခသစ္စာ)ဟုသိခြင်းကိစ္စပြီး၏။

(၂) ချုပ်ခြင်းကို သိမြင်လျှင်ဖြစ်လိုသော (ဘဝတဏှာ)ပယ်မှု ကိစ္စပြီး၏။

(၃) ထိုဘဝ (တဏှာ)ပယ်မှုပြီးစီးခြင်းပင်လျှင် (နိရောဓသစ္စာ)ကိုမျက်မှောက်ပြုခြင်းကိစ္စပြီး၏။ အဘယ်ကြောင့်ဆိုသော် လိုချင်မှုကြောင့်ဖြစ်သော (ဇာတိ)သည် ထိုလိုချင်မှုကိုပယ်က တဖန်

ဖြစ်နိုင်ခွင့်မရှိသောကြောင့်ဟူလို။ ဤသို့နားလည်အောင် ရေးပြသည်ကို ဘတ်သိ၊ မှတ်သိနှင့်မပြီးသေး၊ ဉာဏ်ပေါက်အောင် (ဝါ)ထိုးထွင်းသိဖို့လို၏။

(၄) ချုပ်ငြိမ်းသောသဘောကား (နိဗ္ဗာန်)တည်း၊ ထိုချုပ်သောဖြစ်ခြင်းကင်းသောသဘောကို နှစ်သက်သော ဝါ-မည်သည့်ခန္ဓာကိုမျှအလိုမရှိတော့ပါဟု အာလယကင်းပြတ်သော မဂ်စိတ္တုပ္ပါဒ်သည် (မဂ္ဂသစ္စာ)တည်း။ ဤသို့လျှင် (ဒုက္ခသစ္စာ)ကိုသိခြင်းကိစ္စ (သမုဒယ)သစ္စာကိုပယ်ခြင်းကိစ္စ၊ (နိရောဓသစ္စာ)ကို မျက်မှောက်ပြုခြင်းကိစ္စ (မဂ္ဂသစ္စာ)ကိုပွားခြင်းကိစ္စဟူသော (၄) ကိစ္စသည် (မဂ်စိတ်) တစ်ချက်နှင့်ပြီး၏။ (ဥပမာ)မီးလျှံသည် မီးစာကိုလောင်ခြင်းကိစ္စ၊ အမိုက်မှောင်ဖျောက်ခြင်းကိစ္စ အလင်းကိုဖြစ်စေခြင်းကိစ္စ ဆီကိုခန်းစေခြင်းကိစ္စ၊ ဤသို့ ၄ကိစ္စပြီးစေသကဲ့သို့ဟူလို။

## ကိုယ့်အတပ်နှင့်ကိုယ်ပတ်၍နေပုံ၊ ကိုယ့်အတပ်ကိုဖြေက ကိုယ့်အပတ် ပြေပုံ (နိဗ္ဗာန-၃၆)

(ပုထုဇဉ်)လူနတ်ဗြဟ္မာတို့မှာ ကိုယ့်အတပ်နှင့်ကိုယ်ပတ်သဖြင့် သံသရာမှမလွတ်ပုံ (အရိယာ)တို့မှာ ကိုယ့်အတပ်ကိုဖြေသောကြောင့် ကိုယ့်အပတ်ပြေသဖြင့် သံသရာမှလွတ်မြောက်ပုံများကို ကိုယ်တွေ့ရှုပါက (သစ္စာ၄ပါး)၌လည်းကောင်း (နိဗ္ဗာန်)ရှိပုံ (နိဗ္ဗာန်)

ကိုမျက်မှောက်ပြုနိုင်ပုံများ၌လည်းကောင်း ယုံမှားကင်းနိုင်ပါသည်။

ကိုယ့်အတပ်နှင့် ကိုယ့်ပတ်ပုံအမိပ္ပါယ်ကား အတိတ် (သမုဒယတဏှာ)ကြောင့် ပစ္စုပ္ပန်မှာ (ခန္ဓာငါးပါး)ဖြစ်၏။ ဝါ(ဇာတိ)စသော (ဒုက္ခ)ဖြစ်၏။ ထို (ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်)ဟူသော (ဝိပါက ဒုက္ခခန္ဓာ) ကိုယ်ပင် (တဏှာဒိဋ္ဌိ)ဟူသော ကိလေသာဖြင့် ငါ-ငါ၏ ဥစ္စာဟုစွဲယူမှု (ကိလေသဝဋ်)ဖြစ်ပြန်တော့၏။ ဝါ-ပစ္စုပ္ပန် (သမုဒယသစ္စာ)ဖြစ်ပြန်တော့၏။ ယင်း(ပစ္စုပ္ပန်သမုဒယ) တည်းဟူသော ကာမ တနည်း-ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗ တဏှာ ဓမ္မတဏှာတို့ကြောင့် ပစ္စုပ္ပန်၌သားမယားရှာရမှု၊ ပစ္စည်းဥစ္စာရှာရမှုစသော မရေမတွက်နိုင်သော (ဒုက္ခ)တို့ဖြစ်ရ၏။ ဤကား(ပစ္စုပ္ပန်သမုဒယ)ကြောင့် (ပစ္စုပ္ပန်ဒုက္ခ)ဖြစ်ပုံတို့ကို ကိုယ်တွေ့ရှုနည်းတည်း။

အကြွင်သူသည် အကြွင်အခါ၌ သူတော်ကောင်းတရားကြားနာရသဖြင့် (ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်)ဟူသော (ခန္ဓာငါးပါး)၌ နိစ္စ သုခ အတ္တဟူသော အနှစ်အသားမရှိ၊ အားထားစရာအစောင့်အရှောက်ဟူသော အရှင်မရှိ၊ စင်စစ်သော်ကား (ခန္ဓာဇာတိ) ဖြစ်လျှင် မမြဲမှု (အနိစ္စ)ဆင်းရဲမှု (ဒုက္ခ)အစိုးမရ အလိုမလိုက်ခြင်းဟူသော (အနတ္တ)လက္ခဏာတို့အမြဲကပ်လျှက် ပါရှိနေမှုတို့ကြောင့် ကိုယ့်မှာရှိသော်လည်း ကိုယ့်ဟာမဟုတ်ဟု မြင်သိလေတော့၏။

(ဥပမာ)-အခစားနွားကျောင်းသမားထံ၌ နွားရှိသော်လည်း ကိုယ်ပိုင်မဟုတ်သဖြင့် ရောင်းချထုခွဲသုံးစွဲခြင်းငှာမစိုး မပိုင်သကဲ့သို့ ထို့အတူကိုယ့်မှာရှိသော်လည်း အိုနာသေမှုကိုမဖြစ်စေရန်အစိုးမရ၊ ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တသာတည်းဟု သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် မြင်သိသောအခါ၊ သက္ကာယအတ္တဒိဋ္ဌိချုပ်ရလေတော့၏။ ထို့ကြောင့် (ဘဝတဏှာ) စသည်ချုပ်ရလေတော့၏။

(ဥပမာ)-နတ်သမီးထင်၍ ချစ်ခဲ့ပုံ၊ ဘီလူးမဟုမြင်သိရုံနှင့် ချစ်စိတ်ကုန်ခန်းသကဲ့သို့တည်း။ ဤသို့ဝိပဿနာသမ္မာဒိဋ္ဌိဟူသော မဂ်အကျင့်ဖြင့် ကိုယ့်အတပ်ကိုယ်ဖြေက ကိုယ့်အပတ်ပြေသဖြင့် (သောတာပန်) စသောအရိယာ၏ (ခန္ဓာ)ကိုရနိုင်လေတော့၏။ ပုထုဇဉ်ခန္ဓာမှလွတ်လေတော့၏။ အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့်ရလေတော့၏ဟူလို။

ရှေးသူတော်ကောင်းတို့သည် ကိုယ်တွေ့ (သမုဒယ)ကြောင့် ကိုယ်တွေ့ (ဒုက္ခ)တို့နှင့်ကြုံရသည်ကို ငြီးငွေ့သောကြောင့် (တဏှာသံယောဇဉ်)ကိုစွန့်တော်မူကြ၏။

မြတ်စွာဘုရားလက်ထက်က သားသမီးတစ်ကျိပ်နှင့်ပစ္စည်းဥစ္စာတို့ကိုစွန့်၍(ဝါ)သားသမီး ပစ္စည်း ဥစ္စာတို့၌ ခင်တွယ်မှုသံယောဇဉ်ကိုစွန့်၍ အသက် ၆၀ကျော်မှ ဘိက္ခုနီမရဟန်းပြုကာ စျာန်နှင့်တကွ

အရဟတ္တဖိုလ်သို့ရောက်သော သောဏာထေရီအရှင်မတို့ ၏ဝတ္ထုကို လည်းကောင်း ပဋာစာရီထေရီအရှင်မတို့ကဲ့သို့ ချစ်မြတ်နိုးမှုတို့ကြောင့် ဆင်းရဲဒုက္ခတွေ့ကြုံရပုံ၊ မြတ်စွာဘုရားတရားနာရသဖြင့် ထိုချစ်မြတ် နိုးမှုသံယောဇဉ်ကိုပယ်သောကြောင့် ပူပန်သောကမှုတို့မှ လက်ငင်း ကင်းလွတ်၍ အရဟတ္တဖိုလ်သို့ရောက်ပုံကိုလည်းကောင်း၊ ဇောတိက ဇဋိလစသော သူဌေးကြီးတို့၏ဗဟိဒ္ဓစည်းစိမ်ဥစ္စာ၌ခင်တွယ်မှု၊အဇ္ဈတ္တ (ခန္ဓာငါးပါး)၌ ခင်တွယ်မှုတို့ကို စွန့်၍ရဟန်းပြုသောကြောင့် နိဗ္ဗာန် မျက်မှောက်ပြုပုံများကိုလည်းကောင်း၊ ဝတ္ထုသက်သေအားဖြင့်ရှု၍ သံဝေဂယူပြီးလျှင် (သံယောဇဉ်)တို့ကို ပယ်သင့်ကြပေသည်။

## သစ္စာသိအောင်ကြိုးစားပါ (နိဗ္ဗာန-၄၉)

တရားအားထုတ်မှု၏ လိုရင်းကား(သစ္စာ)သိအောင် အား ထုတ်မှုပင်တည်း၊(သစ္စာ)သိ၍(သောတာပန်)စသည် တည်မှသာလျှင် အပါယ်ဘေးသံသရာဘေးတို့မှ ကင်းသော (နိဗ္ဗာန်)ကိုရနိုင်ပေမည်။

သားမယားအိုးအိမ်စွန့်၍ ရသေ့ရဟန်းပြုခြင်း၊ ခေါင်းပါးစွာ ကျင့်ခြင်းတို့ကိုပြုသော်လည်း အကယ်၍ (သစ္စာ)မသိခဲ့လျှင် သံသရာ ရဟတ်ချား ဆုံလည်သော နွားကဲ့သို့ အိုမှုလည်းမဆုံး၊ သေမှုလည်း မဆုံးအပါယ်ကျမှုလည်းမဆုံးမှုတို့အတွက် အလွန်ကြောက်ဖွယ် ကောင်း၏။ထို့ကြောင့် (သစ္စာ)သိအောင်အားထုတ်သင့်ကြပေ၏ဟူလို။

## သုတသိမှ ပဋိဝေဓသိသို့ (နိဗ္ဗာန-၅၄)

ယခုအခါပရိယတ်၊ ပဋိပတ်အနေဖြင့် ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်စသည်ကို နှုတ်ငုံဆောင်၍ ရွတ်ဖတ်သရဇ္ဈာယ်မှုပြုကြပေသောပုဂ္ဂိုလ်အများအပြားပင်ရှိကြသဖြင့် ဝမ်းမြောက်ရပေသည်။ သို့ရာတွင် (သစ္စာ)ကို (သုတသိ)မှ (ပဋိဝေဓ)သိသို့ရောက်အောင် ပဋိဝေဓသာသနာပြုမှု၊ ဟောမှု၊ ပြောမှု၊ အားထုတ်မှုနည်းပါးသဖြင့် တိမ်ငုပ်နေ၏။ ထိုတိမ်ငုပ်နေသည်ကို နေလကဲ့သို့ထွန်းလင်းလာစေရန် ပြတော့အံ့။

မိမိတို့သည် (ပဋိဝေဓ)သာသနာ(သစ္စာ)သိမှု၌ တည်သည် မတည်သည်သိနိုင်ခြင်းငှာ အမေးအဖြေနှင့်ပြုဦးအံ့-

မေး။ သင်သည်သစ္စာ ၄ပါးတို့၌ယုံမှားခြင်းရှိသေးသလော။

ဖြေ။ သစ္စာ၄ပါးတို့၌ ယုံမှားခြင်းမရှိတော့ပါ။

မေး။ အဘယ်သို့သောအခြင်းအရာအားဖြင့် ယုံမှားခြင်းကင်းပါသလဲ။

ဖြေ။ ယခုရရှိနေသော ခန္ဓာမမြဲမှု (အနိစ္စ)၊ ဆင်းရဲမှု (ဒုက္ခ)၊ အစိုးမရ အလိုမလိုက်မှု (အနတ္တ)၊ ဇရာဗျာဓိမရဏ စသော(ဒုက္ခ)တို့နှင့် ကိုယ်တိုင်တွေ့ကြုံနေရမှုတို့ကြောင့် ဤ(ခန္ဓာငါးပါး)သည် (ဒုက္ခသစ္စာ)သာတည်းဟု ယုံကြည်ပါသည်။

(၁) လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဟု လောကီတရားအရ ဆိုကြသော်လည်း၊ (ပရမတ္ထသစ္စာ)အရမှာ (ဒုက္ခသစ္စာ)သာ တည်းဟုယုံကြည်ပါသည်။ သို့လော သို့လောနှလုံးနှစ်ခွမရှိပါ။

(၂) ထို (ဒုက္ခ) တို့သည်လည်း မိမိ၏ကာမတဏှာ ဘဝတဏှာတို့ ကြောင့်ဖြစ်၏။ သူတစ်ပါးတို့ကြောင့် ဖြစ်မှုမဟုတ်ဟုယုံကြည် ပါသည်။ သို့လော သို့လောနှလုံးနှစ်ခွမရှိပါ။ အဘယ့်ကြောင့် ယုံကြည်သနည်းဆိုသော် ယခုပစ္စုပ္ပန်မှာပင်လျှင် တဏှာ သံယောဇဉ်ကြောင့် သားရေး၊ သမီးရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေး စီးပွားရေးစသော ဒုက္ခတို့နှင့်ကိုယ်တိုင် တွေ့ကြုံနေရသဖြင့် မိမိ(တဏှာ)ကြောင့် မိမိတို့ (ဒုက္ခ)ဖြစ်မှု၌ နှစ်လုံးနှစ်ခွမရှိတော့ပါ။

(၃) ထို့ပြင် မိမိသည်ပင်လျှင် ဘယ်ဘုံဘယ်ဘဝကိုမှအလိုမရှိတော့ ပါဟု နှလုံးသွင်း၍(ဇာတိ)ကိုဖြစ်စေတတ်သော (တဏှာ)ကို ပယ်သောကြောင့် ဒုက္ခနိရောဓနိဗ္ဗာန်ကိုရရှိပြီ၊ (နိဗ္ဗာန်)ကို မျက်မှောက်ပြုပြီဟုယုံကြည်ပါသည်။ ထိုလိုချင်မှု (တဏှာ)ကို ပယ်သော်လည်း(ဖြစ်မှု) ချုပ်ငြိမ်းသော အနုပ္ပါဒနိဗ္ဗာန်ကိုရမှ ရပါမည်လောဟုယုံမှားမှုမရှိပါ။

(၄) ထို့ပြင် ထိုဒုက္ခသမုဒယနိရောဓသစ္စာ (၃)ပါးတို့၌ မြင်သိမှု ဆုံးဖြတ်မှုတို့သည် မှန်မှမှန်ပါ့မလားဟု နှလုံးနှစ်ခွမရှိတော့ပါ၊

အဘယ်ကြောင့်ဆိုသော် ထိုသို့ဆုံးဖြတ်မှုကြောင့်ပင်လျှင် မိမိ၌ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိလေသာချုပ်ငြိမ်းမှုကို ကိုယ်တွေ့မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

ဤသို့ (သစ္စာလေးပါး)တို့၌ ယုံမှားကင်းပြီးလျှင်(ဘဝတဏှာ) ကိုလည်း ပယ်ပြီးဖြစ်သောကြောင့် (သောတာပန်)တည်ပြီ (နိဗ္ဗာန်) ရပြီဟုဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ်တို့တစ်နေ့တခြား တိုးတက်ပြန့်ပွားလာမှသာလျှင် သုတသိ(သစ္စာသိမှု)မှထိုးထွင်းသိသော(ပဋိဝေဓ)သာသနာ ထွန်းလင်းတောက်ပပေပြီဟု ဆိုအပ်ပေသည်။

## သစ္စာ၄ပါးကိုဆင်ခြင်ပုံ (နိဗ္ဗာန-၇၅)

ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟူသော (သစ္စာ၄ပါး)တို့ကို အကျဉ်းအားဖြင့် ဆင်ခြင်သုံးသပ်နည်းအမျိုးမျိုးတို့ကိုပြဦးအံ့-

(၁) "ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခ"။
ဖြစ်ချင်လိုမှုပယ်စွန့်ပြုချုပ်မှုတို့ ဒုက္ခ။

(အဓိပ္ပါယ်ကား)- 'ဖြစ်လိုမှု'ဟူသည် (ဘဝတဏှာ)ပင်တည်း၊ ဖြစ်မှုဇာတိဒုက္ခဟူသည် ၃၁ဘုံ၌(ဇာတိ)ဖြစ်မှုပင်တည်း၊ 'ဖြစ်ချင်လိုမှုပယ်စွန့်ပြု' ဟူသည်(ခန္ဓာ၅ပါး)တို့၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ ဇာတိ ဇရာဗျာဓိမရဏဘေးတို့ကို မြင်သိသောကြောင့် တဖန်မဖြစ်လိုတော့ပါဟု ပယ်စွန့်သော(မဂ်စိတ်)ပင်တည်း၊

'ချုပ်မှုထိုဒုက္ခ' ဟူသည်ဘဝဇာတိချုပ်သော အနုပ္ပါဒနိရောဓ နိဗ္ဗာန်ပင်တည်း။

ဤသို့ အဖန်ဖန်ဆင်ခြင်သဖြင့် (သစ္စာ)ကိုသိသည်ဖြစ်၍ (ဘဝ တဏှာ)ကိုပယ်သည်ဖြစ်အံ့၊ (သောတာပန်)စသည်တည်နိုင်လေ တော့၏ဟူလို။

(၂) တနည်း-ဖြစ်လိုမှုကြောင့် ဖြစ်သည်သာ၊ ဖြစ်လိုမှုကိုစွန့်ပါလျှင် အဘယ်မှာလျှင် (ဇာတိ)ဖြစ်နိုင်တော့မလဲ။

(၃) တနည်း-(အဖြစ်)ရှိ၍ (အပျက်)လာ၊ မဖြစ်ပါလျှင်အဘယ်မှာ လျှင်ပျက်တော့မလဲ၊ (နိရောဓသစ္စာနိဗ္ဗာန်)ဟုဆိုသည်တွင် ယင်းသို့(ဖြစ်မှုချုပ်) သောသဘောကိုပင် မှတ်ဖို့ပါပဲ။

## (မဂ်)သို့တက်ပုံ (နိဗ္ဗာန-၇၆)

မေး။ ထို (သစ္စာလေးပါး)တို့ကို (သုတ)အားဖြင့်သိပြီးနောက် (မဂ်)သို့တက်လိုသော်အဘယ်သို့ တက်ရပါမည်နည်း။

ဖြေ။ ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံပက္ခန္ဒတိ။

(ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ စာ-၃၂၈၊ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ စာ-၃၉၅)

ဥပ္ပါဒေ=(ခန္ဓာဇာတိဖြစ်ခြင်း)၌။အာဒီနဝံ-အနိစ္စဒုက္ခအနတ္တ ဇာတိဇရာဗျာဓိ မရဏစသောဘေးတို့ကို။ ဒိသွာ=မြင်သည်ဖြစ်၍ ဝါ၊ မြင်သောကြောင့်။ တနည်း-ဒိသွာ=မဟာကုသိုလ် ဉာဏသမ္ပယုတ် ပရိကံဥပစာအနုလုံ ဝိပဿနာဇောတို့ဖြင့် မြင်သည်ဖြစ်၍ ဝါ၊ မြင်

သောကြောင့်။ အနုပ္ပါဒေ=ဖြစ်ခြင်းမရှိသော အနုပ္ပါဒ (နိဗ္ဗာန်)အာရုံ သို့။ စိတ္တံ=အာရမ္မဏိက(မဂ်စိတ်)သည်။ ပက္ခန္ဒတိ=ဖြစ်လိုမှု(တဏှာ)ကို စွန့်၍ (ဖြစ်မှုချုပ်ခြင်း)ကိုနှစ်သက်သောအားဖြင့် ပြေးဝင်၏။ ဝါ၊ ဘယ်ဘုံဘယ်ဘဝကိုမျှ အလိုမရှိတော့ပါဟု(သမ္မာသမာဓိ)ဖြင့်အတည် ပြုလိုက်၏။ဤသို့အားဖြင့် (မဂ်ကိစ္စ)ပြီးနိုင်၏ဟူလို။တနည်းအားဖြင့်

"ဖြစ်လျှင်ဒုက္ခ၊ ချုပ်မှသုခနိဗ္ဗာန်။
ချုပ်ခြင်းအမှုနှစ်သက်ပြု ပြီးမှု မဂ်ကိစ္စ။"

(အဓိပ္ပါယ်)မှာ- 'ဖြစ်လျှင်ဒုက္ခ'ကားအပျက်ကိုရှုသော ဝိပဿနာဇောတို့ပင်တည်း။ 'ချုပ်မှသုခနိဗ္ဗာန်'ကား (နိဗ္ဗာန်)ကိုအာရုံ ပြုသော (ဂေါတြဘူ) ပင်တည်း၊ 'ချုပ်ခြင်းအမှု' ကား ဖြစ်မှုချုပ်သော အနုပ္ပါဒနိရောဓနိဗ္ဗာန်တည်း၊ ထိုချုပ်ခြင်းသဘောကို ဝါ-နိဗ္ဗာန်ကို နှစ်သက်မှုကား (မဂ်စိတ်)တည်း။

ဤသို့ (မဂ်စိတ်)ဖြစ်လျှင် (ဒုက္ခသစ္စာ)သိခြင်းကိစ္စ၊ သမုဒယ တဏှာပယ်ခြင်းကိစ္စ၊ ဒုက္ခနိရောဓနိဗ္ဗာန်ကို မျက်မှောက်ပြုမှုကိစ္စ၊ မဂ္ဂသစ္စာပွားမှုကိစ္စတို့ ပြီးစီးရကား၊ (သောတာပတ္တိမဂ်) စသည်ရောက် ၍(သောတာပန်)စသည်တည်နိုင်၏ဟူလို။

ထင်သိမြင်သိမြန်မာစကားရိုးရိုးဖြင့် မဂ်သို့တက်လိုသော်-

(၁) ခန္ဓာဇာတိဖြစ်မှုရှိတာ မကောင်းပါဘူး။

(၂) ဇာတိဖြစ်ချင်တာလဲမကောင်းပါဘူး။

(၃) ခန္ဓာဇာတိချုပ်မှုကောင်းပါသည်။

(၄) ခန္ဓာဇာတိချုပ်လိုတာမှုကောင်းပါသည်။

(၁) ခန္ဓာဇာတိဖြစ်မှုရှိတာ မကောင်းပါဘူး-ဟူသည် ခန္ဓာ၌ရှိသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဇာတိ ဇရာ ဗျာဓိ မရဏစသော (ဒုက္ခသစ္စာ)ကိုမြင်သိမှုပင်တည်း။

(၂) ဇာတိဖြစ်ချင်တာလည်း မကောင်းပါဘူး-ဟူသည့် ဘဝဇာတိဒုက္ခစသည်ကိုအလိုရှိသော (တဏှာ)ဟာမကောင်းပါဘူး၊ ထို (တဏှာ)ကြောင့် (ဇာတိ) ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံနေရ၏ဟု (တဏှာ)၏အပြစ်ကိုမြင်သိမှုပင်တည်း။

(၃) ခန္ဓာဇာတိချုပ်မှု ကောင်းပါသည်ဟူသည်(ဇာတိ)ချုပ်မှုကားဖြစ်ခြင်းမရှိသော (အနုပ္ပါဒနိဗ္ဗာန်)ပင်တည်း။

(၄) ကောင်းပါသည်-အဓိပ္ပါယ်မှာ (ဖြစ်မှု) မရှိသော (ဇာတိချုပ်)သောအနုပ္ပါဒနိဗ္ဗာန်ကို နှစ်သက်သော (မဂ်စိတ်)ပင်တည်း။

ဤသို့နှလုံးသွင်းကလည်း ယထာဘူတဉာဏ်အမြင်ဖြစ်သောကြောင့် (မဂ်)သို့ရောက်၍ (သောတာပန်)စသည် တည်နိုင်ပေသည်။

(သတိပြုရန်)-ယခုပြဆိုခဲ့သောနည်းများသည် (သစ္စာ)သိမှုမှတ်ယူလွယ်၍ အမြင်ကျယ်သောနည်းများဖြစ်ပေသည်။ ပါဠိတော်အဋ္ဌကထာများနှင့်လည်း ညီလျော်ပေသည်။ ဤနည်းမျိုးကို စိစဉ်

ရေးသားမှုကား မလွယ်ကူလှပေ၊ အလွန်ခက်ခဲ၏။ ထို့ကြောင့် စာကြည့်သူတို့မှာ ငါတို့သည် ရှေးကံပါရမီအလွန်ကောင်းသောကြောင့် လွယ်လင့်တကူ ဤနည်းမျိုးကိုရပေသည်ဟု ဝမ်းမြောက်အပ်၏ ဟူလို။

## မဂ်ရသည်ကိုသိနိုင်ကြောင်း အဆုံးအဖြတ် (နိဗ္ဗာန-၇၈)

မေး။ (သောတာပတ္တိမဂ်)ကိုရလျှင် ရပြီဟုအဘယ်ကဲ့သို့ သိနိုင်ပါသနည်း။

ဖြေ။ (၁) ရုပ်နာမ် (ခန္ဓာငါးပါး) ရှိနေမှုကို (ဒုက္ခသစ္စာ)ရှိ နေမှုဟုသိသည်ဖြစ်၍

(၂) ထိုခန္ဓာသည်လည်း မိမိ (ဘဝတဏှာ လောဘ)ကြောင့်ဖြစ်၏ဟုသိသည်ဖြစ်၍

(၃) တဏှာချုပ်လျှင် (ခန္ဓာဇာတိ)ချုပ်ရတော့၏ဟု သိသည်ဖြစ်၍

(၄) ထို(ဖြစ်မှုချုပ်) သော (နိဗ္ဗာန်)ကို (မဂ်စိတ်)ဖြင့် (အာရုံ)ပြုသည်ဖြစ်အံ့ (ဝါ) ဖြစ်မှုချုပ်ခြင်းကို နှစ်သက်သည်ဖြစ်အံ့ (ဝါ)လိုချင်မှု(ဘဝတဏှာ)ကိုပယ်သံသည်ဖြစ်အံ့၊ ဤသို့သော အင်္ဂါတို့နှင့် ပြည့်စုံလျှင် မိမိသည်(သောတာပန်)တည်ပြီဟု သန္နိဋ္ဌာန် ကျကျဆုံးဖြတ်နိုင်ပေသည်၊ (ဝါ) သိနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဓမ္မေကာန်တိအရ မဂ် ဖိုလ်နိဗ္ဗာန်

ဟူသော လောကုတ္တရာတရားတို့၌ ယုံမှားတတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာအကြွင်းမဲ့ချုပ်သောကြောင့်တည်း။

ထို့ပြင် (သောတာပန်)ဖြစ်ခဲ့လျှင် ငါးပါးသီလကို မကျိုးလွန်ဝံ့တော့ပြီ၊ မိစ္ဆာအာဇီဝဖြင့် အသက်မမွေးဝံ့တော့ပြီ၊ ကုသိုလ်ကောင်းမှု၌ (ဘဝဇာတိ)ကိုအလိုရှိသောအားဖြင့် မပြုဝံ့တော့ပြီ၊ အနန္တရိယကံ ငါးပါးနှင့် ဤဘုရားမှတပါးတခြား၌ ဆရာရှာမှုဟူသော အညသတ္ထာရုဒ္ဒိဿမှုတို့ကိုမပြုတော့ပြီ၊ မိမိစိတ်၌ ဤသို့သမာဓိတည်မှုကို မြင်သိသောအားဖြင့်လည်း မိမိသည် (မဂ်)ကိုရပြီဟုဆုံးဖြတ်နိုင်၏ဟူလို။

## တဏှာမှနိဗ္ဗာန်သို့ထွက်ပုံ (နိဗ္ဗာန-၉၁)

(တဏှာ)မှ (နိဗ္ဗာန်)သို့ထွက်၏ဟူသည်တွင်၊ ဘယ်ဘုံဘယ်ဘဝကိုမျှအလိုမရှိတော့ပါဟု အာလယပြတ်ကင်းသော (မဂ်စိတ်)ကို ပင်မှတ်ဖို့ပါပဲ။

တနည်း-တဏှာမှ (နိဗ္ဗာန်)သို့ထွက်၏ဟူသည်တွင် ခန္ဓာ၌ရှိသော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို မြင်သိသဖြင့် ထို (ခန္ဓာငါးပါး) ၌လိုချင်ခင်တွယ်မှုကိုပယ်သော (မဂ်စိတ်)ကိုပင်မှတ်ဖို့ပါပဲ။

## သတ္တဝါများသံသရာမှမလွတ်နိုင်ပုံ

မေး။ ၃၁ဘုံမှ မလွတ်နိုင်အောင်အဘယ်တရားက ဖွဲ့ချည်ထား ပါသလဲ။

ဖြေ။ (ခန္ဓာအာယတန)တို့၌ (လိုချင်ခင်တွယ်)သော (တဏှာ သံယောဇဉ်)ကဖွဲ့ချည်ထားပါသည်။

## နိဗ္ဗာန်နှင့်မဂ်စိတ်ကြွေ့ထိပုံ (နိဗ္ဗာန-၉၃)

ဒုက္ခာသင်္ခါရသုခေါ၊ နိရောဓောက္ကတိဒဿနံ။
ဒုဘတောဝုဋ္ဌိတာပညာ၊ ဖဿတိအမတံပဒံ။
(ပဋိသမ္ဘိဒါမဂ်ပါဠိ၊ စာ-၆၈)

သင်္ခါရာ = ရုပ်နာမ်ခန္ဓာ (သင်္ခါရ)တရားတို့သည်။ ဒုက္ခာ= ဆင်းရဲဒုက္ခတို့သာတည်း။ နိရောဓော=တဖန် (မဖြစ်မူ)၍ (ချုပ်ခြင်း) သည်= သုခေါ=ချမ်းသာအစစ်တည်း။ က္ကတိဒဿနံ=ဤသို့သော ညာဏ်အမြင်သည်။ ဒုဘတောဝုဋ္ဌိတာ=သုခနှင့်ဒုက္ခကိုခွဲခြား၍ မသိ အောင်ဖုံးထားသော (အဝိဇ္ဇာ)မှထသော။ ပညာ=ပညာသည်။ အမတံ= သေခြင်းကင်းသော။ ပဒံ=(နိဗ္ဗာန်)ကို။ ဖဿတိဖုသတိ=တွေ့ထိ သည်မည်၏။ ဝိန္ဒတိ=ရသည်ရောက်သည်မည်၏ဟူလို။

သစ္စာ၄ပါးဓမ္မာဓိဋ္ဌာန် (နိဗ္ဗာန-၁၄၃)

သမုဒယကြောင့်ဖြစ်ထဒုက္ခသစ္စံ။
သမုဒယပယ်က ထိုဒုက္ခမုချမည်မှန်။
လေးရပ်ဤမျှမြင်သိက ဖြစ်ထ (သောတာပန်)။
ဤကားဓမ္မာဓိဋ္ဌာန်။

ထိုဓမ္မာဓိဋ္ဌာန်မှပုဂ္ဂလာဓိဋ္ဌာန်တို့သို့ ရောက်စေရန်ကထာကား-

ဖြစ်လိုမှုကြောင့်ဖြစ်မှု ဇာတိဒုက္ခံ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြုချုပ်မှုထိုဒုက္ခံ။ အဓိပ္ပါယ်ကား -

(၁) ဖြစ်လိုမှု-ဟူသည် မိမိတို့၏ကာမတဏှာ ဘဝတဏှာစသည်တို့ပင်တည်း။

(၂) ပြစ်မှုဇာတိဒုက္ခံ-ဟူသည် မိမိတို့၏(ဇာတိ)စသောဒုက္ခတို့ဖြစ်မှုပင်တည်း။

(၃) ဖြစ်ချင်လိုမှုပယ်စွန့်ပြု-ဟူသည် (ဇာတိ)ဖြစ်ခြင်း၌ ဇရာဗျာဓိမရဏအပါယစသော (ဒုက္ခ)တို့ကိုရှုမြင်သော (သမ္မာဒိဋ္ဌိ)စသော (မဂ်)ပင်တည်း။

(၄) ချုပ်မှု ထိုဒုက္ခံ-ဟူသည် (ဖြစ်မှုချုပ်သော) အဇာတ အပဝတ္တအနုပ္ပါဒနိဗ္ဗာန်ပင်တည်း။

(သစ္စာ၄ ပါး) တို့၌ ဤသို့ဆုံးဖြတ်နိုင်လျှင် ဓမ္မေကာ်တိအရ တရား၌ယုံမှားခြင်း ဝိစိကိစ္ဆာပယ်ပြီးရကား (သောတာပတ္တိမဂ်)စသည်ကိုရနိုင်ရောက်နိုင်၏ဟူလို။

## တရားအားထုတ်သော ပုဂ္ဂိုလ်တို့သတိပြုရန် (နိဗ္ဗာန-၁၉၁)

(၁) အကြင်သူသည် တစ်စုံတစ်ရာသော ကောင်းမှုကိုပြုတော့အံ့ဟု စိတ်အကြံဖြစ်သည့်အခါ၊ ထိုကောင်းမှု၌ (အဝိဇ္ဇာတဏှာဒိဋ္ဌိ) ဟူသော (ကိလေသဝဋ္ဋ) (သင်္ခါရကမ္မဘဝ)ဟူသော (ကမ္မဝဋ္ဋ) တို့မှကင်း၍ ဝိမောက္ခသို့ရောက်နိုင်ရန် ထိုကောင်းမှုတရား အားမထုတ်မီရှေးဦးစွာ မိမိစိတ်ကိုသုတ်သင်အပ်၏။ (ဥပမာ) ဘာဝနာပွားတော့အံ့ဟု စိတ်အကြံဖြစ်သည့်အခါ အဘယ့် ကြောင့် (ဘာဝနာ)ပွားလိုသနည်းဟု မိမိစိတ်ကိုပေးအပ်၏။

(၂) ထိုအခါ (ဘဝတဏှာ) ကြောင့်မပြတ်ဖြစ်၍နေသော (ဇာတိ) စသော (ဒုက္ခ)တို့ချုပ်ငြိမ်းလိုသောကြောင့်ဟု ဖြေဆိုအပ်၏။

မေး။ ခန္ဓာ (ဇာတိ)ရှိလျှင် အဘယ်သို့သောအပြစ်ကို မြင်ပါသနည်း။ (ဇာတိချုပ်)လျှင် အဘယ်သို့သော အကျိုးရှိပါသနည်း။

ဖြေ။ ဖြစ်လျှင်ဒုက္ခ ချုပ်မှသုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှုနှစ်သက် ပြုပြီးမှု မင်္ဂကိစ္စဟူသော ကထာအရ (ခန္ဓာဇာတိ) ဖြစ် ခြင်းရှိက အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ပူပန် ရခြင်း အပါယ်သို့ကျတတ်ခြင်း စသောဘေးတို့နှင့်ရောစပ် သော(ဒုက္ခသစ္စာ)သာတည်းဟု မြင်သိပါသည်။ (ဇာတိချုပ်)က အလုံးစုံသော(ဒုက္ခ)တို့မှကင်းလွတ်သော(သုခနိဗ္ဗာန်)ဟုမြင် သိပါသည်။ ထိုသို့မြင်သိသောကြောင့် (ဇာတိချုပ်)ခြင်းကိုသာ နှစ်သက်ပါ၏ဟု ဖြေဆိုပါသည်။

**'ဒုက္ခမြင်သိတဏှာကွာ၊ နိရောဓသို့သာညွတ်သည် မဂ်စိတ်'** ဟူသောကထာအရ၊(နိဗ္ဗာန်)သို့ညွတ်၍(ဇာတိချုပ်)ခြင်းငှာ (အလောဘ)ပြဋ္ဌာန်းသော (စိတ်)ဖြင့်ကျင့်ခြင်းသည် (မဂ်အကျင့်)လည်းမည်၏ (မဂ္ဂသစ္စာ)လည်းမည်၏။

ထို့ကြောင့် ထိုကောင်းမှု၌ (သစ္စာလေးပါး) ကိုမသိသော (မောဟအဝိဇ္ဇာ)ချုပ်၏ အမှန်မမြင် အမှားကိုမြင်တတ်သော မိစ္ဆာဒိဋ္ဌိချုပ်၏။ (ဘဝဇာတိ)ကိုအလိုရှိသော (ဘဝတဏှာ)ချုပ်၏။ ထိုကောင်းမှုသည် (ဇာတိချုပ်ငြိမ်း)လိုသော (အလောဘ)ပြဋ္ဌာန်းသောကောင်းမှုဖြစ်သောကြောင့် (ကမ္မဝဋ်) လည်းချုပ်၏။ ထို့ပြင် အလောဘေန ဇာတိဒုက္ခံ နုဟောတိဟူသောအဋ္ဌသာလိနီပါဠ်၊ စာ(၁၇၁)အရ (ဝိပါကဇာတိ)လည်းချုပ်ရလေတော့၏။ ထိုကောင်းမှုသည် မဂ်အကျင့်မည်၏။ မဂ်ကိစ္စ (၄)ပါးကိုပြီးစေနိုင်၏။

ထိုဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟူသော (သစ္စာ၄ပါး)တို့ မြင်သိခြင်းသည် (သစ္စဉာဏ်)မည်၏။ (ဒုက္ခသစ္စာ)ကိုသိခြင်းကိစ္စ (သမုဒယသစ္စာ)ကိုပယ်ခြင်းကိစ္စ၊ (နိရောဓသစ္စာ)ကို မျက်မှောက်ပြုခြင်းကိစ္စ၊ (မဂ္ဂသစ္စာ)ကိုပွားခြင်းကိစ္စ၊ ဤသို့ကိစ္စ (၄)ပါးကိုသိခြင်းသည် (ကိစ္စဉာဏ်) မည်၏။ ထိုကိစ္စ (၄)ပါးပြီးစီးခဲ့လျှင် ပြီးပြီဟုသိခြင်းသည် (ကတဉာဏ်)မည်၏။

ဤသို့သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်နှင့်ပြည့်စုံက မိမိသည် (သောတာပန်)စသည်တည်ပြီဟုဆုံးဖြတ်အပ်၏ဟူလို။

"ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခ။ ဖြစ်ချင်လိုမှုပယ်စွန့်ပြုချုပ်မှု ထိုဒုက္ခ။ (သစ္စ၊ ကိစ္စ၊ ကတ) ပြည့်စုံကဖြစ်ထ(သောတာပန်)"

ဤသို့ ပရိကံမပြုပဲ အမှတ်မဲ့တရားအားထုတ်ခဲ့သော် ဒိဋ္ဌဓမ္မအားဖြင့် မဂ်ကိစ္စပြီးစီးရန် ခဲယဉ်း၏ဟူလို။

## တရားအားထုတ်ခြင်းအမိပ္ပါယ် (စတုသစ္စ-၇)

(ဓမ္မစကြာ)တရားဖြင့် (မဂ်)ဖိုလ်ရအောင် တရားအားထုတ်ခြင်းဟူသည် (သစ္စာ)သိအောင်ပြုမှု (ဇာတိ)ချုပ်အောင် အားထုတ်မှုပင်တည်း (ဇာတိချုပ်အောင်) အားထုတ်မှုဟူသည် (ဇာတိ)ကိုဖြစ်စေတတ်သော (တဏှာချုပ်အောင်) အားထုတ် မှုပင်တည်း။ ထို့ကြောင့် (တဏှာချုပ်ခြင်း)ငှာတရားအားထုတ်လိုသော စိတ်ဖြစ်ပေါ်စေလိုလျှင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အပါယ စသောဘေးကြီးတို့ကို အဖန်ဖန်ရှုအပ်၏။ (ဝါ) (ပညတ်)အာရုံကြောင့် ရလာသော (ခန္ဓာဇာတိ)ဒုက္ခသစ္စာကို အဖန်ဖန်ရှုအပ်၏။ ထို (အာရုံ)ကြောင့် ဖြစ်လာသော(ဇာတိ) စသော(ဒုက္ခသစ္စာ)ဘေးကို မြင်သည်ဖြစ်အံ့ (ဇာတိဖြစ်လိုသော) (ဘဝတဏှာချုပ်)ရလေတော့၏။ ထိုဘေးတို့မှလွတ်ခြင်းငှာမြဲမြဲစွဲစွဲ အားထုတ်လေတော့၏။

မြတ်စွာဘုရားအလောင်းတော်သည်လည်း ထို (ဇာတိ) စသော ဘေးကြီးများကို ထိတ်လန့်သောအားဖြင့် ထိုဘေးတို့မှ ကင်းလွတ်သော (နိဗ္ဗာန်)ကို ရှာတော်မူကြောင်း ဗုဒ္ဓဝင်ပါဠိတော် (စာမျက်နှာ-၃၀၇)၌ပြဆိုထား၏။

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပတ်လုံး အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသောတရားကို ရှာရာ (ဖြစ်မှု) ရှိက (မပျက်)သောတရားဟူ၍မရှိ၊ (ဖြစ်မှုမရှိ) မှ (ပျက်မှုဒုက္ခ) လွတ်၏ဟူ၍ ဗောဓိမဏ္ဍိုင်သို့ရောက်မှ (ဖြစ်ခြင်း) ကင်းသော (အဇာတနိဗ္ဗာန်) ကိုတွေ့သဖြင့် (ဇာတိ)ကိုဖြစ်စေတတ်သော (အာရုံ) ကြောင့်ဖြစ်လာသောတပ်မက်မှု(တဏှာ)ကို အကြွင်းမဲ့ပယ်တော်မူ၍ ပရိနိဗ္ဗာနစုတိကျမှပင် တဖန်(ဇာတိ)ဖြစ်ခြင်းမရှိသော (အနုပါဒိ သေသ) အဇာတနိဗ္ဗာန်ကို မျက်မှောက် ပြုတော်မူရပေသည်။

(ဇာတိ) သည် ဇရာမရဏတို့၏အကြောင်း (သမုဒယ) မည်၏။ ထို (အကြောင်းဇာတိချုပ်)လျှင် အကျိုးဖြစ်သော ဇရာမရဏ တို့လည်း ချုပ်ရလေတော့၏။ ပျက်မှုမရှိတော့ပြီ၊ ထို့ကြောင့် (မပျက်) လိုလျှင် (မဖြစ်) အောင် ခန္ဓာငါးပါး (ဇာတိ)မရအောင် အားထုတ်ရ မည်ဟူလို။

သတိပြုစေလိုသည်မှာ (ဖြစ်မှု)ရှိသမျှ (ပျက်ရ)မြဲဓမ္မတာပင် တည်း။ ဖြစ်ပြီးနောက် မပျက်ပဲ အမြဲတည်သောသဘောမရှိပေ။ ပျက်

ပြီးနောင် အသစ်ဖြစ်မှုကား မဗွာတာမဟုတ် (အာသဝေါ) မကုန်သေးလျှင် ပျက်ပြီးနောက် ခန္ဓာအသစ်ဖြစ်၏။ (အာသဝေါ) ကုန်ပြီးဖြစ်က ပရိနိဗ္ဗာနစုတိနောင် ခန္ဓာအသစ်မဖြစ်တော့ပြီဟူလို။

## သစ္စာကိုမသိသောကြောင့် အနမတဂ္ဂသံသရာ၌ ဆင်းရဲစွာကျင်လည်ရပုံ (စတုသစ္စ-၉)

ချစ်သားတို့သည်လည်းကောင်း ငါဘုရားသည်လည်းကောင်း သစ္စာကိုမသိရ၍ ဤမျှလောက်သံသရာ ဒုက္ခ၌ကျင်လည်ခဲ့ကြရ၏။ ယင်းသို့ဖြစ်ရကား (သစ္စာ)ကိုသိအောင် အားထုတ်ကြရန် တိုက်တွန်းတော်မူလိုသော မြတ်စွာဘုရားသည် စတုန္နံဘိက္ခဝေစသည်ကို မိန့်တော်မူ၏။

စတုန္နံ (ဘိက္ခဝေ)အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
ဒီဃမဒ္ဓနံ သံသရိတံ၊ တာသုတာ သွေ၀ ဇာတိသု။
မဟာမရိနိဗ္ဗာနသုတ်ပါဠိတော် (စာမျက်နှာ-၇၇)

ဘိက္ခဝေ=ရဟန်းတို့။ စတုန္နံ=လေးပါးကုန်သော။ အရိယသစ္စာနံ=အရိယသစ္စာတို့ကို။ (တနည်း)အရိယသစ္စာနံ=ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယ အရိယသစ္စာ ဒုက္ခနိရောဓအရိယသစ္စာ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာတို့ကို။ ယထာဘူတံ=ဟုတ်မှန်သည့်အတိုင်း။ အဒဿနာ=အဒဿနတော=အမှန်မမြင်မသိခြင်းဟူသော။ အဝိဇ္ဇာ=မောဟကြောင့်။ ဒီဃမဒ္ဓါနံ=ရှည်မြင့်စွာသော

အနမတဂ္ဂ=သံသရာကာလပတ်လုံး။ တာသုတာသွေဝဇာတိသုး ထိုထိုသော (ခုဒဘုံ)ဟူသော (ဘဝဇာတိ)တို့၌သာလျှင်။ (တနည်းကား) တာသုတာသွေဝဇာတိသုး=ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် လေးဘုံ၊ လူနတ်စသော သုဂတိဘုံတို့၌သာလျှင်။ သံသရိတံ၊ ဆင်းဆင်း ရဲရဲငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ဆုံလည်သည့်နွားရဟတ်များကဲ့သို့ မရပ်မနားပြေးလွှား၍ နေကြပေတော့၏။

အထူးသတိပြုရန်မှာ (သစ္စာ)ကိုပြောဟောခြင်း ကြားနာ မှတ်သားအသင့်နှလုံးသွင်းခြင်းကို ပြုသဖြင့် (သစ္စာ)ကိုမြင်သိလျှင် မုဆိုးတံငါပင်ဖြစ်ဦးတော့ (သောတာပန်) စသည်တည်နိုင်ပါသည်။ အဘယ့်ကြောင့်နည်း (ဒုက္ခသစ္စာ) ၏ဆင်းရဲပုံကိုလည်းကောင်း၊ ဇာတိကင်းသော။ ဝါ၊ ဖြစ်ခြင်းမရှိသောချုပ်သော ငြိမ်းသော အလုံး စုံသော (ဒုက္ခ)တို့မှလွတ်သော သန္တိသုခနိဗ္ဗာန်ကိုလည်းကောင်း၊ ဟုတ်မှန်သည့်အတိုင်း မြင်သိသောကြောင့်တည်း။ မှတ်ယူလွယ်စေ ခြင်းငှာ "ဒုက္ခမြင်သိတဏှာကွာနိရောဓသို့သာ ညွတ်သည့်မဂ်စိတ်" (ခန္ဓာငါးပါး)၌ ခင်တွယ်မှု (တဏှာ)ချုပ်ရ၏ဟူလို။

အထူးသတိပြုစေလိုသည်မှာ (သောတာပတ္တိမဂ်)ကိုမရသေး လျှင် (ပုထုဇဉ်)လူမင်းနတ်မင်း ဗြဟ္မာမင်းပင်ဖြစ်ဦးတော့ အဖန်ဖန် အိုနာသေမှု အပါယ်ကျမှုဒုက္ခတို့ တန်းလန်းရှိနေသောကြောင့် အားထားစရာမရှိပါ။ (သောတာပတ္တိမဂ်) ကိုရမှသာလျှင် အားထား

စရာရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် အပါယ်ဘေး အိုနာသေရေး သံသရာဘေးတို့မှလွတ်သော (နိဗ္ဗာန်)ကိုရနိုင်ခွင့်ရှိသောကြောင့် တည်း။

**တရားအားထုတ်ခြင်း၏အကြောင်းအရင်း** (စတုသစ္စ-၆၁)

တရားအားထုတ်ခြင်း၏ အကြောင်းရင်းမူကား (ဒုက္ခ)မှ ကင်းလွတ်လိုသောဆန္ဒပင်တည်း၊ ဆင်ခြင်ရန်ကား (ဇာတိ)ရှိလျှင် (ဒုက္ခ)ရှိ၏၊ (ဇာတိချုပ်)လျှင် (ဒုက္ခချုပ်)၏။ ထိုသို့ (ဇာတိချုပ်)လျှင် အလုံးစုံသောဒုက္ခမှ ကင်းလွတ်သောကြောင့် (နိဗ္ဗာန)သုခမည်၏။

ထို့ကြောင့် တရားအားထုတ်ခြင်း၏ အကြောင်းအရင်း ဟူသည် (ဇာတိချုပ်အောင်) ကျင့်မှုပင်တည်း။ (ဇာတိချုပ်အောင်) ကျင့်မှုဟူသည်(ဘဝတဏှာ)ပယ်မှုပင်တည်း။ (ဘဝတဏှာ)ပယ်မှုဟူ သည် ထို(ဘဝတဏှာ)ကြောင့်ဖြစ်သော ဇာတိဇရာ ဗျာဓိမရဏ သောကအပါယ်စသောဘေး တို့ကိုရှုမှုပင်တည်း။ ထိုသို့ရှုသဖြင့်(ဇာတိ) စသည်၌ အလွန်ကြောက်ဘွယ်ကောင်းသော ဘေးကြီးတို့သာဟုမြင် သိလျှင် (ဘဝတဏှာ)ချုပ် ရလေတော့၏။ ဥပမာ-နတ်သမီးယောင် ဆောင်၍နေသော ဘီလူးမကိုတကယ်ပင်နတ်သမီးထင်၍ ပေါင်းသင်း နေသော ယောကျ်ားက ထိုသူမသည် ညညပျောက်၍ ပျောက်၍သွား သဖြင့် စုံစမ်းရာသုသာန် ၌လူသားစားနေသည်ကိုမြင်သဖြင့် ဘီလူးမ ဟုဒိဋ္ဌသိ၏၊ ထိုအခါ ဘီလူးမ၌ချစ်စိတ်ကုန်ခန်းသည့်ပြင် ထိုဘီလူး

ဘေးမှ လွတ်ရာသို့ ထွက်ပြေးသဖြင့် ဘီလူးဘေးမှကင်းလွတ်သကဲ့သို့ ထို့အတူ (ခန္ဓာ ငါးပါး)၌ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာဟုမြင်သိလျှင်-

"ဒုက္ခမြင်သိတဏှာကွာ၊ နိရောဓသို့သာ၊ ညွတ်သည့်မဂ်စိတ်" ဟူသော ကထာအရ (ဖြစ်မှု)မရှိသော (နိဗ္ဗာန်)သို့သာ စိတ်သည် ပြေးဝင်လေတော့၏။ ထို့ကြောင့် (ဘဝတဏှာ) ဟူသော ဘေးမှကင်း လွတ်ရလေတော့၏။

ထိုသို့ (ဇာတိ)ကိုဖြစ်စေတတ်သော ဘဝတဏှာချုပ်လျှင်-

"ဟေတုနိရောဓာ ဖလနိရောဓော"

(ဝိသုဒ္ဓိ ဒုတွဲ-၈၁)

ဟူသောအဋ္ဌကထာအရ-ဟေတုနိရောဓာ=(ဇာတိ)ကိုဖြစ်စေတတ် သော (ဘဝတဏှာ)၏ချုပ်ခြင်းကြောင့် ဖလနိရောဓော=ဇာတိ စသောအကျိုးတရားတို့၏ချုပ်ခြင်းသည် ဟောတိဖြစ်၏။ ဟူရကား (ဇာတိ) စသော (ဒုက္ခ)တို့မဖြစ်နိုင်တော့ပြီ၊ အလုံးစုံသော (ဒုက္ခ)တို့မှလွတ်သဖြင့် (ဒုက္ခနိရောဓနိဗ္ဗာန်)ကိုမျက်မှောက်ပြုသည် မည်၏၊ ဤသည်လျှင် မူလရည်ရွယ်ချက်အရ ပြည့်စုံလေတော့၏ ဟူလို။

## ယောဂီပုဂ္ဂိုလ်တို့ကိုသတိပေးခြင်း (နိဗ္ဗာန-၁၉၉)

(သစ္စာ)သိလိုသော ယောဂီပုဂ္ဂိုလ်တို့မှာ စိတ်ဝီတက်မပျံ့ကြပဲ၊

ထွေထွေရာရာတွေကို ကြံမနေကြပဲ ဤ(ဓမ္မစကြာ)၌ (ဒုက္ခ) သည် (သမုဒယ)ကြောင့်ဖြစ်၏ဟု ဟောတော်မူသည့်အတိုင်း မိမိသန္တာန်မှာ ရှိသောဇာတိရုပ်(ခန္ဓာ)သည် (အာရုံ)တို့၌တပ်မက်သော (မိမိတဏှာ) ကြောင့် ဖြစ်-မဖြစ်၊ မိမိ၏(အာရုံ)ကြောင့်ဖြစ်သော(စိတ်) ကတပ်မက်မှု ဖြစ်လာသော (တဏှာ)ကိုမိမိပယ်က မိမိ၏ (ဇာတိ)စသော ဒုက္ခချုပ်-မချုပ်ကိုသာ လျှင် ကိုယ်တွေ့ဉာဏ်တွေ့ ဒိဋ္ဌိသိဖြစ်လိုသော ဆန္ဒာ ဓိပတိ ဝီရိယာဓိပတိတို့ဖြင့် လိုရင်းကိစ္စ၌သာ စွဲစွဲမြဲမြဲအားထုတ်သင့်ကြ ပေသည်။

ဤသို့လိုရင်းကိစ္စ၌ ဝါ-လိုရင်းအချက်၌ စွဲစွဲမြဲမြဲအားထုတ် ပါလျှင် အဘယ်မှာလျှင် မဂ်ဖိုလ်ကိုမရပဲ ရှိနိုင်အံ့နည်း၊ ဤသုတ္တန် ဒေသနာဖြင့်ပင် (သစ္စာ) မြင်သိ၍ (သောတာပတ္တိမဂ်) စသည်ကို ရကြသည်မှာ အသချေ်အနန္တပင်ရှိ၏ဟူလို။

## တဏှာကိုမြင်တွေ့ရန်ခဲယဉ်းပုံ (နိဗ္ဗာန-၂၁၁)

အထူးသတိပြုကြစေလိုသည်မှာ- သစ္စာမြင်သိမှုတို့တွင် (ဇာတိဒုက္ခ)၏အကြောင်းဖြစ်သော(တဏှာ)ကိုတွေ့ရန် အလွန် သိမ်မွေ့နက်နဲခက်ခဲ၏။

ခက်ခဲပုံကား-သိဒ္ဓတ်မင်းသားဖြစ်စဉ်အခါ ဥယျာဉ်သို့ထွက် တော်မူရာ၌ သူအို သူနာ သူသေ ရဟန်းဟူသော နိမိတ်ကြီးလေးပါး

ကိုမြင်သဖြင့် အလွန်ထိတ်လန့်သံဝေဂရပြီးလျှင် ထီးနန်းစည်းစိမ်ကို စွန့်၍တောထွက်၍ ဒုက္ကရစရိယာ ၆နှစ်ကျင့်မှ (ဇာတိ)ဖြစ်စေတတ်သော သမုဒယသစ္စာ (တဏှာ)ကိုမြင်သိနိုင်၏။ ထိုသို့မြင်သိသည့်အတိုင်း ထို (တဏှာ)ကိုပယ်သဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ (သဗ္ဗညုတဉာဏ်)ကိုရတော်မူလေသတည်း။

(အဓိပ္ပါယ်)အထူး မှုကား-သမုဒယသစ္စာတဏှာကိုမမြင်လျှင် ဘုရားအဖြစ်သို့လည်းမရောက်နိုင်၊ (သဗ္ဗညုတဉာဏ်)ကိုသော်လည်းမရနိုင်ဟူလို။

ဤသို့မြင်သိရန် အလွန်ခက်ခဲနက်နဲသော (တဏှာ)ကိုတွေ့ရသဖြင့် အလွန်ဝမ်းမြောက်လှသောကြောင့် ဘုရားဖြစ်တော်မူသောအခါ စိတ်ထဲတွင်မထားနိုင်ပဲ နှုတ်ဖြင့် "အနေကဇာတိသံသာရံ" စသော (ဥဒါန်း)ကိုကျူးရင့်တော်မူလေသည်။ (ဇာတိ)ဖြစ်ကြောင်း (တဏှာသမုဒယသစ္စာ)ကိုတွေ့မြင်ရန် အလွန်ခက်ခဲနက်နဲသိမ်မွေ့ကြောင်းကို ဥဒါန်းတစ်ခု တွင်ရစ်စေလိုသောကြောင့်လည်းကောင်း၊ ဘုရားဖြစ်ပြီးနောက် နှုတ်ဖြင့်မည်သည့်စကားကိုမျှ မြွက်ဆိုတော် မမူမီ ရှေးဦးမြွက်ဆိုသောစကား ဥဒါန်းစကားပင်ဖြစ်သောကြောင့်လည်းကောင်း သင်္ဂါယနာတင်ဆရာတော်များက ပဌမဗုဒ္ဓဝစနဟု သတ်မှတ်တော်မူ၏။ (တဏှာ)ဖြစ်သော (ဘဝတဏှာ)အားချုပ်စေလိုလျှင် (အာရုံ)၆ပါး (ဇာတိ)ပေါ်လာတိုင်းသိသာသိပါစေ၊ မကပ်ငြိ

အောင်ကြိုးစားပါလေ။ (တနည်း)ဆိုလျှင် (ဒုက္ခသစ္စာ)ကိုနာနာရှု ပါလေ။

## သာသနာတည်သူမည်ပုံ (နိဗ္ဗာန ၂၃၀)

"ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါသုခံ" အက္ခရာ (၁၁)လုံးရှိသော (ပဋိသမ္ဘိဒါမဂ်ပါဠိ)ကိုကျက်မှတ်ထားလျှင်လည်း ထိုပုဂ္ဂိုလ်မှာ ပရိယတ္တိ သာသနာတည်သူမည်၏။(အနက်ကား)ဥပ္ပါဒေါ=ခန္ဓာဇာတိဖြစ်ရခြင်း သည်။ ဒုက္ခံ၊ ဌ-ဘင် ဇရာမရဏတို့ဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ=ဘုရားရဟန္တာတို့ကဲ့သို့ ပရိနိဗ္ဗာနစုတိ၌ အနုပ္ပါဒနိရောဓ အားဖြင့် တဖန်မဖြစ်မူ၍ ချုပ်ခြင်းသည် သုခံ (နိဗ္ဗာန်)ချမ်းသာ ပေတည်း။(ဥပ္ပါဒေါဒုက္ခံ)အရ(ဖြစ်မှု)ရှိက(ပျက်မှုဒုက္ခ)ရှိပုံကို လည်းကောင်း၊ (ဖြစ်မှုချုပ်)က (ဒုက္ခချုပ်)ပုံကိုလည်းကောင်း ဆင်ခြင် နေခြင်းသည် (ပဋိပတ်)မည်၏။

ဤသို့ဆင်ခြင်သဖြင့် (ဖြစ်မှု)ရှိတာ(ဒုက္ခ)အမှန်ပါဘဲ၊ (ဖြစ်မှု) (ချုပ်တာ)သုခအမှန်ပါဘဲဟု(သစ္စာအနက်)ထင်မြင်သဖြင့်(မဂ်)သို့ ရောက်ခြင်းသည် (ပဋိဝေဓ)သာသနာမည်၏ဟူလို။

ပြဆိုခဲ့သော "ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါသုခံ"ဟူသော (ဝိပဿနာ)သည် အက္ခရာ(၁၁)လုံးမျှပင်ဖြစ်သော်လည်း (ဒုက္ခသစ္စာ) နှင့်(နိရောဓသစ္စာ)ကို အကြွင်းမဲ့မြင်သိဆုံးဖြတ်နိုင်သဖြင့် အဝိဇ္ဇာ

တဏှာဒိဋ္ဌိဟူသော (ကိလေသာ)ဝဋ်ကို ချုပ်စေနိုင်၏။ (ဝိပဿနာ)တို့တွင်ထိုဝိပဿနာသည် "ဝိပဿနာယဗုဒ္ဓဘူတံ"ဟူသော ပါဠိအရ အထွတ်အထိပ်ဖြစ်သော(ဝိပဿနာ)မည်၏။ အဘယ်ကြောင့်ဆိုသော် အလွန်သိမြင်နိုင်ခဲ့သော (နိဗ္ဗာန်)ကိုမှောင်ထဲမှာ မီးထွန်းလိုက်သကဲ့သို့ ကွယ်ဝှက်ခြင်းမရှိဘဲကောင်းစွာထင်မြင်နိုင်သဖြင့် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော(ကိလေသဝဋ်)ကိုချုပ်စေနိုင်သောကြောင့်တည်း။

## မဂ်သို့တက်နည်း (နိဗ္ဗာန-၂၃၁)

ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့၌ စိတ်ပျက်သည့်အခါ ထို(သင်္ခါရချုပ်)ရာသို့ ရောက်ကြောင်းဖြစ်သော (မဂ္ဂဝီထိကျ)နည်းကို ပဋိသမ္ဘိဒါမဂ်အရ

ဥပ္ပါဒေ အာဒိနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ။

(ပဋိသမ္ဘိဒါမဂ်ပါဠိ-စာ ၃၉၅)

ဥပ္ပါဒေ=ခန္ဓာဇာတိဖြစ်ခြင်း၌။ အာဒိနဝံ=မမြဲမှု(အနိစ္စ)၊ ဆင်းရဲမှု(ဒုက္ခ)၊ အစိုးမရအလိုသို့မလိုက်မှု (အနတ္တ)ကို။ ဒိသွာ= မြင်ဆည်ဖြစ်၍။ ဝါ၊ မြင်သောကြောင့်၊ အနုပ္ပါဒေ=ဖြစ်ခြင်းမရှိသော (ဝါ) ဖြစ်မှုချုပ်ငြိမ်းသော အနုပ္ပါဒ (နိဗ္ဗာန်)၌။ စိတ္တံ=မဂ်စိတ်သည်။ ပက္ခန္ဒတိ=ပြေးဝင်၏ (ဝါ)နိဗ္ဗာန်အာရုံကိုနှစ်သက်သော (မဂ်စိတ်) ဖြစ်၏။ ဤသို့ (နိဗ္ဗာန်)အာရုံပြုသော (မဂ်ဉာဏ်)ဖြစ်လျှင် (ဒုက္ခသစ္စာ) ကိုသိခြင်းကိစ္စ (သမုဒယသစ္စာတဏှာ) ကိုပယ်ခြင်းကိစ္စ (နိဗ္ဗာန်)

ကိုမျက်မှောက်ပြုခြင်းကိစ္စ (မဂ္ဂသစ္စာ) ပွားခြင်းကိစ္စဟူသော မဂ်ကိစ္စ ၄ပါးပြီးရကား (သောတာပတ္တိမဂ်) စသည်သို့ရောက်လေတော့၏ဟူလို။

## မဂ်သို့တက်ပုံ (တနည်း) (နိဗ္ဗာန-၂၇၂)

တနည်းအားဖြင့် ပါဠိမပါဘဲ (မဂ်)သို့တက်ပုံကိုပြဦးအံ့။ ပြပုံကား-

ဖြစ်မှုရှိကပျက်ရဒုက္ခံ။
ဖြစ်မှုချုပ်ကချုပ်မှုဒုက္ခံ။
ဒုက္ခချုပ်မှ သုခနိဗ္ဗာန်။
ချုပ်ခြင်းအမှုနှစ်သက်ပြုပြီးမှုမဂ်ကိစ္စံ။

၍သို့ (ချုပ်ခြင်း)ကား (နိဗ္ဗာန်)တည်း။ နှစ်သက်ခြင်းကား (မဂ်စိတ်)တည်း။ ၍သို့ (ဖြစ်မှု)ချုပ်သော (နိဗ္ဗာန်)ကိုနှစ်သက်သော (မဂ်စိတ်) ဖြစ်လျှင် (မဂ်ကိစ္စ၄ပါး)ပြီးရကား (သောတာပတ္တိမဂ်)သို့ရောက်လေတော့၏ဟူလို။

မေး။ (ဇာတိ)ချုပ်သောသဘောကို (ဝါ) နိဗ္ဗာန်ကိုနှစ်သက် လျှင် အဘယ့်ကြောင့် (မဂ်ကိစ္စ၄ပါး)ပြီးစီးပါသနည်း။

ဖြေ။ (၁) ဇာတိချုပ်ခြင်းကို နှစ်သက်လျှင် (ဖြစ်ခြင်း)ရှိသမျှ(ပျက်)သောကြောင့် (ဒုက္ခ)သာတည်းဟု (ဒုက္ခသစ္စာ) သိခြင်းကိစ္စ ပြီး၏။

(၂) ဖြစ်မှုချုပ်ခြင်းကို နှစ်သက်လျှင် ဘယ်ဘုံဘယ်ဘဝကိုမျှ မရလိုပါဟု (တဏှာ)စွန့်ပယ်ခြင်း(သမုဒယသစ္စာ)ကိစ္စပြီး။ (ဘဝတဏှာ)ချုပ်၏။

(၃) ထို (ဘဝတဏှာ)ချုပ်ခြင်းသည်ပင်လျှင် (နိရောဓသစ္စာ နိဗ္ဗာန်)ကို မျက်မှောက်ပြုခြင်းကိစ္စပြီး၏ အဘယ့်ကြောင့် ဆိုသော်လိုချင်မှုချုပ်က ဇာတိ တဖန်ဖြစ်နိုင်ခွင့်မရှိသော ကြောင့်တည်း။

(၄) ချုပ်ငြိမ်းသောသဘောကား (နိဗ္ဗာန်)ပင်တည်း။ ဤ (ဖြစ်မှု ချုပ်ငြိမ်း)သောသဘောသာလျှင် (ဒုက္ခ)မှလွတ်သော ချမ်းသာအစစ်ဟု နှလုံးသွင်း၍ မည်သည့်ဘဝ(ဇာတိ)ကိုမျှ အလိုမရှိတော့ပါဟု အလယပြတ်ကင်းသော မဂ်စိတ္တုပ္ပါဒ် သည် (မဂ္ဂသစ္စာ)မည်၏။ ဤသို့အားဖြင့်လည်း မဂ်ကိစ္စ ၄ပါးပြီးခြင်း (မဂ်)သို့ရောက်နိုင်၏ဟူလို။

## နှလုံးသွင်းပုံ

(၁) ခန္ဓာဇာတိဖြစ်မှုရှိတာ မကောင်းပါဘူး။

(၂) ခန္ဓာဇာတိချုပ်မှုကောင်းပါသည်။

(၃) ထို့ကြောင့် ဘယ်ဘုံဘယ်ဘဝကိုမျှ အလိုမရှိတော့ပါဟု ဘဝ (ဇာတိ)စသည်၌ ငြိတွယ်မှု အလယပြတ်ကင်းခြင်းသည်လည်း ယထာဘူတသမ္မာဒဿနဖြစ်သောကြောင့် (တဏှာ)ပယ်မှု

ပြီး၏။ ထို့ကြောင့် (သောတာပတ္တိမဂ်) သို့ရောက်နိုင်၏။ မဂ်ကိစ္စ (၄)ပါး (သစ္စာ၄ပါး)ပြီးနိုင်၏ဟူလို။

## (နိဗ္ဗာန်) ရှိပုံကိုပြဆိုခြင်း (နိဗ္ဗာန-၁၅၃)

(နိဗ္ဗာန်)ရှိပုံ (နိဗ္ဗာန်)သို့ရောက်ပုံတို့မှာ ယုံမှားခြင်းများရှိတတ်ကြ၏။ ထိုယုံမှားခြင်းများကင်းကြစေရန် ပါဠိတော်အဋ္ဌကထာများနှင့်တကွ ပြဦးအံ့-

ပဒမစ္စုတမစ္စန္တံ၊ အသင်္ခတမနုတ္တရံ။
နိဗ္ဗာနမိတိဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော-

(သဂြိုဟ်-ပါဠိ၊ စာ-၁၃၃)

ဟူ၍သင်္ဂြိုလ်ဆရာ (အရှင်အနုရုဒ္ဓါ)ကပြဆိုခဲ့ပါသည်။

အစ္စုတံ=ရွေ့လျော့ခြင်းမရှိထသော။ အစ္စန္တံ=စုတိအဆုံးကိုလွန်ထသော။ အသင်္ခတံ=သင်္ခတမဟုတ်သော။ ဝါ၊ (သင်္ခါရ)တရားတို့ကဲ့သို့ဖြစ်ခြင်းပျက်ခြင်း ဥပါဒ် ဌီ ဘင်မရှိသော။ အနုတ္တရံ=တူဘက်ကင်းသော။ ပဒံ=နိဗ္ဗာန်ကို။ ဝါနမုတ္တာ= ဝါနတဏှာမှ လွတ်ကုန်ပြီးသော။ မဟေသယော= ကြီးမြတ်သောပညာရှိသော ဘုရားစသောသူတော်ကောင်းတို့သည်။ နိဗ္ဗာနမိတိ=နိဗ္ဗာနံဣတိ=နိဗ္ဗာန်ဟူ၍။ ဘာသန္တိ၊ ဆိုတော်မူကြကုန်၏။

အဓိပ္ပါယ်မှာ-ပရိနိဗ္ဗာနစုတိ နောင်ခန္ဓာအသစ်မဖြစ်ပဲ အနုပ္ပါဒနိရောဓသဘောရှိမှုပင်ဟူလို။

## မဟာဋီကာဆရာပြတော်မူသော (နိဗ္ဗာန်)ကား -

"နိဗ္ဗာနဉ္စ ဥပ္ပါဒါဒီနံ အဘာဝေန အသင်္ခတန္တိ ပညာယတိ"။ ဟိ=နိဗ္ဗာန်၏ (အသင်္ခတ)အဖြစ်ကိုထင်စွာပြပြီးအံ့။ နိဗာနံ=နိဗ္ဗာန် သည်။ ဥပ္ပါဒါဒီနံ=ဥပ္ပါဒ ပဝတ္တစသည်တို့၏။ အဘာဝေန=မရှိခြင်း ကြောင့် (တနည်း)အဘာဝေန၊ ဖြစ်မှုရှိခြင်းမဟုတ်သောကြောင့်။ အသင်္ခတန္တိ=အကြောင်းတရားတို့ မပြုပြင်အပ်သော(အသင်္ခတ)တရား ဟူ၍။ ပညာပတိ=ထင်ရှား၏ဟုပြဆိုပါသည်။

## ဥဒါန်းပါဠိတော်အရပြပြီးအံ့-

"အတ္ထိ ဘိက္ခဝေအဇာတံ အဘူတံ အကတံ အသင်္ခတံ နိဗ္ဗာနံ"။

ဘိက္ခဝေ=ရဟန်းတို့။ အဇာတံ=ဝေဒနာက္ခန္ဓာကဲ့သို့ (ဖဿ) ဟူသော အကြောင်းကိုစွဲ၍(ဖြစ်ခြင်း)မရှိသော။ အဘူတံ=အကြောင်းမရှိပဲ လည်း (ဖြစ်ခြင်း)မရှိသော။ အကတံ=တစ်စုံတစ်ခုသော အကြောင်းမှု မပြုပြင်အပ်သော။ အသင်္ခတံ=(ဥပါဒ်-ဌီ-ဘင်) ဟူသော သင်္ခတ လက္ခဏာမရှိသော။ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ အတ္ထိ=သဘောအားဖြင့် ရှိ၏။ အမိပ္ပါယ်ထင်ရှားပါ၏။

ထိုဥဒါန်းပါဠိတော်စာ-၁၇၈၊ ၂၂၀အရအဋ္ဌကထာ၌ အနိဗ္ဗတ္တိသဘာဝတ္တာအဇာတံ၊ တတောဧဝအဘူတံ စသည်ဖွင့်ပါ သည်။

အနိစ္စတ္တိသဘာဝတ္တာ = (မဖြစ်ခြင်း)သဘောရှိသောကြောင့် နိဗ္ဗာနံ=နိဗ္ဗာန်သည်။ အဇာတံ=အဇာတမည်၏။ တတောဧဝ=ထိုသို့ ဖြစ်ခြင်းမရှိပဲသဘောအားဖြင့် တည်သည်၏အဖြစ်ကြောင့်သာလျှင်။ အဘူတံ=အဘူတမည်၏ဟုပြဆိုပါသည်။ ထို့ပြင်ဆတ္တမာဏဝလုလင် အားသရဏဂုံပေးရာ၌ နိဗ္ဗာန်ကိုမြတ်စွာဘုရား ဟောတော်မူပုံပြ ဦးအံ့- ဝိမာနဝတ္ထု၌လာသော ဆတ္တမာဏဝလုလင်အား သရဏဂုံ ပေးရာ၌ (နိဗ္ဗာန်)ကိုမြတ်စွာဘုရားဟောကြားရာ၌-

ဓမ္မပသင်္ခတမပ္ပဋိကုလ။

(ဝိမာနဝတ္ထုပါဠိ စာ-၇၆)

အသင်္ခတံ=ဥပါဒ်-ဌီ-ဘင်အားဖြင့် ဖြစ်ခြင်းပျက်ခြင်းမရှိသော။ အပ္ပဋိကုလံ=တစ်စုံတစ်ရာ စက်ဆုပ်ဖွယ်မရှိသော။ ဓမ္မံ=နိဗ္ဗာန်တရား။

(အဓိပ္ပါယ်)မှာ (သင်္ခါရ)တရားတို့၌ (ဖြစ်ခြင်းပျက်ခြင်း)ရှိသောကြောင့် စက်ဆုပ်ဖွယ်ရှိ၏ (နိဗ္ဗာန်)မူကား (ဖြစ်ခြင်းပျက်ခြင်း) သင်္ခတ လက္ခဏာမရှိသောကြောင့် စက်ဆုပ်ဖွယ်မရှိ အလွန်စင်ကြယ်သော တရားဟုသိစေမှုပင်တည်း။

နိဗ္ဗာန်ချမ်းသာဟူသောအဓိပ္ပါယ်ကိုပြပုံ (စတုသစ္စ-၂၈၃)

နိဗ္ဗာန်ချမ်းသာဟူသည် (ဒုက္ခ)ကင်းသောသဘောပင်တည်း။ ဝါ၊ (ဖြစ်မှု)ကင်းသောချုပ်သော ငြိမ်းသောသဘောပင်တည်း။

**ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌-**

**"အနုပ္ပါဒေါသုခံ အဇာတိသုခံ"**

စသည်ဖြင့်ဟောတော်မူ၏။

**အနုပ္ပါဒေါ-မဖြစ်ရခြင်းသည်။ သုခံ-ပျက်ခြင်းမရှိသော ကြောင့်ချမ်းသာ၏။ အဇာတိ-ပဋိသန္ဓေမနေရခြင်း။ ဝါ၊ ခန္ဓာငါးပါး ဖြစ်မှုချုပ်ငြိမ်းခြင်းသည် (သုခံ)ဇရာမရဏတို့ဖြင့် ပျက်ခြင်းမရှိ သောကြောင့်ချမ်းသာ၏။**

တနည်း- "ဒုက္ခာသင်္ခါရာသုခေါနိရောဓော"

သင်္ခါရာ=ရုပ်နာမ် (ခန္ဓာသင်္ခါရ) တရားတို့သည်=ဒုက္ခာ (ဖြစ်ခြင်းပျက်ခြင်း) ရှိသောကြောင့် ဆင်းရဲကုန်၏။ (နိရောဓော) သင်္ခါရတရားတို့ တဖန်မဖြစ်မူ၍ (ချုပ်ခြင်း)သည် (သုခေါ) ဖြစ်ခြင်း ပျက်ခြင်း မရှိသောကြောင့် ချမ်းသာ၏။

(အဓိပ္ပါယ်)ကား=(ဖြစ်ခြင်း)ရှိသမျှ တရားတို့၌ (အနိစ္စ ဒုက္ခ အနတ္တ)လက္ခဏာနှင့်တကွ အိုမှုနာမှုသေမှုတို့ကြောင့် ဆင်းရဲ၏။ (သင်္ခါရရုပ်နာမ်ခန္ဓာ)မရှိက အလုံးစုံသော ဒုက္ခတို့မှလွတ်၏။ ဤ (နိဗ္ဗာန်)ကား(သင်္ခါရဒုက္ခ)၏ဆန့်ကျင်ဘက် (သုခ)မည်၏ဟူလို။

## သန္တိသုခ၊ ဖလသုခ၊ ဝေဒယိတသုခဟူသော သုခသုံးမျိုး

အရှင်သာရိပုတ္တရာသည် ရဟန်းပရိသတ်နှင့်ကြုံတွေ့သည့် အခါ "သုခမိဒံအာဝုသောနိဗ္ဗာန်" ဟူ၍ ဥဒါန်းကျူးလေ့ရှိ၏။

အာဝုသော=ငါ့ရှင်တို့။ ဣဒံနိဗ္ဗာနံ=ဤ (ဖြစ်ခြင်း)ကင်းသော အဇာတနိဗ္ဗာန်သည်။ တနည်း-ဣဒံနိဗ္ဗာနံ၊ ဤအရဟတ္တဖိုလ်နိဗ္ဗာန် သည်။ သုခံ၊ ချမ်းသာစွတကားဟူ၏။

ဤအခါရဟန်းတပါးက အရှင်ဘုရား (နိဗ္ဗာန်)ဟူသည် (ခံစားမှု)လည်းမရှိဘဲလျက် အဘယ်ကြောင့်ချမ်းသာပါသနည်းဟု လျှောက်၏။ ထိုအခါအရှင်သာရိပုတ္တရာက ငါ့ရှင် စင်စစ်သော်ကား (ခံစားမှုမရှိ)သောကြောင့်ပင် ချမ်းသာ၏။ (ခံစားမှု) ဟူသည် (သင်္ခါရ) တရားမျှသာဖြစ်သောကြောင့် (ပျက်)၏။ ထို့ကြောင့် (ဒုက္ခသစ္စာ) သာတည်း။ (ခံစားမှု)မရှိသော (နိဗ္ဗာန်)သဘောမူကား။ ဝါ၊ (ဖြစ်ခြင်း) ကင်းသော (နိဗ္ဗာန်)သဘောမူကား (ပျက်ခြင်း)မရှိသောကြောင့် (နိစ္စသုခ)အားဖြင့် အမြဲချမ်းသာသော (သန္တိသုခနိဗ္ဗာန်)မည်၏ ဟူလို။

တနည်းအားဖြင့်ကား "နိဗ္ဗုတိဘုဉ္စမာနာ" အရ(ဖြစ်ခြင်း) ကင်းသော (နိဗ္ဗာန်)ကို (အာရုံ)ပြု၍ ဖိုလ်ဝင်စားသော ပုဂ္ဂိုလ်တို့၏စိတ် သည် အလွန်အေးမြချမ်းသာ၏။ ထို့ကြောင့် (ခံစားမှု)ပင်ရှိသော် လည်း (နိဗ္ဗာ)အာရုံ၌ ခံစားမှုဖြစ်သောကြောင့် အလွန်စင်ကြယ်သော သုခသေဝိတဗ္ဗသုခမည်၏ဟူလို။ (ခုဒ္ဒကပါဌ-၅)

(လောကီအာရုံခံစားမှု) ဟူသော သုခမူကား (ရာဂဒေါသ မောဟ)မကင်းသောကြောင့် စင်ကြယ်သော(သုခ)မဟုတ်ဟူလို။

ဤသို့လျှင်-
ခံစားမှုမရှိသော (သန္တိသုခ)တစ်မျိုး။
ခံစားမှုပင်ရှိသော်လည်း ဖိုလ်စိတ်ဖြင့် (နိဗ္ဗာန်)အာရုံကိုခံစားသော အလွန်စင်ကြယ်သော(သုခ)တစ်မျိုး၊
လောကီ(အာရုံ)ခံစားမှုဟူသော မစင်ကြယ်သောသုခတစ်မျိုး ဤသို့သုံးမျိုးခွဲခြားမှတ်အပ်၏ဟူလို။

**နိဗ္ဗာန်အာရုံ၌ မွေ့လျော်အပ်ပုံ** (စတုသစ္စ-၂၈၅)

(နိဗ္ဗာန်)အာရုံ၌ မွေ့လျော်ခြင်းကို အလိုရှိအပ်ကြောင်း "တတြာဘိရတိမိစ္ဆေယျ" ဟူ၍ ဟောတော်မူ၏။ (ဓမ္မပဒ-၂၆)

တတြနိဗ္ဗာနေ=ထိုနိဗ္ဗာန်၌။ ဝါ၊ ဖြစ်ခြင်းကင်းသော အနုပ္ပါဒ အဇာတနိဗ္ဗာန်၌။ အဘိရတိံ=အလွန်မွေ့လျော်ခြင်းကို။ ဝါ၊ (ဖိုလ်စိတ်) ဖြင့်(နိဗ္ဗာန်)ကိုအာရုံပြု၍နေခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

အဘယ်ကြောင့်နည်းဟု ဟိတ်ခတ်၍ပြလိုသော အဌကထာ ဆရာသည်-

"ကသ္မာယန္တံသန္တပဏီတ အမတ ခေမ သုခ သိဝရဏ သမ္ပန္နတ္တာ"။ ဟုမိန့်၏။

ကသ္မာ=အဘယ်ကြောင့်နည်းဟုမူကား။ ယန္တံ=အကြင်နိဗ္ဗာန် သည်။သန္တ ပဏီတ အမတ ခေမသုခ သိဝရဏ သမ္ပန္နတ္တာ၊ ဥပါဒ်ဋ္ဌီဘင် မရှိသောကြောင့် ငြိမ်သက်ခြင်း၊ မြင့်မြတ်ခြင်း၊ သေမှု

ကင်းခြင်း၊ ဘေးကင်းခြင်း၊ ချမ်းသာခြင်း၊ အေးမြခြင်းစသောဂုဏ်တို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်တည်း။

"တဏှာက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော" ဟူ၍(မဟာဝဂ်)၌ဟောတော်မူ၏။

(ဓမ္မပဒ စာ-၄၁)

သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရားတပည့်သည်။ တဏှာက္ခယရတော၊ တဏှာကုန်ခန်းရာ (နိဗ္ဗာန်)၌သာလျှင် မွေ့လျော်သည်။ ဟောတိဖြစ်၏။

**နိဗ္ဗာန်ရောက် မျက်မှောက်ပြုပုံကိုအကျဉ်းအားဖြင့် သိမှတ်ရန် ကထာကား-** (နိဗ္ဗာန-၁၅၅)

ဟေတုံပဋိစ္စသမ္ဘူတာ၊ ဟေတုဘင်္ဂါနိရုဇ္ဈရေ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ စာ-၁၃၆)

ဟေတုံ=အကြောင်းကို။ ပဋိစ္စ=စွဲ၍။ တနည်း-ဟေတုံ=အမှန်ကိုမသိမမြင်လိုချင်စွဲယူမှု ကံအစုဟူသောအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံကို ပဋိစ္စ=စွဲ၍။ သမ္ဘူတာ=ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစသော အကျိုးတရားတို့သည် ပွားစီး၍နေကုန်၏။ ဟေတုဘင်္ဂါအကြောင်း၏ ချုပ်ခြင်းကြောင့် (တနည်း)-ဟေတု ဘင်္ဂါ=အမှန်သိမြင်၊ လိုချင်ပယ်မှု၊ ကံမပြုမှုကြောင့်၊ နိရုဇ္ဈရေ=ဇာတိစသောအကျိုးတရားတို့လည်း ချုပ်ရကုန်၏။

(အဓိပ္ပါယ်)ကား (ဖြစ်ကြောင်း)ရှိနေလျှင် (ဖြစ်)၏။ (ဖြစ်ကြောင်း)ကုန်လျှင် (ချုပ်ငြိမ်း)၏(ဥပမာ)ဖယောင်းတိုင်ကို အမှီပြု၍ ဖြစ်သော မီးတောက်သည် ဖယောင်းတိုင်ကုန်လျှင် ငြိမ်းရဘိသကဲ့သို့ တနည်း-အပင်ကိုအမှီပြု၍ ဖြစ်သောအသီးသည် အပင်သေလျှင် တနည်း-အပင်ကိုသတ်ဖြတ် ဖျက်ဆီးပစ်လျှင် တဖန်အသီးမဖြစ်နိုင်သကဲ့သို့ ထို့အတူ (ဇာတိဒုက္ခ)ဖြစ်ကြောင်းကုန်လျှင် (ဇာတိဒုက္ခ) တို့ချုပ်ငြိမ်းခြင်းသို့ ရောက်ရကုန်၏။ ဤသည်လျှင် (မဂ်အကျင့်) ကို ကျင့်သောပုဂ္ဂိုလ်သည် (နိဗ္ဗာန်)သို့ရောက်သည်မည်၏ဟူလို။

## မိမိသည် (မဂ်ဖိုလ်နိဗ္ဗာန်) ရပြီး ဟုတ်မဟုတ်မြင်သိနည်း (နိဗ္ဗာန-၂၂၀)

အကြင်သူသည် မိမိ၏ဘဝတဏှာစသည်ကြောင့် မိမိ၌ (ဇာတိ)စသော(ဒုက္ခ)ဖြစ်၏ဟုသိ၏။ (ဇာတိ)ဖြစ်စေလိုသော မိမိ (ဘဝတဏှာ)ကိုလည်းပယ်၏။ ယင်းသို့ဖြစ်ရကားမိမိ၌ (ဇာတိ)ဖြစ်စေတတ်သော(အကြောင်းတရား)တို့ကုန်သွားသောကြောင့် တဖန် (ဇာတိ) မဖြစ်နိုင်ဟုမြင်သိလေတော့၏။

ဤသည်လျှင်မိမိ(နိဗ္ဗာန်)ရမှု၌ယုံမှားခြင်းမရှိတော့ပြီ၊ ထို့ကြောင့် (သောတာပတ္တိမဂ်) စသော မဂ်ဖိုလ်နိဗ္ဗာန်ရပြီဟု မြင်သိနိုင်၏ဟူလို။

## (နိဗ္ဗာန်)ကိုမျက်မှောက်ပြု၏ဟူသောအဓိပ္ပါယ် (စတုသစ္စ-၅၀)

(နိဗ္ဗာန်)ကို မျက်မှောက်ပြု၏ဟူသည်တွင် (တဏှာ)အကြွင်းမဲ့ချုပ်သော(အရဟတ္တဖိုလ်)ကိုသာ မှတ်ဖို့ပါပဲ။ တနည်းဆိုသော်-ဘုရားရဟန္တာတို့ကဲ့သို့ ပရိနိဗ္ဗာနစုတိ၌ ခန္ဓာအကြွင်းမဲ့ချုပ်ခြင်းသို့ရောက်သော(အနုပါဒိသေသနိဗ္ဗာန်)ကိုပင် မှတ်ဘို့ပါပဲ။

တနည်း(နိဗ္ဗာန်)ရှိ၏ဟူသည်တွင် စုတိနောက် (ဝါ)သေပြီးနောက် (ဇာတိ)တဖန်မဖြစ်မူ၍ ချုပ်ပြတ်သော သမုစ္ဆေဒမရဏ။ တနည်း-အနုပ္ပါဒ နိရောဓသဘောရှိသည်ကိုပင် မှတ်ဖို့ပါပဲ။

(နိဗ္ဗာန်)ကို မျက်မှောက်ပြု၏ဟူသည်တွင် သံသရာဝဋ်ဒုက္ခအဆုံးသို့ရောက်သည်ကိုပင် မှတ်ဖို့ပါပဲ (ဝါ)သေပြီးနောက် အသစ်မဖြစ်မှုကိုပင်မှတ်ဖို့ပါပဲ။ ဝါ၊ နောက်ထပ်ခန္ဓာမရတော့သည့် ဇာတိ၊ ချုပ်ခြင်းသို့ရောက်သည်ကိုပင် (ခန္ဓာနိဗ္ဗာန်)မှတ်ဖို့ပါပဲ။

ထိုစကားသည်မှန်၏ မြတ်စွာဘုရားသည် နိယတဗျာဒိတ်ရပြီးနောက် ဒုက္ခအဆုံး သံသရာအဆုံးသို့ရောက်ခြင်းငှာ လာခဲ့ရာ ပရိနိဗ္ဗာနစုတိသို့ရောက်မှပင်လျှင် တဖန်မဖြစ်မူ၍ ချုပ်ငြိမ်းခြင်းသို့ (ဝါ) ဒုက္ခဆုံးသို့ရောက်တော်မူလေသည်ဟူလို။

တနည်း-(နိဗ္ဗာန်)ရှိ၏ဟူသည်တွင် ဝိသုဒ္ဓိမဂ်-ဒုတိယတွဲ၊ စာ(၈၁)၌ပါသော 'ဟေတုနိရောဓာဖလနိရောဓော' ဟူသောပါဠိအရ

(ဇာတိ)ကိုဖြစ်စေတတ်သော အဝိဇ္ဇာတဏှာကံဟူသော အကြောင်းတရားတို့ကို (မဂ်)အကျင့်ဖြင့် ချုပ်ငြိမ်းစေသောကြောင့် အကျိုး(ဇာတိ)စသော ဝဋ္ဋဒုက္ခတို့ချုပ်ငြိမ်းသော သဘောရှိသည်ကိုပင်မှတ်ဖို့ပါပဲ။

(အဓိပ္ပါယ်)ကား- (ဇာတိ)ကိုဖြစ်စေတတ်သော မသိမှုလိုချင်မှုကံအဝိဇ္ဇာ တဏှာကံမရှိလျှင် တဖန်မဖြစ်သောချုပ်ငြိမ်းသောသဘောရှိမှုပင်လျှင် (နိဗ္ဗာန်)ရှိသည်မည်၏ဟူလို။

## နိဗ္ဗာန်နှင့်မဂ်စိတ်အာရုံ အာရမ္မဏိကစပ်မိအောင်ရှုနည်း (စတုသစ္စ-၅၇)

(နိဗ္ဗာန်)အာရုံနှင့်အာရမ္မဏိကမဂ်စိတ်တစ်ချက် အာရုံအာရမ္မဏိကစပ်မိအောင် ရှုနည်းကား အတော်ပင်ခဲယဉ်း၏။ ထိုသို့ခဲယဉ်းသော်လည်း လွယ်ကူစေရန် ပြဦးအံ့-

ဤနည်းကား (သစ္စာလေးပါး)ကို လောကီသမ္မာဒိဋ္ဌိဉာဏ်ဖြင့်သိပြီးနောက် လောကုတ္တရာမဂ်သို့တက်သောနည်းပင်တည်း။

ဖြစ်လျှင်ဒုက္ခ၊ ချုပ်မှသုခနိဗ္ဗာန်။

ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စ။

ဤသို့ဖြစ်လျှင် (ဒုက္ခ)ကား လက္ခဏာ (၃)ပါး၊ တပါးပါးကိုရှုသောပရိကံဥပစာအနုလုံဇောတို့ပင်တည်း။ ချုပ်မှ (သုခနိဗ္ဗာန်) ဟုအာရုံပြုမှုကား ဂေါတြဘူမျှသာရှိသေး၏။ ဤမျှကား ဗဟိဒ္ဓသင်္ခါရ

နိမိတ်မှထရုံမျှသာရှိပါသေးသည်။ မဂ်ကိစ္စမပြီးသေးပါ။ ချုပ်ခြင်းကို နှစ်သက်သော (မဂ်) ဖြစ်မှသာ (တဏှာ)ပယ်မှုကိစ္စပြီးသဖြင့် မဂ်ကိစ္စ လေးပါးပြီးစီးနိုင်ပါသည်။ ထို့ကြောင့် ချုပ်မှုသုခနိဗ္ဗာန်-ဟုစိတ်ကို ရပ်မထားဘဲချုပ်ခြင်းအမှုကို နှစ်သက်သောအာရမ္မဏိက (မဂ်စိတ်) သို့ရောက်အောင် နှလုံးသွင်းတော်မူကြပါကုန်။

အဓိပ္ပါယ်အထူးသော်ကား- (ချုပ်ငြိမ်း) သောသဘောအား (နိဗ္ဗာန်အာရုံ) တည်း။ ထို(အာရုံ)ကိုအာရုံပြု၍ နှစ်သက်ခြင်းကား အာရမ္မဏိက (မဂ်စိတ်)ပင်တည်း။ ထို (မဂ်စိတ်)ဖြစ်ပေါ်လျှင် ဒုက္ခ သစ္စာသိခြင်းကိစ္စ၊ သမုဒယသစ္စာ ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာ မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာပွားခြင်းကိစ္စတို့သည် မဂ်စိတ်တစ် ချက်၌ပြီးစီးလေတော့၏ဟူလို။

ဤကား (ဖြစ်ခြင်း) ကင်းသော (ဖြစ်ခြင်း)မရှိသော၊ ချုပ်သော၊ ငြိမ်းသောအဇာတအပဝတ္တ အနုပ္ပါဒအသင်္ခတတို့ကား (တဏှာ) မှထွက်ပေါက်အာရုံတည်း။ အာရမ္မဏိက (မဂ်စိတ်)ကား ထိုထွက်ပေါက်သို့ထွက်လိုက်ခြင်းပင်တည်း (ဝါ) (ဖြစ်လို) သော (တဏှာ) အာလယကိုစွန့်ပယ်ခြင်းပင်တည်း။ (ဝါ) မည်သည့်ဘဝ ဇာတိကိုမျှမဖြစ်လို မရလို မယူလိုဟုစိတ်နှလုံး၌ ဆုံးဖြတ်လိုက်ခြင်း ပင်တည်း။ (ဝါ) ဖြစ်မှုချုပ်သောကင်းသော မရှိသော အဇာတ အပ ဝတ္တအနုပ္ပါဒ အသင်္ခတတရားထက် မြင့်မြတ်သော ဘေးကင်းသော

ချမ်းသာသော တရားမရှိဟု နှလုံးသွင်းသဖြင့် (တဏှာ)မှထွက်လိုက်ခြင်းပင်တည်း။ ဝါ၊ (သမ္မာသမာဓိ)ဖြင့် ဘဝဇာတိကိုအလိုမရှိတော့ပါဟုသန္နိဋ္ဌာန်ကျအတည်ပြုလိုက်ခြင်းပင်တည်း။

(နိဗ္ဗာန်)မျက်မှောက်ပြု၏ဟူသည် (ခန္ဓာငါးပါး)ကိုဖြစ်စေတတ်သော (တဏှာ)ချုပ်ပြတ်ငြိမ်းစဲမှုပင်တည်း မှတ်ယူလွယ်ခြင်းငှာပြရလျှင်-

ဒုက္ခဟူသမျှအဖြာဖြာ၊ လိုချင်မှုကြောင့်သာဖြစ်မှုမုချ။ လိုချင်မှုပယ်မှ ဘေးကင်းကွာ၊ မပယ်ပါလျှင်ဖြစ်မှုဘယ။ ဝါနနိက္ခန္တာ ဟုဆိုသည်တွင် (လိုချင်မှု)မှထွက်မြောက်ခြင်းကိုပင် မှတ်ဖို့မုချ။ ခန္ဓာ၌ ခင်တွယ်မှု (တဏှာ)မှ (နိဗ္ဗာန်)သို့ထွက်လိုက်၏ဟုဆိုသည်တွင် (ခင်တွယ်မှု)အာလယချုပ်ပြတ်မှုကိုပင် မှတ်ဖို့မုချ (နိဗ္ဗာန်)မျက်မှောက်ပြုမှုဟူသည်တွင် (တဏှာ)ပယ်မှုကိစ္စပင်ဟု သိသည်ဖြစ်၍ ထို(လိုချင်မှု)အား ပယ်လိုက်သောအနာလယကို ပင်မှတ်ဖို့ပါပဲ၊ ဤ၌သန္နိဋ္ဌာန်ကျအတည်ပြုလိုက်ခြင်းပင်ဟူလို။

အထူးသတိပြုတော်မူကြစေလိုသည်မှာ (ဖြစ်ခြင်း ချုပ်ခြင်း)တို့ကား (ပရမတ္ထ)အားဖြင့် (ခန္ဓာငါးပါး)တို့ (ဖြစ်မှု၊ ချုပ်မှု) ဟုနှလုံးသွင်းမှ သဿတ၊ ဉစ္ဆေဒလွတ်ပါမည်ဟူလို။ ဤ၌ 'ခန္ဓာနံပါတုဘာဝေါ'ဟု (ဝိဘင်းစာ-၁၄၄)၌ မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း "(ခန္ဓာ)ဖြစ်မှု"သာတည်းဟု နှလုံးသွင်းအပ်၏ 'ခန္ဓာနံဘေဒေါ'

ဟု မြတ်စွာဘုရားဟောတော်မူသောကြောင့် "ခန္ဓာတို့၏ချုပ်ပျက်မှု" သာတည်းဟု နှလုံးသွင်းအပ်၏။

## (နိဗ္ဗာန်)ကိုမျက်မှောက်ပြုခြင်းငှာ (စတုသစ္စ-၆၈)
## ပဋိသမ္ဘိဒါမဂ်အရဘာဝနာပွားပုံ

"ဥပ္ပါဒေါသင်္ခါရာ၊ အနုပ္ပါဒေါနိဗ္ဗာနံ၊ (ပဋိသမ္ဘိဒါမဂ်-၅၇)အရ

ဥပ္ပါဒေါ=(ခန္ဓာဇာတိ) (ဖြစ်)ရခြင်းသည် သင်္ခါရာ= ဥပါဒ်ဌီ ဘင်ဖြင့် ဖြစ်တတ်ပျက်တတ်သော (ဝါ) ကံစိတ်ဥတုအာဟာရတို့ဖြင့် အဖန်ဖန်ပြုပြင်အပ်သော (သင်္ခါရဒုက္ခသစ္စာ)တရားတို့သာတည်း။ အနုပ္ပါဒေါ=ခန္ဓာဇာတိ(မဖြစ်ရခြင်း)သည်။ (ဝါ) ဇာတိချုပ်ငြိမ်းရခြင်းသည်။ နိဗ္ဗာနံ=အသင်္ခတ(နိဗ္ဗာန်)ပေတည်း။ တနည်း=နိဗ္ဗာနံ၊ ဥပါဒ်ဌီ ဘင်ဟူသော(ဖြစ်ခြင်းပျက်ခြင်း)ကင်းသော အဇာတအသင်္ခတ နိဗ္ဗာန်ပေတည်း။

ဤသို့ဘာဝနာပွားလျှင် ဖြစ်ခြင်း၌ ပျက်တတ်သောဒုက္ခကို မြင်သဖြင့် ဖြစ်ခြင်းမရှိသော အသင်္ခတနိဗ္ဗာန်ကိုညွတ်လတ္တံ့။ (ဝါ) နှစ်သက်လတ္တံ့. ဤသို့(နိဗ္ဗာန်)ကိုနှစ်သက်လျှင်၊ ဝါ၊ ချုပ်ခြင်းကိုနှစ် သက်လျှင် (ဖြစ်)လိုသော (ဘဝတဏှာ)ပယ်မှုကိစ္စပြီး၏။ ထိုသို့ (ဘဝ တဏှာ)ပယ်မှုပြီးစီးခြင်းသည်ပင်လျှင် မဂ်ကိစ္စ၄ပါးပြီး၏။

(မဂ်) ကိစ္စ ပြီးဆုံးပုံ (စတုသစ္စ-၆၉)

(ဇာတိ) ချုပ်ခြင်းကိုနှစ်သက်က (ဖြစ်ခြင်း)ရှိသမျှ (ရုပ်နာမ်) တရားတို့ကို (ဒုက္ခသစ္စာ)ဟုသိခြင်းကိစ္စပြီး၏၊ အဘယ်ကြောင့်ဆိုသော် (ချုပ်ခြင်း)ကိုနှစ်သက်က (ဖြစ်ခြင်း)၌ (အပျက်)ဟူသောအပြစ်ကို မြင်မှုကိစ္စအန္တောဂဓဖြစ်သောကြောင့်တည်း။ (ဇာတိချုပ်ခြင်း)ကို နှစ်သက်လျှင် (ဇာတိ)ဖြစ်လိုမှု (ဘဝတဏှာ)ပယ်မှုကိစ္စပြီး၏။ အဘယ်ကြောင့်ဆိုသော် (ချုပ်မှု)ကိုနှစ်သက်ခြင်းသည် မည်သည့်ဘဝ ဇာတိကိုမျှအလိုမရှိတော့ပါဟူသော (တဏှာပယ်မှု) အန္တောဂဓဖြစ် သောကြောင့်တည်း။

ယင်းသို့ (ဘဝတဏှာ)ပယ်မှုပြီးစီးခြင်းပင်လျှင် (ဇာတိ နိရောဓနိဗ္ဗာန်) ကိုမျက်မှောက်ပြုခြင်းကိစ္စပြီး၏။ အဘယ်ကြောင့် ဆိုသော် (တဏှာ)မရှိက (ဇာတိ)ချုပ်မှုအန္တောဂဓဖြစ်သောကြောင့် တည်း။ (ဖြစ်လိုသောတဏှာ)ကိုပယ်စွန့်သော (မဂ်စိတ်) ဖြစ်ခြင်း သည်ပင်လျှင် (မဂ္ဂသစ္စာ)ပွားမှုပြီး၏။

ဤ၌(သစ္စာ)ဖွဲ့သော် (ဖြစ်ခြင်း)ရှိသမျှ (သင်္ခါရရုပ်နာမ်)တို့ သည် (ဒုက္ခသစ္စာ)မည်၏။ ထို(သင်္ခါရ)တရားတို့ကို ခင်တွယ်နှစ်သက် ခြင်း တဖန်ဘဝသစ်ကို အလိုရှိခြင်းတို့သည် (တဏှာသမုဒယသစ္စာ) မည်၏၊ (ဖြစ်ခြင်း)ကင်းသော (အနုပ္ပါဒ)သဘောကား (နိဗ္ဗာန်) မည်၏၊ ဖြစ်တတ်ပျက်တတ်သော (သင်္ခတလက္ခဏာ)ကိုရှု၍ (နိဗ္ဗာန်) ကိုအာရုံ

ပြုကာကျင့်ခြင်းသည် (မဂ္ဂသစ္စာ)မည်၏ဟူလို။

'အနုပ္ပါဒေါ နိဗ္ဗာနံ'ဟူသော ပါဌ်အရ (မဖြစ်ခြင်း)ကိုနှစ်သက်ပါ၏။ သို့ရာတွင် (မဖြစ်အောင်)အဘယ်ကဲ့သို့ (မဂ်)အကျင့်ကို ကျင့်ရပါမည်နည်းဟု တဖန်မေးသည်ရှိသော် (ဖြစ်လို) သော (ဘဝတဏှာ) ကြောင့် (ဇာတိ)စသော (ဒုက္ခ)မပြတ်မလပ် အထပ်ထပ်ဖြစ်နေ၏။ ထို့ကြောင့် ထို(ဖြစ်လိုသောတဏှာ) စသည်တို့ကို ပယ်စွန့်နိုင်ခြင်းငှာ (ခန္ဓာ)၌ရှိသော ဇာတိဇရာဗျာဓိ မရဏအနိစ္စဒုက္ခ အနတ္တအစရှိသော အပြစ်တို့ကို နာနာရှုမှုပင်တည်း။ (တနည်း) ခန္ဓာဖြစ်စေသော (အာရုံ)တိုင်းကိုသိပေးပါ၊ (အာရုံ)ကိုမကပ်ငြိအောင်သိပေးပါ၊ ထိုသို့ရှုက(ဖြစ်လို)သော(ဘဝတဏှာ)ချုပ်၏(တဏှာချုပ်)သဖြင့် (ဥပါဒါန်ကံ)တို့လည်းချုပ်ရကား(မဂ်)သို့ဆိုက်ရောက်နိုင်ပါသည်။ဤ၌ဇာတိ ဇရာ ဗျာဓိမရဏတို့ကိုရှုသဖြင့် (ဒုက္ခသစ္စာ)ထင်မြင်လျှင် အနိစ္စဒုက္ခ အနတ္တ လက္ခဏာတို့ကို ပွားမှုလည်းအန္ဒောဂဓဖြစ်ပါသည် ဟူလို။

## နိဗ္ဗာန်ကိုဥဒါန်းကျူးပုံ (စတုသစ္စ-၃၃၆)

"သုသုခံဝတတံနိဗ္ဗာနံ၊ ယတ္ထဒိဒံ ဧဝရူပံဒုက္ခံနသံဝဇ္ဇတိ"။ ယတ္ထ=အကြင်(ဖြစ်ခြင်း)ကင်းသော (အဇာတနိဗ္ဗာန်)၌။ ဧဝရူပံ=ဤသို့သဘောရှိသော။ ဣဒံဒုက္ခံ၊ ဤသို့သောဆင်းရဲသည်။ နသံဝဇ္ဇတိ=မရှိ၊ တသ္မာဧဝ=ထို့ကြောင့်သာလျှင်။ တံနိဗ္ဗာနံ=ထိုနိဗ္ဗာန်သည်၊ သုသုခံ

ဝတ-ဩဘ်-ချမ်းသာပေစွတကားဟူ၍ ဥဒါန်းပါဠိတော် စာ-၉၃၌ ဟောကြားထားပါသည်။

## (နိဗ္ဗာန်) ၏ (အသင်္ခတ)မည်ပုံ (စတုသစ္စ-၁၅၉)

"နိဗ္ဗာနံဥပ္ပါဒါဒိနဉ် အဘာဝေန အသင်္ခတန္တိပညာယတိ။"ဟူ၍ (ပရိယေသိတဗ္ဗ) မဟာဋီကာဆရာကပြ၏။

ဟိ-နိဗ္ဗာန်၏အသင်္ခတ တရားဟုခေါ်ဆိုခြင်း၏ အကြောင်း ကိုပြဦးအံ့။ နိဗ္ဗာနံ-နိဗ္ဗာန်သည်။ ဥပ္ပါဒါဒိနံ-ဥပါဒ်စသည်တို့၏ (ဝါ) ဥပါဒ်ဋ္ဌိဘင်တို့၏အဘာဝေန-မရှိခြင်းကြောင့်။ အသင်္ခတန္တိ-အသင်္ခတ ဟူ၍။ ပညာယတိ-ထင်ရှား၏။

## (နိဗ္ဗာန်) ၏ (နိရောဓ) မည်ခြင်းအကြောင်း

နိဗ္ဗာနံ-နိဗ္ဗာန်သည်။ နိရောဓာ-ရုပ်နာမ်ခန္ဓာတို့၏ အဖြစ် ချုပ်ကင်းချုပ်ငြိမ်းခြင်းကြောင့်၊ ဒုက္ခနိရောဓော-ဒုက္ခနိရောဓမည်၏။ တနည်း-(နိရောဓော) ဟောတိတိအနုပ္ပါဒေါ။ နိရောဓောဟောတီတိ ဟူသည်ကား။ အနုပ္ပါဒေါ-ရုပ်နာမ်ခန္ဓာအသစ်အဖြစ် ချုပ်ကင်း မဖြစ် ခြင်းသည်ဟောတိဖြစ်၏။ ဣတိ ထို့ကြောင့်-နိရောဓော၏အဓိပ္ပါယ်မှာ (နိရောဓ) ဟူသည် (အနုပ္ပါဒ)ပင်ဟူလို။

## ဖိုလ်၌တည်သောပုဂ္ဂိုလ်တို့ဖိုလ်ဝင်စားနည်း (စတုသစ္စ-၈၂)

ဖိုလ်၌တည်သောပုဂ္ဂိုလ်တို့မှာ ဈာန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (နိဗ္ဗာန်)ကိုအာရုံပြု၍ဖိုလ်ဝင်စားနိုင်၏။ ဝင်စားပုံကို ဝီထိနှင့်တကွပြဦးအံ့။

ဖိုလ်ဝင်စားတော့အံ့ဟု စိတ်ဖြစ်သောအခါ စလနဘဝင် ဥပစ္ဆေဒဘဝင်ဖြင့် ဘဝင်ပြတ်၏။ ထို့နောက် (ရုပ်နာမ်)ကို အာရုံပြု၍ ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း စိတ္တက္ခဏတချက်ဖြစ်၏။ ထို့နောက် ထို (ရုပ်နာမ်သင်္ခါရ)၌ရှိသော(အနိစ္စ)စသောလက္ခဏာတို့တွင် တစ်ပါးပါးကို အာရုံပြု၍ အနုလုံဇော-၃-၄ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောက် (ဖြစ်ခြင်းမရှိ)သော(အဇာတနိဗ္ဗာန်)အာရုံ၌အာရမ္မဏိက(ဖိုလ်ဇော) ဖြစ်၍ ထိုဖိုလ်ဇောကား အလိုရှိသမျှ အနန္တကျနိုင်၏။ ကျပုံကား-(ဖြစ်ခြင်း) ကင်းသောသဘောကား သန္တံ၊ ပဏီတံ၊ အမတံ၊ အဘယံ၊ သုခံ၊ သိဝံစသောဂုဏ်တို့နှင့် ပြည့်စုံ၏ဟု (ဖိုလ်စိတ်) ဖြစ်နေမှုပင်တည်း။ ဤသို့လျှင်(နိဗ္ဗာန်)၏ငြိမ်သက်မှု မွန်မြတ်မှုသေခြင်း ကင်းမှု ဘေးကင်းမှု ဒုက္ခကင်းမှု အေးမြမှုတို့ကိုအာရုံပြု၍နေသောအခါ၊ ဥပမာ-အလွန်ပူအိုက်သောအခါ အလွန်အေးမြသောရေအိုင်ထဲသို့ဆင်း၍ ငုပ်ချိုးသည့်အခါ အေးမြချမ်းသာသကဲ့သို့ဟူလို။ ဤကား "နိဗ္ဗုတိဘုဉ္ဇမာနာ" အရ ပစ္စုပ္ပန်၌ဒိဋ္ဌဓမ္မ ချမ်းသာခံစားမှုပင်တည်း၊ ထို့ပြင် အကြင်ပုဂ္ဂိုလ်၏စိတ်မှာ(ဖြစ်မှု)ကင်းသော(နိဗ္ဗာန်)ရှိသည့်

အတိုင်း(ဖြစ်မှုဒုက္ခ)မှလွတ်ခွင့်ရပေပြီဟု မဟာကုသိုလ်စိတ်ဖြင့်လည်း ပီတိပဿဒ္ဓိ ဖြစ်၍နေတော့၏ဟူလို။

## ဖိုလ်ဝင်စားသည့်အခါ (နိဗ္ဗာန်) အာရုံ၌စိတ်တည်နေပုံ

ထို့ပြင် ဖိုလ်ဝင်စားသည့်အခါ နိဗ္ဗာန်အာရုံ၌ စိတ်တည်နေပုံများကို အင်္ဂုတ္တိုရ်ပါဠိတော်ကိုလည်း ထုတ်၍ပြဦးအံ့-

ဣဓာနန္ဒဘိက္ခု ဧဝံသညီဟောတိ "ဧတံသန္တံဧတံပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါနိရောဓောနိဗ္ဗာနန္တိ။

(အင်္ဂုတ္တိုရ်-တတိယ-၂၆၃)

အာနန္ဒ=အာနန္ဒ။ ဣဓ=ဤသာသနာတော်၌။ ဘိက္ခု=ရဟန်းသည်။ ဧဝံသညီ=ဤသို့အမှတ်ရှိသည်။ ဟောတိ=ဖြစ်၏။ ဧဝံ=ဤသို့ဖြစ်ခြင်းကင်းသော အနုပ္ပါဒအသင်္ခတ နိဗ္ဗာန်သည်။ သန္တံ=ငြိမ်းသက်၏ ဧတံနိဗ္ဗာနံ=ဤအနုပ္ပါဒ နိဗ္ဗာန်သည်။ ပဏီတံ=မြတ်၏ ယဒိဒံ ယောအယံဣဒံနိဗ္ဗာနံ=အကြင်နိဗ္ဗာန်သည်။ သဗ္ဗသင်္ခါရ သမထော=အလုံးစုံသော (သင်္ခါရ)တို့၏ငြိမ်းရာလည်းဟုတ်၏။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ=အလုံးစုံသော ဉပဓိခန္ဓာတို့၏ စွန့်လွှတ်ရာလည်းဟုတ်၏။ တဏှာက္ခယော=တဏှာကုန်ခန်းရာလည်းဟုတ်၏၊ ဝိရာဂေါ=တပ်မက်မှုပြတ်ကင်းရာလည်းဟုတ်၏။ နိရောဓော=ခန္ဓာသင်္ခါရတို့၏ ချုပ်ငြိမ်းကွယ်ပျောက်ရာလည်း ဟုတ်၏။ ဣတိ=ဧဝံသညီ=ဤသို့

(နိဗ္ဗာန်)၏ဂုဏ်၌တည်သော သညာရှိသည် ဟောတိဖြစ်၏။

အဓိပ္ပါယ်မှာ-ဖိုလ်ဝင်စားခိုက်၌ (နိဗ္ဗာန်အာရုံ)မှတပါး တခြားသောအာရုံသို့ မရောက်ပဲစိတ်တည်နေမှုပင်ဟူလို။

## (သောတာပတ္တိမဂ်)ကိုရဘို့ရာ ရသေ့ရဟန်းပြုရာ၌ ခေါင်းပါးစွာကျင့်ရန်မလိုပုံ (စတုသစ္စ-၃၁၀)

သောတာပတ္တိမဂ်သည် ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ရန်တာဝန်ရှိ၏။ ထိုဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်ရန် ရသေ့ရဟန်းမလုပ်နိုင်၊ သားမယားမစွန့်နိုင်။ ခေါင်းပါးစွာမကျင့်နိုင်သော်လည်း (ပညာရှိ) ထံဆည်းကပ်၍ ဗဟုသုတရှိအောင် ကြားနာမှတ်သားသင်ကြားခြင်းပြုက ယုံမှားခြင်းကို ပယ်နိုင်ကကောင်းပါ၏။ သို့ရာတွင် ထိုသို့သိက္ခာအစဉ်နှင့်မတက်နိုင်သော်လည်း (သစ္စာလေးပါး)ကိုပြောဟောတတ်သော ပညာရှိထံဆည်းကပ်၍ (သစ္စာ၄ပါး)ကိုမြင်သိလျှင်သိက္ခာ၃ပါးတခါတည်း ပြည့်စုံလေတော့၏။

ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရားလက်ထက်က ငါးမျှားစားသောအရိယမည်သော တံငါ၊ ခါးပိုက်နှိုက်၍ အသက်မွေးသောသူမှစ၍ ခိုးသားငါးရာတို့သည်လည်း သစ္စာမြင်သိကါ(သောတာပန်)တည်လေတော့၏။ သိက္ခာ ၃ပါးတည်လေတော့၏။ ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး၊ အပါယ်ဘေး၊ အတီတေဝဋ္ဋ

ဒူလကဘေး၊ အနာဂတေဝဋ္ဋမူလကဘေး၊ စားသောက်နေထိုင်ရန် ပစ္စည်းဥစ္စာရှာမှီးရခြင်းဟူသော အရိယေဋ္ဌိဘေးဟူသော ဘေးကြီး ရှစ်ပါးတို့မှ လွတ်ခွင့်ရလေတော့၏။

(အဓိပ္ပါယ်)အထူးကိုပြဦးအံ့-တရားအားထုတ်မှုဟူသည် (ရာဂ ဒေါသ မောဟ)တို့ကိုပယ်မှုပင်တည်း၊ ထို ၃ပါးတို့တွင် ရသေ့ ရဟန်းမပြုနိုင်သောလူတို့မှာ ကာမရာဂ ဗျာပါဒ ဥဒ္ဓစ္စတို့ကိုပယ်ရန် မလွယ်လှပေ၊ ထို့ကြောင့် လူ ဥပါသကာတို့မှာ ရာဂ ဒေါသ မောဟ ၃ပါးအနက် မောဟကိုရှေးဦးပယ်ခြင်းငှာ သင့်၏၊ မောဟပယ်မှုဟူ သည်(သစ္စာလေးပါး)ကိုပြောဟောတတ်သော ဆရာထံဆည်းကပ်၍ လေ့လာမှတ်သား၍ (သစ္စာ)မြင်သိအောင် အားထုတ်မှုပင်တည်း။ သားမယားစွန့်ခြင်း၊ ပစ္စည်းရှာမှီးခြင်းကိုစွန့်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း စသည်တို့ကိုပြုနိုင်လျှင် ကောင်း၏။ အကယ်၍ မစွန့်နိုင်သော်လည်း (မောဟအဝိဇ္ဇာ)ပယ်မှုပြီးစီးက (သောတာပတ္တိမဂ်)သို့ ရောက်နိုင် ပါသည်။

## ကေရာဇ်မင်းစသည်ထက် (သောတာပန်) ပုဂ္ဂိုလ်မြင့်မြတ်ပုံ (စတုသစ္စ-၂၉ ၁)

အကြင်သူသည် သောတာပတ္တိဖိုလ်၌ တည်သည်ဖြစ်အံ့။ ရသေ့ရဟန်းဖြစ်စေ လူ၊ နတ်၊ ဥပါသကာ၊ ဥပါသိကာဖြစ်စေ မြင့်မြတ်ပုံကား-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံဝရံ။

(ဓမ္မပဒ-၄၀)

ပထဗျာ=မြေပြင်၌၊ ဧကရဇ္ဇေန=ဧကရာဇ်မင်းပြုရသည်ထက် လည်းကောင်း။ သဂ္ဂဿ=နတ်ပြည်သို့ ဂမနေနဝါ=လားရောက်စံပျော် ရခြင်းထက်လည်းကောင်း။ သဗ္ဗလောကာဓိပစ္စေန=ခပ်သိမ်းသော လောကကိုအစိုးရသည်ထက်လည်းကောင်း သောတာပတ္တိဖလံ= သောတာပတ္တိဖိုလ်သည်။ ဝရံ=မြတ်၏။

အဘယ်ကြောင့်နည်းဆိုသော်- (ပုထုဇဉ်)ဖြစ်အံ့၊ လူမင်း နတ်မင်းဗြဟ္မာမင်းကြီးပင် ဖြစ်သော်လည်း သံသရာဘေး အပါယ် ဘေးကိုမတားမမြစ်နိုင်၊ (သောတာပတ္တိဖိုလ်)၌ တည်သည်ဖြစ်အံ့။ ယောက်ျား၊ မိန်းမမည်သူမဆို ထိုထိုသောဘေးတို့မှ ကင်းလွတ်ခွင့် ရပြီးဖြစ်သောကြောင့်တည်း။

**အလုံးစုံသောမွေ့လျော်ခြင်းတို့တွင် တရားနှင့်မွေ့လျော်ခြင်းက အောင်နိုင်ပုံစသည်များ**

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။

တဏှာက္ခယော သဗ္ဗဒုက္ခံဇိနာတိ။

(ဓမ္မပဒ-၆၄)

သဗ္ဗဒါနံ=အလုံးစုံသောအလှူကို။ ဓမ္မဒါနံ=တရားတည်းဟူသောအလှူသည်။ ဇိနာတိ=အောင်နိုင်၏။ သဗ္ဗရသံ=အလုံးစုံသောအရသာကို၊ ဓမ္မရသော=တရားအရသာသည်၊ ဇိနာတိ=အောင်နိုင်၏၊ သဗ္ဗရတိံ=အလုံးစုံသော မွေ့လျော်ခြင်းကို ဓမ္မရတိ=တရား၌မွေ့လျော်ခြင်းသည်၊ ဇိနာတိ=အောင်နိုင်၏၊ တဏှာက္ခယော=တဏှာကုန်ခန်းရာနိဗ္ဗာန်သည်။ ဝါ၊ တဏှာချုပ်ငြိမ်းခြင်းသည်။ သဗ္ဗဒုက္ခံ=အလုံးစုံသော ဒုက္ခကို။ ဇိနာတိ=အောင်နိုင်၏။

(ဓမ္မစကြာတရားတော်ဖြင့် မဂ်သို့တက်နည်း)ပြီး၏။

ဦးကံညွန့်

## ကျမ်းကိုးစာရင်း

၁။ မင်းဘူးမြို့၊ လေသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ရေဝတ စီရင်ရေးသားအပ်သော "စတုသစ္စဒိဋ္ဌိကမ္မကထာ" ကျမ်း

၂။ မင်းဘူးမြို့၊ စတုသစ္စဒိဋ္ဌိကမ္မကထာကျမ်းပြု သစ္စဒီပက အာရာတော်ဘဒ္ဒန္တ ရေဝတထေရ် စီရင်ရေးသားသော "နိဗ္ဗာန သစ္ဆိကရဏီကျမ်း"

၃။ လယ်တီးဆရာတော်ဘုရားကြီး၏ ဓမ္မစကြာသုတ် ပါဠိ-မြန်မာ ပြန်မူရင်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစကြာသုတ် နှင့် အနတ္တလက္ခဏာသုတ် ပါဠိ-နိဿယ မြန်မာပြန်။

၄။ သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယဆရာကြီး ဦးကြည်စီရင်ရေးသားသော ဓမ္မသာရကျမ်း။

# ဦးကံညွန့် ပုဖော်ထားသော တရားစာအုပ်များ

၁၉၉၅




၁၉၉၆




၁၉၉၇




၁၉၉၈




၁၉၉၉




၁၉၉၉




၂၀၀၀




၂၀၀၀




၂၀၀၂




၂၀၀၃




၂၀၀၃

